
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ဝိဇ္ဇာ
ထိ - သိ - သတိ/ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၆။
၂၈၀ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) ဝိဇ္ဇာ

ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ် ၂၀၀၆ခုနှစ်၊ ဇွန်လ၊ အုပ်ရေ(၅၀၀)၊






www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁)

ဥတုရာသီ တောကိုမှီ၏ ဆိုသည့်ဆောင်ပုဒ်အရဆိုလျှင်တော့. . မှီစရာ တောမရှိတော့သည့်အတွက် တွင်းအောင်းနေမှသာ အပူဒဏ်က လွတ်နိုင်တော့မည်ထင်၏။ အလုပ်ရုံအတွင်း. . ကော်ပတ်တိုက်ရာမှ ထွက်လာသည့်အမှုန်များ၊ ရွှေဘော်ထိုးရာမှ ထွက်လာသော သစ်သားရွှေဘော်စများ အောထလျက်ရှိသည့်မို့ အဲကွန်းတပ်လို့လည်းမရသည့်အတွက် ယပ်ခပ်ပြီးတော့သာ အပူဒဏ်ကို အံတုနေရ၏။

ထိုင်ဝမ်နှင့် ဟောင်ကောင်မှ ပရိဘောဂ ဒီဇိုင်းစာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်များကိုကြည့်ရှုလေ့လာကာ မြန်မာမှုပြုရန် စဉ်းစားအကြံထုတ်နေသည့် မင်းဝေအောင်တစ်ကိုယ်လုံး ချွေးတွေစို့နေသည်။

မင်းဝေအောင်မှာ ကွယ်လွန်သူဖခင်၏ လုပ်ငန်းအမွေကို ဆက်ခံပြီး ပရိဘောဂရုံကို ဦးစီးနေသူဖြစ်သည်။ နေပြည်တော် ပေါ်ပေါက်လာ၍ စီးပွားရေးမြို့တော် သို့မဟုတ် ဒုတိယမြို့တော်အဖြစ် အဆင့်နိမ့်သွားသော်လည်း လူဦးရေက ကြောက်ခမန်းလိလိ တိုးတက်များပြားလာခဲ့တဲ့ ရန်ကုန်မြို့ပဲဖြစ်သည်။

အထူးသဖြင့် နာဂစ်နောက်ပိုင်းကာလမှာ လူနေထူထပ်သိပ်သည်းမှုက သိသိသာသာ ရှိလှသည်။ လူဦးရေပေါက်ကွဲမှုဟု အမည်ပေးရလောက်အောင်ပင်ဖြစ်လာခဲ့၏။ လူနေထူထပ် များပြားလာမှုနှင့်အတူ အိမ်၏အဆင်တန်ဆာဖြစ်သော ဘီရို၊ စားပွဲ၊ ကုတင်၊ ဆက်တီ၊ မှန်တင်ခုံ စသည့် ပရိဘောဂလိုအပ်ချက်ကလည်း မြင့်တက်လာသည်။ ထို့အတွက် ပရိဘောဂဆိုင်တွေ ပန်းပန်ခဲ့သည့် နှစ်ကာလက ဆယ်စုနှစ် နှစ်စုနီးပါးသို့ တိုင်လာခဲ့၏။

ထိုကာလကို မင်းဝေအောင်၏ဖခင် ကောင်းကောင်းမှီလိုက်သည်။ ထို့အတွက် မင်းဝေအောင်၏ တက္ကသိုလ်ကျောင်းသားဘဝက ပန်းခင်းသောလမ်းဖြစ်ခဲ့သည်။

မင်းဝေအောင် နောက်ဆုံးနှစ် အောင်စာရင်းမထွက်ခင်မှာပင် ကျေးဇူးရှင်ဖခင်ကြီး ဘဝတစ်ပါးသို့ ပြောင်းသွားသည်။ မင်းဝေအောင် အလုပ်ဝင်ဖို့ အဆင်သင့်မဖြစ်ခင်မှာ





ပင် ပရိဘောဂအလုပ်ရုံနှင့် အရောင်းဆိုင်ကို ဦးစီးခဲ့ရ၏။

မင်းဝေအောင်က ခေတ်လူငယ်ပီပီ ဒီဇိုင်းကို ဆန်းသထက်ဆန်းအောင် တီထွင်ပြုပြင်ကာ ဆက်လက်လုပ်ကိုင်ခဲ့သည်။ သယံဇာတ ကြွယ်ဝသော်လည်း ... 

လိုလျှင်ကြံဆ နည်းလမ်းရ ဆိုသည့်အတိုင်း . . သစ်အစားထိုး ဖော်မိုက်ကာ၊ ကြိတ်သားနှင့် ပလပ်စတစ် ပရိဘောဂများ၊ စတီးအိမ်သုံးပစ္စည်းများ နေရာဝင်ယူလာကြ၏။

မင်းဝေအောင်လည်း ထိုပြောင်းလဲမှုနှင့် အမီလိုက်၍ သစ်အပြင် ကြိတ်သားနှင့် စတီးပရိဘောဂများကိုပါ ပူးတွဲလုပ်ဆောင်ခဲ့သဖြင့် လုပ်ငန်းက သူ့ခေတ်မှာ ပိုမိုတိုးတက်အောင်မြင်လာခဲ့၏။ ကဏ္ဍတစ်ခုစီကို နိုင်နင်းအောင် စီမံနိုင်ရန် သူငယ်ချင်းများဖြစ်သည့် ထိုက်အောင်နှင့် တိုးကြီးတို့ကို အလုပ်ခေါ် ပေးထားသဖြင့်သာ ပုံမှန်လည်ပတ်နေနိုင်ခြင်းလည်း ဖြစ်သည်။

"ဟာ. . ပေ့ကောင် ထမင်းမစားသေးဘူးလား"

စွပ်ကျယ်လက်ပြတ်နှင့် တစ်ကိုယ်လုံးချွေးတွေ ရွှဲနေသည့် တိုးကြီးနှင့် ထိုက်အောင်တို့က မင်းဝေအောင်အား မေးလိုက်ခြင်းဖြစ်၏။

"အေး. . စားမယ်လေ. . ၊ ချာတီတ်တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



သွားမှာခိုင်းထားတယ်၊ ရောက်လာတာနဲ့ စားကြတာပေါ့. . ”

ထိုက်အောင်နှင့် တိုးကြီးက ယူလာသည့် ချိုင့်ကိုယ်စီကို စားပွဲပေါ်တင်လိုက်ရင်း. . .

“အေးပေါ့. . မင်းက ဘောစိဆိုတော့ တရုတ်ဆိုင်က ဟင်းနဲ့ နေ့တိုင်းကြိတ်နိုင်မှာပေါ့၊ ငါတို့မှာသာ မသေထမင်း မသေဟင်းနဲ့ နပန်းလုံးနေရတာ. . ”

“ဒါကတော့ မင်းအပြစ်နဲ့ မင်းပဲလေ. . ဘာလို့စောစောစီးစီး မိန်းမယူလဲ၊ မင်းမယား ငါးပူတင်မရဲ့ မီးဖွားစရိတ်စုဆောင်းနေရလို့ ကောင်းကောင်း မစားရတာမို့လား. . ၊ ငါမင်းတို့ကို တစ်လသုံးသိန်းပေးထားတာ. . ”

သူတို့ထဲမှာ တိုးကြီးတစ်ယောက်သာ အိမ်ထောင်သည်ဖြစ်ပြီး အိမ်ထောင်သက် သုံးနှစ်တွင် တစ်ယောက်နှင့် တစ်ပိုက်စုမိ ဆောင်းမိနေသူလည်းဖြစ်သည်။

ထိုစဉ် ထမင်းဟင်းသွားဝယ်သော ချာတိတ်ပြန်လာတာ. . ဖော့ဘူးသုံးဘူးကို စားပွဲပေါ်တင်ပေး၏။ တိုးကြီးတို့ စကားပြတ်သွားပြီး ထမင်းချိုင့်တွေ ဖွင့်ကြသည်။ တိုးကြီး ချိုင့်ထဲ ဘဲဥမွှေကြော်နှင့် သခွားသီးသုပ်ပဲပါလာသည်။ ထိုက်အောင်ချိုင့်ထဲ လမ်းမှဝယ်ထည့်လာဟန်တူသော ပဲပြားသုပ်ကိုသာတွေ့ရသည်။

မင်းဝေအောင် ဖော့ဘူးတွေကိုဖွင့်လိုက်တော့ တိုးကြီးတို့မျက်နှာတွေ အရောင်လက်သွားတာ သတိပြုမိ၏။

ကောင်းမွန်သော စားသောက်ဖွယ်များ၏ မွှေးရနံ့က အခန်းထဲမှာ သင်းပျံ့မွှေးကြိုင်လာသည်။ တရုတ်တို့၏





မြန်မာပြည်သူလူထုအပေါ် အနိုင်ယူနှိပ် စက်နေမှုများကို လုံးဝမနှစ်သက်သော်လည်း တရုတ်ဟင်းလျာကိုတော့ မင်းဝေအောင် လွန်စွာနှစ်သက်၏။

“ဟာ . . မွှေးကြိုင်နေတာပဲကွာ ဘာတွေလဲ . . ဟ”

“ထမင်းပေါင်း၊ ကုန်းဘောင်ကြီးကြော်နဲ့ အစိမ်းကြော်လေ. . ကဲ. . ဟင်းကသိုက်အား ရှုမနေနဲ့ ဆွဲမယ် တိုးကြီး”

တိုးကြီးနှင့်ထိုက်အောင်တို့ အားမနာကြတော့ဘဲ တရုတ်စာတွေကို အားရပါးရ အားပေးကြသည်။ မင်းဝေအောင် ဝက်ထမင်းပေါင်းကို ဂရုနြေ့ရရစားရင်း. . ပြိုင်ပွဲဝင်သလို ထမင်းစားနေကြသည့် သူငယ်ချင်းများအား စာနာစွာကြည့်မိသည်။

မြန်မာတွေ ထမင်းမငတ်သော်လည်း ဟင်းငတ်နေတာကြာပဲ ကြာလှပြီလေ။

“အား. . လား. . လား. . ကောင်းလိုက်တာကွာ၊ ငါ့ရဲ့ ဘဲဥမွှေကြော်နဲ့တော့ တခြားစီပဲ”

“အင်း ငါလည်း၊ ပဲပြားသုပ်တောင် မတို့မိဘူး. . ”

“စားကြစမ်းပါကွာ. . အားနာမနေနဲ့. . ”

“အင်း. . သာဓု. . သာဓုပါ မင်းဝေအောင်၊ မင်းရဲ့ ဒါနနဲ့ အလုပ်သမားစားတဲ့ ထမင်းတစ်နပ်တော့ ပြည့်စုံသွားပြီ. . ”

တိုးကြီးက ခမ္ဘကထိကလေသံနှင့် သာဓုခေါ်၏။

ထိုက်အောင်က ခေါင်းတညိတ်ညိတ်. .

“စားနိုင်မှ လုပ်နိုင်မှာလေ. . ကဲ. . လခ ထပ်တိုးပေး



www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်. ."

"ဟော. . တကယ်ပြောတာလား မင်းဝေအောင်"

"တကယ်ပေါ့ကွာ အလုပ်လုပ်ရတဲ့ ရည်ရွယ်ချက်ကိုက စားဝတ်နေရေး ပြေလည်ချင်လို့ မဟုတ်လား. . လုံခြုံစိတ်ချ ဝင်ငွေရတဲ့လုပ်ငန်းခွင်လေးတစ်ခု ဖန်တီးပေးချင်တာ ငါ့ဆန္ဒအမှန်ပါ. ."

"ဟာကွာ မင်းဝေအောင် မင်းသာ အမတ်ဝင် အရွေးခံရင် မင်းကိုပဲ မဲထည့်မယ် သိလား. ."

"ကဲပါ တိုးကြီးရာ. . အကောင်းဆုံးက ကိုယ့်အလုပ်ကိုယ်ကြိုးစားလုပ်ဖို့ပဲ. . မင်းတို့ ဒီလအတွက် လျာထားချက်ပြည့်ဖို့ အခြေနေဘယ်လိုလဲ. ."

"ငါ့ဘက်က ကွက်တိပဲ အခု လဝက်ကျိုးပြီး . .လျာထားချက်လည်း တစ်ဝက်ကျိုးပြီ၊ အခြေအနေကောင်းတယ်"

"ငါ့ဆိုဒ်မှာ ကုတင်နှစ်လုံး လိုနေတယ်. . လျာထားချက် တစ်ဝက်ပြည့်ဖို့ နှစ်လုံးလိုပေါ့. ."

"ဒါဆို နည်းနည်း အားစိုက်လိုက်ဦး. ."

"အေးပါ စိတ်ချ. ."

တိုးကြီးက ကြိတ်သား ဘီရိုများတာဝန်ယူရပြီး ထိုက်အောင်က စတီးကုတင်များ ထုတ်လုပ်ရသူဖြစ်သည်။

"ဒါနဲ့. . တို့လောကမှာ ဘီရိုက demand ကောင်းပြီး ကုတင်က ဘာလို့ ဝယ်လိုအား နည်းရတာလဲ"

ထိုက်အောင်၏ အမေးကို မင်းဝေအောင် ချက်ချင်းအဖြေပေးလိုက်သည်။





"တစ်အိမ်ထဲမှာ မိသားစုအများကြီးစုပြီး နေကြရတော့ ကုတင်ထားဖို့နေရာ မရှိလို့ပေါ့ကွ ရှင်းရှင်းလေးဟာ"

"အေးလေကွာ. . ထိုက်အောင်ရာ တချို့ဆို ဆယ်ပေ၊ ပေသုံးဆယ် အိမ်ထဲမှာ ဆယ်ယောက်လောက်နေရတာ ကုတင်ဝယ်ပြီး အိမ်ခေါင်မိုးပေါ် တင်ထားရမှာလားကွ. ."

"အဟဲဟဲ ဆောရီး. . အဲဒါ ငါမတွေးလိုက်မိဘူး. . ၊ အင်း. . တကယ်တော့ အိမ်ထောင်ပရိဘောဂဆိုတာ ဇိမ်ခံပစ္စည်းပါကွာ အိမ်ပိုင်နဲ့နေတဲ့လူတိုင်းတောင် ပရိဘောဂသုံးနိုင်တာ မဟုတ်ဘူး၊ လွန်ရောကျွံရော သေတ္တာနဲ့ဘီရိုလောက်ပဲ. ."

"သဘောပေါက်ပြီ မဟုတ်လား ထိုက်အောင်. . ဒါလည်း တကယ်တန်းပြောရရင် အများစုက လူတန်းစေ့ မနေနိုင်သေးတဲ့ သဘောပေါ့ကွ. ."

"အိုးခေ. . အိုးခေ. . အပြောရပ်ပြီး အလုပ် ပြန်ဝင်ကြစို့"

ချိုင့်တွေ သိမ်းပြီး လူစုခွဲသွားမှ မင်းဝေအောင်လည်း ရုံထဲလျှောက်ရင်း အခြားအလုပ်သမားများ လုပ်ကိုင်နေကြတာကို လိုက်ကြည့်စစ်ဆေး ကြီးကြပ်ရတော့သည်။

အပူဒဏ်ကို အံတုရင်း ချွေးတလုံးလုံးနှင့် လုပ်နေကြသည့် မြန်မာနိုင်ငံသားများကိုကြည့်ပြီး ရန်ကုန်နွေကာလ အမြန်ကုန်ဆုံးပါစေဟုသာ ဆုတောင်းနေမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

မနုသတ္တ ဘာဝေါ ဒုလ္လဘော လူအဖြစ်သည် ရခဲ၏။ ထို့ထက်ပို၍မူ သာသနာနှင့်ကြုံကြိုက်ခွင့်ရနိုင်ရန် ပို၍ခက်သည်။ ထို့ထက်ပို၍မူ ဘုရားပွင့်သောကမ္ဘာ၌ လူဖြစ်ဖို့ပို၍ပို၍ခက်ခဲ၏။ ထိုဒုလ္လဘတရားများကို လက်ခံယုံကြည်သဖြင့် အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားပြင်ဆင်နေသူထဲတွင် မင်းဝေအောင်၏မိခင် ဒေါ်နှင်းဆီလည်း အပါအဝင်ဖြစ်သည်။

ဒေါ်နှင်းဆီမှာ အမိကပြုစုစောင့်ရှောက်ရမည့် လင်သားဖြစ်သူ ကွယ်လွန်သွားပြီဖြစ်၍ တာဝန်တွေပေါ့ကာ ဓမ္မ





ကို လိုက်စားနေသူဖြစ်သည်။ စီးပွားရေးလုပ်ငန်းအတွက်လည်း လိမ္မာသည့် တစ်ဦးတည်းသောသား၊ မင်းဝေအောင်က ဦးစီးဆောင်ရွက်နေသည်မို့ နောက်ဆံတင်းစရာမလိုဘဲ တရားအားထုတ်နိုင်ပြီဖြစ်သည်။

ဒေါ်နှင်းဆီ အခါမတိုင်မီကတည်းက တရားစခန်းဝင်ခဲ့တာ ယနေ့ ကဆုန်လပြည့်ကျော် တစ်ရက်နေ့မှာတော့ ရိပ်သာမှ ခဏတဖြုတ်ပြန်လာမည်ဟု ဖုန်းဆက်အကြောင်းကြား၏။

ထို့အတွက် မင်းဝေအောင် အမေ့ကို သွားကြိုဖို့ ပြင်ဆင်နေသည်။ တစ်အိမ်လုံး တစ်ယောက်ထဲနေခဲ့ရတာ တစ်လနီးပါးရှိပြီမို့ မင်းဝေအောင်လည်း ပျင်းနေပြီဖြစ်သည်။ မျက်စိနှစ်လုံး ပွင့်တော့လည်း တစ်ယောက်ထဲ၊ အလုပ်ကမောကြီးပန်းကြီး ပြန်လာတော့လည်း. . ဆီးကြိုမည့်သူမရှိ၊ စကားပြောဖော်မရှိနှင့် နေလာရတာကို သူတော်တော် စိတ်ကုန်နေပြီဖြစ်သည်။

အမေက ဓမ္မနယ်မြေသို့ တဖြည်းဖြည်းဝင်ရောက်တော့မည်ဖြစ်၍ မင်းဝေအောင် သူ့အတွက်သူ စဉ်းစားလာရပြီ၊ သိုက်သိုက်ဝန်းဝန်းရှိသော မိသားစုတစ်စုဖြစ်လာဖို့ သူမဖြစ်မနေ အိမ်ထောင်ပြုရလိမ့်မည်။ ထို့အတွက် ပထမခြေလှမ်းအဖြစ် ရည်းစားထားဖို့ လိုအပ်နေပြီဖြစ်သည်။ ထိုသို့တွေးမိတော့ မင်းဝေအောင် ပြုံးစိစိဖြစ်သွား၏။

"မင်းဝေအောင်. . မင်းဝေအောင် အိပ်ရာက မထသေးဘူးလား. ."



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေ့အောင် အတွေးမာရသွန်ပြိုင်ပွဲဝင်နေရာမှ အရှိန်တန့်သွားသည်။ လှည့်ကြည့်တော့ တိုးကြီးနှင့်ထိုက်အောင်၊ လုပ်ငန်းခွင်အရောက် ကားကပ်စီးဖို့ ထုံးစံအတိုင်း ရောက်လာကြခြင်းဖြစ်၏။

"ဒီအချိန်ထိ အိပ်နေရအောင် ငါက ခရိုနီမှ မဟုတ်တာ"

"အဲဒီလိုတော့ ခရိုနီကို မှိုချိုးမျှစ်ချိုးမပြောပါနဲ့ကွာ ဘာမှလုပ်စရာမလိုဘဲ ဝင်ငွေကောင်းနေတဲ့ ဒီငတိတွေလည်း ဖွန်ကြောင်ဖို့ ကိုပင်ထွားဖို့ စပွန်ဆာပေးဖို့ စောစောထကြမှာပါကွ. ."

"အင်း. .ဒီလိုမျိုးအကောင်းစား အိပ်, စား, ကာမ တော့ ငါတို့လည်း လုပ်ချင်ပါသေးတယ်ကွာ. ."

"ဟာ. . တိုးကြီး စားရတဲ့ကလေး ငတ်ကိုငတ်တယ် ဆိုတဲ့စကား မှန်ကန်ကြောင်း သက်သေပြမလိုလား. ."

"အေးလေ. . . ကလေးပဲ နှစ်ယောက်ရတော့မယ် တိရစ္ဆာန်စိတ်က မကုန်သေးဘူး. ."

မင်းဝေအောင်နှင့် ထိုက်အောင်တို့ ကြုံတုန်း ဝိုင်းဖွဲ့ကြ၏။ တိုးကြီးမျက်နှာမှာ စလေဇီးသီးခြောက်ကဲ့သို့ ရှုံ့တွသွားသည်။

"ခရိုနီတွေလို လုပ်ချင်တာနဲ့ပဲ တိရစ္ဆာန်ဖြစ်ရရောလားကွ"

"ခရိုနီက ပြဿနာမဟုတ်ဘူး အိပ်စားကာမ ကိုပဲ အာရုံကျတာက ပြဿနာဖြစ်တာ. . အဲဒါ တိရစ္ဆာန်စိတ်ကွ"





အနိုင်မခံ အရှုံးမပေး ဆုညံ့စွာငြင်းခုံရင်း အိမ်တံခါး ပိတ်၍ မင်းဝေအောင်တို့ ထွက်လာခဲ့ကြသည်။ ကားပိတ်သည့်ပွိုင့်တွေ မရောက်သေးခင်အထိ လီဘာကို ဖိနင်းလာခဲ့၏။

"မင်းဝေအောင် ဘရိတ်ဖတ်(စ)လေး ဘာလေး မဆွဲတော့ဘူးလား. ."

ထိုက်အောင်က လေသံပျော့ပျော့နှင့် မေးခွန်းထုတ်လာသည်။ သူငယ်ချင်းတွေကို ကျွေးမွေးချင်သော်လည်း အခြေအနေက မပေး။

"ဒီနေ့တော့ သည်းခံကြကွာ. . မင်းတို့ကို အလုပ်ရုံပို့ပြီးတာနဲ့ ရိပ်သာသွားပြီး အမေ့ကို ကြိုရဦးမှာ. ."

"ဩော်. . ဟုတ်လား ရပါတယ်ကွာ. . ထမင်းစောစော စားလိုက်တာပေါ့. .၊ ဒါနဲ့ မင်း မားသားလည်း ရိပ်သာ ခဏခဏ ဝင်တယ်နော်. ."

"အေး. . နောက်ဆို ယောဂီတောင် ဝတ်တော့မလား မသိဘူး. .၊ အခြေအနေပေးတဲ့ဘဝမှာ သံသရာက အလွတ်ရုန်းမယ့်သဘောပေါ့. ."

"ကောင်းပါတယ်. . ဒါဆို မင်း အိမ်ထောင်ပြုသင့်နေပြီနော်. . မင်းတစ်ယောက်ထဲတော့ ဖြစ်မှာမဟုတ်ဘူး. ."

တိုးကြီး စကားကြောင့် မင်းဝေအောင် ပါးစပ်နားရွက်တက်ချိတ်ပြီး သွားအဖြီးသားဖြစ်သွား၏။

"အဲဒီကိစ္စ ငါ တစ်မနက်လုံး စဉ်းစားနေတာကွ. ."

"ဟဲဟဲဟဲ. . . ပေါ်ပြီ. . . ပေါ်ပြီ၊ မင်းလည်း ဆာ



www.burmeseclassic.com

www.burmeseclassic.com



လောင်သူဖြစ်နေပြီ မဟုတ်လား”

“ဆာလောင်သူ မဟုတ်ဘူး. . ငတ်ကြီးကျသူ ဖြစ်နေပြီ”

ဆေးထိုးကြမ်းကြမ်း စကားတွေနှင့် မင်းဝေအောင်အား ဝိုင်းခွပ်ကြသည်။

“မင်းက စူဇကပုဏ္ဏားလို စားပို့နင့်အောင် စားပြီးပြီဆိုတော့ ကိုယ်ချင်းစာဖို့ မေ့နေပြီပေါ့. . ဟုတ်လား. .”

မင်းဝေအောင်လည်း အောက်ပြုတ်နှင့်လိုက်ရသည့် ဖဲသမားလို ရှိုစုမဲ့စုလက်နက်လေးနှင့် ပြန်ခုခံရ၏။

“အေးပါကွာ. . နောက်တာပါ. . မင်း အနေအထားနဲ့ အိမ်ထောင်ပြုသင့်တာကြာပါပြီ. .၊ ဘန္ဓန္တ မဖြစ်မယ့် အတူတူ ဃရာဝါသအမှုကိုပဲ အားစိုက်တာ ကောင်းပါတယ်. . ငါတော့ အားပေးတယ်ဟေ့. .”

“တိုးကြီး သိပ်မြှောက်ပေးမနေနဲ့ ဒီကောင် မိန်းမယူဖို့ အဆင်သင့်မဖြစ်သေးဘူး. .”

“ဘာလို့ မဖြစ်ရမှာလဲ ထိုက်အောင်၊ သူ့မှာ တိုက်နဲ့ ကားနဲ့ ဝင်ငွေကောင်းတဲ့လုပ်ငန်းနဲ့ကွာ ဘာလိုသေးလို့လဲ. .”

“အရေးအကြီးဆုံးဟာ တစ်ခုလိုနေတာပေါ့ကွာ. . မိန်းမယူဖို့ဆိုတာ အနည်းဆုံး ရည်းစားတစ်ယောက်တော့ ရှိနေမှဖြစ်မှာလေ. . ကဲ. . မဟုတ်ဘူးလား. .”

“အဲ. . အဲဒါတော့ ဟုတ်တယ်ဟ. . မင်းမှာ ရည်းစားရှိနေပြီလား မင်းဝေအောင်”

“ဟင့်အင်း. .”





“ဒါဆို မျက်စိထဲ အစပ်တည့်တဲ့သူကော. .”

“အဲဒါတော့ ရှိတယ်. . မင်းသမီးတွေ အကုန်လုံးပဲ မိုးဟေကိုကစပြီး ယွန်းယွန်းထိ အကုန်အစပ်တည့်တယ်”

“အင်း. . အမှုတော့ကြီးပြီ. . . အဲဒါပုဒ်မ (၃၇၆)ကွ မနောမူဒိမ်းမှု အာမခံမရဘူး. .”

ဝါးလုံးချေးသုတ် ရမ်းလိုက်သည့် မင်းဝေအောင်စကားကြောင့် ချစ်သူငယ်ချင်းများက လူကြားမကောင်းသည့် ဖြစ်မှုနှင့် ဝိုင်းဝန်းဂုဏ်ပြုကြ၏။

“အေး အဲဒီတာဝန်ကို စွမ်းစွမ်းတမံ နေ့မအား ညမနား ထမ်းဆောင်တော့မှာမို့ ငါ့အလုပ်တွေပါ မင်းတို့ ခွဲဝေယူဖို့ ပြင်ထားကြ. .”

“ကန်တော့ပါသေးရဲ့. .”

ပျော်ပျော်ပါးပါး မော်တော်ကားစီးပြီး ဟားတိုက်လာကြသည့် မင်းဝေအောင်တို့ အုပ်စု၊ ဆယ်ခုမြောက် မီးပွိုင့်ကို ဖြတ်ရင်း တစ်နာရီနီးပါး မောင်းခဲ့ပြီးမှ အလုပ်ရုံသို့ ရောက်တော့၏။

“ကဲ. . ငါညနေစောင်းလောက်မှ ပြန်ရောက်မှာနော. . အားလုံး စိတ်ချပါရစေ. .”

“အေး. . စိတ်ချ. . မင်းသာ ရိပ်သာပြန် ငါးဆယ်ကျော်အပျိုကြီးတစ်ယောက်ယောက်ကို ရအောင်ဆွဲစိခဲ့. .”

“ထပ်သရီး. . မဦးမချွတ်ကွာ. . ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ၊ ငါ့အပေါ် အတော်မေတ္တာထားကြတယ်ပေါ့. .၊ ဒီအတိုင်းဆို ဘောနပ်(စ်)ပေးမယ့် အစီအစဉ် ပြန်စဉ်းစားဖို့ လိုမယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

"ဟာ . . အာစိကလဲ"

"အဟဲဟဲ ဘောစိ ဘွေမယူနဲ့နော် ဘောနပ်(စ်)မပေးရင် ဘူပိတ်ပြီး မိန်းမ မရဘဲနေမယ် . ."

မျက်နှာပြောင်ပြောင်နှင့် အမျိုးမျိုးပြောဆို ဝိုင်းဖါးနေသည့် ထိုနှစ်ကောင်ကို ထားခဲ့ပြီး မင်းဝေအောင် ခရီးဆက်ရပြန်သည်။

အမေ့ကို ဟာမစ်တစ်မှ မဟာစည်ရိပ်သာမှာ သွားခေါ် ရမှာမို့ ဉာဏ်အမျှော်အမြင်ကြီးစွာနှင့် တည်ဆောက်ထားကြသည့် ရွှေဂုံတိုင် ဂုံးကျော်တံတားကို ဖြတ်သန်းရဦးမည်ဖြစ်သည်။

ဒီဂုံးကျော်တံတားတွေကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြေလျော့ပေးနိုင်သလားဆိုတာ မသေချာသော်လည်း . . ဆောက်လုပ်ခွင့်ရသည့် ကုမ္ပဏီတွေတော့ အတော်အဆင်ပြေသွားသည်ဟု ဖတ်ရမှတ်ရ၏။

မိနစ်လေးဆယ်လောက် စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်စွာ မောင်းလာပြီးမှ မဟာစည်ဝင်းအတွင်းသို့ ရောက်ခဲ့သည်။ အပြင်လောကနှင့် ခြံစည်းရိုးတစ်ခုသာခြားသော်လည်း တိတ်ဆိတ်အေးချမ်းငြိမ်သက်သော နယ်နိမိတ်တစ်ခုအတွင်း ရောက်နေရသလို မင်းဝေအောင် ခံစားလိုက်ရ၏။ တရားရိပ်က အေးချမ်းသည်ဟု ပြောဆိုကြတာ မှန်ကြောင်း စိတ်ထဲကထောက်ခံမိသည်။

ရှုမှတ်ဖို့ နာယူဖို့အသာထား အကြောင်းရှိ၍ အ





လည်သဘောမျိုးရောက်လာခဲ့သည့် မင်းဝေအောင်ပင်လျှင် ထိုအေးချမ်း ငြိမ်သက်မှုကို နှစ်ခြိုက်သွားရသည်။ လာနေပြီဟု ဖုန်းကြိုဆက်ထားသဖြင့် အမေက အထုပ်အပိုးနှင့် ဆွမ်းစားဆောင်ရှေ့မှာ အသင့်စောင့်နေသည်။

အမေ့ထံ မင်းဝေအောင် ခပ်သွက်သွက် လျှောက်သွားလိုက်၏။ တရားရေအေး အမြိုက်ဆေး အစွမ်းကြောင့်လားမသိ၊ အမေ့မျက်နှာက ကြည်လင်ငြိမ်းချမ်းနေသည်။

"မေမေ . . နေကောင်းတယ်နော် . ."

"ကောင်းပါတယ် သားရယ် . . ဆီးချိုရော သွေးတိုးပါ ကျသွားလို့ နေရထိုင်ရတာ ပေါ့ပါးသွက်လက်နေတာပဲ"

"ဟုတ်လား ကောင်းတာပေါ့ ဒါကြောင့် မေမေ့မျက်နှာ ကြည်ပြီး သန့်နေတာ . ."

"အမလေး မြှောက်နေပြန်ပြီ ငါ့သားရယ် . . ဪ ဒါနဲ့ မိတ်ဆက်ပေးရဦးမယ် . . . သူလေးက ယမုံတဲ့ ဒီတစ်ခေါက် မေမေနဲ့ အခန်းဖော်ပေါ့ . ."

"ခင်ဗျာ . . ဪ . . ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် မယမုံ၊ ကျွန်တော်က မင်းဝေအောင်ပါ . ."

"ဟုတ်ကဲ့ရှင့် . .ကြီးကြီး ပြောပြထားလို့ ကြားဖူးနေပါတယ်ရှင့် . ."

သတိမမူ ဂုမြင်ဆိုသလို အမေ့အနားရပ်နေသည့် ထိုအမျိုးသမီးအား အမေ မိတ်ဆက်ပေးမှပင် မြင်မိတော့၏။ မင်းဝေအောင် အတော်နှောင်တရသွားသည်။ ထိုအမျိုးသမီးကိုမြင်လိုက်သည့် ခဏမှာပင် သူ့ရင်တွေ တဒိန်းဒိန်းခုန်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ အကြည့်ကိုလွှဲပစ်၍မရ၊ ဆွဲဆောင်နိုင်စွမ်း အားကောင်းလှသော တည်ငြိမ်အေးဆေးသည့် မျက်နှာလှလှလေးကို တရှိုက်မက်မက်ပင် ကြည့်နေမိ၏။ သူ့အတွက် လိုအပ်နေသော လက်တွဲဖော် ဖူးစာရှင်အစစ်ကို ရိပ်သာအဝမှာပင် လိပ်စာရခဲ့ပြီဟု သူသိလိုက်ပြီ။

"သားရေ့ . . ယမုံက ဗဟန်းမှာနေတာ လမ်းကြုံပါတယ် အမေတို့ဝင်ပို့ပေးရအောင်နော်. . သူ့အိမ်က လာကြိုဖို့ မအားလို့တဲ့"

"ဟာ. . ရတာပေါ့မေမေရဲ့. . ဘာ အပန်းကြီးတာလိုက်လို့၊ ရတယ် ယမုံ ကျွန်တော်တို့ လိုက်ပို့ပေးမှာပေါ့. . ပစ္စည်းတွေကရော ဒါပဲလား. ."

"ဟုတ်ကဲ့ရှင်"

မင်းဝေအောင် သူ၏ PROBOX နောက်ဖုံးထုံခါးဖွင့်ပြီး ပစ္စည်းထုပ်တွေ ထည့်သည်။ ယမုံက သူ့အထုပ်ကို ဦးအောင်ကိုင်ထား၏။ မင်းဝေအောင်လက်လှမ်းတော့. . .

"ရပါတယ်ရှင့်. . ထဘီတွေ ပါလို့. ."

ဒါပဲ ပြောပြီး သူ့အထုပ်သူ ကားထဲထည့်သည်။ မျက်နှာအလှကို မက်မပြေဖြစ်ရသလို သဒ္ဒ အသံလေးကိုလည်း စွဲစွဲလန်းလန်း ဖြစ်ရပြန်သည်။ ရိပ်သာမှ အပြန် ဒီဖိုင်းကလည်း ရိုးရိုးယဉ်ယဉ် ရင်ဖုံးလက်ရှည်နှင့်ဆိုတော့ မင်းဝေအောင်မှာ ခေတ်ဆွေးသီချင်း တစ်ပုဒ်ထဲကလို မျက်စိထဲကထွက်ကိုမထွက်ဘူး ဖြစ်နေတော့သည်။ ဓမ္မနယ်နမိတ်အတွင်းမှာမို့ စိတ်ကို မနည်းထိန်းထားရ၏။





ယမုံကားပေါ်အတက်မှာ ယဉ်တစ်ကိုယ်မယ်၏ ကိုယ်လုံးအလှကိုပါမြင်ခွင့်ရသဖြင့် ရင်တသိမ့်သိမ့် တုန်ရပြန်သည်။ ဒီတစ်ခါ အမေရိပ်သာဝင်တာကို သူ ကျေးဇူးတွေအထူးတင်မိ၏။ အထူးသဖြင့် လိုက်ပို့ရအောင် အကြောင်းဖန်လာတာကို ဝမ်းသာမဆုံး ဖြစ်နေသည်။

ရိပ်သာမှ ထွက်လာတော့လည်း နောက်ကြည့်မှန်မှတဆင့် ယမုံအား မကြာခဏ ခိုးကြည့်နေမိသည်။ အကြည့်ချင်းဆုံသော်လည်း ယမုံက ဣန္ဒြေကြီးလွန်းနေ၏။ အေးလေခုမှ ရိပ်သာက ထွက်လာတာ မဟုတ်လား. . ဒီလောက်တော့ရှိမှာပေါ့ ဟုဖြေတွေး တွေးရသည်။

ဟာမစ်တစ်နှင့် ဗဟန်းက သိပ်မဝေးလှ ယမုံ လမ်းညွှန်သည့်အတိုင်း မင်းဝေအောင် မောင်းလာခဲ့ရာ ဆယ့်ငါးမိနစ်လောက်နှင့် အိမ်ရှေ့ရောက်လာသည်။

ဒီလိုကျတော့လည်း ကားလမ်းတွေက မပိတ်၊ မီးပွိုင့်တွေက စိမ်းနိုင်လိုက်ကြတာဟု စိတ်ထဲထင်နေသည်။ ယမုံက အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်၏။ အမေက သားအကြောင်းသိသဖြင့် နောက်မှပေါ့ဟု ပြောတာတောင်မရ၊ အားပါတယ်၊ အချိန်ရတယ်၊ ဟိုကောင်တွေကို တာဝန်ပေးထားတယ် ပြောပြီး အမေ့လက်ကိုတွဲ၍ ယမုံနောက်သို့လိုက်၏။

မေမေနှင့် ယမုံမိဘတွေကလည်း သိဟောင်းကျွမ်းဟောင်းတွေဖြစ်ပုံရသည်။ အလ္လာပ သလ္လာပ စကားတွေပြောမဆုံးဖြစ်နေကြ၍ မင်းဝေအောင် ကျေနပ်မဆုံးဖြစ်နေသည်။ ယမုံခဏပျောက်သွားပြီး အဝတ်အစားလဲ၍ ပြန်



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသည်။ လက်ထဲမှာ အအေးပုလင်းနှင့် မုန့်များထည့်ထားသည့် လင်ဗန်းကို ကိုင်လာသည်။

သုံးဆောင်ပါဦးရှင့်ဟုပြောပြီး ဝင်ထိုင်သည်။ မင်းဝေအောင် လူကြီးတွေကို အားနာသော်လည်း ဆန္ဒကိုမလွန်ဆန်နိုင်သဖြင့် စူးစိုက်ကြည့်နေမိ၏။ ယမုံအဖေကြီးလှမ်းစကားပြောတာတောင် မကြားမိ. .

"သား. . ဒီမှာ သားကိုမေးနေတယ်လေ. ."

လက်တို့ပြီး အမေသတိပေးမှ အားတုံ့အားနာဖြစ်ရ၏။

"အလုပ်အကိုင်ကောင်းရဲ့လားတဲ့. ."

"ဩော်. . ဟုတ်ကဲ့ ကောင်းပါတယ် အန်ကယ်. . လူဦးရေ ထူထပ်လာသလို အိမ်ထောင်ခွဲတွေများလာလို့ ပရိဘောဂတွေ အရောင်းသွက်ပါတယ် ခင်ဗျ. . ."

အန်ကယ်က ဣန္ဒြေရသော်လည်း အန်တီကြီးပြုံးစိစိဖြစ်နေ၏။ မင်းဝေအောင်၏အကြည့်တွေကို သဘောပေါက်နားလည်သွား၍များလားတွေးမိတော့ မျက်နှာတစ်ပြင်လုံး ထူပူရှိန်းဖိန်းသွားရ၏။

"မနှင်းဆီတို့တော့ ကံကောင်းတာပဲ သားကဖိဖိစီးစီး ရှာနိုင်ဖွေနိုင်တော့ တရားအားထုတ်ရတာ စိတ်ဖြောင့်တာပေါ့. ."

"ဒီလိုတော့လည်း မဟုတ်သေးဘူး ကြိုင်ကြိုင်ရဲ့. . သားလေးသူ့အိုးသူ့အိမ်နဲ့ ဖြစ်သွားမှ နောက်ကြောင်းအေးမှာလေ"





"ဟုတ်တာပေါ့. . ဟုတ်တာပေါ့။ ကျွန်မတို့မှာလည်း ဒီသမီးအတွက် စိတ်ဖြောင့်ဖြောင့် ဥပုသ်မစောင့်နိုင်သေးပါဘူးရှင်"

အပြန်အလှန်ပြောစကားတွေထဲ ထိုကိစ္စကိုတော့ မင်းဝေအောင် တအားသဘောကျ၏။ အန်တီတို့လည်း ယမုံ့ကို အိမ်ထောင်ပြုစေချင်သည့် သဘောသက်ရောက်နေသည် မဟုတ်လား၊ မင်းဝေအောင် ဂေါ်ပါဝါကို ဘားအဆုံးမြှင့်တင်ကာ. . ဂေါ်ရကားကောင်းရေ တစ်သောင်းအားနှင့် ယမုံ့အား ရှူးပစ်လိုက်သည်။ ယမုံ ချက်ချင်းပင် မျက်လွှာချကာ အရှုံးပေးသွား၏။

နာရီဝက်လောက် စကားစမြည်ပြောပြီး အမေက ပြန်ဖို့ဟန်ပြင်သည်။ မင်းဝေအောင် မပြန်ချင်သေး၊ အလှကြည့်လို့ မဝသေးသည့်အတွက် သွက်သွက်လက်လက် မထနိုင်ဖြစ်နေသည်။

အန်တီကြိုင်၏ နောက်လည်း လာလည်နော်ဟု ဖိတ်ခေါ်သည့် စကားကိုတော့ ခပ်သွက်သွက်ပင် ဟုတ်ကဲ့လိုက်သည်။

ရိပ်သာပြန် ဣန္ဒြေမလေးကတော့ ပြုံးပြရုံ ခေါင်းညိတ်ရုံသာ နှုတ်ဆက်သည်။ မဖြစ်မနေ ပြန်လာခဲ့ရသည့်နောက်. . မင်းဝေအောင်ရင်ထဲ ဘာမှပါမလာတော့သလို ဟာလာဟင်းလင်းဖြစ်နေတာ သတိပြုမိ၏။

အချစ်ကို အရှင်လတ်လတ် နဖူးတွေ့ဒူးတွေ့ တွေ့ခဲ့ရသဖြင့် ကြည်နူးပီတိဖြစ်မှုက မျက်နှာမှာ အထင်းသားပေါ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်ထင်၏။

"အမေ့သားလည်း ပြုံးလို့ပျော်လို့ပါလား . . ဘာတွေများ ဝမ်းသာစရာရှိလို့လဲ"

"ဗျာ. . အဟဲ ထွေထွေထူးထူး မရှိပါဘူး မေမေ၊ အိမ်မှာ တစ်ယောက်ထဲပျင်းခြောက်ခြောက်နေရတဲ့ ဘဝက လွတ်ပြီလို့ တွေးမိလို့ပါ. . "

လက်ာချောအောင် မုသား အလောတော်ရောစပ် ဖြေလိုက်သည့်စကားကို အမေ လက်ခံသလားတော့မသိ၊ ဘာမှထပ်မပြောဖြစ်တော့ဘဲ အိမ်သို့ရောက်လာကြ၏။ မင်းဝေအောင် ရင်ထဲအတွေးထဲမှာတော့ ယမုံမှယမုံ. . .









# အခန်း(၃)

အလုပ်ရုံထဲ ရောက်တော့လည်း လုပ်နေကျအလုပ်တွေဘေးချပြီး ငူငိုင်ကာ တွေးနေမိသည်။ ရံဖန်ရံခါ သူ့မျက်နှာမှာ အပြုံးပန်းတွေဝေဆာလာသေး၏။ ဒါကို တိုးကြီးနှင့် ထိုက်အောင်တို့ အခန်းဝမှ ခေါင်းပြူကြည့်ကာ တအံ့တဩ ဖြစ်နေကြသည်။

နောက်ဆုံးမှာ မအောင့်နိုင်တော့ဘဲ မင်းဝေအောင်နား ရောက်လာတော့၏။ အတွေးထဲမှာ ယမုံကို မြင်ယောင်ပြီး ပီတိအရှိန်နှင့် ပြုံးစစဖြစ်နေသည့် မင်းဝေအောင်က သတိမပြုမိ။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင် နေ့ခင်းကြောင်တောင်ကြီး အပမီလာတာလား..ဘာဖြစ်နေတာလဲ..ရုပ်ကလည်း ပြီတီတီနဲ့”

“ဟင်..”

ထိုက်အောင်က ပခုံးပုတ်ပြီးမေးတော့မှ အလန့်တကြား ဖြစ်သွား၏။

“အူကြောင်ကြောင် ဂေါက်တောက်တောက် အိုက်တင်နဲ့ ဘာဖြစ်နေတာလဲ မင်းဝေအောင်”

“ဟင်..အဟဲ ငါတွေ့လာပြီကွ..”

“ဘာလဲ..သရဲနဲ့လား..”

“ဟင်းဟင်းဟင်း..ဟုတ်မလားကွာ..အချစ်နဲ့တွေ့လာတာ..”

“ဟေ..ဟုတ်လား ဘယ်မှာလဲ ဘယ်တုန်းကလဲ”

“မနေ့က..အမေ့ကို သွားကြိုရင်း ရိပ်သာမှာတွေ့ခဲ့တာ”

“ဟင်..ဒါဆို ဖွားသီလရှင်လား ယောဂီလား..မင်းတော့ ငရဲကြီးတော့မှာပဲကွာ”

အချစ်နှင့်တွေ့လာသည်ဆိုတော့ မလိုတမာစကားတွေ ပြောကာ ဝိုင်းဖြဲကြပြန်၏။

“ဟော့ကောင်တွေ..စကားပြောတာဆင်ခြင်၊ ဘာကိစ္စ ယောဂီနဲ့တွေ့ရမှာလဲ ရိပ်သာက ထွက်လာတဲ့ ကောင်မလေးနဲ့တွေ့တာ..လှချက်ကတော့ ပိုးစိုးပက်စက်ပဲ”

“အေး..မနေ့က ငါ နိမိတ်ဖတ်တဲ့အတိုင်း ရိပ်သာကထွက်လာတဲ့ ငါးဆယ်ကျော် အပျိုကြီးမနဲ့ တွေ့ခဲ့တာပေါ့





ဟုတ်လား”

တိုးကြီး၏ အငေါ်တူးစကားကို မင်းဝေအောင်က ငါးခူငါးပိကောင်ပြူးလေး ပြူးပြီး ပြန်တုန့်ပြန်၏။

“ရိပ်သာက ထွက်လာတဲ့ အပျိုဆိုတာဟုတ်တယ် အသက်ငါးဆယ်မဟုတ်ဘူး ငါနဲ့လယ်ဗယ်ပဲ..”

“ဩော်..မင်းဝေအောင်..မင်းဝေအောင်..တကယ့်ကို ရိပ်သာပြန်နဲ့တွေ့ခဲ့တာကိုး..အင်း တွေ့ခဲ့တာတော့ ဟုတ်ပါပြီ၊ မင်း..ရှေ့ဆက် ဘယ်လိုဝင်လုံးမှာလဲ..”

“သူ့အိမ်ကို ငါသိတယ် ထိုက်အောင်..ပြီးတော့ ဘယ်ကုမ္ပဏီမှာ အလုပ်လုပ်နေတယ် ဆိုတာလဲ သိထားတယ်..၂ ကဲ..ဘာလိုသေးလဲ..”

မင်းဝေအောင်၏ ရှေ့တန်းထွက်တော့မည့် တပ်ချုပ်တစ်ယောက်လိုမျက်နှာပေးကြောင့် တိုးကြီးနှင့် ထိုက်အောင် အချင်းချင်းကြည့်ကာ ဝိုင်းဖွဲ့ဖို့တာစူလိုက်ကြ၏။

“ရိပ်သာပြန် အပျိုကြီးကို ဘယ်လို စပြီးလုံးမှာလဲ..အသေဝနာစ ဗာလနံ ချစ်နှမ..ဒါမှမဟုတ် ယောနိသော မနသီကာရ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းပြီး ချစ်ခြင်းစကားဆိုပါအံ့လို့ ပြောမှာလား...”

“ဘယ်ဟုတ်မလဲကွာ..ဟဲ့ကောင်မ ငါ့ရှေ့လာပြီး အလှတွေ ဗန်းပြမနေနဲ့ နင်ဟာ ရုပ်ဆောင်ထားတဲ့ အပုပ်ကောင်မှန်း လူတိုင်းသိတယ်..ဘယ်ဟာမှ မမြဲဘူး အားလုံး ဖြစ်ပျက်ပဲလို့ ပြောမှာပေါ့..”

ကြားဖူးနားဝ တရားစကားတွေသုံးကာ မညှာမတာ



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုနောက်ပြောင်ကြ၏။ ဒီလောက်တော့ မင်းဝေအောင်မမှု၊ ဘယ်ကိစ္စမဆို အဖျက်တို့ အနှောင့်အယှက်တို့ ဆိုတာ ရှိစမြဲ၊ ရည်းစားထားဖို့ ရှက်နေလျှင် မိန်းမ မရနိုင်ဘူးဆိုတာ ကောင်းကောင်း သိထားသူဖြစ်သည်။ ထို့အတွက် ချူကလီးယားဗိုးနှင့် ဝိုင်းထုတာကို ဂျင်ဂလိနှင့် ပြန်ပစ်ရင်း ခုခံသည်။

"ဒီမယ်. . . ထိုက်အောင် ယမုံရိပ်သာဝင်တယ်ဆိုတာ ခေတ်ကာလ ဖက်ရှင်တစ်ခုပါကွာ. . .၊ အခါတွင်းမှာ သူများလုပ်လို့ လိုက်လုပ်ကြတဲ့ အနေအထားပါ၊ တစ်ခါတည်းနိဗ္ဗာန်သွားမယ့်လူမှ မဟုတ်တာ. .၊ ဒီလိုပဲ ရိုးရိုးတန်းတန်းချစ်စကားပြောဖို့ပဲ လိုတာပါ ထွေထွေထူးထူး ဆန်းသစ်ဖို့ မလိုပါဘူး. ."

"ဘယ်ဟုတ်မလဲ မင်းဝေ့အောင် လောလောဆယ်သူ့ အတွေးထဲမှာ. . ဝင်လေသိ ထွက်လေသိတို့ ပိန်ဖေါင်းတို့ နှာသီးဖျားမှာ အသိကပ်တို့ အဲဒါတွေ ရှိနေတုန်းပဲဖြစ်မှာလေ၊ သူ ပျော်ဝင်နေတဲ့ နယ်ပယ်ထဲက စကားလုံးတွေသုံးပြီး စည်းရုံးမှ အလွယ်တကူ နားထဲရောက်မှာပေါ့. ."

ဝိရောဓိဖြစ်သည့် နယ်ပယ်နှစ်ခုကို ဇွတ်အတင်းညှိပြီး ကပ်သီးကပ်သတ်စကားတွေကို မျက်နှာပြောင်ပြောင်နှင့် ပြောနေကြသည့် သူငယ်ချင်းနှစ်ယောက်အား အမြင်ကတ်မှု အဆင့်က ဂင်းနစ်စံချိန်ဝင်သွားပြီမို့ မင်းဝေအောင် သည်းခံနိုင်စွမ်း ကုန်သွား၏။

"ကဲ. . အလုပ်ရှင်ကို respect ပေးဖို့ဝေးလို့ မှုချီးမှုစ်နှုတ် ပဒိုင်းပင်ခုတ်သလို ဝိုင်းဖွဲ့နေကြတော့ မင်းတို့ ဒီလ





ဘောပြုတ်ပြီလို့သာမှတ်. . ဒါပဲ" (ဘောနပ်(စ်)ဖြတ်ခံရခြင်းကို ဆိုပါသည်)

ထိုစကားကြောင့် တိုးကြီး၊ ထိုက်အောင်တို့ မျက်နှာများမှာ ချည်ပြီးတုပ်ပြီးထောင်ထဲရောက် တိုက်ပိတ်ခံရပြီးကာမှ ညို့သကျည်းပေါ် မျဉ်းလုံးနှင့်လှိမ့်ခံရသည့် နိုင်ငံရေးအကျဉ်းသားများကဲ့သို့ ဖြစ်သွားကြ၏။

"အဟဲ. . မင်းဝေအောင် ဘောစိ၊ ဘောစိ မင်းဝေအောင် ကလည်းကွာ တို့က ချစ်လို့စတာပါကွ. . ဟဲဟဲဟဲ"

"အေးလေးကွာ ဒါတိုက်ဆိုင်တာ မဟုတ်ဘူး သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက ဖူးစာရေးနတ်လုပ်ပြီး မင်းဆီကို ပါရမီဖြည့်ဘက် မိန်းမမြတ်တစ်ယောက် ပို့ပေးလိုက်တာ. ."

အဟင်း. . တော်တော် ဟုတ်တဲ့ကောင်တွေ၊ ဖလိုးတွေ ချိန်းပြီးလေသံက ချက်ချင်းပြောင်းသွားသလို မျက်နှာတွေကလည်း ဆီးချိုသမား သွေးတက်လောက်အောင်ပင် ချိုမြမြ လုပ်ပြနေကြသည်။

"ရိပ်သာနဲ့ အကျွမ်းတဝင်ရှိနေတဲ့အတွက် ဟော့ဟော့ရမ်းရမ်းထဲက မဟုတ်ဘူးကွာ. . ပြီးတော့ မင်းအမေနဲ့လည်း သိပြီးသားဆိုတော့ ပြဿနာတစ်ခုငြိမ်းတာပေါ့"

"သူ့ပုံစံလေး မြင်သာအောင် ပြောပြစမ်းကွာ. . ငါတို့ဝိုင်းပြီး အကဲခတ်ပေးမယ်'

ဝိုင်းဖါးနေကြသည့် ရွှန်းရွှန်းဝေစကားများကြောင့် မင်းဝေအောင် ရယ်ချင်လာသော်လည်း တမင် မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



တည်ထားကာ အလုပ်ရှင်စကား ပြောလိုက်၏။

"ကဲ. . အပိုစကားတွေ ပြောပြီး အချိန်ဖြုန်းမနေကြနဲ့ လုပ်စရာရှိတာတွေလုပ် လကုန်လို့မှ အော်ဒါပစ္စည်းတွေ မပြီးရင် ငါ့အဆိုးမဆိုနဲ့. ."

ခပ်တည်တည်မျက်နှာပေးနှင့် အမိန့်သံပါသည့် စကားကြောင့် တိုးကြီးတို့မျက်နှာပိုးသတ်ကာ အခန်းထဲမှ ထွက်သွားကြတော့၏။ ထိုအခါမှပဲ မင်းဝေအောင် တစ်ယောက်ထဲ အတွေးတွေ အွန်လိုင်းတက်ပြီး စိတ်ကူးယဉ် ချပ်(က်)တင်လုပ်ကာ ယမုံနှင့် နှစ်ပါးသွားခွင့် ရသွားလေတော့၏။





# အခန်း(၄)



ရေချိုး ကိုယ်လက်သန့်စင်ပြီးခါစ ယမုံ၊ မှန်ရှေ့ရပ်ပြီး ကိုယ်ရုပ်ကိုယ် ဆန်းစစ်နေမိ၏။ ကြည်လင်ဝင်းပ သန့်စင်ပြီး ဝါဖန့်ဖန့်လင်းလက်နေသည့် မျက်နှာပေါ် ရေစက်လေးများ တွဲခိုနေသည်။ နက်မှောင်ပြည့်ဝန်းသော မျက်လုံးအစုံ၊ ဇင်ယော်တောင် ကော့ကော့ကွေးကွေး မျက်ခုံး၊ လုံးဝန်းသော နှာသီးနှင့် ဖြောင့်စင်းသော နှာတံ၊ ပဒုမ္မာကြာပန်းလို ဖူးအာနေသည့် နှုတ်ခမ်းများ အားလုံးကိုပေါင်းစုလိုက်တော့ ယမုံဆိုတာ မိန်းမလှတစ်ယောက်ဟု မှန်ထဲမှ ပုံရိပ်က သက်သေပြနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ယမုံ. . နင် . . တော်တော်လှတဲ့ မိန်းမပဲ. ."

ယမုံကျေနပ်စွာ တီးတိုးပြောရင်း ရေစက်များကို မျက်နှာသုပ်ပဝါနှင့်သတ်နေလိုက်သည်။ အကြည့်က လည်တိုင်အောက်ရောက်သွားတော့လည်း ဖြစ်သလို စုစည်းချည်နှောင်ထားသည့် ရေလဲထဘီအောက်မှ ကုန်းရုန်းမို့ကြွနေသည့် ရွှေရင်အစုံကို မြင်မိသည်။

မိန်းမလှတစ်ယောက်အဖြစ် သတ်မှတ်ခံရနိုင်ဖို့ ဒီအသားစိုင်တွေ၏ အရေးပါမှုကိုလည်း ယမုံသိထားသည်။

သို့သော် ရုတ်တရက် ဆိုသလိုပင် အသိဝင်လာ၏။

"အို. . ဒါတွေက အရေပြားတစ်ထောက်စာ အပေါ်ယံ လှည့်စားမှု အလှအပတွေပါ. . သူ့အောက်မှာ အရိုးတွေ အသားတွေ သွေးတွေ အရိအရွဲတွေနဲ့ ဖွဲ့စည်းထားတဲ့ အတ္တဘောကြီး၊ ဘာမှခင်တွယ်ချင်စရာမရှိဘူး. . အချိန်မရွေး ရောက်လာနိုင်တဲ့ သေခြင်းတရားနဲ့တွေ့ရင် ဘာမှ သုံးစားမရတဲ့ အတ္တဘောကြီးအဖြစ်နဲ့ စွန့်ပစ်ခံရမှာ. ."

ယမုံ မှန်ကြည့်ရင်း ရုပ်အဆင်းပေါ် တွယ်ငြိမှုကို ပယ်သတ်၍ အနိစ္စ ဒုက္ခ အနတ္တကို ဆင်ခြင်လိုက်သည်။ ထိုအခါမှ စိတ်တည်ငြိမ်သွားပြီး လုပ်စရာရှိတာ ဆက်လုပ်ဖြစ်သွားသည်။

"သမီး အမေ ထမင်းချိုင့် ထည့်ထားပြီးပြီ"

"ဟုတ်ကဲ့ မေမေ. ."

မိတ်ကပ် ပါးပါးခံပြီး သနပ်ခါး လိမ်းနေသည့် ယမုံက အမေ့ကို မှန်မှတဆင့် လှမ်းကြည့်ရင်း ပြောလိုက်သည်။





"ကဲ. . ယမုံ အခါတွင်းတလျှောက်လုံး လုပ်ချင်တဲ့ ဆန္ဒမှန်သမျှ ဖြည့်ပေးပြီးပြီနော် ရိပ်သာလည်း ဝင်ပြီးပြီ တရားလည်း မှတ်ခဲ့ပြီးပြီ. ."

"အဲဒါဘာဖြစ်လဲမေမေရဲ့ ကောင်းတာလုပ်တဲ့ဟာကို"

"အေးပါ. . ညည်းကို အပြစ်တင်နေတာ မဟုတ်ဘူး၊ အခု ရိပ်သာကထွက်ပြီး လောကထဲ ပြန်ရောက်လာပြီ. . အလုပ်လည်း ပြန်ဆင်းနေပြီ၊ လောကထဲမှာ လူတစ်ယောက်အနေနဲ့ ဆက်လက်ရှင်သန်ဖို့ဆိုရင် လူလိုနေမှ ဖြစ်မှာနော်"

"မေမေရယ် သမီးက ဘယ်လိုနေနေလို့လဲ"

"ကျွဲပါးစောင်းတီး မလုပ်စမ်းပါနဲ့အေ. . အမေတို့ မရှိတဲ့အခါ ညည်းတစ်ယောက်ထဲ ဘဝကို ရင်ဆိုင်သွားလို့ ရမှာတဲ့လား"

"မေမေကလည်း ဒီလိုပဲ တစ်ယောက်ထဲနေသွားတဲ့ အပျိုကြီး လူပျိုကြီးတွေ အများကြီးပဲဟာကို. ."

"ဟဲ့. . တူမလား သူတို့မှာ အနည်းဆုံး တူ တူမတွေ တော့ ရှိကြတာပဲလေ၊ ညည်းကတစ်ဦးတည်းသောသမီး. . ဆွေမျိုးနီးစပ်လည်း ရှိတာမဟုတ်ဘူး. ."

"အဲဒီတော့လည်း ရိပ်သာသွားနေလိုက်မှာပေ့ါ"

"တယ်. . . ဒီကလေးမ ပြောလိုက်ရ မကောင်းဘဲရှိတော့မယ်၊ ဒီမယ် မိယမုံ လောကမှာ တစ်ယောက်ထဲနေလို့ ရတဲ့မိန်းမ မရှိဘူး၊ ရှိခဲ့ရင်လည်း အစော်ကားခံ အနိုင်ကျင့်ခံပဲ ဖြစ်နေမှာ၊ အဲဒီအတွက် အိမ်ထောင်ပြုဖို့စဉ်းစား . . ဒါပဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ကလဲ. ."

"အမေကလဲ မနေနဲ့. . အဲဒါနောက်ဆုံးစကားပဲ. . အလေးအနက်စဉ်းစားပြီးဆုံးဖြတ် ထပ်မပြောရစေနဲ့. . (၂၇) နှစ်ဆိုတဲ့ ညည်းအသက်က မငယ်တော့ဘူး"

အမေက ဗျစ်တောက်ဗျစ်တောက်ပြောပြီး ထွက်သွား၏။ ယမုံစိတ်ရှုပ်စွာဖြင့် အပုပ်ကောင်ကြီးကို သနပ်ခါးပြီးအောင် လိမ်းလိုက်သည်။ တကယ်တော့ နံ့သာလိမ်းကျံ ပန်းစိမ်းပန်တာတွေကို ယမုံ စိတ်ဝင်စားလှသည်မဟုတ်. .၊ လူတောထဲသွားရမှာမို့သာ မဖြစ်မနေ အလှပြင်နေရခြင်းဖြစ်သည်။

"ဒုက္ခ သုက္ခနဲ့ စိတ်ဆင်းရဲတာတွေ မခံချင်လို့. . အပျိုကြီးလုပ်ပါတယ်ဆိုမှ လင်ယူဖို့ကိစ္စပဲ ခဏခဏ လာပြောနေတယ် တကယ်ပါပဲ"

တစ်ယောက်ထဲ မကျေမနပ်ပြောရင်း ကုမ္ပဏီဝတ်စုံကို လဲလှယ်ဝတ်ဆင်၍ အခန်းထဲမှ ထွက်လာခဲ့၏။ ထမင်းချိုင့်၊ ရေဘူးနှင့် လိုအပ်ပစ္စည်းတွေက အမေပြင်ဆင်ပေးထား၍ အားလုံးအသင့်ဖြစ်နေပြီ။ ဖေဖေက ရှစ်နာရီလောက်ကတည်းက အလုပ်သွားပြီ ဖြစ်သည်။ ဖခင်ဖြစ်သူ ဦးဘုန်းလင်းမှာ အသက်ခြောက်ဆယ်ပြည့်၍ မြို့နယ်ပညာရေးမှူးအဆင့်နှင့် ပင်စင်ရခဲ့ပြီဖြစ်သော်လည်း ကိုယ်ပိုင်အထက်တန်းကျောင်းတစ်ကျောင်းတွင် လစာကောင်းကောင်းနှင့် အလုပ်ဆက်ဝင်နေသူဖြစ်သည်။

ယမုံလည်း အမေ့ကိုနှုတ်ဆက်ပြီး အိမ်မှထွက်လာ





ခဲ့၏။ လမ်းထိပ်မှတ်တိုင်အနီးတွင် လာကြိုမည့် ဖယ်ရီကို စောင့်နေလိုက်သည်။ လမ်းတလျှောက် ကြုံခဲ့ဆုံခဲ့သည့် အရွယ်ကောင်း ယောကျ်ားမှန်သမျှ သူ့ကို သမင်လည်ပြန်ကြည့်သွားကြတာ သတိပြုမိပြီး မာန်တက်ချင်သလိုလိုပင် ဖြစ်မိသေးသည်။

နောက်မှ ဘုရားဟော ခေမာမိဖုရားအကြောင်း ပြန်စဉ်းစားကာ အိုနာသေဘေး အချိန်မရွေး ရောက်လာနိုင်ကြောင်း နှလုံးသွင်း၍ စိတ်ကိုပြန်ထိန်းချုပ်ရသည်။ စိတ်ပျံ့သွင့်မှုမရှိအောင် ကြိုးစားနေသည်ဆိုကာမှ အလေနတော နှစ်ကောင်က မထိတထိ ကလိသွားတာ ခံလိုက်ရသည်။

"မမရယ် အလုပ်သွား မနေပါနဲ့တော့. . ကျွန်တော် ရှာကျွေးပါရစေ. ."

"ဖြစ်မလားကွ ကြီးရင်မှီ ငယ်ရင်ချီတဲ့ ငါတို့ကမှီရမှာ မရှာကျွေးလိမ့်မယ် အေးဆေးအေးဆေး. ."

ကြည့်. . ဘယ်လောက်ဒေါက်နဲ့ဖို့ကောင်းသလဲဆိုတာ၊ မမလို့ ရည်ညွှန်းတာ အသက်ကြီးပြီဟု ဆိုလိုရင်းဖြစ်သည်။ မိုးလွန်မှ ထွန်ချမိသလို အပျိုကြီးဖြစ်နေသည့်အတွက် သူတို့ကိုပဲ ရှာကျွေးရတော့ မလိုလို အပေါက်ချိုးသွားသေး၏။ လွတ်ခနဲ လွတ်ထွက်သွားသည့်စိတ်ကို ဥပက္ခာပြုပြီး အသိကို နှာသီးဝသို့ ပို့ထားလိုက်သည်။

အချိန်တွေ ဘယ်လောက်ကြာသွားသည်မသိ၊ တတိ ဟိဟွန်းသံကြားတော့မှ ကိုယ့်ရှေ့မှာ ဖယ်ရီရောက်နေတာကို သတိပြုမိတော့၏။ ယမုံ ကမန်းကတန်း ကားပေါ်တက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

"ဘာတွေ စဉ်းစားနေတာလဲ အပျိုကြီး ဟွန်းတီးနေတာ ဆယ်ခါမကဘူး"

"တရားမှတ်နေလို့ပေ့ါ မှတ်နေလို့. ."

တွေ့သည်နှင့် အပျိုကြီးခေါင်းစဉ်တပ်ပြီး နောက်သလို ပြောင်သလို ပြောတာတွေကို ဥပက္ခာမပြုနိုင်ဘဲ ရန်တွေ့သလို ပြန်ပြောမိ၏။ ဒါကိုပင် ကားပေါ်က လူတွေရယ်ပွဲဖွဲ့နေကြသေးသည်။ ယမုံဘာမှ ထပ်မပြောတော့ဘဲ. . ခလုတ်ပုတီးလေးထုတ်ပြီး ဂုဏ်တော်ကွန်ချာ ပုတီးစိပ်နေလိုက်၏။

ဒီလို အာရုံပြုထားလိုက်တော့လည်း ငြိမ်းချမ်းလိုက်သည့်ဖြစ်ချင်း၊ ကုမ္ပဏီကို ဘယ်လိုရောက်လို့ရောက်လာမှန်းပင် မသိလိုက်။ ဆူဆူညံညံ အသံတွေကြားမှ ကားပေါ်က ဆင်းဖို့ ပြင်ရသည်။ ကားပေါ်မှ နောက်ဆုံးဆင်းသူမှာ ယမုံသာဖြစ်သည်။

ယမုံ. . ကွန်ကရစ်ကြမ်းခင်းကို ငုံ့ကြည့်ရင်း တစ်လှမ်းချင်းလျှောက်ကာ ရုံးတွင်းသို့ဝင်ခဲ့၏။ သူတို့ဆက်ရှင်မှ သူ့စားပွဲသို့ရောက်မှပင် ပတ်ဝန်းကျင်ကို ကြည့်မိသည်။ မနက်ကိုးနာရီရှိပြီဖြစ်သော်လည်း ဘယ်သူမှ အလုပ်စားပွဲမှာ ထိုင်မနေကြ။ လတ်လျားလတ်လျားနှင့် စကားပြောနေတုန်းပင်ရှိသေးသည်။ အများစုက ပြီးခဲ့သည့် သင်္ကြန်အကြောင်း မမောနိုင် မပန်းနိုင် ပြောနေလေ၏။

"ဘယ်လိုလဲ ဒေါ်ယမုံ ဒီနှစ် ဘယ်မဏ္ဍပ်မှာ ထိုင်ခဲ့လဲ"





"မဟာစည် မဏ္ဍပ်"

"ဗျာ. . ."

ငွေစာရင်းမှ စာရေးတစ်ယောက်အမေးကို သွက်သွက်ပြန်ဖြေလိုက်ရာ မေးသူတအံ့တသြ ဖြစ်သွားပုံရသည်။

"သွားမေး မနေနဲ့ပေ့ါ. . အပျိုကြီးမမက နင်တို့လို အပျော်အပါး မက်တာမဟုတ်ဘူး. . လာမယ့် သီတင်းကျွတ်မှာ အစွံထုတ်ဖို့ပဲ အာရုံစိုက်နေတာ. ."

"အမလေး ကြံကြီးစီရာတော်. . ကျွန်မက အပူမရှာချင်လို့ ရိပ်သာဝင်ခဲ့တာ အိမ်ထောင်ပြုဖို့ဆိုတာ အဝေးကြီး"

"မယမုံရယ်. . . မိန်းမလှ စာရင်းဝင်တဲ့ အလှအပတွေ နှမြောစရာကြီး ဘာဖြစ်လို့ အိမ်ထောင်မပြုချင်ရတာလဲ"

"အေး. . ကံမကောင်းအကြောင်းမလှလို့ မိန်းမဖြစ်နေရတာ၊ ဖြစ်နိုင်ရင် ယောကျ်ားဘဝနဲ့ ဘုရားဆုတောင်းလိုက်ချင်သေးတာ. .၊ အပူမရှာချင်လို့ ဆယ့်တစ်မီးငြိမ်းအောင် နေနေတာ အဲဒါအပြစ်လား. ."

"ဩော်. . ဒေါ်ယမုံက ဘုရားဆုပန်ချင်နေတာကို. . ကဲ. . ကဲ ဒါဆိုလည်း ဘုရားဖြစ်မယ့် အုတ်နီခဲကြီးကို ကွန်ကရစ်သာ လောင်းပေးလိုက်ကြတော့ပေ့ါ. ."

ပြစ်ပြစ်နှစ်နှစ် ဝိုင်းသမ နေကြသည့် အောက်ကလိအာစကားများကို ပညာသားပါပါ တုန့်ပြန်ဖို့ ဟန်အပြင်ပင်မှူးအုပ်ကြီး ဝင်လာသဖြင့် အားလုံး ကိုယ့်နေရာကိုယ်ရောက်သွားကာ အလုပ်လုပ်ချင်ယောင်ဆောင်နေလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပဲ ယမုံလည်း စိတ်အေးလက်အေးနေခွင့်ရ တော့သည်။ ဘောပင်ထုတ် ဖိုင်များလှန်ကာ တစ်နေ့တာအ လုပ် စလိုက်တော့လည်း အရာအားလုံးကို မေ့သွားတော့ သည်။







# အခန်း(၅)

မင်းဝေအောင် အမေ့ဖုန်းကို ကလိရင်း ရလာသည့် ဓာတ်ပုံတစ်ပုံကို သူ့ဖုန်းထဲသို့ ကူးယူထည့်ထား၏။ ထိုပုံမှာ အမေနှင့်ယမုံ ရိပ်သာက အိပ်ခန်းထဲမှ နှစ်ယောက်တွဲရိုက် ထားသည့် ပုံဖြစ်သည်။ ထိုပုံကို စိတ်အဆာပြေ ကြည့်နေခဲ့ တာ ရက်တွေရှည်ကြာခဲ့ပြီ၊ ယမုံတစ်ယောက်ထဲကို ပုံကြီးချဲ့ ကြည့်ရင်း အတွေးတွေ ရိုင်းခဲ့ရတာလည်း အကြိမ်ကြိမ်။

ဘယ်လိုကြည့်ကြည် ယမုံအလှက အပြစ်အနာအ ဆာမရှိ၊ ရှမ်းကြိုက်၍ နွားချောနေသည်လားမသိ။ ဓာတ်ပုံ ကြည့်ကာ တစ်ယောက်ထဲ ချစ်နေလို့ကတော့ လက်ပါးတစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်တည်းနှင့် လက်ခုပ်တီးသလို ဘာမှအရာမထင်နိုင်တာ သိ၍လည်း ဘယ်လိုနည်းနှင့် ထပ်တွေ့ခွင့်ရအောင် လုပ်မလဲ ဆိုတာကိုပဲ အချိန်ပြည့် အကြံထုတ်နေမိ၏။

နောက်ဆုံးတော့. . ရိပ်သာပြန်မော်ဒယ်မလေးကို ဓမ္မဒါနလက်ဆောင်ပေးရင်း သွားတွေ့ရန် အကြံရလိုက်သည်။ အကြံကောင်းရသဖြင့် အားတက်သွားသည့် မင်းဝေအောင် တရားစာအုပ်တွေ၊ တရားခွေတွေ စုဆောင်းသည်။ ရှင်ဆန္ဒာဓိက၊ ရဝေနွယ်(အင်းမ)၊ ရှင်ဆေကိန္ဒတို့၏ ပါဠိမပါသော တရားစာအုပ်များ၊ ဆရာတော် နန္ဒမာလာဘိဝံသ၊ ဆရာတော် ရှင်ဉာဏိဿရ တို့၏ တရားခွေတွေ တစ်ပွေ့ တစ်ပိုက်ကြီးနှင့် တနင်္ဂနွေ တစ်ရက်မှာ ယမုံတို့အိမ်သို့ ရောက်လာခဲ့၏။

ယမုံ့မိခင် အန်တီကြိုင်က တအံ့တသြ ဆီးကြိုသည်။ အမေက ယမုံအတွက် ဓမ္မဒါနလက်ဆောင်တွေ ပို့ခိုင်းလို့ဟု ပြောတော့ ယမုံ့အားခေါ်ပေးသည်။ သမီးကို မင်းဝေအောင်ရှေ့ အရောက်ပို့ပေးပြီး အန်တီကြိုင် ပျောက်သွား၏။

စွဲလန်းတမ်းတ သတိတရ ဖြစ်နေခဲ့ရသည့် အချိန်တွေအတွက် အတိုးရောအရင်းပါ ပေါင်းဆပ်သည့်အနေနှင့် စူးစိုက်ကြည့်နေမိရာ တော်တော်နှင့် စကားမပြောဖြစ်၊ ယမုံ ချောင်းဟန့်သတိပေးမှ အသိဝင်လာသည်။

"မေမေ ပို့ခိုင်းလိုက်တဲ့ ဓမ္မဒါနလက်ဆောင်တွေပါ ယမုံ"

"ဩော် ဟုတ်ကဲ့ တကူးတကရှင်၊ အားနာလိုက်တာ





ဒါပေမဲ့ ကျေးဇူးတင်ပါတယ်လို့ အန်တီ့ကို ပြောပေးပါ. ."

ဒါတော့ မဖြစ်ဘူး ယမုံ မေမေပို့ခိုင်းတာမှ မဟုတ်တာ၊ ယမုံ့ကိုတွေ့ချင်လို့ ကြံဖန်ခွင်ဆင်ပြီးရောက်လာခဲ့တာလေဟု စိတ်ထဲမှ ပြန်ပြောရင်း မင်းဝေအောင် ယမုံ့ကို အလှ ကြည့်နေလိုက်သည်။

"မေမေ ပို့ခိုင်းတော့. . ကျွန်တော် တအားဝမ်းသာသွားတာ"

"ဟုတ်လား ဘာဖြစ်လို့လဲ ကိုမင်းဝေအောင်. ."

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လည်း ယမုံကို သတိရနေလို့. . တွေ့လည်းထပ်ပြီးတွေ့ချင်နေလို့လေ. . ကျွန်တော့်ကို ခင်မင်တဲ့ မိတ်ဆွေတစ်ယောက်အဖြစ် အသိ အမှတ် ပြုပေးပါလား ယမုံ"

ကြားလိုက်ရသည့် စကားများကို မယုံနိုင်ဟန်နှင့် မျက်လုံးပြူးကာ တအံ့တသြကြည့်နေသည့် ယမုံအမူအရာကြောင့် မင်းဝေအောင် နည်းနည်းတော့လန့်သွားသည်။

"ရှင်. . အဲ. . အဲဒါတော့ မဖြစ်နိုင်ဘူးထင်တယ်. . ကျွန်မမိတ်ဆွေထဲမှာ ယောကျ်ားတစ်ယောက်မှ မရှိဘူးရှင့် ပြီးတော့ ခင်မင်ရင်းနှီးတယ်ဆိုရင် သံယောဇဉ်ဆိုတာ ဖြစ်လာတတ်တာလေ. . တကယ်တော့ သံယောဇဉ်ဆိုတာ တကယ့်ကို ပူလောင်တဲ့ မီးတောက်တစ်ခုပါ. . သားသမီး သံယောဇဉ်ဖြစ်ဖြစ် လင်မယား သံယောဇဉ်ဖြစ်ဖြစ်၊ သိပ်ကို ရစ်ပတ်တတ်တာလေ၊ အဲဒီသံယောဇဉ်က အပါယ်ကျတဲ့အထိ တွန်းပို့နိုင်တယ် ကိုမင်းဝေအောင်ရဲ့၊ ဒါကြောင့် ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်အောင် မကြိုးစားပါနဲ့လားရှင်. ."

မျက်လွှာ အောက်ချကာ မရပ်မနား ပြန်ပြောသည့် ယမုံ့ စကားအဆုံးမှာ မင်းဝေအောင် ကိုယ့်ဘာသာ သတ်သေချင်လောက်အောင် စိတ်ညစ်သွားသည်။ မျက်မြင်မှာ မိန်းမသားတစ်ယောက် ဖြစ်သော်လည်း အတွင်းစိတ်က မယ်သီလရှင်တစ်ပါးလို ဖြစ်နေမှန်း သိလိုက်ရ၍. . ကုန်းကောက်လို့မရအောင် စိတ်ဓာတ်ကျသွားသည်။ သို့သော် စွဲလန်းမှု ပြင်းအားက ဆေးမမှီလောက်အောင်ဖြစ်နေပြီမို့ သိဝိမင်းလို မာတင်္ဂလို မလျှော့သောဇွဲနှင့် ထပ်ခွဲမိ၏။

"ဒါက ယမုံ့ ခံစားမှုပါ. . ကျွန်တော့်ဘက်ကတော့ ယမုံကို ခင်ချင်တယ်၊ ရှင်းရှင်းပြောရရင် ခင်မင်ပြီးရင် နောက်တစ်ဆင့် တက်ဦးမှာ ရိပ်သာမှာ လာကြိုတဲ့နေ့က စပြီးတွေ့ကတည်းက ကျွန်တော် စိတ်ဝင်စားခဲ့တာ. ."

"အင်း. . ထင်ပါတယ် ကိုမင်းဝေအောင်ရဲ့ စိတ်နှလုံးက တပ်မက်မှုမောဟနဲ့ လောင်မီးကျနေပြီကိုး. . ကျွန်မ အဲဒါတွေ သိပ်ကြောက်တာ. . ဒါကြောင့် ကျွန်မစိတ်ပြောင်းမှာ မဟုတ်ဘူးဆိုတာ ကြိုပြောထားပါရစေ. . ."

"ဗျာ"

မျှော်လင့်မထားသည့် တုန့်ပြန်မှုကြောင့် မင်းဝေအောင် ဆက်ပြောစရာစကားကို စဉ်းစားမရတော့၊ ယမုံ့ ရှေ့မှာ အရှက်တကွဲ အကျိုးနည်းဖြစ်ရမှုက သူ့အားလှောင်ပြောင်နေသလို ခံစားရသည်။ မလာခဲ့မိသော်ကောင်းလေစွဟုလည်း နောင်တရမိ၏။ ထိုအချိန်တွင် အန်တီကြိုင်





ကော်ဖီတွေ မုန့်တွေနှင့် ပြန်ရောက်လာသည်။

"ရေနွေးတည်နေတာနဲ့ ကြာသွားတာ. . မောင်မင်းဝေအောင်ရဲ့ သုံးဆောင်လိုက်ပါဦး ကော်ဖီလည်းသောက် မုန့်လည်းစား. ."

"ဟုတ်ကဲ့. ."

ကြားလူတစ်ယောက်နှင့် စကားပြောခွင့်ရသဖြင့် အူကြောင်ကြောင်မဖြစ်တော့တာကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေသည်။ သမီးနှုတ်ဆိတ်နေတာကိုကြည့်ပြီး အန်တီကြိုင်က အားနာပါးနာနှင့် စကားအမျှင်မပြတ်အောင် ပြောပေးနေသည်။

"မနှင်းဆီ နေကောင်းရဲ့လား ငါ့တူ. ."

"ဆီးချိုနဲ့ နှလုံးရှိတော့ သိပ်ကောင်းလှတယ် မဟုတ်ပါဘူး SSC မှာ တစ်ပါတ်တစ်ခါ ပြနေရတာပါပဲ. ."

"အင်း အသက်ကြီးလာရင် ဒီလိုပါပဲကွယ်. ."

"ဟုတ်ကဲ့. . ."

စောစောကစကားကြောင့် ရှက်အမ်းအမ်းဖြစ်နေတာ မပျောက်သေးသဖြင့် ယမုံ့ကို မကြည့်ရဲတော့. .

"ဟဲ့သမီး စကားလေးဘာလေး ပြောဦးလေ. ."

"ကျေးဇူးတင်ကြောင်း ပြောပြီးပြီလေ ကျန်တာပြောစရာမှမရှိတာ မေမေရဲ့"

"အဲဒါပဲကြည့်တော့ငါ့တူရေ. . အပျိုကြီးတွေများ ပြောရဆိုရ သိပ်လက်ပေါက်ကပ်တာ ဘာမှအလိုက်ကမ်းဆိုး မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမေကလဲ. ."

တစ်စိမ်းယောကျ်ားသားရှေ့မှာ အပြောအဆိုခံလိုက်ရသဖြင့် ယမုံ နှုတ်ခမ်းစူသွားသည်။

"ရပါတယ် အန်တီကြိုင် သူနေတတ်သလိုနေပါစေ နားရက်ကို အနှောင့်အယှက်ပေးမိသလိုဖြစ်လို့ ကျွန်တော်ကသာ အားနာရမှာပါ. ."

"မဟုတ်တာကွယ်. . ခင်လို့မင်လို့ အလည်လာတဲ့ဟာကို"

"ဒါနဲ့ အန်ကယ်ရော မတွေ့ပါလား. ."

"မင်း အန်ကယ်က စနေ တနင်္ဂနွေ မရှိဘူးကွဲ့. . နွေကတည်းက ကြိုတက်နေတဲ့ ကျောင်းသားတွေ စာသင်ရသေးတယ်လေ. ."

"အန်ကယ် တော်တော်အလုပ် လုပ်နိုင်တယ်နော်. . ပင်စင်ရတာတောင် မနားဘူးဆိုတော့"

"အဲဒါပဲ ကောင်းပါတယ်ကွယ် နို့မို့ဆို အိမ်မှာမြင်မြင်သမျှ လိုက်ပြောနေတာ ပွစိပွစိဗျစ်တောက်ဗျစ်တောက်နဲ့ သူ့တပည့်တွေနဲ့သူနဲ့ပဲ ကိုက်တယ်. ."

လူမှုရေးအရ ရယ်စရာကောင်းတာကို ရယ်လိုက်ကြပြီးနောက် အောင်မြင်စွာ ဆုတ်ခွာသည့်အနေနှင့် ပြန်ဖို့ နှုတ်ဆက်ရသည်။

"အင်း. . ရောက်လာတာလည်းကြာပြီ ကျွန်တော်ပြန်ဦးမယ် အန်တီကြိုင်. ."

"အေးကွယ်အေး. . မနှင်းဆီကို ကျန်းမာရေး ဂရု





စိုက်လို့ ပြောလိုက်ပါကွယ်"

"ဟုတ်ကဲ့ အန်တီ. . ယမုံ ပြန်မယ်နော်. ."

"ဟုတ်ကဲ့ရှင့်"

ဒီလောက်နှင့်ပဲ စခန်းသိမ်းလာရ၍ မကျေနပ်တာထက် ယမုံ့အချစ်ကို ရအောင်ဘယ်လို ဆက်ကြိုးစားရမှန်း မသိတော့တာက ပိုဆိုး၏။ စိတ်ပျက်လက်ပျက်နှင့် ကားမောင်းလာရင်း လောကီကို ဒီလောက်တောင် စိတ်ကုန်နေသည့် အမျိုးသမီးတစ်ယောက်ကို လက်လျှော့လိုက်ပါတော့ဟု ကိုယ့်ဘာသာတိုက်တွန်းမိ၏။

သို့သော် နှလုံးသားမော်နီတာမှာ ယမုံပုံရိပ်က စကင်(န်)ဖတ်ပြီး လိုဂိုအဖြစ် တင်ထားသလို စွဲမြဲနေတာ သူ့ဘာသာသိသည်။ ယမုံသည် သူ့အတွေးထဲမှာ ပုံဖော်ထားသော လက်တွဲဖော်ဖြစ်၏။

မျက်နှာအလှ၊ အသားအရေ၊ အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက် အားလုံး မင်းဝေအောင် စိတ်တိုင်းကျပင်ဖြစ်သည်။ ထို့ပြင် သမီးကိုလိုချင်လျှင် အမေကို အရင်ရှုံးဟူသည့် အရပ်စကား အရလည်း ယမုံအသက်(၅၀)လောက်ရောက်လျှင် ဘယ်လိုပုံစံရှိမလဲဆိုတာ အန်တီကြိုင့်ကိုလေ့လာရုံနှင့် သိနိုင်သည်။

ငါးဆယ်ကျော်ခြောက်ဆယ်နီးနီး အန်တီကြိုင်အလှက ခန့်ညားဝင့်ထယ်နေဆဲဖြစ်သည်။ ထိုသို့ ပေးထားချက် 'ဒေတာ' များကလည်း အပုံစားတွေမို့ ယမုံကိုသူမမေ့ဖြစ်လို့ မရကြောင်း ကောင်းကောင်းသိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စားရမှာလည်းသဲတရှပ်ရှပ် ပစ်လိုက်ရမှာလည်း အဆီတဝင်းဝင်းဆိုသလိုဖြစ်နေတော့ မင်းဝေအောင် တစ်ယောက် ပန်းနာရင်ကြပ် ရောဂါသည်လို အမောဖေါက်နေတော့၏။

"အင်း. . .အောက်ဆီဂျင် ရှူမှုဖြစ်တော့မယ် ထင်တယ်. ."







# အခန်း(၆)

အောက်ဆီဂျင် ရှူခွင့်ရလိုရငြား တိုးကြီးနှင့်ထိုက်အောင်ကို ဘီယာဆိုင်သို့ခေါ်လာခဲ့၏။ သူတို့မျက်နှာတွေက ကရင် ထန်းလျက်အိုးတွေ့တာထက်ပိုသည့် ခရိုနီ မြေလွတ်မြေရိုင်းတွေ့သည့် အိုက်တင်တွေနှင့်မို့ မင်းဝေအောင် မျက်ခုံးလှုပ်တုတ်တုတ် ဖြစ်လာသည်။

"ဟော့ကောင်တွေ အပြင်းလား အပျော့လား. ."

"ပြည်မြန်မာရဲ့ ဘီယာပဲကွာ. ."

ဘီယာကို ညီညာဖျဖျတောင်းဆိုကြသဖြင့် မြန်မာပုလင်း သုံးလုံးမှာလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဘိုး. . အဲလေ. . မင်းဝေအောင် သူ့ ချည်းသာလော"

အရိုးလိုလို့ အသားတောင်းသော စကားအတွက် ဆားနှင့်ပါဘုရားဟုတော့ မင်းဝေအောင် မဖြေချင်။

ထို့အတွက်. . .

"ကြိုက်တာမှာလေ. ."

"အိုကေ. . ဒီမယ် ညီလေး ဖါးအကြွပ်ကြော်. . ငါးရှည့်ချဉ်စပ်. . အဲ. . ပြီးတော့ နံရိုးကြံမဆိုင်. . အဲ. . အဲ. . တော်ပါပြီကွာ. ."

ထိုက်အောင်က မင်းဝေအောင် မျက်နှာကို မရဲတရဲ လှမ်းကြည့်ရင်း အကြိုက်မှာနေတာကို ရပ်လိုက်၏။ ပြီးတော့ စပ်ဖြဲဖြဲ လုပ်ပြသည်။

"ဒီနေ့ပြုစုတာ အလကားတော့ မဟုတ်ဘူးနော် အကြောင်းရှိတယ်"

"ဟုတ်လား. . ပြော. . မင်းကိစ္စ ဘဂ်ါလီလှေစီးခရီးသည် ပြဿနာလောက်တော ဖြေရှင်းရခက်မှာ မဟုတ်ပါဘူး"

"အေး. . မှန်တယ်. . ရန်ကုန်ဘတ်(စ်)ကားစီး ဒုက္ခသည် အဆင့်လောက်ပဲရှိမှာပါ. . ဟုတ်တယ်မို့လား မင်းဝေအောင်"

ဘီယာပုလင်းမြင်ရုံနှင့် အူမြူးနေကြသည့် သကောင့်သားနှစ်ကောင် အခွက်ပြောင်ပြောင် စကားတွေဆိုကြ၏။ မင်းဝေအောင်က ယမုံ့ အိမ်သွားသည့်ကိစ္စကို လိုရင်းတိုရှင်း





ပြောပြလိုက်သည်။ နှစ်ကောင်လုံးပါးစပ်ပြဲသွားကြ၏။

"ငါ ယမုံကို ချစ်တယ်ကွာ. . ငါ မိန်းမယူရင် ငါ့ဇနီးဟာ သူပဲဖြစ်ရမယ်. ."

"အင်း မင်းအဖြစ်ကလည်း ၂၀၀၈ အခြေခံဥပဒေကို မြင်ဆင်ဖို့ တောင်းဆိုရသလိုဖြစ်နေပြီ. ."

"အေးကွ. . အတော်နက်နဲတဲ့ကိစ္စပဲ. . ခြေ/ဥ ကို မပြင်ချင်တာကလက်ရှိစစ်တပ်၊ ပြင်ချင်တာက အစိုးရနဲ့ ပြည်သူ၊ ဒီလိုပဲ. . မင်းက ကိစ္စများမြောင်လူတို့ဘောင်ကို ဆွဲသွင်းချင်တယ်. . ယမုံက လောကီကိုကြောက်ပြီး ထွက်ပြေးချင်နေတယ်ဆိုတော့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲကွ. ."

"အဲဒါကြောင့် မင်းတို့ကို ဘီယာမျှပြီး ဒီဝါဆို မတိုင်ခင် ငါမိန်းမရဖို့အတွက် နည်းဗျူဟာ စဉ်းစားပေးဖို့ ပြောနေတာပေါ့ကွ. ."

စားပွဲထိုးလေး မမြှုပ်မထအောင်ထည့်ပေးသွားသည့် ဘီယာကို ကန္တာရခရီးသွား ရေသောက်သလို သောက်နေသည့် ထိုက်အောင် စကားမပြန်နိုင်သေး၊ တိုးကြီးကည်း ဖါးပေါင်တစ်ချောင်းကို ဖုတ်ဝင်နေသူ အမဲခြောက်စားသလို စားနေ၍ ဘာမှမပြောနိုင်သေး၊ ဒါနလေးမြောက်သွားအောင် မင်းဝေအောင် ခန္တီပါရမီကို ဖြည့်ဆည်းနေလိုက်ရ၏။

"မင်းကိစ္စက ကျားကို ကန်စွန်းပလိန်းကျွေးရသလို ခက်ခဲနက်နဲတယ်ကွ. ."

"မှန်တယ်. . အစီအမံအတွက်အချက်လွဲသွားရင် ရန်ကုန်မိုးတွင်း လမ်းပေါ်ရေလျှံတဲ့ ကိစ္စဖြေရှင်းသလို ချေပ



www.burmeseclassic.com

www.burmeseclassic.com



ဘီလံ(၅၀)သာကုန်သွားပြီး အရာမထင်ဖြစ်မှာလဲ စိုးရသေးတယ်ကွ. ."

"သိပ်ဟုတ်တာပေါ့. . ဒီကိစ္စ ကျူးကျော်ကို ဘူဒိုဇာနဲ့ ထိုးသလို တစ်ပွဲတိုး ဖြေရှင်းလို့ရမှာ မဟုတ်ဘူး. ."

"ဟော့ကောင်တွေ မင်းတို့ကိုယ်မင်းတို့ ရန်ကုန်စည်ပင်သာယာလူကြီးတွေများမှတ်နေလား. . မြို့တော်သာယာဖို့ စီမံကိန်းအကြောင်း ဆွေးနွေးခိုင်းနေတာ မဟုတ်ဘူး"

တင်းသွားသည့် မင်းဝေအောင်က အသံကျယ်ကျယ်နှင့် ကောလိုက်တော့မှ ပေါက်ကရပြောတာတွေ ရပ်ပြီး စပ်ဖြဖြနှင့် အသောက်ဘက် လှည့်သွားကြ၏။

ကလေးနှစ်ယောက်အဖေလောင်းလျာ တိုးကြီးနှင့် မိဘကိုလုပ်ကျွေးပြီး ညီငယ်တွေ ကျောင်းစရိတ်ကို တာဝန်ယူနေရသည့် ထိုက်အောင်တို့ ဘာအကြံဉာဏ်မှ မပေးနိုင်သေးဘဲ တစ်ခါတလေမှ သောက်စားရသည့် ဘီယာနှင့်အမြည်းကို အလျှုအိမ်ရောက် နေသကဲ့သို့ အမုန်းဆွဲနေကြ၏။

ပါးစပ်သချိုင်းထဲကို ဖါးအသေကောင်တွေ ငါးရှဉ့်အလောင်းတွေ၊ ဝက်နံရိုးတွေ ပစ်ထည့်သင်္ဂြိုလ်ပေးနေရတာနှင့် ပင် မအားကြ။ ဘီယာတစ်လုံးစီကုန်ပြီး အမြည်းပန်းကန်တွေ တစ်ဝက်လောက်လျော့သွားမှ စကားပြောဖေါ်ရတော့၏။

"အင်း. . သူက ယောက်ျားယူဖို့အသာထား မိတ်ဆွေတောင် မထားချင်တဲ့သူလေ၊ သူ့သဘောထားပြောင်းသွားဖို့က အဓိကပဲ. . အဲဒါကို ဘယ်လိုလုပ်မလဲ. ."

"အတွေ့ပေါ့ကွာ. . အတွေ့. . .အတွေ့ကိုဘယ်သူ





မှ မလွန်ဆန်နိုင်ကြဘူးကွ. . မရှောင်သာတဲ့ ခန်းမြောင်ကြားနင်နဲ့ငါနဲ့ညား ဆိုတဲ့စကားတောင် ရှိသေးတယ်မဟုတ်လား"

"ဒါဆို ဒီကောင် ပွဲကြမ်းရမှာပေါ့. ."

"မင်းတို့ကလည်းကွာ. . မိတ်ဆွေအဆင့်နဲ့ စကားပြောဖို့တောင် မလွယ်တာ ဘယ်လိုလုပ် ပွဲကြမ်းရမှာလဲ မဟုတ်တာကွာ"

"သဘောပြောတာပါကွာ. . သဘော သဘော၊ အဲဒါနဲ့ ပြောရဆိုရတာ အာခြောက်လိုက်တာကွာ. ."

တိုးကြီးက ဘီယာပုလင်းခွံများကို မျက်စပစ်ရင်း၊ ဝန်ကြီးတွေ လွှတ်တော်မှာ ဘတ်ဂျက်တောင်းသလိုတောင်း၏။ ထိုက်အောင်ကလည်း ဇီးသီးဗန်းမှောက်ခိုက် တစ်ဆုပ်လောက်ဝင်နှိုက်သော ဌာနဆိုင်ရာအကြီးအကဲလို လက်သွက်သည်။

"ပုလင်းမသောက်တော့ ပါဘူးကွာ စည်ဘီယာပဲ မှာလိုက်မယ်နော်၊ ဟော့. . ညီလေး စည်တစ်ဂျားလောက်ကွာ"

"အေး. . သောက်တာလည်း သောက်ပေါ့. . ဒါပေမဲ့ မမှောက်ခင်မှာတော့ ဖြစ်နိုင်ခြေရှိတဲ့ အကြံဉာဏ်လိုချင်တယ်နော်"

"အေးပါကွာ. . ငါတို့ သဘောပေါက်ပါတယ်. ."

သဘောပေါက်တယ်ပြောပြီး လက်တွေက အမြည်းပန်းကန်ပေါ်မှာ ဝဲနေကြ၏။ သိပ်မကြာခင်မှာ လာချပေးသည့် ဖန်ခွက်ချိုင့်ထဲက ဘီယာကို ငုံ့ပြီးမှပဲ လှည့်ကြည့်ဖေါ်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ မင်းဝေအောင်ရာ. . ဇာတ်ကြီးဆယ်ဘွဲ့ထဲက ဝေသန္တရာဇာတ်ကိုပဲကြည့် ဘုရားအလောင်း ဝေသန္တရာမှာ ပါရမီဖြည့်ဘက် မဒ္ဒီဒေဝီရှိတယ်လေကွာ၊ မဒ္ဒီကြောင့်လည်း ဝေသန္တရာမင်းကြီး ဒါနပါရမီ ဖြည့်တဲ့အလှူတွေ ဖြစ်မြောက်ခဲ့ရမဟုတ်လား"

"အင်း ဆိုစမ်းပါဦး"

"ဒီသဘောတရားတွေကို ယမ်နှုနားလည်အောင် ရှင်းပြရမှာပေါ့၊ တစ်ယောက်ကိုတစ်ယောက် ဖေးမစောင့်ရှောက်ရင်းနဲ့လည်း စိတ်တူကိုယ်တူ တရားရှုမှတ်လို့ရတဲ့အကြောင်း မင်းက သက်သေခိုင်ခိုင်မာမာနဲ့ ရှင်းပြရမှာပေါ့. ."

"ဟုတ်တယ် မင်းဝေအောင်. . တခြားမကြည့်နဲ့ သုဝဏ္ဏသာမရဲ့ မိဘတွေဖြစ်တဲ့ ဒုကုလနဲ့ ပါရိကာကိုပဲကြည့် သူတို့လည်း ယရာဝါသ အိမ်ထောင်ကျမှာကို သေမလောက်ကြောက်ကြတာပဲလေ. ."

တိုးကြီးစကားကို ထိုက်အောင်က ထောက်ခံပြီး ဘီယာခွက်တစ်ဝက်ကျိုးအောင် မော့လိုက်သည်။ ကြံမဆိုင်ဟင်းချိုကို ကြေွဇွန်းနှင့် ရှလွတ်ရှလွတ်မြည်အောင် သောက်ပြီး နံ့ရိုးတစ်ဖတ်အား တူနှင့်ညှပ်၍ လူသားစား လူရိုင်းတစ်ယောက်လို့ အရိုးစုပ်နေ၏။

"ဟော့ကောင် စကားကို ပြီးအောင်ပြောလေကွာ. ."

"အေးပါဟ ဒီလိုကွာ. . သူတို့အိမ်ထောင်မပြုချင်ပေမယ့် နဖူးစာပါလာတော့ ရှောင်လွှဲလို့ မရဘူး မဟုတ်လား. . ဘယ်လိုမှ ငြင်းမရဘဲ မလွှဲသာမရှောင်သာနဲ့ ဇနီးမောင်နှံ





ဘဝတော့ ရောက်ခဲ့ရတာပဲလေ. ."

"that right"

တိုးကြီးက လျှာလေးအာလေးနှင့် ထောက်ခံသည်။

"သူတို့ ကာမဂုဏ် မခံစားတာက တစ်ပိုင်း၊ သိကြားမင်းက ချက်တော်ကိုလက်တော်နဲ့ရစ်လို့ သုဝဏ္ဏသာမကို မွေးဖွားရတာက တစ်ပိုင်းလေ. . သူတို့လောက် လောကီကို စိတ်ကုန်တဲ့လူ ရှိဦးမလား၊ ဒါပေမဲ့ ညားတာပဲကွ. ."

စကားကို ပြီးပြတ်အောင်ပြောပြီး တာဝန်ကျေသွားဟန်နှင့် အစားဘက်လှည့်သွားပြန်သည်။ ငါးရှဉ့်ချဉ်စပ်ကို သုံးလေးဖတ် ဆက်တိုက်ဝါးပြီး စီးကရက်တစ်လိပ် ဖွာကာ လူမင်းစည်းစိမ်ခံစား၏။

"အတိတ်ကိုပြန်ဖော်ပြီး ဥပမာပေးတာကတော့ ဟုတ်ပါပြီ၊ ပစ္စုပ္ပန်မှာ ဘာလုပ်ရမလဲဆိုတာပဲ ပြောကြဦးလေကွာ"

မင်းဝေအောင်၏ ထိုမေးခွန်းကို ဖြေမည့်သူမရှိ၊ လုံးဝအသံတိတ်သွားသည်။ တိတ်သွားမှာပေါ့၊ အားလုံး ပါးစပ်မှ မအားကြဘဲကိုး။ ဘီယာသောက် အမြည်းကောက်ဝါးနှင့် မအားမလပ် ဖြစ်နေကြရှာသည်။ အတော်သည်းညည်းခံပြီးမှ တိုးကြီးက. . .

"ဒီလိုကွာ ဆေးလိပ်ခုံက ဆေးလိပ်သမကို ကြိုက်မိရင် ဆေးလိပ်ခုံကိုတော့ သွားရမှာပဲ မဟုတ်လား၊ ဒါမှမဟုတ် အထည်ချုပ်စက်ရုံက ကောင်မလေးကိုကြိုက်ရင် အထည်ချုပ်စက်ရုံကို သွားရမှာပဲ မဟုတ်လား. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ . . မင်းကလည်း နှစ်မှတ်တိုင်ထဲကို ကားသုံးဆင့် ပြောင်းစီးခိုင်းသလိုဖြစ်နေပြီ . . လိုရင်းပြောစမ်းပါ"

"အဟင်း . . ဟင်း ဒီလိုကွာ မင်းရဲ့ ယမ်ုက ရိပ်သာ အသိုင်းအဝိုင်း ဘုန်းကြီးကျောင်း အသိုင်းအဝိုင်းက မဟုတ်လား မင်း အဲဒီကိုပဲ သွားရမှာပေါ့ . ."

"ဟုတ်တယ် . . သူရက်ရှည်ရိပ်သာ မဝင်နိုင်သေးတဲ့ အနေအထားမှာ ဘုန်းကြီးကျောင်းတော့ ဥပုသ်စောင့် သွားမှာပေါ့"

"သိပ်မှန်တာပေါ့ ဥပုသ်နေ့ဟာ မင်းအတွက် ချစ်ရေးဆိုဖို့ နေ့ကောင်းရက်မြတ်ပဲ မင်းဝေအောင်"

ဘီယာသုံးလုံးနှင့် နှစ်ဂျားကုန်မှပဲ ဥပုသ်နေ့ကို အသုံးချရမည့် လုပ်ငန်းစဉ် တစ်ခုထွက်ပေါ်လာ၏။ လွှတ်တော်အစည်းအဝေးထက်စာလျှင် အကုန်အကျနည်းပြီး အကျိုးရှိသည်ဟုသာ ဆိုရမည်။ ပြန်ခါနီးမှာတောင် တစ်ယောက်စည်တစ်ခွက်စီ ထပ်မှာကြသေး၏။

"သူ ဘယ်လောက်ပဲ ပါရမီ ရင့်သန်စေဦးတော့ ဒီတစ်ဘဝထဲနဲ့ နိဗ္ဗာန်မရောက်ပါဘူးကွာ . . ဘယ်နေရာမှာပဲ ဆုံဆုံ ရဲတင်းသွက်လက် အခွင့်အရေးကို အရဖက်ဖို့တော့ လိုမယ် မင်းဝေအောင်"

"အေးပါကွာ အခွင့်အရေးရလို့ကတော့ ယောဂီဝတ်စုံနဲ့ပဲ ဖြစ်ပစေ . . လုံးဝဖွင့်ပြောလိုက်မယ် . . ပြီးရော . ."

"သိပ်ကောင်း အားကြီးကောင်း သူ့ထက်ကောင်းတာတောင် သူ့လောက်မကောင်းဘူး ဆိုသလိုပဲ . . ဂွတ်ဂွတ် . .





ဂွတ်ဂွတ် ဒူးသာဒူး မင်းဝေအောင်ရေ . . ကဲ . . နောက်ဆုံးခွက် . . ချီးယား (စ်) . ."

ဖန်ခွက်သုံးလုံးလေထဲမှာ ရင်ဆိုင်တိုက်မိပြီး ဂွပ်ခနဲ အသံကြီး မြည်ဟီးသွားတော့သည်လေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

မင်းဝေအောင် ဆိုင်ရှေ့မှ ဖြတ်သွားသော သီလရှင်ဆရာလေးများကို ဂရုတစိုက်ကြည့်ရင်း ရင်ခုန်နေသည်။ မတော်တရော် စိတ်နှင့်တော့မဟုတ်၊ ဒီနေ့ တောဖိတ် မနက်ဖြန်မြို့ဖိတ်၊ ဆရာလေးတွေ နှစ်ရက်ဆွမ်းဆန်ခံထွက်ပြီး နောက်တစ်ရက်ဆိုလျှင် ဥပုသ်နေ့ရောက်ပြီ၊ ယမုံနှင့်တွေ့ရမည့် ဥပုသ်နေ့ကို မျှော်လင့်စောင့်စားကာ ရင်ခုန်နေခြင်းဖြစ်၏။

ဒီတစ်ပါတ် ဥပုသ်နေ့အတွက် အမေက ကြိုတင်ဘွတ်ကင် လုပ်ထားပြီးပြီ၊ ဥပုသ်စောင့်သွားဖို့ ကားနှင့်လိုက်





ပို့ရန်ပြောထား၏။ မင်းဝေအောင် သိပ်စိတ်မဝင်စား၍ မအားဘူးဟုပြောမည်ကြံစဉ် ယမုံလည်း ဥပုသ်စောင့်လာမယ်လို့ ဖုန်းဆက်ချိန်းထားတယ်ဟု အမေက ပြောသည်။

မင်းဝေအောင် ချက်ချင်းပင် အားသွားသည်။ ဟုတ်ကဲ့ အမေ . . သားလိုက်ပို့ပေးပါ့မယ်၊ အဆင်ပြေရင် သားလည်း ဥပုသ်စောင့်မလားလို့ ဟုပြောမိ၏။ အမေကတော့ ဘာမှမရိပ်မိ၊ ကောင်းတာပေါ့ဟု မှတ်ချက်ပေးသည်။

ပြီးတော့ . . အမေက သူ့ကျန်းမာရေးကို အားမရကြောင်း၊ သေရမှာ မကြောက်ပေမယ့် ထားခဲ့ရမှာကြောက်ကြောင်း ဆက်ပြောသည်။

ဘာကိုထားခဲ့ရမှာ ကြောက်တာလဲ ထပ်မေးတော့ သားကိုပေါ့ဟု ဖြေ၏။ ခုထိ အိမ်ထောင်မကျသေးသည့်အပြင် အိမ်မှာလည်း လူပိုမရှိသောကြောင့် စိတ်ဖြောင့်လက်ဖြောင့် တရားမရှုနိုင်ကြောင်း ညည်းသည်။

သံသရာကြောက်၍ နိဗ္ဗာန်မရောက်နိုင်ရင်တောင် အနာဂမ်လောက်တော့ ဖြစ်အောင် အားထုတ်ချင်ကြောင်း ပြောရှာသည်။ ဘာမှ နောက်ဆံမတင်းဘဲ ကိုယ့်အတွက်သာ ကိုယ်လုပ်ပါဟု မင်းဝေအောင် အားပေးနှစ်သိမ့်ရ၏။ အိမ်ထောင်ရေးနှင့်ပါတ်သက်ပြီး ဘာအာမခံချက်မှတော့ မပေးခဲ့။ ယမုံကို စိတ်ဝင်စားကြောင်း အသိပေးသင့်သော်လည်း (၃၀) ပြည့်ခါနီး လူပျိုကြီးမင်းဝေအောင် ပြောဖို့ ရှက်နေသည်။

မပြီးခင် ဗမာမမြင်စေနဲ့ ဆိုစကားကလည်း ဖွင့်ပြောဖို့ အရေးကို တွန်းဆုတ်စေသည်။ ဒီလိုနှင့် ယမုံထံမှ အဖြေရမှပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်၏။ ယမုံ့ထံမှ အဖြေရဖို့ဆိုတာ သူကဦးစွာ ချစ်ခွင့်ပန်ရမည်ဖြစ်သည်။ ချစ်ခွင့်ပန်ဖို့ မင်္ဂလာနေ့ရက် မင်္ဂလာအချိန်က ဥပုသ်နေ့ဖြစ်၏။

ထို့ကြောင့် မင်းဝေအောင် ဥပုသ်နေ့ကို စိတ်အားထက်သန်စွာ မျှော်နေမိခြင်းဖြစ်သည်။ ထိုနေ့အတွက် အချိန်ပေးလို့ရအောင် လုပ်စရာရှိသည့်အလုပ်တွေ တက်သုတ်ရိုက်လုပ်နေရ၏။ သူ ပုံစံထုတ်ထားသော သစ်သားဆက်တီကို လက်သမားဆရာကြီးက သစ်အပေါစားများဖြင့် နမူနာတစ်စုံ လုပ်ထားသည်။ မင်းဝေအောင် ထိုခုံတွင်ထိုင်ရင်း သက်သောင့်သက်သာ ဖြစ်မဖြစ် ထိုင်ရတာ အဆင်ပြေမပြေ စမ်းသပ်သည်။

စိတ်တိုင်းကျတော့မှ ကျွန်းနှင့်လုပ်ဖို့ တစ်စုံစာအတွက် သစ်ဘယ်လောက်ကုန်မလဲဆိုတာ တွက်သည်။ သစ်ဖိုးကုန်ကျစရိတ်+လုပ်အားခ+အချိန် တို့ပေါင်းပြီး အကြမ်းဖျင်း ရောင်းဈေးသတ်မှတ်သည်။ ထိုဈေးနှုန်းနှင့် ဝယ်လိုအားကိုချိန်ဆကာ ပုံစံတူဒီဇိုင်း အသစ်အရေအတွက် ဘယ်လောက်ထုတ်လုပ်မလဲဆိုတာတွက်သည်။

ကိစ္စတစ်ခုပြီးသွားတော့ ထုတ်လုပ်ပြီး ပရိဘောဂနောက်ဆုံးဒီဇိုင်းကို ဧည့်ခန်းပုံစံပြင်ဆင်၍ ဓာတ်ပုံရိုက်သည်။ ဓာတ်ပုံများကို ဒီဇိုင်းဆင်၍ ပန်းဖလက်ထုတ်ပြီး ဖေါက်သည်ဆိုင်ခွဲများထံ ပို့ရမည်။

လုပ်စရာအလုပ်တွေကအများကြီး နိုင်ငံခြားက ပရိဘောဂလုပ်ငန်းတွေလို ကတ်တလောက်ထုတ်ပြီး မကြော်ငြာ





နိုင်သေးသော်လည်း လူစိတ်ဝင်စားအောင် ကြော်ငြာဖို့ တီထွင်ကြံဆသည်။ ထို့ကြောင့်လည်း သူ့လုပ်ငန်းအောင်မြင်နေခြင်းဖြစ်၏။

လုပ်ငန်းတွင် အောင်မြင်လူရာဝင်နေပြီဖြစ်သော်လည်း. . . အချစ်ရေး အိမ်ထောင်ရေးမှာတော့ လူလားမမြောက်သေး၊ ခုမှ လမ်းလျှောက်သင်ဖို့ အစပျိုးတုန်းရှိသေးသည်။ ထိုနယ်ပယ်တွင် မင်းဝေအောင်၊ အောင်မြင်မှုရမရဆိုတာကတော့ ယမုံ့အပေါ်မှာပဲ တည်နေသည်။

မင်းဝေအောင်၏ အနာဂါတ်ဘဝအတွက် လမ်းပြမြေပုံ ရေးဆွဲမည့်သူမှာ ယမုံသာလျှင် ဖြစ်နေခဲ့ပြီ၊ ထို့အတွက် မင်းဝေအောင် ဥပုသ်နေ့ကို မျှော်နေခြင်းဖြစ်သည်။ ဥပုသ်နေ့ကား ရောက်မလာသေး။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

စိတ်စောရ၍လားမသိ၊ သံဃာတော်များ အာရုဏ်ဆွမ်းခံ ကြွတော်မူလာပါပြီခင်ဗျားဆိုသည့် အသံနှင့်အတူ မင်းဝေအောင် အိပ်ရာမှနိုးလာ၏။ ရပ်ကွက်အတွင်း ဝါတွင်းဝါပ အရုဏ်ဆွမ်းလောင်းအသင်းမှ ဆော်သြမှုကို ပထမဆုံး အကြိမ်အဖြစ် ကျေးဇူးတင်မိသည်။

အိပ်ရာထပြီး မျက်နှာသစ်နေစဉ်မှာပင် အမေ့ဘုရားရှိခိုးသံကိုကြားရသည်။ ထိုသို့မျက်နှာသစ်ရင်း မင်းဝေအောင် တစုံတခုကို နက်နက်နဲနဲတွေးမိ၏။ မှန်ထဲမှ သူ့မျက်နှာက အဆီတွေပျံနေသည်။ မျက်လုံးထောင့်မှာ မျက်ချေးတွေရှိနေ





၏။ ပါးစပ်ကလည်း အနံ့ဆိုးတွေ ထွက်နေမှာ သေချာသည်။

ပြီးတော့လည်း အောက်ဆုံး ဒွါရနှစ်ပေါက်သုံး၍ အညစ်အကြေးတွေ စွန့်ထုတ်ရပြန်သည်။ ဒါကိုလူတွေက လုပ်ရိုးလုပ်စဉ် တစ်ခုအဖြစ်သာ ရှုမြင်ထားကြ၏။ တကယ်တော့ ဒုက္ခဖြစ်သည့် ခန္ဓာကြီးကို ရထား၍သာ ထိုအလုပ်တွေ လုပ်နေရခြင်းဖြစ်သည်။

အိပ်ရာထ လုပ်ငန်းဆောင်တာတွေလုပ်ပြီးသည်နှင့် ဝမ်းကဟာလာသည်။ ဒါလည်း ဒုက္ခတစ်မျိုးပင်ဖြစ်၏။ ခန္ဓာကြီး ရုန်းကန်လှုပ်ရှားသွားလာနိုင်အောင် အာဟာရလောင်စာ ထည့်သွင်းပေးဖို့ သတင်းပို့နေပြီ။ ပေါ့ပေါ့တွေးလျှင်တော့ ဒီကိစ္စတွေအားလုံး ဘာမှအရေးမကြီး။ စားတာသောက်တာ ယိုတာစွန့်တာဆိုသည်က သမရိုးကျ လုပ်ငန်းစဉ်များသာဖြစ်၏။

ဉာဏ်ဦးသူများသာ ဆာတာလည်း ဒုက္ခ၊ ယိုတာလည်း ဒုက္ခ၊ စားချင်တာလည်း ဒုက္ခ၊ စွန့်ချင်တာလည်း ဒုက္ခ၊ ဒီခန္ဓာကြီးရထား၍သာ ဒီဒုက္ခတွေ ခံစားနေရတာဖြစ်ကြောင်း သိကြသည်။ ထိုသို့တွေးမိတော့ မင်းဝေအောင် ငါ တယ့်ဟုတ်ပါလားဆိုပြီး မြောက်ကြွကြွဖြစ်သွားသည်။

စိတ်တစ်ခု ယုတ်ကိုးဆယ်ဆိုသည့်အတိုင်း အမြန်ဆုံးနှင့် ထိန်းချုပ်ရအခက်ဆုံးမှာ စိတ်သာဖြစ်သည်။ အလိုရှိ၍ တွေးလိုက်သည်နှင့် စိတ်က အမေရိကသို့သွားနိုင်သလို ဆီးရီးယားသို့လည်း ရောက်နိုင်၏။ လေယာဉ်စီးစရာမလို ဗီဇာမလို၊ ထို့အတူ မင်းသမီးတစ်ယောက်နှင့်ညားဖို့လည်း ဒီစိတ်ကပဲ ဇာတ်လမ်းဆင်နိုင်သည်။ မတည့်သူနှင့် ရန်ဖြစ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီစိတ်ကပဲ စေ့ဆော်သည်။

ထိုသို့ အမျိုးမျိုးအဖုံဖုံ တွေးနိုင်သည့်စိတ်ကို မင်းဝေအောင့် အသုံးချပုံက လက်ဖျားခါလောက်၏။ ယိုခြင်းစွန့်ခြင်း အပိုင်းကို တွေးမိပြီး ရွှေဥာဏ်တော်ကွန့်မြူးမိတာက ရန်ကုန်မြို့ပြ အများသုံး အိမ်သာများဖြစ်နေသည်။ မြားတစ်ပစ် အကွာအဝေး၊ မြင်းတစ်ပြေး ခရီးဟု စကားအသုံးအနှုန်းရှိသော်လည်း သေးတစ်ပေါက် အကွာအဝေး ချေးတစ်ယို ခရီးဟု အသုံးအနှုန်းက မရှိ။

ဆိုလိုသည်မှာ အများသုံးအိမ်သာ အလုံအလောက် မရှိဟု ပြောလိုရင်းဖြစ်သည်။ ထို့ကြောင့်လည်း လူရှင်းရာ လမ်းဘေးတွေမှာ ယောကျ်ားအများစု အပေါ့သွားနေကြသည့်မြင်ကွင်းကို အခန်းဆက်ဇာတ်လမ်းတွဲပမာ နေ့စဉ် မြင်တွေ့နေကြရသည်။ လွတ်လပ်ရေးရပြီးဖြစ်သော်လည်း လမ်းဘေးတွင် လွတ်လပ်စွာ သေးပေါက်ခွင့်ကိုတော့ နေရာတိုင်းမှာ မရနိုင်။

နေရာကောင်း (အပေါ့အလေးစွန့်လို့ကောင်းသည့်နေရာ) ဟူသမျှတွင် သေးမပေါက်ရ၊ ဤနေရာတွင် ခွေးများသာသေးပေါက်သည်၊ အပေါ့အလေးသွားလျှင် ဒဏ်ငွေ တစ်သောင်းဟူသော စာတန်းများက နေရာယူပြီးဖြစ်သည်။

ထို့အတွက် တစ်ခေါ်သာသာ အကွာအဝေး၊ တစ်ပြန်းနီး ခရီးတစ်ခုအတွင်း အများသုံးရေအိမ် ရှာမတွေ့နိုင်သော လူတွေ ဒုက္ခရောက်နေရခြင်းဖြစ်၏။ ခွေးတွေ ကြောင်တွေ ငှက်တွေ လမ်းပေါ်မှာ လမ်းဘေးမှာ အညစ်အကြေးပေါင်းစုံ





စွန့်နေတာကို ဘယ်သူမှ ဘာမှမပြောကြသော်လည်း၊ ထိုအမှုတွေကို လူတွေလုပ်ဆောင်လျှင်တော့ မေးငေါ့မည့်သူ၊ ဖမ်းမည့်သူ၊ မာတ်ပုံရိုက်ပြီး အွန်လိုင်းတင်မည့်သူတွေ မရေမတွက်နိုင်အောင် ရှိနေသည်။

ဒါဟာ လူ့အခွင့်အရေး ဆုံးရှုံးနေတာပဲ မဟုတ်ဘူးလား၊ တိရစ္ဆာန်တွေလောက်မှ အခွင့်အရေးမရသလို ဖြစ်နေတာပဲ မဟုတ်လား၊ ကံကောင်းလို့ အများသုံး ရေအိမ်သုံးခွင့်ရသည်ဆိုဦးတော့၊ ညစ်ပတ်နံစော်နေသော ရေအိမ်များနှင့်သာ ဖူးစာဆုံရလိမ့်မည်။ ကံမကောင်းလျှင် 'အသေမခံ' ပုံးခွဲသမားများ ပုံးထောင်ထားတာနှင့် ကြုံရပြီး ဖင်ဆေးခွင့်မရဘဲ အသက်ထွက်သွားနိုင်သေးသည်။

မြန်မာနိုင်ငံမှ အကြမ်းဖက် ပုံးထောင်သူရဲကောင်းများ၏ ပစ်မှတ်က အများသုံးအိမ်သာပဲဖြစ်နေသည်။ (ဤကားစကားချပ်)

ထိန်းချုပ်ရခက်သည့် စိတ်အလျဉ်တွေ ခရီးသွားလိုက်တာ အိမ်သာထဲ ပုံးကွဲမှုပဲ ရပ်သွား၏။ ပေါက်ကရတွေ တွေးမိသည့်အတွက် မင်းဝေအောင်တစ်ယောက်ထဲ ကြိတ်ရယ်မိသည်။ လောလောဆယ် ဗိုက်ဆာနေပြီ၊ ကုဋေရှစ်ဆယ်မသောပိုးတွေ ခန္ဓာကိုယ် အတွင်းမှာ ခွင့်ပြုမိန့်မတောင်ဘဲ ဆန္ဒပြသောင်းကျန်းနေကြသည်။ ထိုပိုးတွေကို ပုဒ်မ(၁၈)နှင့် ဆွဲစိ၍မရ၊ တစ်ခုခုကျွေးမွေးလိုက်မှသာ အဆင်ပြေနိုင်လိမ့်မည်။ ထို့အတွက် မင်းဝေအောင် ထမင်းစားခန်းဝင်ပြီး ပေါင်မုန့်မီးကင်၍ ကော်ဖီတစ်ခွက် ဖျော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါင်မုန့်လေးချပ်ကို စတော်ဘယ်ရီယိုသုတ်ပြီး (၃၀) နှစ်သက်တမ်းရှိပြီဖြစ်သည့် အစာအိမ်တွင်းဟောင်းကြီးထဲ ပစ်ထည့်သည်။ ထိုအခါမှပဲ ဗိုက်ထဲကပိုးတွေ ပုဒ်မ(၁၈)နှင့် ရုံးထုတ်ခံရမည့်ဘေးမှ ကင်းဝေးသွားတော့သည်။

ထိုအခိုက်ကြေးစည်ရိုက်သံကြားရ၏။ အမေ ဘုရားရှိခိုးတာ ပြီးသွားပြီ၊ ဆီးချိုသမားအမေ့အတွက် ဆီးချိုကော်ဖီတစ်ခွက်ဖျော်ကာ၊ အချိုမပါသော ဘီစကစ်တစ်ပန်းကန် ပြင်ပေးထားလိုက်၏။ ဆီးချိုသမားတွေလည်း လူ့အခွင့်အရေးဆုံးရှုံးနေသူများပင် ဖြစ်သည်။ စားချင်တာမစားရ၊ အချိုအဆီအဆိမ့်၊ အငံ၊ အစပ် စသည့် အရသာရှိတာ မှန်သမျှမစားရဘဲ တရှောင်ထဲရှောင်နေကြရသည်။

ဗိုက်ဆံရှိပြီး မစားရတာက ဝဋ်နာ ကံနာ ဟုသာပြောရမည်လား မသိတော့။ လက်ကျန်ကော်ဖီ မော့နေခိုက်မှာပင် အမေရောက်လာသည်။

“လာ. . မေမေ၊ ဒီမှာ ကော်ဖီနဲ့ဘီစကစ် အဆင်သင့်ပဲ”

“အေး. . အေး. . သားဒီနေ့ ရိပ်သာလိုက်မှာနော် မေမေတို့ ရှစ်နာရီလေးဆယ့်ငါးလောက်ထွက်မယ်. .”

“ဟုတ်ကဲ့ လိုက်မယ် မေမေ ဉပုသ်လည်းစောင့်ဖြစ်မှာပါ”

“သာဓုပါတော် သာဓု သာဓု”

ဘာကြောင့် ဉပုသ်စောင့်ချင်စိတ် ပေါ်ရတာလဲဟု ဆက်မေးမှာစိုး၍ ကားစက်စမ်းပြီး ရေချိုးဦးမယ် ပြောကာ မလုံမလဲစိတ်နှင့် အမေ့ရှေ့မှထွက်လာခဲ့၏။ ကားစက်နှိုး၍





ဆီရေလေဝိုင်နှင့် ဘရိတ်ကို စစ်ဆေးလိုက်သည်။ တိုးကြီးထံဖုန်းဆက်၍ ဒီနေ့မလာနိုင်တော့ကြောင်း ထပ်ပြောသည်။

တိုးကြီးက ဉပုသ်နေ့ စစ်ဆင်ရေး အောင်မြင်ပါစေဟု ဆုတောင်းပေး၏။ တမင်မေ့ထားသောကိစ္စ သတိရသွားပြီး ရင်ခုန်မြန်လာပြန်သည်။ ယမုံနှင့်တွေ့လျှင် ဘာတွေပြောရမလဲဆိုတာ စကားလုံးရွေးကာ စီကြည့်သည်။ ထိရောက်သောစကားလုံးတွေ တွေးလို့မရဖြစ်နေ၏။ ဆုံကြတော့မှ မီးစင်ကြည့်တဖို့သာ ဆုံးဖြတ်ပြီး ရေချိုးခန်းသို့ဝင်ခဲ့သည်။

သူ့တစ်သက်တွင် အကြာဆုံး ရေချိုးမိသောနေ့တစ်နေ့အဖြစ် မှတ်မှတ်သားသားဖြစ်မိသည်။ ဉပုသ်စောင့်သွားမှာဆိုတော့ သိသိကြီးနှင့်ပင် ပေါင်ဒါလူးပြီး ခေါင်းလိမ်းဆီပါသုံးမိသေး၏။ ရေမွှေးမဆွတ်ရင် ပြီးတာပဲဟု ကိုယ့်ဘာသာဖြေသိမ့်လိုက်ရသည်။

ရှစ်နာရီ ဆယ်မိနစ်တွင် မင်းဝေအောင် အဆင်သင့်အနေအထားနှင့် ဖင်တကြွကြွဖြစ်နေပြီ။

ကော်လံကတုံး အဖြူလက်ရှည် အညိုရောင်ပုလဲခေါက် ယောပုဆိုး၊ ရှားရောင် ကတ္တီပါဖိနပ်တို့နှင့် မင်းဝေအောင် ဂဏာမငြိမ်ဖြစ်နေလေ၏။ ရှစ်နာရီခွဲမှပဲ အမေအိမ်ပေါ်ထပ်မှ ဆင်းလာသည်။ အမှန်တကယ် ဉပုသ်ယူကာသီလဆောက်တည်မည့်အမေ တည်ငြိမ်နေသလောက် အယောင်ဆောင်ဉပုသ်သည် မင်းဝေအောင် ရင်ခုန်ဘဝင်တုန်ကာ တည်ငြိမ်ကင်းဝေး လှုပ်ရှလေးဖြစ်နေ၏။

အိမ်တံခါးများလုံခြုံစွာပိတ်ပြီး သားအမိနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကားနှင့် ထွက်လာခဲ့ကြသည်။ ကားအင်ဂျင်သံနှင့်အပြိုင် မင်းဝေအောင်၏ ရင်တွင်းမှာလည်း ဗိန်းဗောင်းသံညံနေသည်။

မမ္ဘာကျ်သို့ တိမ်းညွတ်နေသော အပျိုကြီးတစ်ယောက်ကို ဖြားယောင်းသွေးဆောင်ဖို့ သုံးရက်ပြတ် အနီးကပ်သင်တန်းရှိသော် ကောင်းလေစွဟု တောင့်တမိသည်၊ သို့သော် ဒီလိုကိစ္စမှာ ဘေးတီးသူ လှော်သူ အောင်သွယ်သူတွေ ရှိနိုင်သော်လည်း ကာယကံရှင်နှစ်ဦးသာ အဓိက အကျဆုံးဖြစ်သည်။

နောက်ဆုံးတော့ အတ္တာဟိ အတ္တနော နာထော မိမိကိုယ်သာကိုးကွယ်ရာ ဆိုသလို ကိုယ့်အားကိုယ်ကိုးရတော့ မည်မှန်း မင်းဝေအောင် လက်ခံလိုက်ပြီး စိတ်နှလုံး ဒုန်းဒုန်း ချလိုက်တော့၏။

စကားသံ ကင်းမဲ့စွာဖြင့် မောင်းလာခဲ့ရာ နာရီဝက်မပြည့်ခင် ရိပ်သာသို့ ရောက်လာခဲ့သည်။ ကားကိုနေရာတကျ ပါကင်ထိုးပြီး အမေတက်သွားသည့် ဆွမ်းစားဆောင်သို့ လိုက်သွား၏။ အဝင်ဝတွင် ဟွန်းသံကင်းမဲ့ဇုန် တယ်လီဖုန်း ကင်းမဲ့ဇုန်အဖြစ် သတ်မှတ်ထားသော သတိပေး ရုပ်ပုံများကိုတွေ့ရသဖြင့် ဖုန်းထုတ်၍ ပိတ်ထားလိုက်ရသေး၏။

ဆွမ်းစားဆောင်ထဲအရောက် ကျီးကန်တောင်းမှောက် ရှာရပြန်သည်။ အမေကို ရှာတာလား၊ ယမ့်ကိုရှာတာလား ဆိုတာတော့ မကွဲပြား ၊ သို့သော် အမေ အန်တီကြိုင်နှင့် ယမုံတို့ တစ်နေရာထဲတွင် ရှိနေရာတွေ့ရသဖြင့် မင်းဝေအောင် အားတက်သွား၏။





ထိုနေရာအရောက်တွင် ယမုံက တအံ့တသြမော့ကြည့်သည်။ မင်းဝေအောင် နှစ်လိုဖွယ်ပြုံးပြလိုက်၏။

“ဒီနေ့ သားကလည်း သိလယူမှာလေ. .”

“အို. . ဟုတ်လား သာဓုပါတော် ခေတ်လူငယ်တွေ ဘာသာတရား လေးစားလိုက်နာမှု နည်းနေချိန်မှာ ကြားရတာ မင်္ဂလာရှိ လိုက်တာနော်. .”

အန်တီကြိုင်က စွတ်ရွတ်ချီးမွမ်းနေသဖြင့် အယောင်ဆောင် မင်းဝေအောင် အနေရအထိုင်ရ ခက်သွား၏။ အမေက သူဝယ်လာသည့်ပန်းတွေ ဘုရားအိုးထိုးဖို့ အထမှာ အန်တီကြိုင်လည်း ကူသိုလ်ပြုရအောင် လိုက်သွားသည်။ ဆရာဇင်ယော်နီ၏ ရွှေစကား ငွေစကား အစီအစဉ် ဖွင့်ကြည့်ရန် မလိုသလို၊ ဆရာ စံဇာဏီဘိုထံ လှမ်းမေးရန်လည်း မလိုတော့၊ ဒါ မင်္ဂလာအချိန် အစစ်အမှန်ပဲဖြစ်သည်။ မင်းဝေအောင် ယမ့်ကို ပါဝါအပြည့် လွှတ်ထားသည့် အကြည့်များနှင့် စိုးမိုးထားလိုက်ပြီး. .

“ယမုံ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်တယ်နော်. .”

“ဟုတ်ကဲ့. .”

“ကျွန်တော်လည်း ဒီနေ့ စောင့်မှာ. .”

“ဟုတ်ကဲ့. .”

ယမုံ စပီကင်သင်တန်း တက်ထားပုံမရ၊ ဟုတ်ကဲ့တစ်လုံးသာ ရေလဲသုံးနေသည်။ နေရာနှင့်အချိန် လိုက်လျောညီထွေမဖြစ်သော်လည်း မင်းဝေအောင် အခွင့်အရေးကို လက်မလွှတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ကျွန်တော် ယမုံ့ကို တွေ့ချင်မြင်ချင်လွန်းလို့ လိုက်လာခဲ့တာပါ"

"ရှင်! . ."

ယမုံ့ထံမှ အထိတ်တလန့် အသံထွက်လာသလို ဘေးဘီကိုလည်း မလုံမလဲနှင့် ကြည့်သည်။

"ကျွန်တော် ယမုံ့ကို တအား သတိရနေတာ နေ့စဉ်ရက်ဆက်ပဲဆိုပါတော့၊ ယမုံ့အပေါ်ထားတဲ့ ကျွန်တော့်ရဲ့စွဲလန်းမှု သံယောဇဉ်ကို အသိအမှတ်ပြုပေးပါလားဗျာ"

"ဟင်. . ကိုမင်းဝေအောင် ရှင် ဘယ်နေရာမှာ ဘာစကားတွေ လာပြောနေတာလဲ"

"ယမုံ့ကို ဒီနေရာမှာပဲ တွေ့ခွင့်ရလို့လေ. ."

"အင်း. . ရှင်က မီးကင်ပြီး အယားဖျောက်နေတာကိုး"

"ဗျာ"

"ဒီလိုလေ မာဂန္ဒီယသုတ္တန်မှာ ဟောကြားထားတာက ကိလေသာဟာ နူနာရောဂါနဲ့တူသတဲ့၊ ကာမဂုဏ် အာရုံတွေက မီးပုံကြီးနဲ့တူပါတယ်တဲ့၊ ပုထုဇဉ်တွေကတော့ နူနာရောဂါသည်တွေပေါ့။ ဒါကြောင့် ကာမဂုဏ်အာရုံငြိတွယ်တာဟာ နူနာရောဂါထလို့ ယားလွန်းတဲ့အတွက် မီးကင်ပြီး အယားဖျောက်တာပါပဲတဲ့၊ ဒါကြောင့် ကိုမင်းဝေအောင်လည်း မီးကင်ပြီး အယားဖျောက်နေတာလို့ ပြောတာပါ. ."

"ယမုံ့ရယ် ပုထုဇဉ်သဘာဝ စွဲလန်းမိတာ အပြစ်လားဗျာ"

"အခု ကျွန်မ ရှင်းပြပြီးပြီလေ အပြစ် ဟုတ်မဟုတ်





ကိုယ့်ဘာသာဆင်ခြင်ပေါ့"

"ကျွန်တော်ကတော့ ပုထုဇဉ်ပီပီ လူလိုပဲတွေးမှာလေ"

"ကိုမင်းဝေအောင် ဒီကို ဥပုသ်စောင့်ဖို့ လိုက်လာတာဆို ရှစ်ပါးသီလယူရမှာ ဖြစ်တဲ့အတွက် စိတ်ကိုသန့်ရှင်းအောင် တည်ဆောက်နေပါ၊ မဟုတ်တာတွေ မတွေးပါနဲ့ရှင်"

ဓမ္မကထိက ဘိက္ခုနီမကို ဘာစကားနှင့် တုံ့ပြန်ရမှန်းမသိတော့၊ ယမုံ့မျက်ဝန်းအောက်မှာ သိမ်ငယ်စိတ် ရှက်စိတ်တွေနှင့် အငွေ့ပျံကွယ်ပျောက်သွားပါစေဟုသာ ဆုတောင်းမိတော့၏။

ဘုရားပန်းအိုးလဲပြီး ပြန်ရောက်လာကြသည့် အမေနှင့် အန်တီကြိုင်ကတော့ ဘာမှရိပ်မိပုံမရ၊ ရိပ်မိသွားလျှင်လည်း မင်းဝေအောင်နေရာမှာတင် ပွဲချင်းပြီးလဲသေ ပစ်လိုက်မိသာရှိတော့သည်။

"ကိုမင်းဝေအောင် အားလို့ရှိရင် အရှင်ဆန္ဒာဓိကရဲ့ တရားစာအုပ်လေးတွေ ဖတ်ကြည့်ပါလား. . နားလည်လွယ်ဘယ်လေ. ."

"ဟုတ်ကဲ့. ."

ရည်းစားစကားပြောသူကို ရှစ်ပါးသီလစောင့်ပြီး တရားစာပေလေ့လာဖို့ တိုက်တွန်းခံရတာ သူ ပထမဦးဆုံးပဲ ဖြစ်လိမ့်မည်ထင်သည်။ ကာလဒေသ ပယောဂကို မချိန်ဆဘဲ ဆန္ဒကိုရှေ့တန်းတင်မိတာ မှားပြီထင်၏။ ထိုအချိန်မှာ သီလပေးဖို့ ဆရာတော် ကြွလာသည်။

သား. . ယောကျ်ားလေးတွေ ရှေ့တက်ဟု အမေက



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်း၍ မင်းဝေအောင် နေရာပြောင်းရပြန်သည်။ ခုတော့ဖြင့် ချစ်ရေးဆိုဖို့ လာခဲ့သူတစ်ယောက် ဆရာတော့် ရှေ့မှောက်မှာ လက်အုပ်ချီနေရပါပကောလား။ ဒီနေရာဟာ ဟွန်းသံကင်းမဲ့ဇုန် ဖုန်းကင်းမဲ့ဇုန်ဖြစ်သည့်အပြင် အချစ်ကင်းမဲ့ဇုန်ဖြစ်နေတာကိုပါ မင်းဝေအောင် ကောင်းကောင်းကြီး သိလိုက်ရတော့၏။

သီလယူဖို့ ဦးစွာဘုရားကန်တော့ကြတော့လည်း ဘာတွေဆိုရမှန်း မင်းဝေအောင် မသိ၊ ကပေါက်တိကပေါက် ချာနှင့် ယောင်နနဖြစ်နေသည်။ သူ့များနောက်က သံယောင်လိုက်ပြီး အိယောင်ဝါးလုပ်ကာ ရောချနေရ၏။ စိတ်ထဲမှာတော့ ယမုံနှင့် ထပ်ပြီး မျက်နှာချင်း မဆိုင်ဝံ့လောက်အောင် ရှက်စိတ်က ကြီးစိုးနေသည်။

ယောရောရှိနှင့် ဝူးဝူးဝါးဝါး လိုက်ဆိုရင်း ယမုံ့အပေါ် မကျေမနပ်ဖြစ်မိသည်။

"ဝိကာလဘောဇနာ ဝေရာမဏီ၊ ရက်စက်လိုက်တာ ယမုံရယ်၊ သမာဒိယာမိ၊ နစ္စ ဂီတ ဝါဒိတ ဝိသုက၊ ဘာဖြစ်လို့ ဒီလောက်တောင် အသည်းမာရတာလဲ ယမုံ၊ ဝိဘူသနဋ္ဌာနာ ဝေရာမဏီ သိက္ခာပဒံ၊ ယမုံကို ချစ်မိလို့ ကျွန်တော့်ကို အပြစ်ရှိတယ်လို့ စွပ်စွဲရင် ပျော်ပျော်ကြီးခံလိုက်မယ် သိလား ယမုံ၊ အာမဘန္တေ ပါအရှင်ဘုရား"

မိုးသလောက် လိုက်ဆိုလိုက် ယမုံ့အပေါ် ဒေါသကတက်လိုက်နှင့် အာမဘန္တေသာ ခံလိုက်ရသည်၊ ဘာတစ်ခုမှ စိတ်ထဲမရောက်၊ သီလပေးပြီးတော့ ဆရာတော်က တရားချီး





မြှင့်သည်။

လုံးဝ အာရုံမကျသည့်အတွက် ဘာတွေ ဟောနေမှန်းလည်းမသိ၊ ဘုရားရိပ်ခိုပြီး တရားနာနေရတာကို မနှစ်မြို့သော မကျွတ်နိုင်သည့် ပြိတ္တာတစ်ကောင်လို ပူလောင်ပြင်းပြနေ၏။ သို့သော် နူနာသည်ဟု ခိုင်းနှိုင်းခံရတာတောင် အသည်းမနာနိုင်လည်း ဖြစ်နေသည်။ လွယ်လွယ်နှင့် မရနိုင်သေ လိုချင်လေဖြစ်တတ်သည့် လူ့သဘာဝအတိုင်း ယမုံ့ကို လက်လျှော့လိုက်ရမှာ သူ စိုးနေ၏။

သံယောဇဉ် လောင်ကျွမ်းမှုကို ငုပ်တုပ်ပေခံရင်း အတွေးတွေ ယောက်ယက်ခတ်နေခဲ့တာ တရားဆုံးပြီး သာဓုခေါ် သံကြားမှ ကမန်းကတန်း နောက်ကလိုက်ရသဖြင့် သာဓုနှစ်ကြိမ်သာ ခေါ်လိုက်ရသည်။

သူနှင့် မရင်းနှီးသည့် အသိုက်အဝန်းနှင့် ဓလေ့ထုံးစံများအတိုင်း စီးမြောလိုက်ပါခဲ့ပြီးနောက် ဥပုသ်သည်တွေ ထမင်းစားချိန် ရောက်လာ၏။ ယမုံနှင့်တစ်ဝိုင်းထဲ ထိုင်စားခွင့်ရသော်လည်း ရိပ်သာထုံးစံအတိုင်း အမှတ်နဲ့စား၊ အမှတ်နဲ့ဝါးရင်း အရာရာကို ထိ သိ သတိ အာရုံကပ်ပြီး ထမင်းစားနေသော ယမုံ့အား အမှတ်တမဲ့ ငေးကြည့်ရုံမှတပါး ဘာမှပြောခွင့်မကြုံ၊ လုပ်ခွင့်မသာသဖြင့် ဒီနေ့တော့ ဒိုင်စားပြုသူသာ နှလုံးသွင်းနေရတော့၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

ဒီနေ့တော့ ရုံးပိတ်ရက်မို့ စိတ်လိုလက်ရ အလှပြင်ပြီး ယမုံ ဈေးသို့ထွက်လာခဲ့၏။ လိုအပ်တာတွေအပြင် ဟင်းစားပါ ဝယ်နေရသဖြင့် အချိန်အတော်ကြာသွားသည်။ ဈေးထဲ ငါးပုါတ်လောက် ပါတ်လိုက်ရသည်မို့ ဝမ်းဟာပြီး ဗိုက်ဆာလာ၏။

ဈေးထဲက နာမည်ကြီး မုန့်ဟင်းခါးဆိုင်မှာ အကြော်နှင့် နှစ်ပွဲဆက်စားလိုက်သည်။ ဈေးပြန်နောက်ကျသဖြင့် ဟင်းချက်တာလည်း နောက်ကျမှာမို့ ကြိုတင်ကာကွယ်ထားခြင်းဖြစ်သည်။





အမေ့အတွက်ပါ ပါဆယ်တစ်ထုပ်ဆွဲပြီး ဈေးထဲက ထွက်လာတော့ ကိုးနာရီထိုးနေပြီ၊ ခပ်သွက်သွက် လျှောက်လာခိုက် အိမ်နီးချင်း အပျိုကြီး မခင်စန်းမြင့် ကောင်လေးငယ်ငယ်တစ်ယောက်နှင့် လက်ချင်းတွဲ လျှောက်လာတာ မြင်မိ၏။

မခင်စန်းမြင့် သူ့ကိုမြင်သည်နှင့်. . . ထီးကို ငိုက်၍ဆောင်းပြီး မျက်နှာချင်း မဆိုင်ရအောင် ကာကွယ်သွား၏။ ထို့ကြောင့် ယမုံလည်း နှုတ်ဆက်ဖို့ မကြိုးစားမိ၊ စိတ်ထဲမှာတော့ အပျိုကြီး နူနာထပြီး အယားဖျောက်ဖို့ မီးကင်နေပြီဟုသာ တွေးမိသည်။

မီးကင် အယားဖျောက်တာကို တွေးမိတော့ တဆက်တည်းဆိုသလို ကိုမင်းဝေအောင်ကို သတိရသွား၏။ ရင်ထဲမှာလည်း ဒိန်းခနဲဖြစ်သွားသည်။ ရိပ်သာသို့ ဥပုသ်စောင့်မည်ပြောပြီး လိုက်လာရင်း သံယောဇဉ်စကားဆိုသွားတာကို သတိရကာ ရှက်သလိုပင် ဖြစ်မိ၏။

သနားစရာကောင်းလိုက်တာဟုလည်း စိတ်ထဲက ပြောမိသည်။ သူသာ မင်းဝေအောင်လို ယောကျ်ားသားတစ်ယောက် ဖြစ်ခဲ့လျှင် ဘုန်းကြီးဝတ်လိုက်မှာ သေချာ၏။

"နှမြောစရာကောင်းလိုက်တာ ကိုမင်းဝေအောင်ရယ်. . သာသနာနဲ့လည်းကြုံ. . ယောကျ်ားဘဝလည်း ရထားတာတောင် အမိုက်တိုက်ထဲ ခုန်ဆင်းချင်နေတာ သနားစရာပါပဲလား. .၊ ဒီတစ်ခါတွေ့ရင်တော့ ကောင်းကောင်းတရားပြပြီး နားချရမယ် ဒါမှ အန်တီနှင်းဆီလည်း ရိပ်သာ



www.burmeseclassic.com

www.burmeseclassic.com



လာရတာ စိတ်ဖြောင့်သွားမှာ"

ကိုယ့်ကိုချစ်သည်ဟု ပြောလာသူတစ်ယောက်အား တရားပြနားချဖို့အထိ တွေးတောပြင်ဆင်ရင်း အိမ်ပြန်ရောက်လာ၏။ သတင်းစာဖတ်ရင်း စောင့်နေသည့် အမေ့အတွက် ဝယ်လာသော မုန့်ဟင်းခါးကို ပန်းကန်နှင့်ပြင်ဆင်ပေးပြီး၊ ချဉ်ပေါင်ရွက် ထိုင်သင်နေ၏။ အမေက တိတ်တိတ်ဆိတ်ဆိတ်ပင် မုန့်စားပြီး ယမုံလုပ်သမျှ ငေးကြည့်နေသည်။

"မေမေ ဒီနေ့ အဖေ ပြန်လာမှာလား. ."

"အေး. . လာမယ်ပြောတာပဲ၊ မလာဖြစ်ရင်တော့ ဖုန်းထပ်ဆက်မှာပေါ့. ."

"အဖေ ကျန်းမာရေးကောင်းနေတာ တော်သေးတယ်နော်"

"အဲဒါပြောတာပေါ့. . လင်ကောင်းမှ စံဆိုတာ. . အမေ့ကိုကြည့် ဘယ်လောက်စိတ်ချမ်းသာရလဲ ပင်စင်ရတာတောင် ပိုက်ဆံရှာတုန်း. ."

အမှတ်မထင်ဝင်လာသော တိုက်စစ်ကြောင့် အငိုက်မိသွားသည့်ယမုံ ဘာပြန်ပြောရမှန်းမသိဖြစ်သွား၏။

"သမီးကိုလည်း ပညာတတ်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ပြုစုပျိုးထောင်ပြီးပြီ၊ အမေ့အတွက် အားကိုးထိုက်တဲ့ လင်ယောကျ်ား သမီးအတွက် စံပြုထိုက်တဲ့ အဖေတစ်ယောက် မဟုတ်ဘူးလား. ."

"ဟုတ်ကဲ့. ."

မတတ်သာ၍ ဟုတ်ကဲ့ တစ်လုံး ပြန်ပြောလိုက်ရ၏။





"ညည်းအရွယ်မှာ ကျုပ် ညည်းကို မွေးပြီးပြီ ယမုံ"

"အမေကလဲ"

"ဘာအထွန့်တက်ဦးမလို့လဲ. . သင့်တော်တဲ့ သူရှာပြီး အိမ်ထောင်ပြုပါလို့ ဒီလောက် တဖွဖွ ပြောနေတဲ့ဟာကို"

"သမီးမှ စိတ်မဝင်စားတာ. ."

"စိတ်မဝင်စားလို့ဖြစ်မလား ညည်းလည်း ဒီလောက်တရားသိနေတဲ့ဟာ သေခြင်းတရားဆိုတာ သံချောင်းခေါက်သတိပေးပြီးမှ ရောက်လာတာမျိုး မဟုတ်ဘူး၊ မပြောကောင်း မဆိုကောင်း ညည်းအဖေနဲ့ ကျုပ် ရုတ်တရက်မျက်စိမှိတ်သွားရင် ဘယ်လိုလုပ်မလဲ"

ယမုံ ချဉ်ပေါင်ရွက်ထည့်သည့် ဇကာကို စားပွဲပေါ်ဆောင့်ချရင်း အသံတိတ် ဆန္ဒပြမိသည်။ အမေက မတော်သေး. . .

"မနှင်းဆီ သား မောင်မင်းဝေအောင်ဆို စီးပွားရှာကောင်းတဲ့သူ၊ ဥပဓိရုပ်လည်းကောင်းတယ် ဘာသာတရားလည်း ကိုင်းရှိုင်းတယ်၊ အသက်ချင်းလည်း မတိမ်းမယိမ်းဘဲ"

မင်းဝေအောင် နာမည်ပါလာ၍ ယမုံ သူ့အမေကို အထိတ်တလန့်ကြည့်မိသည်။

"သူ့အကြည့်တွေက ညည်းအပေါ် သံယောဇဉ်ရှိနေတယ်ဆိုတာ အသိသာကြီး. . ဒီလို လူကောင်းတစ်ယောက် ကိုယ့်နားရောက်လာတုန်း ညည်းရဲ့ အပျိုကြီးဘဝကို စွန့်လွှတ်လိုက်တော့"

ယမုံ ဘာမှမတုန့်ပြန်၊ ဒေါ်ကြိုင် ပြောခွင့်ရတုန်း



www.burmeseclassic.com

www.burmeseclassic.com



တော်ကီတွေ မနားတမ်းဆက်လွှတ်နေ၏။

"သူ ညည်းကို စကားစသေးလား.."

"ရှင်..အဲ..ဟိုဒင်း..သံယောဇဉ်ရှိတယ် ခင်မင်ချင်တယ် လို့တော့ပြောပါတယ်.."

"ဟယ် အဲဒါ အစပျိုးတာလေ အစပျိုးတာ၊ ညည်းဘာပြန် ပြောလိုက်လဲ.."

"အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိဘူးလို့.."

"ဘာ!"

ပေါက်ကွဲသံစဉ်နှင့် အကျယ်ကြီးထ အော်လိုက်သည့်အတွက် ယမုံပင် အထိတ်တလန့် ဖြစ်သွား၏။

"ရုပ်ချောပြီး စီးပွားရှာကောင်းတဲ့အပြင် အမေ့တစ်ခုသားတစ်ခု၊ ဒီလိုလူမျိုး ဒီခေတ်ထဲ လိုက်ရှာလို့တွေ့မယ်ထင်လား မိယမုံ၊ ညည်းဟာလေ ဝင်လာတဲ့ စုတ်ရော လာဘ်ရော ဆောင့်ကန်ထုတ်ပစ်တဲ့ မိန်းမပဲ"

"အမေကလည်း သမီး သံသရာလည်မှာ ကြောက်ပါတယ်ဆိုနေမှ၊ လူ့ဘဝရတုန်း သာသနာနဲ့လည်းကြုံနေတော့ အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်တံခါးပွင့်အောင် ကြိုးစားပါရစေ မေမေရယ်..နော်"

"ဘာမှ ကြိုးစားမနေနဲ့..ညည်းလား နိဗ္ဗာန်ရောက်မှာ မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့အေ..လူ့ဘဝရမှတော့ လူလိုနေသွားရမှာပေါ့၊ ဝိသာခါတို့လည်း အိမ်ထောင်သည်တွေပါပဲတော်..လင်ယူသားမွေးရင်း တရားရှာသွားကြတာပဲဟာ..ဆုတ်ကပ်ကြီး ထဲတစ်ဘဝထဲနဲ့ နိဗ္ဗာန်ရမယ်





ထင်နေလား.."

"ဒါကတော့ ကျင့်ကြည့်မှ သိမှာပေါ့လို့"

ယမုံ၏ လေးပြေထိုး စကားကြောင့် အမေပို့ပြီး ဒေါပွသွားပုံရ၏။

"ဒီမယ် မိယမုံ အပိုတွေမပြောနဲ့ လူအဖြစ်နဲ့ နေချင်ရင် အိမ်ထောင်ပြု၊ နိဗ္ဗာန်သွားချင်ရင် အလုပ်ထွက်ပြီး တစ်ခါထဲ သီလရှင်ဝတ်လိုက်..ဟိုမရောက် ဒီမရောက်နဲ့ စခန်းသွားဖို့တော့ မကြံနဲ့ ဒါပဲ"

ဒေါသတကြီးပြောကာ စားပြီးသား မုန့်ပန်းကန်ဆွဲ၍ ဆောင့်အောင့်ထွက်သွားသည့် အမေ့ကိုလှမ်းကြည့်ရင်း ယမုံ စိတ်ပျက်လက်ပျက်ဖြစ်ကျန်ခဲ့၏။ ဒါတွေအားလုံး အရင်းစစ်ကြည့်တော့ မင်းဝေအောင်ကြောင့်ဆိုသည့် အဖြေထွက်လာ၏။

"တောက်!..ဒင်း ဆတ်ဆော့လို့ ဒင်းဆတ်ဆော့လို့ ဒီကိန်းဆိုက်တာ"

ကြွက်မနိုင် ကျီမီးရှို့ဆိုစကားပမာ ယမုံ့ဒေါသတွေက မင်းဝေအောင်ပေါ်သို့သာ စုပုံကျသွားတော့၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

"ဟားဟားဟားဟား. . . မင်းဝေအောင် မင်းဝေအောင် မင်းအဖြစ်ကလည်း ဟားငါးကောင်နဲ့ ဖိုက်စတားက လူရှင်တော်တွေ ရောသမမွှေထားတဲ့ အငြိမ့်ခွေကြည့်ရသလိုပဲ ရီ(ရယ်)စရာ ကောင်းလိုက်တာကွာ. ."

"ဟုတ်ပ. . ချာလီချက်ပလင်နဲ့ မစ္စတာဘိ(န်)စပ်ကျထားသလိုပဲ"

ဥပုသ်နေ့ နောက်နှစ်ရက်လွန်မြောက်မှ တိုးကြီးတို့က မရမကမေးသဖြင့် ဖေါ်ကောင်ဘဉ္စန့်ထုံးနှလုံးမူပြီး ဖြစ်ကြောင်းကုန်စင် ရယ်ဗီရှင်ပြန်မိသည့် မင်းဝေအောင်မှာ





မညှာမတာ ဝိုင်းဟားခြင်းကို မရှုမလှ ခံလိုက်ရ၏။

"အေး. . အဲဒါ မင်းတို့ပေးတဲ့ အကြံပဲလေ၊ ဘီယာတွေ ဗိုက်ကယ်အောင်သောက် စားပိုးနှင့်အောင် အမြည်းစားပြီး ပေးခဲ့တဲ့ မင်းတို့ရဲ့ မဟာဗျူဟာပဲ"

"အေးပါ ဟုတ်ပါတယ်. . ငါတို့လည်း မူးမူးရူးရူးနဲ့ စွတ်ဖေါ်မိတာ. . မင်းတကယ်လုပ်လိမ့်မယ်လဲ မထင်မိဘူးလေ"

"အေးလေကွာ ရိပ်သာမှာ ဥပုသ်စောင့်မယ့်သူကို ရည်းစားစကားသွားပြောမယ်လို့ ဘယ်သူကထင်မှာလဲ"

"ဘာ. . ဒါဆို မင်းတို့ ငါ့ကိုသက်သက်ချောက်တွန်းတာပေါ့ ဟုတ်လား. ."

"အဟဲ အဲလိုတော့လည်း ဟုတ်ဘူးလေကွာ. . ဖြစ်နိုင်ခြေရှိတာကို နည်းပေးလမ်းပြ လုပ်တဲ့သဘောပဲလေ. . ဒီထက်မပိုဘူး . . ဟဲဟဲ"

ထိုက်အောင် အရှုံးကွက်နင်းကာ စတေးရှောင်သလို ပြောသည်။ တိုးကြီးက ရယ်ချစ်စိတ်မကုန်သေးဟန်နှင့်. . .

"မင်းကွာ. . နိဗ္ဗာန်သွားမယ့်သူကို သံသရာလည်အောင် ယရာဝါသဝဲထဲ အတင်းဆွဲခေါ်နေတာ ငရဲကြီးမှာ မကြောက်ဘူးလား"

"ဟော့ကောင် တိုးကြီး မင်း ဆက်ဖွဲ့နေရင် ဘောပြုတ်သွားမယ်နော်. ."

မင်းဝေအောင်လည်း မခံစားနိုင်တော့သဖြင့် သူတို့ကြောက်သည့် ဘောနှင့်သာ ငြိမ်းခြောက်ရ၏။ ထိုက်အောင်



www.burmeseclassic.com

www.burmeseclassic.com



နှင့်တိုးကြီး ပလပ်စတစ်ဆာဂျရီ မလုပ်ဘဲ မျက်နှာပြင်လိုက်ကြရင်း . .

"အခု မင်းဘာဆက်လုပ်မယ် စိတ်ကူးလဲ မင်းဝေအောင်၊ ဒီတစ်ခါတော့ စစ်ပြေပြင်ကို သေချာရွေး ချစ်စကားပြောဖို့ လိုက်ဖက်တဲ့နေရာတော့ ဖြစ်ပစေ . ."

"ဘယ်လိုနေရာမျိုးလဲ တိုးကြီး"

"လမ်း . . ဒါမှမဟုတ် သူ့ကုမ္ပဏီဝန်းကျင်ပေါ့ကွ မင်းဝေအောင်ရ၊ အဲဒါဆို ဘယ်သူမှ ကဲ့ရဲ့စရာအကြောင်း မရှိတော့ဘူး"

"လုပ်ပြန်ပြီ အချွန်နဲ့မတာလား"

"မယုံကြည်ရင် မလုပ်နဲ့လေ . . သူ့ဘဝက ရိပ်သာနဲ့ ကုမ္ပဏီပဲရှိတာ . . အဲဒီကိုမသွားလို့ ရိပ်သာက ဆရာတော်ဆီ အပူသွားကပ်ချင်နေတာလား . ."

မှန်တာပြောသည့်အတွက် နားထောင်ရတာတော့ စပ်ဖျဉ်းဖျဉ်းရှိလှသည်။ ထိုက်အောင်က တွေးတွေးဆဆ စဉ်းစားရင်း လေးလေးနက်နက် စကားဆိုလာ၏။

"မင်းဝေအောင် သေချာတော့ စဉ်းစားနော် သူ့ကြည့်ရတာ တကယ်သီလရှင်ဝတ်မယ့် ပုံစံမျိုးလား၊ အဲဒါဆို နှစ်ယောက်စလုံးအတွက် မကောင်းဘူး . . နော် . ."

"ဟာ . . ထိုက်အောင်ရာ . . တကယ်သာ လောကီကိုစိတ်ကုန်နေရင် လှလှပပပြင်ဆင်ပြီး ကုမ္ပဏီသွားပါ့မလား"

"မင်းဟာလေ . . . နို့မလိုလို့နဲ့ တော်တော်ထူတဲ့ကောင်၊ အဲလေ ပါးမလိုလို့နဲ့ အတော်ထူတဲ့ကောင် . . သူက





ကုမ္ပဏီဝန်ထမ်းလေ . . ယောဂီဝတ်စုံနဲ့ အလုပ်သွားလို့မှ မရတာ ကာလဒေသအလိုက် မြင်ကောင်းရှုကောင်းအောင်တော့ ဝတ်ရစားရမှာပေါ့၊ အဲလိုပြင်ဆင်ထားလို့ လောကီကိစ္စ ပျော်မွေ့နေမယ့်သူလို့ တထစ်ချ သတ်မှတ်လို့ ဖြစ်မလားကွ . ."

ယထာဘူတကျသည့် ထိုက်အောင်စကားကြောင့် မင်းဝေအောင် ခေါင်းငိုက်စိုက်ကျသွားပြန်သည်။

"ဘယ်လို ဖြစ်နေတာလဲ မင်းဝေအောင်ရာ မင်းကိုကြည့်ရတာ လယ်သိမ်းခံရတဲ့အထဲ စိုက်ပျိုးစရိတ်ချေးငွေမကျေလို့ တရားစွဲခံရတဲ့ တောင်သူရုပ်နဲ့"

"ဟုတ်မလားကွာ . . ထိုင်းကို အလုပ်သွားလုပ်ရင်း လူကုန်ကူးဂိုဏ်းနဲ့တွေ့ပြီး . . ယောကျ်ားပြည့်တန်ဆာအဖြစ် ရောင်းစားခံရတဲ့ကောင်ရဲ့ရုပ်မျိုး . ."

ကိုယ့်ဘာသာ အားရပါးရ စိတ်ဓာတ်ကျနေတာကို ရယ်ဖွဲ့ဖွဲ့နေသည့် ဒီနှစ်ကောင်ကြောင့် မင်းဝေအောင် ရေလည်တင်းသွားသည်။

"ငါက ယောကျ်ားပြည့်တန်ဆာဆိုရင် မင်းတို့က ဖွတ်ဖေါက်ချုပ်တွေ . . မနက်ဖြန်ကစပြီး အလုပ်ဆင်းစရာ မလိုတော့ဘူး ဒါပဲ"

ဒီတော့လည်း နှစ်ကောင်သား အဖါးပြိုင်ပွဲ ဝင်ကြပြန်သည်။

"မင်းကလည်းကွာ နောက်တာကို ဒီလောက်စိတ်ဆိုးစရာလား၊ မင်းအစား ယမ့်ဆီ သွားပြီး ငိုပြရမလား . . ပြော"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေကွာ မင်းသွားဖါးမှ မင်းနဲ့ညားသွားမှာ ပေါ့. ."

"သူ အလုပ်ပြုတ်သွားအောင် ငါလုပ်ပေးမယ်လေ အဲလို အားကိုးရာမဲ့သွားရင် မင်းဘက်ပြန်လှည့်လာမှာ. ."

"အားကိုးရာမဲ့သွားမှ တစ်ခါထဲ သီလရှင်ဝတ်သွားရင် ဘယ်လိုလုပ်မလဲ"

"ငါ့ညီမ တစ်ခုလပ်နဲ့ ပေးစားမယ်ကွာ. ."

"တော်ပါကွာ. . ချောက်ထဲတော့ ကန်မချပါနဲ့. ."

"အဲဒါတော့ မပူနဲ့ မင်းဝေအောင် ချောက်ထဲကျဖို့ လက်နှစ်လုံးအလိုမှာ လှမ်းအော်လိုက် အာဏာသိမ်းဖို့ အသင့်စောင့်နေတဲ့အဖွဲ့ လွှတ်လိုက်မယ်. ."

ခေတ်ပေါ်ထွေလုံးငေါ့လုံးဖြစ်နေ၍ အားလုံးသဘောကျစွာ ရယ်မောလိုက်ကြသည်။ မင်းဝေအောင် မျက်နှာရွှင်ပျလာ၍ အမှတ်မရှိသူတွေ တစ်စခန်းထလာပြန်သည်။

"စောစောကစကားမျိုး မင်းမှာ ပြောခွင့်မရှိဘူး"

"ဘာစကားလဲ တိုးကြီး"

"မနက်ဖြန်ကစပြီး အလုပ်ဆင်းစရာ မလိုတော့ဘူး ဆိုတာလေ"

"အဲဒါ ဘာဖြစ်လဲ. ."

"ခေတ်ပြောင်းသွားပြီကွ. . တို့မှာ သမဂ္ဂရှိတယ်၊ ခုံသမာဓိရုံးရှိတယ်၊ ပြီးတော့ အကြောင်းမဲ့ အလုပ်ထုတ်ရင် သုံးလစာကြိုပေးပြီးမှ ထုတ်လို့ရမှာ. . သိလား. ."

"ဩော် ဒီလိုလား. . ဒါဆိုလည်းဖြစ်ပါတယ်ကွာ. .





တစ်ပြားမှ အကုန်ခံစရာမလိုတဲ့နည်း ငါ့မှာရှိတယ်. ."

ထိုစကားကြောင့် ထိုက်အောင်က စိုးရိမ်တကြီးပြန်မေးသည်။

"ဘာနည်းလဲ မင်းဝေအောင်"

"အရှုံးပေါ်လို့ဆိုပြီး အလုပ်ရုံပိတ်လိုက်တဲ့နည်းလေ"

တိုးကြီးရော ထိုက်အောင်ပါ မျက်နှာလေးတွေ မန်းတျည်းရွက်လို သေးငယ်သွားကြ၏။

"ဟဲဟဲဟဲ. . တကယ်တန်းကျတော့လည်း ခုံသမာဓိရုံးဆိုတာ အလုပ်ရှင်ဘက်ပဲ မျက်နှာလိုက် ဆုံးဖြတ်တဲ့ရုံးကွ တို့တွက် အားမကိုးရပါဘူးကွာ. ."

"မင်းလည်း မိန်းမယူဖို့ ပြင်ဆင်နေပြီပဲဟာ အလုပ်ရုံပိတ်လို့ ဖြစ်မလားကွ"

ချော့ချော့မော့မော့နှင့် အသားကုန်ဖါးနေကြတာမြင်တော့ မင်းဝေအောင် ရယ်ချင်သွားသည်။ သို့သော် မျက်နှာကြော မလျှော့ဘဲ. .

"ယမုံကို ဘယ်လို ဆက်လိုက်ရမလဲဆိုတာ အကြံပေးနိုင်ရင် အလုပ်မဖြုတ်ဘူး"

နှစ်ယောက်လုံးရဲ့ မျက်နှာတွေ ပြန်လည်ဝင်းပလန်းဆန်း လာကြသည်။

"အကောင်းဆုံးကတော့ ရုံးတက်ရုံးဆင်း အဆင်ပြေတဲ့ အချိန်မှာ ဝင်ပူးပြီး အပီပြောဖို့ပဲ. ."

"အဲဒါမှ မရရင် မင်းအမေခေါ်သွားပြီး လူကြီးချင်းတာ ရှင်းနိုင်လိုက်တော့ မင်းကို ယမုံ့မိဘတွေ ငြိမ်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး"

"အင်း. . နှစ်ယောက်လုံး အလျှောက်ကောင်းလို့ အထောင်းသက်သာတယ်မှတ်"

"ငါပြောတာ အကောင်းဆုံးပါကွာ . . ကိုယ့်ဘာသာ မိန်းမလိုချင်တဲ့ကိစ္စ အမေဝင်ပါရတာ မမိုက်ပါဘူး၊ မင်းညံ့ရာကျတာပေါ့. . ကိုယ့်အစွမ်းအစနဲ့ မိန်းမရတာကမှ ဂုဏ်ယူစရာကွ. ."

တိုးကြီးက သူ့အယူအဆပိုကောင်းကြောင်း ထပ်ဆင့်အာမခံနေပြန်သည်။ ထိုက်အောင်ကည်း အလျှော့မပေး. .

"အဲဒါက ဖြစ်ရိုးဖြစ်စဉ်တွေမှာ သုံးတဲ့နည်းကွ၊ သူ့ရဲ့ယမုံက ထူးခြားဖြစ်စဉ်၊ အားအားရှိ ကတုံးတုံးဖို့ ခြောင်းနေတဲ့မိန်းမ၊ အဲဒါကို သူ့မိဘတွေသဘောတူလက်ခံမှာ မဟုတ်ဘူး၊ ဒါကြောင့် လူကြီးချင်းညှိခိုင်းတာ၊ ဒါ သံတမန်နည်းပဲ. . အလုပ်ဖြစ်တယ်"

တိုးကြီးတို့ တစ်ယောက်ကိုတစ်ယောက် အလျှော့မပေးဘဲ ရန်စောင်နေကြ၏။

"ဟုတ်ပါပြီ ဟုတ်ပါပြီ နှစ်ယောက်စလုံးရဲ့ အိုင်ဒီယာတွေ ကောင်းပါတယ်. . အရင်ဆုံးတော့ ကိုယ့်အားကိုယ်ကိုးကြည့်လိုက်မယ်. . မိဘ အကူအညီကတော့ နောက်ဆုံးအဆင့်မှပေါ့. ."

တိုးကြီးက မေးပွတ်ပြီး ထိုက်အောင်အား မျက်လုံးမှေးစင်း၍ ကြည့်၏။ ထိုက်အောင်က အသံမထွက်ဘဲ ပြန်ဆဲလေသည်။





"ကြာတယ်ကွာ မနက်ဖြန်ပဲ သွားတွေ့လိုက်မယ်"

"အိုကေ. . ငါတို့ ဗဟန်းရဲ့စခန်းက စောင့်နေမယ်. . အာမခံနဲ့ ပြန်ထုတ်ဖို့"

ဒီတစ်ခါတော့ မင်းဝေအောင် အလုပ်ထုတ်မည်ဟု ခြိမ်းခြောက်တော့၊ နှစ်ယောက်စလုံးကို လိုက်ထိုးသည်။ တိုးကြီးတို့ တဟားဟား အော်ဟစ်ရယ်မောရင်း. . အလုပ်ရုံဘက်သို့ ထွက်ပြေးသွားကြ၏။

မင်းဝေအောင် အလုပ်စားပွဲမှာ ဝင်ထိုင်ရင်း ယမုံ့အကြောင်းကိုသာ စဉ်းစားနေလိုက်သည်။ မင်းဝေအောင် အချစ်ကို ရှာဖွေတွေ့ရှိခဲ့တာ ကြည်နူးစရာ ရင်ခုန်စရာမကောင်းဘဲ စိတ်ညစ်စရာ ရှက်စရာတွေနှင့်သာ ကြုံတွေ့နေရ၏။

သို့သော်လည်း လက်လျှော့လိုက်ဖို့ သူ စိတ်ကူး၍မရဘာက ပြဿနာဖြစ်နေသည်။

သူက လိုက်လွန်းလို့ ယမုံပြေးနေတာလား၊ ဒါမှမဟုတ် တကယ်ပဲ အိမ်ထောင်မပြုချင်တော့တာလားဆိုတာ ခွဲမရဖြစ်နေသည်။ လုံးဝ အိမ်ထောင်မပြုချင်တာဆိုလျှင်တော့ ဒီဘဝ ဒီမျှသာ ဆိုသည့်ကိန်းဆိုက်သွားပေလိမ့်မည်။

"သြော်. . ရင်မောရပါလား ယမုံရယ်. . ."





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

ယမုံက ဖယ်ရီနှင့် အသွားအပြန်လုပ်သည်ဆိုတော့ လမ်းထိပ်မှအိမ်အထိ အကွာအဝေးအတွင်းသာ အချိန်ရ မည်ဖြစ်သည်။ လေးနာရီခွဲမှ ငါးနာရီခွဲလောက်အထိတော့ အချိန်ပေးရမည်။ ယမုံက သူ့အိမ်ရှိရာ လမ်းထိပ်ကို ဘယ် အချိန်ရောက်မည်မှန်းမသိ၊ ထို့အတွက် မင်းဝေအောင် လေး နာရီဆယ့်ငါးကတည်းက လာစောင့်နေခြင်းဖြစ်သည်။

ကားပေါ်မှာထိုင်နေလိုက်၊ အနီးအနားကဆိုင်မှာ လက်ဘက်ရည်ဝင်သောက်လိုက်နှင့် မင်္ဂလာအချိန်ရောက် အောင် သည်းခံစောင့်ဆိုင်းရ၏။





မြင်ရာတွေ့ရာကြုံရာ မိန်းမတစ်ယောက်ယောက် ကို ပြောင်းချစ်ကြည့်လျှင် အဆင်ပြေနိုင်မလား စဉ်းစားကြည့် သည်။ ဖြတ်သွားဖြတ်လာ မိန်းကလေးများကို လေ့လာသုံး သပ်ကြည့်၏။ အလှအပဆိုင်ရာ နည်းပညာတွေ ဖက်ရှင် ဒီဇိုင်းတွေ ထွန်းကားသည့်ခေတ်မှာ မြင်မြင်သမျှ ကောင် ကလေးတွေ လှနေကြတာတော့ သေချာသည်။

သို့သော် ရင်ထဲရောက်မလာတာက ခက်နေခြင်းဖြစ် ၏။ လှတိုင်းသာ ချစ်လို့ရလျှင်တော့ ယောကျ်ားတစ်ယောက် မှာ မိန်းမတွေထောင်ချီရှိနေပေလိမ့်မည်။ ယောကျ်ားတိုင်း သူ့တာကို မက်ကြသော်လည်း ကိုယ်နှင့်အဆင့်အတန်းတူ မတူ၊ ဂုဏ်ရည်ချင်းတူ မတူ၊ ပညာအရည်အချင်းနှင့် ဆင်ခြင် တုံတရားကောင်း မကောင်း၊ ဟီရိဩတ္တပ္ပရှိ မရှိ ဆိုတာတွေ ကလည်း အရေးကြီးသေးသည်။

အဦးဆုံးကတော့ မျက်စိထဲအစပ်တည့်ပြီး စွဲစွဲလန်း လန်း ဖြစ်နေရန်လိုသည်။ ယမုံက ထိုအချက်များ အားလုံးနှင့် ကိုက်ညီနေ၏။ သဘောအကျဆုံးအချက်က အမေနှင့် ရင်းနှီး ခင်မင်နေမှုပင်ဖြစ်သည်။ ဘာသာတရားလိုက်စားသူဖြစ်၍ ယောက္ခမအဖြစ် ပြောင်းလဲဆက်ဆံရစေဦးတော့ သိပ်ပြဿ နာမရှိဟု သူယုံသည်။

ကျိုးကန်းတောင်မှောက် ကြည့်ရင်းစောင့်နေခိုက် မီနီ ဘတ်(စ်)တစ်စီးဝင်လာတာ လှမ်းမြင်လိုက်သည်။ ဘဏ် အမှတ်တံဆိပ်နှင့်ဆိုတော့ ယမုံတို့ ဖယ်ရီပဲဟု တပ်အပ်သိ၍ အသင့်ပြင်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရီပေါ်မှ ရင်တွင်းမေ ယမုံ ဆင်းလာတာ မြင်ရချိန်မှာ ညစ်တာတွေ အကုန်လစ်ပြီး ရင်မောခဲ့သမျှ အဆင်ချောသွား၏။ ဖယ်ရီထွက်သွားတော့ မင်းဝေအောင် အနားကပ်သွားသည်။ သူ့ကိုမြင်တော့ ယမုံအတော်အံ့သြသွားတာသတိပြုမိ၏။ ခြေလှမ်းတွေ တုန့်သွားသလို ဝန်းကျင်ကိုလည်းကျိုးကန်းတောင်းမျှော်က ကြည့်ရှာသည်။

"ယမုံ. . ကျွန်တော်ပြောစရာရှိလို့ လာခဲ့တာပါ. . ဝန်းကျင်က သိပ်သတိမထားမိအောင် အအေးဆိုင်မှာ ခဏထိုင်ကြမယ်နော်"

ယမုံ ဘာမှပြန်မပြော၊ မင်းဝေအောင်ကိုသာ မျက်လုံးပြူးကြီးများနှင့် ကြည့်နေလေ၏။

"လိုက်ခဲ့ပါ ယမုံ. . ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်ပါ"

ဝန်းကျင်၏ စပ်စုမျက်ဝန်းဒဏ်မှ ရှောင်လွှဲနိုင်ရန်အတွက်လားတော့မသိ ယမုံ ဇောဒကမတက်ဘဲ လိုက်လာရှာသည်။ အအေးဆိုင်ထောင့်စွန်းမှ စားပွဲတွင် ထိုင်လိုက်ကြပြီး Coke နှစ်ဘူး မှာလိုက်သည်။ မတွေ့ရတာကြာပြီဖြစ်၍ ယမုံအား အလွမ်းပြေ အပန်းပြေ စိန်ပြေနပြေ ထိုင်ကြည့်နေမိ၏။

"ဘာပြောစရာ ရှိလို့လဲ ကိုမင်းဝေအောင်"

ယမုံက သည်းမခံနိုင်တော့ဟန်နှင့် စကားစလာ၏။

"ဟုတ်ကဲ့ ပြောမှာပါ ယမုံ ကျွန်တော်ဟာ ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်တဲ့အပြင် လုပ်ငန်းတစ်ခုကိုလည်း အောင်အောင်မြင်မြင် ထူထောင်ထားနိုင်တဲ့သူပါ. ."





"ဟုတ်ကဲ့. ."

'အချိန်ကိုငဲ့ပြီး လိုရင်းပြောရမယ်ဆိုရင်တော့ ကျွန်တော် ယမုံ့ကိုချစ်တယ်. . မြတ်နိုးစွဲလန်းမှုတွေနဲ့ လက်ထပ်ဖို့အထိ စိတ်ပိုင်းဖြတ်ပြီး ဒီစကားကိုပြောတာပါယမုံ၊ ယမုံ့ဆီကသင့်တော်တဲ့အချိန်မှာ တိကျတဲ့အဖြေတစ်ခု ရမယ်လို့လဲမျှော်လင့်မိပါတယ်"

မင်းဝေအောင် စကားကြောင့် ယမုံ ရင်ပူသွားသည်လားမပြောတတ်၊ Coke ကို ကမန်းကတန်း မော့သောက်လိုက်သည်။ ပြီးမှ. .

"ကျွန်မ အခုပဲ အဖြေပေးလိုက်ပါ့မယ် ကိုမင်းဝေအောင်၊ ဒီလိုစကားမျိုး ကျွန်မကိုပြောတာ ဒါ နောက်ဆုံးဖြစ်ရင် သိပ်ကောင်းမှာပါပဲ. . ဘာလို့လဲဆိုတော့ ကျွန်မမှာအိမ်ထောင်ပြုဖို့ ရည်ရွယ်ချက် လုံးဝမရှိလို့ပါ. ."

"ယမုံရယ်. ."

"ကျွန်မရဲ့ စိတ်ခံစားမှုကို အမှန်အတိုင်းပြောတာပါ ကိုမင်းဝေအောင်. . ကျွန်မက လောကုတ္တရာအရေးကိုပဲ စိတ်အားထက်သန်တဲ့သူပါ. . ကိလေသာ နွယ်တဲ့ကိစ္စမှန်သမျှ ကျွန်မ စိတ်မဝင်စားပါဘူး. . ကိုယ့်ကိုချစ်တယ် ခင်တယ် မြတ်နိုးတယ်ဆိုတာ မင်္ဂလာစကားပါ. . ဒါပေမဲ့ ကျွန်မအတွက်တော့ မလိုအပ်ဘူးလေ. ."

"ပြန်စဉ်းစားပါဦးလား ယမုံရယ်. . လောကုတ္တရာဆိုတာကလည်း ဆုံးခန်းတိုင်အောင် လိုက်နိုင်မှ အကျိုးရှိမယ့်ကိစ္စပါ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ် ကိုမင်းဝေအောင် ကျွန်မဆန္ဒကို အမေတို့ တားနေလို့သာပေါ့. . သူတို့ကို နားဝင်အောင်ပြောပြီး အဆုံးစွန်ထိ တစ်ဆင့်ချင်း ကူးပြောင်းသွားမှာပါ. .၊ ဒါကြောင့် ကိုမင်းဝေအောင်ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေကို ကျွန်မအတွက်နဲ့ အလဟဿ မဖြစ်စေချင်ဘူး. . ရှင်. ."

"တကယ် စိတ်ပိုင်းဖြတ်ပြီးပြီလား ယမုံရယ်"

"တကယ်ပါ ကိုမင်းဝေအောင် ဒီလိုပြောရတာလည်း အရမ်းအားနာပါတယ်. . အန်တီဒေါ်နှင်းဆီအတွက် ချွေးမ မရှားဘူး ထင်ပါတယ်ရှင်. ."

"ကျွန်တော်က ယမုံ့ကိုပဲ မြတ်နိုးတာလေ. ."

"ပြောရရင် ယမုံဆိုတဲ့ပညတ်ပါ တကယ်မှမရှိတာ၊ တကယ်ရှိတာက ရုပ်နဲ့နာမ်လေ ကိုမင်းဝေအောင်ရဲ့. . ကဲ ကျွန်မလည်း အချိန်မရလို့ သွားတော့မယ်၊ ခွင့်ပြုပါဦး ကိုမင်းဝေအောင်. ."

ပြောပြောဆိုဆိုပင် ယမုံ ထပြန်သွားသည်။

နှလုံးသားမြို့ပျက်ထဲမှ အချစ်ငတ်လူသားတစ်ယောက် ခြေကုန်လက်ပန်းကျစွာ ကျန်ရစ်ခဲ့တော့သည်။ မျှော်လင့်ချက်တို့ ပြိုကျပျက်စီးသွားသည့်နောက် ဖရိုဖရဲလူသား မင်းဝေအောင်၊ ကိုယ့်ခြေထောက်ကိုယ် အနိုင်နိုင်သယ်၍ တပ်ခေါက်ပြန်လာခဲ့ရလေတော့၏။







# အခန်း(၁၂)

လူထီးနှင့်လူမ. . အဲ. . ယောကျ်ားနှင့် မိန်းမကြားမှာ ချစ်ရေးဆို၍ နှစ်ဦးနှစ်ဖက် အဆင်ပြေမှ လက်ထပ်ပြီး အတူနေခွင့်ရသည့် အလေ့အထ ဘယ်အချိန်ကများ စတင်ပေါ်ပေါက်ခဲ့သလဲဆိုတာ မင်းဝေအောင်သိချင်နေမိသည်။

သေချာတာက အာဒမ်နှင့်ဧဝတို့ ထိုထုံးတမ်းဓလေ့ကို လိုက်နာမှုမရှိခဲ့ခြင်းပင်။ သူတို့က ပန်းသီးစားပြီး အရမ်းနိုးသွားကြတာ မဟုတ်လား။

IQ မြင့်သည့် ထိပ်တန်းသတ္တဝါ လူ ဖြစ်နေ၍သာ ထိုမျှလောက် အလုပ်ရှုပ်နေတာဖြစ်မည်။ အပျိုသူပျို မရှိ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအိမ်ထောင်သည်တွေသာဖြစ်ကြသော တိရစ္ဆာန်လောကမှာတော့ ရှင်းသည်။ အားလုံး မျိုးဆက်ပြန့်ပွားဖို့သာ အလေးထားကြ၏။

ထိုကိစ္စသည်လည်း လွယ်ကူလှသည်တော့မဟုတ် National Geographic Channel မှ တင်ဆက်သွားသည့် ကင်ညာနိုင်ငံမှ ဆင်တွေအကြောင်းကို ပြန်သတိရမိ၏။ ဆင်တွေအုပ်စုလိုက်နေ ထိုင်ကြသော်လည်း ဟိုင်းဆင် (အိမ်ထောင်ဦးစီးဆင်) က တစ်ကောင်သာရှိသည်။ ထိုဟိုင်းဆင်က သူ့အုပ်စုထဲမှ ဆင်မများအားလုံးကို သိမ်းပိုက်ထား၏။ အရွယ်ရောက်လာသည့် ဆင်ထီးတွေကို ဗလအားကိုးနှင့် အကုန်မောင်းထုတ်တာ ထုံးစံပဲ ဖြစ်သည်။

သင်းကွဲ ဆင်ပျိုပေါက်လေးများ ကြင်ဖက်ရှာရတာ အတော်ခက်ခဲသည့်ကိစ္စတစ်ရပ်ဖြစ်လာ၏။ လူတွေသာဆိုလျှင် မြားနတ်မောင် ကုမ္ပဏီတစ်ခုခုကို ဖုန်းဆက်မလား၊ ဒါမှမဟုတ် ဆောင်ကြာမြိုင် သွားမလား၊ ဒါမှ မကျေနပ်သေးလျှင် တရုတ်တွေလုပ်သလို မြန်မာမတစ်ယောက်ယောက်ကို ငွေပေး၍ မယားအဖြစ် ဝယ်နိုင်သေးသည်။

ကင်ညာမှ ဆင်တွေ ထိုသို့လုပ်မရတော့။ အကောင်ချင်း ကွာသော်လည်း မတိမ်းမယိမ်းရှိသည့် ကြံ့သတ္တဝါများကိုရန်ရှာတော့သည်။ NGC ရုပ်သံလိုင်းကလည်း. . ထိုအဖြစ်ကို အချိန်ကုန်ငွေ ကုန်ခံကာ ဖြစ်ရပ်စုံစုံလင်လင်နှင့် အတိအကျ သက်သေခံတင်ပြသွား၏။

ကြံ့မနှင့် ဆင်ထီး ညားမညားတော့ မသိ၊ ကြံ့မတွေ





ခါးရိုးကျိုးပြီး သေပွဲဝင်ရသည့်အရေအတွက် ကြောက်ခမန်းလိလို တိုးလာသည်ဟု ရိုက်ကူးထုတ်လွှင့်သွားသည်။ ဒါကို သတိရပြီး မင်းဝေအောင် ခေါင်းကိုက်သွား၏။

"အင်း မနုသတ္တဘာဝေါ ဒုလ္လဘော ဆိုတာ သိပ်မှန်တာပါပဲလား. . လူဖြစ်နေရတာပဲ ကောင်းပါတယ်လေ. . "

လမ်းလယ်ခေါင်က ဘလောက်တုံးတွေကိုရှောင်၊ လိုင်းကားတွေ ထင်သလို လုယက်ကျော်တက် ဆဲဆိုသွားတာကိုသည်းခံ၊ လမ်းပိတ်တာကို ပိတ်တယ်လို့မှတ်ပြီး မောင်းလာခဲ့တာ အလုပ်ရုံနှင့် အရောင်းဆိုင်ကိုရောက်တော့ ကိုးနာရီခွဲနေပြီ။

ဒီရက်တွေထဲ မိန်းမပိုးထွက်ဖို့ လမ်းကြောင်းရှိတာ သိထားသော တိုးကြီးတို့ ကားကြုံကပ်စီးဖို့ စိတ်မကူးတော့ဘဲ ကိုယ့်အစီအစဉ်နှင့်ကိုယ် အလုပ်ထဲ ရောက်နှင့်နေကြ၏။

မင်းဝေအောင် အလုပ်စားပွဲထိုင်လိုက်သည်နှင့် ထိုက်အောင်နှင့် တိုးကြီး မယောင်မလည်နှင့် ရောက်လာကြသည်။ သိန်းထောင့်ငါးရာ အောင်ဘာလေဆုမဲ ဂဏန်းအားလုံးတူသော်လည်း အက္ခရာလွဲ၍ မချိတင်ကဲ ဖြစ်နေသည့် မျက်နှာထားနှင့် မင်းဝေအောင် နဖူးစမ်းသူကစမ်း. . လက်ကောက်ဝတ် နှိပ်သူကနှိပ်နှင့် ဂရုတစိုက်ရှိကြောင်း ပြသကြသည်။

"မင်း ယမ့်ဆီသွားပြီးပြီလား. . "

"အခြေအနေ ဘယ်လိုလဲ မင်းဝေအောင်"

မင်းဝေအောင် မျက်နှာကျက်ကိုမော့ကြည့်ရင်း. .



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းရှိုက်၍ ခေါင်းရမ်းပြလိုက်သည်။ အခြေအနေမကောင်းဘူးဆိုတာ တိုးကြီးတို့သိသွား၏။

"သူ့ဆီ ရောက်တော့ရောက်ပြီးပြီပေါ့ ဟုတ်လား"

"အင်း. ."

"သူ ဘာပြန်ပြောလဲ"

"အချိန်ရတိုင်း ရိပ်သာဝင်မယ်. . မိဘတွေကို ခွင့်တောင်းလို့ရရင် ယောဂီဝတ်မယ်၊ သူ့ရဲ့နောက်ဆုံးရည်မှန်းချက်က သီလရှင်ဝတ်ပြီး ဘုရားသမီးတော်ဖြစ်ဖို့ပဲတဲ့"

"ကောင်းရောကွာ. ."

"သာသနာ့ နွယ်ဝင်ဖြစ်ဖို့ ပဌာန်းဆက်ပါလာတယ်နဲ့ တူတယ်"

"ဒီလောက်ထိ အောက်ကျနောက်ကျခံ မနေနဲ့ မင်းဝေအောင် မင်း အနေအထားနဲ့ ရွှေမရှား ငွေမရှား မိန်းမ မရှားပါဘူးကွ. ."

"ဟုတ်တယ် ယမုံကိုဝဲပစ်လိုက်တော့. . ဒီမှာ ဖန်နန့်ချာလာဝယ်တဲ့ ကပ်စတန်မာတွေ အများကြီးပဲ. . အော်ရီဒူးအင်တာနက် မသုံးဘဲနဲ့ကို ဖလန်းဖလန်းထနေတာတွေ အများကြီး ခေါင်းခေါက်ရွေးစမ်းပါကွာ. ."

"အကြီးကြီးလွဲနေပြီ ထိုက်အောင် ဒီမှာ ဖန်နန့်ချာလာဝယ်မှတော့ မင်္ဂလာဆောင်ဖို့ ရည်ရွယ်ထားတဲ့ သူတွေချည်းပဲပေါ့ မှတ်ပုံတင်ကိုယ်စီနဲ့ နံပါတ်ချိတ်ပြီးသားတွေ. ."

"မင်းက မျက်မွေးတစ်ဆုံးပဲ မြင်တဲ့ကောင်ဖြစ်နေပြီ တိုးကြီး၊ မျက်စိတစ်ဆုံးကြည့်မှ အဖေါ်လိုက်လာတဲ့ အပျိုမ





လေးတွေ ပါလာတတ်တယ်ဆိုတာ မြင်မှာ. ."

ဝိုင်းဝန်းအကြံပေးရင်း ထုံးစံအတိုင်း သဘောတရားအရေးရာတိုက်ပွဲတွေ ဖြစ်နေကြပြန်သည်။ ညစ်နေသည့် မင်းဝေအောင် ဗျစ်ခနဲ ထွက်သွား၏။ (ဒေါသ)

"တော်ကြစမ်းပါကွာ. . အာရုံနောက်ရတဲ့ကြားထဲ မင်းတို့ကတမျောက်. ."

"စိတ်မရှည်လွန်းလို့ပါကွာ. . . ဒီလောက်တောင်မယ်သီလရှင်ဝတ်ချင်နေတဲ့မိန်းမ လွှတ်ပေးလိုက်စမ်းပါ"

ဘယ်သူ ဘာပြောပြော မင်းဝေအောင်က ခေါင်းတရမ်းရမ်း. . .

"အဲဒီကိစ္စ ငါအထပ်ထပ်အခါခါ စဉ်းစားပြီးပြီ၊ အချစ်ဆိုတာ စူပါမားကက်မှာ ဈေးဝယ်သလို. . ကြိုက်တာရွေးလို့ရတာမဟုတ်ဘူး. . ဘဝေဘဝက ဆုံဆည်းခဲ့ဖူးတဲ့ ရေစက်နဲ့နဖူးစာဆိုတာ ပါလာပြီးသားကွ. . စက်ရုံထုတ်ပစ္စည်းမဟုတ်ဘူး. . ရုပ်ရည်အလှအပ ကိုယ်ခန္ဓာအချိုးအစား ပညာအရည်အချင်း မိဘမျိုးရိုးအားလုံး ကွက်တိကွာ အဲ့ဒါကြောင့် ယမုံကို ဟာတ်ထိပြီး အပြတ်ငြိနေတာ. ."

မင်းဝေအောင်၏ ပြတ်ပြတ်သားသား ဖွန်ကြောင်စကားကြောင့် တိုးကြီးတို့ ခေါင်းကုတ် နှုတ်ဆိတ်သွားကြသည်။

"အမေ့ချွေးမဟာ ယမုံပဲကွာ. ."

"ဒါဆိုရင် မင်း အရင် ဘုန်းကြီးဝတ်လိုက်. ."

"ဘာဆိုင်လို့လဲ. ."



www.burmeseclassic.com

www.burmeseclassic.com



“ဆိုင်တာပေါ့ကွာ. . ဘုန်းကြီးဝတ်ပြီး ယောဂီမ ယမုံကို တရားပြကွာ. . တရားပြရင်းနဲ့ စည်းရုံးပေါ့. . ”

“ဟာ. . မင်းမို့ ပြောရဲ့တယ်. . ငရဲမကြောက် ဘာမကြောက်”

“အေးလေ. . ဒီမယ် တိုးကြီး မင်း ငရဲရောက်လည်း ကျုံကျော်ငရဲပဲ ရောက်မှာနော် ခရိုနီငရဲကျမယ် မထင်နဲ့. . မြောင်းဆီနဲ့ ကြော်တာလှော်တာခံလိုက် ထွက်ပြေးတဲ့အခါ ဘူဒိုဇာနဲ့ ထိုးကော်ပြီး အိုးထဲပြန်ထည့်လိုက်နဲ့ လွတ်တော်သက်တမ်းငါးရာလောက် ဒုက္ခခံရမှာ. . ”

“ကဲပါ. . မင်းတို့ချင်းပြိုင်မနေနဲ့ ငါဘာဆက်လုပ်ရမလဲဆိုတာ ပြောကြဦး”

သမ္မတနားမှာ ရစ်ဝဲနေသည့် စူဇကာဗိုက်နှင့် အကြံပေးပုဂ္ဂိုလ်များ မဖြစ်ခဲ့ကြသဖြင့် ရုတ်တရက်အဖြေ မပေးနိုင်ကြ။ ဘရသေ့၏ နှစ်ပါတ်တစ်ခါထုတ် ဒဿနစာအုပ်ဖတ်ပြီး နှစ်လုံး၊ သုံးလုံးဂဏန်းရှာသူလို နက်နက်နဲနဲတွေးခေါ်နေကြ၏။ နောက်ဆုံးတော့ UN အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း၏ လက်သုံးစကားနှင့် တိုးကြီးစကားစသည်။

“မင်းရဲ့ အချစ်ရေးအပေါ် ‘အလွန်အမင်း စိုးရိမ်မကောင်း’ ဖြစ်မိတယ် မင်းဝေအောင်၊ ကာယကံရှင်ကို ချဉ်းကပ်အသနားခံတောင်းဆိုတာ မအောင်မြင်ဘူးဆိုရင်တော့ သူ့အပေါ် ဩဇာညောင်းတဲ့ နောက်ကွယ်က ကြိုးကိုင်သူကို ဝင်ပူးဖို့ပဲ ရှိတော့တာလေ”

“လူလိုပြောကွာ. . . နိုင်ငံရေးဆောင်းပါး အရေးအ





သားတွေနဲ့ လာမပြောနဲ့. . ”

“အင်း မင်းလိုသာမန်လူပိန်း မဲဆန္ဒရှင်တစ်ယောက်နားလည်အောင်ပြောရရင် ယမုံကို မနိုင်ရင် ယမုံ့အိမ်မီးနဲ့ရှို့ကွာ. .၊ အဲ. . ဟုတ်ပေါင် ယမုံ့ကို စည်းရုံးလို့မရရင် ယမုံ့မိဘတွေကို ဝင်ပူးကွာ သူတို့ ရိုက်မလွှတ်စေရဘူးလို့ အာမခံတယ်. . ”

“သိပ်မှန်တာပေါ့ကွာ မြန်မာ့လူနေမှုပုံစံမှာ မိဘရဲ့ဩဇာအာဏာသက်ရောက်မှုက အားကောင်းနေဆဲပဲဟာ”

“သူ့အိမ်ကိုသွား. . အဖေနဲ့အမေ ဘယ်သူ့ကိုတွေ့တွေ့ ခင်ဗျားသမီး ကျုပ်ကိုပေးလို့သာ တောင်းလိုက်တော့”

နောက်သလိုပြောင်သလို ပြောသည့်စကားတွေက မင်းဝေအောင် အမှန်တကယ်ဆက်လုပ်ရမည့် ရှေ့လုပ်ငန်းစဉ်တွေ ဖြစ်နေ၏။

ဆုံးဖြတ်ချက် ခိုင်မာသွားသည့် မင်းဝေအောင် မျက်နှာကြီးက (၁၉၃၉)လောက်က တစ်ကမ္ဘာလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ရသော ဟစ်တလာနှင့် နင်လားငါလား. .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

ကမ္ဘာကြီး အမူးသမားလို ချာချာလည်နေသည့်အတွက် နေ့နှင့်ညဆိုတာ ဖြစ်ပေါ်လာရသည်။ သူတစ်ပါတ်လည်တိုင်း ကမ္ဘာတစ်ခြမ်းကမှောင်ပြီး ကမ္ဘာတစ်ခြမ်းကလင်းနေရ၏။ တော်တော်ဆက်ဆော့တဲ့ ကမ္ဘာပါလား၊ ငြိမ်ငြိမ်လေးနေလိုက်ရင် ဘာဖြစ်သွားမှာမို့လဲ။ ခုတော့ အချိန်တွေကို အမျိုးမျိုးတိုင်းတာ မှတ်သားကြရာမှ (၂၄)နာရီ တစ်ရက်ဟု တစ်ကမ္ဘာလုံး လက်ခံနေကြရ၏။

သူတို့တွေ အရှုပ်ထုပ်လုပ် တီထွင်ထားခဲ့ကြသည့် နာရီကိုကြည့်ပြီး အလုပ်လုပ်နေရတာကို မင်းဝေအောင်





အမုန်းဆုံးဖြစ်သည်။ ဒါတင်မကဘဲ ခုနှစ်ရက် တစ်သီတင်းဟု ဆက်လက်တွက်ချက်ကာ ပြက္ခဒိန်ပါ တီထွင်ခဲ့ကြသဖြင့် ပြက္ခဒိန်တစ်စောင် ကုန်သွားတိုင်း အသက်တစ်နှစ် ပိုကြီးသွားသည့်ဒုက္ခကို လူတွေခံစားနေကြရသည်။

မင်းဝေအောင် ပင်လျှင်(၃၀)နှစ်ဆိုသည့် သတ်မှတ်ချက်ကြီးကို ပြက္ခဒိန်များကြောင့် ရရှိထားခြင်းဖြစ်သည်။ ခေ့ကျေမချမ်းနှင့် နာရီကြည့်မိတော့ ကိုးနာရီထိုးပြီးနေပြီ၊ ဘာနှန်းမသိသော ပြက္ခဒိန်တွေအလိုအရ ဒီနေ့ တနင်္ဂနွေနေ့ ဖြစ်နေပြန်သည်။

တနင်္ဂနွေနေ့ ထူးခြားချက်က အများပြည်သူ ရုံးပိတ်ရက် အလုပ်နားရက်ပင် ဖြစ်၏။ ပိုက်ဆံရသည့် အလုပ်ကို နားပြီး ပိုက်ဆံကုန်သည့်အလုပ်ကို လုပ်ကြသည့်နေ့ဟုဆိုလျှင်လည်း မမှား၊ ဒီနေ့မှာ လူအများစုက ဈေးဝယ်ထွက်၊ အပန်းဖြေ၊ ရုပ်ရှင်ကြည့် ဟိုဟိုဒီဒီ လျှောက်လည် စသည်ဖြင့် ပိုက်ဆံဖြုန်းဖို့ အပတ်တကုတ်ကြိုးစားကြသည့်နေ့လည်းဖြစ်သည်။

အလုပ်နားသော်လည်း မင်းဝေအောင် အပြင်သွားစရာရှိနေသည်။ ယမုံအိမ်သွားပြီး အန်တီကြိုင်တို့ အန်ကယ်တို့နှင့် ဆွေးနွေးစရာတွေ ရှိနေသည်။ လိမ္မာလွန်းသည့်သမီး ပြောမရ ဆိုမရဖြစ်နေတာကို တိုင်သလိုတောသလိုပုံစံနှင့် မိဘများကို အသိပေးရမည်။ ဒီသမီးကို အန်ကယ်တို့ စောင့်ရှောက်လာတာ ငွေရတုတိုင်ခဲ့ပြီမို့ ထိုတာဝန်ကို ကျွန်တော့်အားလွှဲပေးပါဟု တောင်းဆိုမည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာရှိသွားပြီမို့ ထိုတာဝန်များကို ဆောင်ရွက်ရန် အပြင်ထွက်ဖို့ပြင်ရတော့၏။ အမေ့အတွက် မနက်စာပြင်ဆင်ပေးပြီး အခွန်ဆောင်ခရီးထွက်ခဲ့ရသည်။ အလုပ်နားရက်မို့ အိမ်မှာ ယမုံ ရှိနေမှာပါဆိုသည့် အတွေးကလည်း သူ့ကို အားတက်သရောဖြစ်စေသည်။ ပွိုင့်မိနေသည့် ကားတန်းရှည်ကြီးကို ကြည့်ရင်း သိပ်မကြာတော့သည့် ကာလတွင် ပေါ်ပေါက်လာမည့် ကားပျံများကို စိတ်ကူးမောင်းကြည့်နေမိ၏။

ပွိုင့်မရှိလမ်းမလို တိုက်ကြိုတိုက်ကြား ဝဲပျံသွားရင်း မြေကြောရှုံ့နိုင်မည့်ကားများကို ပိုင်ဆိုင်လိုလှပြီ။ တရွေ့ရွေ့နှင့် ရှေ့တိုးရင်း မီးပွိုင့်လွန်တော့လည်း တစ်နာရီ(၁၀)မိုင်နှုန်းလောက်သာ မောင်းလို့ရ၏။

တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့ဆိုစကားအတိုင်း အချိန်တွေအတော်ကြာတော့လည်း လိုရာကို ရောက်ခဲ့ရသည်ပေါ့။ အိမ်ရှေ့ကားရပ်သည်နှင့် ထွက်လာတာက အန်ကယ်လ်ကြီးဖြစ်၏။

"ဟော. . မောင်မင်းဝေအောင်ပါလား လာဟေ့"

"ဟုတ်ကဲ့. ."

အန်ကယ်က နေရာပေးပြီး ဖော်ဖော်ရွှေရွှေနှုတ်ဆက်စကားပြော၍ အနည်းငယ် စိတ်အေးရသည်။ သို့သော် တွေ့လိုသူကို မတွေ့ရသေး၊ မင်းဝေအောင် အုန်းလွဲမတတ် ဟိုဒီလှည့်ကြည့်သည်။ ဒါကို အန်ကယ်မရိပ်မိ၊ နောက်ဆုံးတော့ ဖွင့်ဟမေးရတော့၏။





"အန်ကယ်. . ယမုံ ဒီနေ့ အလုပ်နားရက် မဟုတ်လား"

"အေးလေ. . . နားရက်မှာ ရိပ်သာက ဓမ္မစရိယအောင်တဲ့ ကိုယ်တော်တစ်ပါးကို ဂုဏ်ပူဇော်ပွဲကျင်းပတာဖိတ်လို့ သူတို့သားအမိနှစ်ယောက် သွားကြလေရဲ့"

"ဪ. ."

တွေ့လိုသူကို မတွေ့ရသော်လည်း မူလရည်ရွယ်ချက်ကိုက မိဘများအား နားပူနားဆာလုပ်ဖို့ဖြစ်သည်။ သို့သော် ထိုကိစ္စကလည်း အန်ကယ်ကြီးနှင့်တော့ သိပ်အဆင်မပြေ၊ အန်တီကြိုင်နှင့်ဆိုလျှင် သူပြောရဲသော်လည်း အန်ကယ့်ရှေ့မှာ သူ နှုတ်ဆွံ့နေ၏။

"ဘီယာခေတ်မှာ လူဖြစ်လာတဲ့ မင်းတို့တွေ မကောင်းတာတွေ အတုမယူကြနဲ့နော် ငါးပါးသီလကို လုံအောင်ထိန်းကြ"

"ဟုတ်ကဲ့. ."

"ယက်သဲ့ကြားငါးတင် တင်တဲ့ငါး ကြောင်ကစား ဆိုသလို ငါးပါးသီလမြဲတဲ့သူသာ ကမ္ဘာ့ဆေးတဲ့ဘေးက လွတ်မှာကွဲ. ."

"ဟုတ်ကဲ့. ."

"ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာမည်ဆိုသလိုပဲ မကောင်းတာလုပ်မိရင် ပြန်ပေးဆပ်ရစမြဲပဲ. ."

"ဟုတ်ကဲ့. ."

"ဝင်ရိုက်တယ်ဆိုတာ သိပ်ကြောက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



တာ မြတ်ဘုရားတောင် ရှောင်မလွှတ်တဲ့ ဝိပါကဝဋ်(၁၂)ပါး ကို ရင်ဆိုင်ခဲ့ရသေးတာလေ. . "

"ဟုတ်ကဲ့. . "

"ကောင်းတာလုပ်တော့ နောင်သံသရာအတွက် စိတ်ချရတာပေါ့"

"ဟုတ်ပါတယ် အန်ကယ်"

အဘိုးကြီးကလည်း အငြိမ်းစားကျောင်းဆရာပီပီ သူ ကို တပည့်လို သဘောထားကာ တော်ကီတွေ ပွားနေသဖြင့် မင်းဝေအောင် အကြီးအကျယ် ညစ်နေရ၏။

အန်ကယ်ကြီးကိုပဲ ယမုံအပေါ် မေတ္တာရှိနေကြောင်း ဖွင့်ပြောလိုက်ရ ကောင်းမလား တွေးနေမိသည်။ သို့သော် ဘယ်လိုစကားစရမှန်းမသိ. . .

"ဘာပဲလုပ်လုပ် ကုသိုလ်နဲ့ယှဉ်ပြီးလုပ်. . လောက မှာ ပြုလို့ရတဲ့ကုသိုလ်ထဲမှာ အကျိုးအကြီးဆုံးကတော့ အပ္ပ မာဒကုသိုလ်ဟာ အနှိုင်းမဲ့ကုသိုလ်ပဲကွ. . "

"ဟုတ်ကဲ့. . "

"ပစ္စုပ္ပန်ကောင်းကျိုး တမလွန်ကောင်းကျိုး နှစ်မျိုးလုံး ကို သယ်ပို့ပေးနိုင်တဲ့ တစ်ခုတည်းသော အကြောင်းတရားက အပ္ပမာဒတရားပဲ"

"ဟုတ်. . . "

"အပ္ပမာဒဆိုတာ မမေ့ခြင်းပဲ၊ မမေ့မလျော့နေခြင်း ဟာ အပ္ပမာဒပဲ. . ဘာတွေကို မမေ့ရမှာလဲဆိုတော့ ဒါန သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာ





နုမောဒန၊ ဓမ္မသဝန၊ ဓမ္မဒေသနာနဲ့ ဒိဋ္ဌိဇုကမ္မ တို့ပဲကွ အားလုံးဆယ်ပါး. . အဲဒီဆယ်ပါးကိုမမေ့ရင် မင်း လူဖြစ်ကျိုး နပ်ပြီ. . ဘာလုပ်လုပ် ကုသိုလ်ဖြစ်ပြီ"

"ဟုတ်ကဲ့ အန်ကယ်. . ကျွန်တော်လည်း ပမာဒ ဖြစ် နေလိုက်တာ. . အဲလေ. . မေ့နေလိုက်တာ သူငယ်ချင်းတစ် ယောက် မင်္ဂလာဆောင်ကိုသွားရဦးမှာမို့ ခွင့်ပြုပါဦးအန်ကယ် အန်တီနဲ့ ယမုံကို ကျွန်တော်လာသွားတယ်လို့ပဲ ပြောလိုက် ပါ. . "

"သြော်. . အေးအေး. . ဟာ. . ဟော့ နေဦးလေ. . "

အန်ကယ်ကြီးက ဟားနေသေးသည်။

မင်းဝေအောင် မကြားချင်ယောင်ဆောင်ရင်း ဆင်း ပြေးလာခဲ့၏။ သမီးတောင်းဖို့ လာသူကို တရားဟောတာ ကတော့ နည်းနည်းလွန်သွားပြီထင်သည်။ မင်းဝေအောင် အပြေးကောင်း၍ ချက်ချင်းသောတပန် ဖြစ်မည့်ကောင်းကျိုး ကို လက်လွှတ်လိုက်ရသော်လည်း သူပျော်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

ညစာစားပြီး အခန်းအောင်းရင်း အင်တာနက်ဖွင့်၍ ဖေ့(စ်)ဘွက်(ခ်)သုံးနေခိုက် ဗုဒ္ဓဆင်းတုတော် တစ်ဆူထက် ဘိကနီနှင့် နိုင်ငံခြားသူတစ်ယောက် တက်ထိုင်နေသည့်ပုံကို တွေ့၍ ယမုံ ဒေါပွသွားသည်။ နောက်မှ ဒေါသစိတ်ကို အသိနှင့်ထိန်းချုပ်ရ၏။

"အေးလေ . . မြတ်ဗုဒ္ဓဘုရားသာသနာ ငါးထောင်ပဲ ထားခဲ့တာဒါတွေ ကြိုသိခဲ့လို့ဖြစ်မှာပေါ့ . . ခုပဲ တစ်ဝက် ကျော်နေပြီပဲဟာ ဘယ်အရာမှ မမြဲဘူးဆိုတဲ့အထဲမှာ ဗုဒ္ဓ ဒေသနာတွေပါ ပါနေပြီပေါ့ နှမြောစရာကောင်းလိုက်တာ





နော်. . "

အနိစ္စသဘောကို ဆင်ခြင်မိ၍ နေသာသွားသော်လည်း ရင်ထဲမကောင်းလှ၊ ဟိုဟိုဒီဒီ ဝင်ရောက်ကြည့်ရှုစဉ် ခြေသလုံးမမြုပ်သည့်ရေထဲမှ လှေတစ်စီးပေါ် လူကြီးတစ်ယောက်တက်ထိုင်ရင်း လက်ညှိုးထိုး ညွှန်ပြနေသည့် ပုံတစ်ပုံ တက်လာသည်။ ဘေးနားမှာလည်း ရေထဲရပ်နေသည့် လူကလေးငါးခြောက်ယောက်၊ ဒီပုံကို သူမြင်ဖူး၏။ လွန်ခဲ့သည့်နှစ် မိုးတွင်းရေကြီးစဉ်တာဝန်ရှိ လူကြီးတစ်ယောက် နောက်ပါများနှင့် ကွင်းဆင်းစစ်ဆေးနေပုံဖြစ်၏။ ထူးခြားတာက. . ရှစ်လက်မ အနက်လောက်သာရှိမည့်ရေထဲ သူတစ်ယောက်ထဲ လှေစီးနေခြင်းဖြစ်သည်။

အခုတစ်ခါထပ်တင်ထားသည့် ထိုပုံနှင့် တွဲလျက်ပါသည့် ခေါင်းစဉ်ကိုဖတ်ကြည့်မိတော့ ယမုံတခွိခွိ အသံထွက် အောင်ပင်ရယ်မိသည်။ "ဒီမှာ လှေစီးဒုက္ခသည်တစ်ယောက် ထပ်တွေ့ပြန်ပြီ" တဲ့လေ။

ဩော်. . အချိန်ကိုက် နောက်လည်းနောက်တတ်ကြသည့် ဖွဘုတ်ဘလော့ဂါတွေပါလားဟုလည်း သြချမိ၏။

"ယမုံ. . "

ဖွဘုတ်ထဲ အာရုံရောက်နေစဉ် ခေါ်သံကြား၍ ကြည့်လိုက်တော့ အမေဝင်လာတာတွေ့၏။ အဆင့်ဆင့် ပြန်ထွက်၍ အင်တာနက်ပိတ်ပြီး ဖုန်းကိုချထားလိုက်သည်။

"ဘာပြောစရာရှိလို့လဲ မေမေ. . . "

"မနက်က မောင်မင်းဝေအောင် လာသွားတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



“ရှင်. . . ဘာကိစ္စများလဲ. .”

“ဘာကိစ္စရှိမှာလဲ ညည်းကိုတွေ့ချင်လို့ဖြစ်မှာပေါ့. . ညည်းတို့ ဘယ်အဆင့်ရောက်နေပြီလဲ ပြောစမ်း. . .”

“အို. . မေမေကလည်း သူနဲ့ဘာဆိုင်လို့ ဘယ်အဆင့် ရောက်ရမှာလဲ”

“ဟင်. . ခုထိ ဘာမှမဆိုင်သေးဘူး ဟုတ်လား”

“ဟုတ်တယ်. . ဘာမှကိုမဆိုင်တာ. .”

ယမုစကားကြောင့် အမေ စိတ်ပျက်လက်ပျက်ဖြစ်သွားပုံရ၏။

“ဒီမယ် မိယမုံ ကျုပ်လည်း ငယ်ရာကကြီးလာတာပါအေ. . သူ့မျက်လုံးတွေအကဲခတ်လိုက်တာနဲ့ သူ့ရင်ထဲ ဘာဖြစ်နေတာလဲဆိုတာ ဒက်ခနဲ သိတယ်. .”

ဒေါ်ကြိုင်ကြိုင်တစ်ယောက် ဒေါသနှင့် အားမလိုအားမရဖြစ်မှုကို ရောစွက်၍ မပြီးနိုင်မစီးနိုင် လို့မ့်ကောတော့သည်။

“ဒီလို လူတော်လူကောင်းတစ်ယောက် ကိုယ့်ကို မေတ္တာရှိလို့ ခေါင်းပေါက်မတတ် လာနေတာကို ညည်းဘယ်လိုဆက်ဆံနေလို့ ခုထိ ဘာမှမဖြစ်ကြသေးတာလဲ”

“မေမေရယ် သမီးမှ အိမ်ထောင်ရေး စိတ်မဝင်စားတာ ယောကျ်ားယူဖို့ တစ်ခါမှ စဉ်းစားမကြည့်ဖူးဘူး. . .”

“ဘာ. . ဘာပြောတယ်. . ယောကျ်ားယူဖို့ မစဉ်းစားဖူးဘူးဆိုတော့ မိန်းမယူဖို့များ စဉ်းစားနေလို့လား. . . ညည်းယောကျ်ားလျာ ဖြစ်နေတာလား. .”





“မေမေကလည်း ပေါက်တတ်ကရတွေ ပြောနေပြန်ပါပြီ”

“မိန်းမသားတစ်ယောက် အရွယ်ရောက်ရင် အားကိုး အားထားအဖြစ် အိမ်ထောင်ပြုရတာ ဓမ္မတာပဲ. . ဒါကိုလွန်ဆန်ဖို့ မကြိုးစားနဲ့၊ မောင်မင်းဝေအောင်လို လူမျိုး ညည်းဘဝထဲ တစ်ယောက်ပြီးတစ်ယောက် ရောက်လာမယ်ထင်နေလား. . ဒီခေတ်ထဲ ဒီလိုလူမျိုးရှားတယ်နော်. .”

“မေမေရယ်. . . သမီးဘာသာ၊ တရားဘာဝနာနဲ့ အေးအေးဆေးဆေး နေလို့မရဘူးလား. . ၊ သမီးယောကျ်ားမယူချင်ဘူး”

“မယူချင်လို့ မရဘူး မိယမုံ၊ ဒီတစ်ခါ မောင်မင်းဝေအောင်လာရင် ကောင်းကောင်းမွန်မွန်ဆက်ဆံနော်. . ၊ နေစမ်းပါဦး သူကရော ဘာမှမပြောဘူးလား. . မေတ္တာစကားတို့ ချစ်စကားတို့”

“ပြော. . ပြောပါတယ် မေမေ. .”

“ဟင်. . ပြောတယ် ဟုတ်လား ညည်းဘာပြန်ပြောလိုက်လဲ ပြောစမ်း. .”

“အမေတို့ ခွင့်ပြုရင် သီလရှင်ဝတ်မှာလို့. .”

“ဘာ”

ဒေါသတကြီး အော်ဟစ်လိုက်သည့် ဒေါ်ကြိုင်ကြိုင်အသံကြောင့် ယမုံဆတ်ခနဲတုန်အောင်ပင် လန့်သွားရ၏။

“ညည်း. . ညည်းအေ ရူးများရူးနေလား. . ကြီးမှ သီလရှင်ဝတ်လို့ ထွန်းထွန်းပေါက်ပေါက်ဖြစ်တဲ့ ဆရာလေး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှုပါးတွေ့ဖူးလို့လဲ သာသနာ့ဝန်ထမ်းဆိုတာ အတိတ်ကံက ပြဋ္ဌာန်းပေးလိုက်ပြီးသား ညည်းရုပ်နဲ့ဘယ်လိုမှ သီလရှင်မဖြစ်ဘူး ဘုန်းကြီးဖြစ်ဖြစ် သီလရှင်ဖြစ်ဖြစ် ငယ်ဖြူမှတန်ဘိုးရှိတာဟဲ့. . ”

“ဒါဆို သဲအင်းဂူ ဆရာတော်တို့ အရှင်ဆန္ဒာဓိကတို့ ဘယ်လိုလုပ်မလဲ. . . ”

“ဟဲ့. . သူတို့က ပါရမီရှင်တွေ သိရဲ့လား ညည်းအဆင့်နဲ့များ မတန်မရာကြေးတိုင်းစရာလား. . ”

အမေနှင့်သမီးတို့၏ အမျိုးသမီးရေးရာ ဆွေးနွေးပွဲက တမ်ပိုတွေ တအားမြင့်လာသည်။

“ဒီမယ် ညည်းကို ရှင်းရှင်းပဲပြောမယ် သုံးလအတွင်း မောင်းမင်းဝေအောင်နဲ့ အဆင်ပြေသွားပြီဆိုတဲ့ စကားပဲကြားချင်တယ်၊ ဒီလိုမှမဟုတ်ဘဲ ဆက်ပြီး ခေါင်းမာနေဦးမယ်ဆိုရင်တော့ နင့်အဖေရွာက လယ်ပိုင်ရှင် တောသူဌေးသားတစ်ယောက်နဲ့ အတင်းပေးစားရလိမ့်မယ်. . ဒါပဲ”

တစ်ချက်လွှတ် အမိန့်ထုတ်ပြန်ပြီး ခြေသံပြင်းပြင်းနင်းကာ အမေထွက်သွားတော့ ယမုံ စိတ်ပျက်လက်ပျက်ဖြစ်ကျန်ရစ်ခဲ့၏။ ခုတော့ ခက်ပြီ၊ မင်းဝေအောင် ပြဿနာအပြင် တောသူဌေးသားတစ်ယောက်ပါ အဆစ်ပါလာပြန်ပြီ၊ မမြင်ဘူးမတွေ့ဘူးသည့် တောကလူတစ်ယောက်ကို လက်ထပ်ဖို့ဆိုတာတော့ လုံးဝမဖြစ်နိုင်၊ အချိန်ကလည်း သုံးလပဲပေးသွားသည်။ ယမုံ သက်ပြင်းချရင်း ခေါင်းမှ ဆံပင်တွေကို ထိုးဖွလိုက်၏။





“စိတ်ရှုပ်လိုက်တာနော် တကယ်ပါပဲ၊ ကိုယ့်ဟာကိုယ် ထိ-သိ-သတိနဲ့ ငြိမ်းချမ်းနေတာကို အေးအေးမနေရဘူး. . ဒါတွေအားလုံး မင်းဝေအောင်ဆိုတဲ့လူကြောင့်. . ဒင်းတော့လား. .၊ ဘာလုပ်ရင်ကောင်းမလဲ. . အိမ်ကထွက်ပြေးပြီး သီလရှင်ဝတ်လိုက်ရမလား ဒါလည်းမဖြစ်သေးပါဘူး. .၊ သုံးနှစ်မပြည့်သေးဘဲ အလုပ်ထွက်ရင် ရပြီးသားလခတွေရဲ့ သုံးဆတောင်လျော်ရမှာ. .၊ ကွိုင်ပဲဟာ ဒီကိစ္စတွေ ငါတစ်ယောက်ထဲ ဖြေရှင်းလို့ မဖြစ်တော့ဘူး တစ်ယောက်ယောက်နဲ့တိုင်ပင်ပြီး အကြံဉာဏ်တောင်းရမယ်၊ ယုံကြည်ရလောက်တဲ့သူ ဘယ်သူရှိလဲ. .၊ ဟုတ်ပြီ. . အေးသီခိုင် အေးသီခိုင်နဲ့ တိုင်ပင်ကြည့်ရမယ်. . ”

ထွက်ပေါက် တစ်ခုအဖြစ် အေးသီခိုင်ကို သတိရမိပြီး အသံမထွက်အောင် Message ပို့ကာ ဆက်သွယ်ရင်ဖွင့်လိုက်၏။ လောလောဆယ်တော့ ယမုံတစ်ယောက် စိတ်အေးလက်အေး ဖြစ်သွားရှာသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

အလုပ်ရုံထဲမှ ထမင်းဝိုင်းက တိတ်ဆိတ်နေသည်။ မင်းဝေအောင်လည်း ထမင်းကသိုက်ားရှုနေ၏။ တိုးကြီးက ထိုက်အောင်အား လက်တို့၍ ထိုအဖြစ်ကို မေးငေ့ါပြသည်။ ထိုက်အောင် စိတ်မသက်မသာနှင့် ခေါင်းရမ်းပြ၏။

"မင့်းဝေအောင် ထမင်းဟင်းတွေ အေးကုန်လိမ့်မယ် စားလိုက်ဦးလေ. ."

သတိပေးသံကြားမှ မင်းဝေအောင် ဇွန်းကောက်ကိုင်ကာ တွေ့ရာထိုးကော်ပြီး ပါးစပ်ထဲထည့်သည်။

"ငါ အတော် ညစ်နေတယ်ကွာ. ."





"ရုပ်မြင်တာနဲ့ သိပါတယ်ကွ. . ဒီလောက်လည်း ခံစားမနေပါနဲ့ကွာ. .၊ မင်းမို့လို့ ဒီလောက်ဇွဲကောင်းနေတာ ငါသာဆို သူ့ကို အဝေးရောက်အောင် ဝဲပစ်လိုက်ပြီ. ."

"မင်း သူ့မိဘတွေကို ဖွင့်မပြောခဲ့ဘူးလား. ."

"ပြောဖို့နေနေသာသာကွာ ဇွတ်တရားဟောနေတဲ့ အဘိုးကြီးလက်က မနည်းလွတ်အောင် ထွက်ပြေးလာရတာကွ. . အန်တီနဲ့ယမုံက မရှိဘူး. . အန်တီနဲ့သာတွေ့ရင် ပြောဖြစ်မှာ သေချာတယ်. . ."

"အင်း. . ကံကိုက မဆုံအောင် ဖယ်နေတာဖြစ်မှာ"

မင်းဝေအောင်မျက်နှာက ပြုတော့မည့်မိုးလို ဖြစ်သွား၏။ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြောတတ်သည့် တိုးကြီးက. .

"အချစ်စစ်တို့မည်သည့် ဖြောင့်ဖြူးရာလမ်းမရှိဆိုတာ မင်းရဲ့အဖြစ်မျိုးကိုပြောတာပဲဖြစ်ရမယ် မင်းဝေအောင်"

ထိုအခါကျမှ မင်းဝေအောင် မျက်နှာအနည်းငယ် လန်းလာ၏။ ပိုပြီးလန်းသွားအောင် ထိုက်အောင်က. . .

"ဒါဆိုလည်း ညားတဲ့အခါကျမှ အတိုးချပြီး တစ်နှစ်တစ်သားကျအောင် ဆုံးမလိုက် အဲဒါမှတန်မှာ. ."

ထိုဟာသအတွက် မင်းဝေအောင်က ရယ်သံအနည်းငယ် ပြန်ချီးမြှင့်သည်။ ထိုစဉ် မင်းဝေအောင်ဖုန်း မြည်လာ၏။ မင်းဝေအောင် ဖုန်းယူ၍ နံပါတ်ကိုကြည့်လိုက်ရင်း

"ဟင်. . အိမ်ကဖုန်းပဲ၊ ဟာလို မေမေ. . မေမေလား"

"ဒေါ်ကြီးပါ ငါ့တူရဲ့. ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဟုတ်ကဲ့ ဘာဖြစ်လို့လဲဟင်. ."

"ငါ့တူရေ မင်းမေမေ နေမကောင်းဘူးကွဲ့၊ အဲဒါ မြန်မြန် ပြန်လာခဲ့ပါဦး ဆေးရုံပို့သင့် ပို့ရအောင်. ."

"ဗျာ. . ဟုတ် ဟုတ်ကဲ့ ကျွန်တော် အခုချက်ချင်း ပြန်လာခဲ့မယ်ဒေါ်ကြီး၊ အမေ့ကို ကြည့်ထားပေးပါဦးနော်. ."

"အေးပါကွယ် စိတ်ချ. ."

"ဟုတ်ကဲ့. . ကျေးဇူးပါပဲဗျာ. . ဒါပဲနော်. ."

ဖုန်းပိတ်ပြီး မင်းဝေအောင် ကမန်းကတန်း ထရပ်သည်။

"ဘာဖြစ်လို့လဲ မင်းဝေအောင်. ."

"အမေ နေမကောင်းလို့တဲ့ ဘာဖြစ်မှန်းတော့ မသိသေးဘူး၊ အဲဒါ လုပ်စရာရှိတာတွေ ဦးစီးပြီး လုပ်ထားလိုက်ကြ. ."

"အေး. . . ေအး အလုပ်အတွက် စိတ်ချသွား၊ ဒေါ်လေးကျန်းမာရေးက အရေးကြီးတယ်. ."

"သွားပြီဟေ့. ."

မင်းဝေအောင် စိတ်ပူစွာဖြင့် အိမ်ပြန်ခရီး စခဲ့၏။ အရေးတကြီးကိစ္စရှိသည့် အချိန်မျိုးမှာ လမ်းပိတ်တာကို ကြုံရတာ စိတ်ဆင်းရဲစရာကောင်းလွန်းလှသည်။ အရေးပေါ်ကိစ္စနှင့် သွားလာရသည့် လူနာတင်ကား မီးသတ်ကားတွေ လမ်းပိတ်တာကြုံရလျှင် မလိုလားအပ်သော အသက်ဆုံးရှုံးမှုတွေ ဖြစ်လာနိုင်သည်။

ဂုံးကျော်တံတားတွေ ပြီးသွားတော့လည်း တံတား





ပေါ်မှာပါ ယာဉ်ကြောပိတ်တာကို ကြုံနေကြရသည်။ အမေ ဘာဖြစ်သလဲ၊ အခြေအနေမှကောင်းရဲ့လား၊ စိတ်စောစိတ်ပူစွာနှင့် ဟွန်းအကြိမ်ကြိမ်တီးပြီး အတင်းခေါင်းထိုးတိုးဝင်ကာ မောင်းလာခဲ့၏။

စိတ်ဆင်းရဲကိုယ်ဆင်းရဲ နာရီဝက်တာကာလက ငရဲကျသလို ခံစားရသည်။ အိမ်ရှေ့ကားရပ်ပြီးသည်နှင့် အိမ်ပေါ်သို့ အပြေးတက်လာခဲ့၏။ အိမ်နီးချင်းအဒေါ်ကြီးနှင့် ကုတင်ပေါ်မှာ အမောဖေါက်နေသည့် အမေ့ကိုတွေ့လိုက်ရသည်။ အခြေအနေ စိုးရိမ်ရသဖြင့် အရေးပေါ်သုံးရန် ဝယ်ထားသော ဆီးချိုတိုင်းကိရိယာ တိုင်းကြည့်၏။ ဆီးချိုကသုံးရာထိအောင် တက်နေတာ တွေ့ရသည်။ ဆေးရုံအမြန်ပို့တာ အကောင်းဆုံးဖြစ်မည်မို့ လိုအပ်ပစ္စည်းတွေ ဝရုန်းသုန်းကား စုဆောင်းရသည်။

ဓာတ်ဘူး၊ မတ်ခွက်၊ ရေဘူး၊ ခြင်း၊ အဝတ်အစားစောင်၊ ခေါင်းအုံးတို့ ပြင်ဆင်ပြီး ကားပေါ်တင်၏။ အမေ့ကိုပွေ့ချီကာ ကားနောက်ခန်းထဲထည့်သည်။ အိမ်နီးချင်းအဒေါ်ကြီးလိုက်လာသဖြင့် အဆင်ပြေသွား၏။ မြန်မြန်ရောက်မည့် ဆေးရုံကိုရွေးတော့ SSC သို့ ပို့တာအကောင်းဆုံး ဖြစ်မည်ဟုတွေးပြီး ခပ်သွက်သွက် မောင်းလာခဲ့သည်။

လမ်းမှာ ကားရှေ့ဆက်တိုးဖို့ အခွင့်မသာသည့်အခါတိုင်း နောက်ကိုလှည့်ကြည့်၍ အမေ့အခြေအနေကို စူးစမ်းရသည်။ ဤသို့ ရင်တထိတ်ထိတ်နှင့် ခရီးဆက်ခဲ့ရာ ဆေးရုံသို့ အမေ့အား အသက်နှင့်တွဲလျက် ခေါ်လာခဲ့နိုင်၍ မင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကျေနပ်မိသည်။ ပုဂ္ဂလဆေးရုံကလည်း အရေးပေါ် ကုထုံးများနှင့် အချိန်မီကုသပေး၍ အခြေအနေအနည်းငယ် ပြန်ကောင်းလာ၏။

သို့သော် အနီးကပ်စောင့်ကြပ်ကုသမှု လိုသေးသည်မို့ ဆေးရုံတင်လိုက်ရသည်။ ထို့အတွက်လည်း ပြဿနာမရှိ၊ မင်းဝေအောင် ကိုယ်တိုင်စောင့်ရှောက်သလို စပယ်ရှယ်နပ်စ်ကိုလည်း အချိန်ပြည့်ငှားထားလိုက်၏။ ဆီးချိုရောဂါသွေးတိုးပါရှိသည့်အပြင် နှလုံးလည်းအားမကောင်းလှသဖြင့် မင်းဝေအောင် စိုးရိမ်ပူပန်နေရ၏။

ထိုညက မင်းဝေအောင် ဆေးရုံမှာပဲ အိပ်လိုက်သည်။ မနက်လင်းတော့ တိုးကြီးနှင့် ထိုက်အောင်တို့ အစောကြီးပေါက်ချလာကြ၏။ သူတို့ရှိနေစဉ်မှာပင် အမေ့ရောဂါ ဖေါက်လာပြီး သတိလစ်သွားပြန်သည်။

ဆရာဝန်တွေရောက်လာပြီး အသည်းအသန် အသက်လု ကုသရသည်။ ရောဂါကို ထိန်းထားနိုင်သော်လည်း သတိပြန်လည်မလာသဖြင့် အောက်ဆီဂျင်ပေးထားရ၏။

"အခြေအနေကတော့ မြင်တဲ့အတိုင်းပဲကွာ. ."

"ပြန်ကောင်းလာမှပါ ဆေးရုံကော ဆရာဝန်တွေပါ နာမည်ကြီးတွေပဲဟာ. ."

"အဲဒီလိုပဲ မျှော်လင့်ရတာလေ. . ငါ ဒီရက်ထဲ အလုပ်ရုံကို လာနိုင်မှာ မဟုတ်ဘူး၊ အော်ဒါအသစ်တွေ ထပ်ပြီး လက်မခံနဲ့တော့ လက်ရှိအလုပ်တွေပြတ်ရင် အရောင်းဆိုင်ပဲ ဖွင့်ထားလိုက်. ."





"အေးပါ. . အလုပ်ကိစ္စတွေအတွက် ဘာမှစိတ်မပူနဲ့ ဘာလိုအပ်သေးလဲ"

"ညနေကျရင် အလုပ်ရုံမှာရှိတဲ့ ငါ့အဝတ်အစားတွေ ယူလာပေးကွာ ဒီနေ့အိမ်ပြန်ဖြစ်မှာ မဟုတ်ဘူး"

"အေး. . လာပို့ပေးမယ်. ."

ထိုက်အောင်တို့ပြန်သွားတော့ ကြက်အိပ်ကြက်နိုး အနားယူလိုက် ထကြည့်လိုက်နှင့် အခြေအနေကို စောင့်ကြည့်ရ၏။ ပုဂ္ဂလိကဆေးရုံမှ သီးသန့်ခန်းက ဟိုတယ်တွေလောက် မသားနားသော်လည်း တည်းခိုခန်းထက်တော့ အဆင့်မြင့်၏။ ရေချိုးခန်းအိမ်သာ သီးသန့်ပါသလို အဲကွန်းလည်းရှိသည်။ လူနာအပြင် အပိုလူနှစ် ယောက်လောက်တော့ ခြေဆန့်အနားယူနိုင်၏။

အမေ့အခြေအနေကတော့ ထူးခြားမလာသေး. .၊ သတိ ကင်းလွတ်နေ၍ အစာမစားနိုင်သဖြင့် ပုလင်းကြီးချိတ် လိုက်ရပြန်သည်။ အောက်ဆီဂျင်ပိုက်၊ ဒရစ်ပိုက်တွေနှင့် ရှုပ်ယှက်ခတ်နေသော အမေ့ကိုကြည့်ပြီး မင်းဝေအောင် ဖြေမဆည်နိုင်ဖြစ်ရသည်။

ဒီလိုနှင့် သုံးရက်မြောက်နေ့မှာတော့ အမေသတိပြန်ရလာသည်။ မင်းဝေအောင်ဝမ်းသာလွန်းသဖြင့် မျက်ရည်သည်အောင် ငိုမိသည်။ အစားအစာကျွေးရန် ဆရာဝန်ကြီးတွေ ခွင့်ပြုသဖြင့် ဆေးရုံစားသောက်ဆိုင်မှပင် ကြက်ပေါင်းမှုစွမ်ပြုတ် ဝယ်တိုက်ရ၏။ မြူစွမ်တစ်ပွဲကို သုံးပုံတစ်ပုံပင် ကုန်၊ ဘာပဲဖြစ်ဖြစ် အစာပြန်ဝင်လာတာ တိုးတက်မှုပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည် မဟုတ်လား။

"သား . . အလုပ်ရုံမရောက်တာ ကြာပြီပေါ့. ."

"ဒါတွေ တွေးမနေနဲ့ မေမေရယ်. . ထိုက်အောင်နဲ့ တိုးကြီး ရှိတယ်လေ ဒီကောင်တွေက စိတ်ချရပါတယ်. ."

"အင်း. . ဒီတစ်ခါတော့ တော်တော်ခံလိုက်ရတယ် သားရယ်. . ပြန်ကောင်းဖို့တော့ လွယ်မယ်မထင်ဘူး. ."

"အားမလျှော့ပါနဲ့မေမေ ဆရာဝန်ကြီးက အခြေအနေ ကောင်းတယ်လို့ပြောပါတယ် အမေပြန်ကောင်းလာမှာ"

အမေက ခပ်ယဲ့ယဲ့သာ ပြုံးပြ၏။

"သား အိမ်ပြန်ပြီး အခြေအနေကြည့်လိုက်ဦးလေ. . အကြာကြီး အိမ်ပိတ်ထားရတာ မကောင်းဘူး. . ပြီးတော့ တရားခွေတွေထည့်ထားတဲ့ MP3 စက်လေး ယူခဲ့သားရယ်"

"ဟုတ်ကဲ့ မေမေ. . ."

ခဏတဖြုတ်စကားပြောပြီး မောလာသဖြင့် နာ့ပ်(စ်) တိုက်သည့် ဆေးသောက်ပြီး အမေ မှိန်းသွားသည်။

မင်းဝေအောင်လည်း နာ့ပ်(စ်)မအား ဂရုစိုက်ရန်မှာပြီး အိမ်ခဏပြန်ခဲ့သည်။ လိုအပ်တာတွေယူ အိမ်ကိုသေချာစစ်ဆေးပိတ်ဆို့၍ အိမ်နီးချင်းများကိုအပ်ပြီး ဆေးရုံသို့ ပြန်လာခဲ့သည်။

အမေတရားခွေတွေ ယူခိုင်းလိုက်တာကို မင်းဝေအောင်စိတ်ထဲ စနောင့်စနင်းဖြစ်မိသည်။ နောက်မှ နေကောင်းစဉ်တုန်းကလည်း အမြဲတရားနာနေကျပဲလေဟု ဖြေရ၏။ လိမ့်လိမ့်လဲလဲ အဖြစ်မျိုး ဒီတစ်ကြိမ်သာမြင်ဖူးသေး၍





ပြန်ကောင်းလာမှာဟု ကိုယ့်ဘာသာအားပေးရသည်။

နောက်ပိုင်းရက်များတွင်လည်း မင်းဝေအောင် အမေ့နားမှာပဲ အချိန်ပြည့်နေသည်။ အခြေအနေက တစ်နေ့ရွှေ တစ်နေ့ငွေ ဆိုသလိုဖြစ်နေ၏။ အစာမစားနိုင်တော့၍ အောက်ဆီဂျင်ပိုက်ဖြုတ်ပြီး နှာခေါင်းထဲမှ အစာပိုက်သွင်းထားရသည့် အခြေအနေဖြစ်လာသည်။

ဆရာဝန်တွေက အမေ့ရောဂါကြီးသုံးမျိုးကို ကုထုံးအမျိုးမျိုး ဆေးအမျိုးနှင့် ကြိုးစားကုသပေးကြသော်လည်း ကယောင်ကတန်း ယောင်းရမ်းပြောဆိုမှုတွေ ရှိလာသည်။ သတိရှိနေသည့် အချိန်များမှာလည်း ဝေဒနာကို အသည်းအသန်ခံစားနေရသဖြင့် စိတ်တိုလာတာကို သတိပြုမိသည်။ နာယူနေကျ တရားသကိုပင် မခံစားနိုင်တော့သလားမသိ. .

"နာညည်းလိုက်တာ ပိတ်ထားလိုက်စမ်းပါ. . အမလေးလေး ဘယ်လိုကြီးနေရမှန်း မသိဘူး ဆရာဝန်ခေါ်ပေး ခေါ်. . ပေး. ."

ရောဂါ၏နှိပ်စက်မှုကို သည်းခံနိုင်စွမ်းမရှိတော့၊ ညည်းညူတာတွေပိုတိုးလာသည်။ မခံစားနိုင်ဟန်နှင့် လူးလိမ့်ပြီး ပိုက်တွေဆွဲဖြုတ်ပစ်သည်အထိဖြစ်လာ၏။ ထို့အတွက် အကိုက်အခဲပျောက်ဆေးနှင့် အိပ်ဆေးထိုးပြီး ငြိမ်အောင်လုပ်ပေးနေရသည်။

ဆရာဝန်က ကျောက်ကပ်ထိသွားသည်ဟုတော့ ပြော၏။ ကိုယ်တိုင်လည်း ဆီးမသွားနိုင်တော့သဖြင့် ဆီးပိုက်ပါ တပ်လိုက်ရသည်။ ပိုက်ပေါင်းစုံနှင့် အမေ့ကိုကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းဝေအောင် ကြိတ်ငိုခဲ့ရတာလည်း ဘယ်နှစ်ကြိမ်မှန်းမသိတော့ . . .

ဇာတိ ဇရာ ဗျာဓိ မရဏ . . စသည့် ဘေးမျိုးစုံနှင့် အမေရင်ဆိုင်တွေ့နေပြီ၊ ဒီအချိန်မှာ ဝင်လေထွက်လေကို မှတ်ဖို့ အားမထုတ်နိုင်သလို နာတာကို သည်းခံဖို့ ဥပက္ခာပြုဖို့ အတော်ခက်တာကိုလည်း မင်းဝေအောင် သတိပြုမိ၏။

အမေက အာနာပါနတရား ရှုမှတ်ရာတွင် လူပိဏ်း တစ်ယောက်မဟုတ်၊ အတော်အတန် တရားသိသူဆိုလျှင် လည်းမမှား၊ ဒီလိုလူတစ်ယောက်က တရားခွေ ဖွင့်ပေးတာကို နားညည်းတယ် ပိတ်လိုက်ပါဆိုတော့ မင်းဝေအောင် ဇရာနှင့် မရဏတရားကို အတော်ကြောက်သွားသည်။

တစ်ခါကြားဖူးနားဝ ရှိထားသလောက်ဆိုလျှင် သေခါနီးဇောတွေက အတော်ကြောက်စရာကောင်း၏။ ဘယ်လောက်ပဲ ကုသိုလ်ကောင်းမှုတွေ ပြုထားခဲ့သည်ဖြစ်စေ နောက်ဆုံးအချိန်မှာ အယူတိမ်းသည်နှင့် လားရာမကောင်းနိုင်တော့၊ ကုသိုလ်ကောင်းမှုအရှိန်က နောက်မှသာ အကျိုးပေးမှာဖြစ်သည်။

သက်န်းကိုစွဲပြီး ပျံတော်မူသွားသည့် ဘုန်းကြီးတစ်ပါး 'သန်းကြီးမ' ဖြစ်သွားသည့် 'ဇာတက'ကို သူဖတ်ဘူးနေ၏။ ဘုန်းကြီးဝတ်နှင့်ပြုခဲ့သည့် ကုသိုလ်က အရင်လာခြင်းမဟုတ်တာကို သတိပြုမိ၏။

သို့သော် အလကားတော့မဖြစ်၊ တိရစ္ဆာန်ဘဝနှင့် ခဏသာနေရပြီး ကောင်းရာဘုံသို့ လားရသည်။ ထိုကြောင့်





သေခြင်းတရားကို မင်းဝေအောင် အတော်ကြောက်သွားသည်။ ထိုသို့ကြောက်မိချိန်တွင် အရှင်ဆန္ဒာဓိက၏ "မသေခင် ဘာလုပ်ကြမလဲ" ဆိုသည့် ဓမ္မစာစုတစ်ပုဒ်ကို ဖတ်မိသည်။

ထိုစာစုကိုဖတ်မိမှ အသေကြီးနှင့် အသေလေး၊ တကယ်မသေခင် အစမ်းသေကြည့်ရအောင်ဆိုသည့် စကားဆန်းတွေကို သိလာရ၏။ သေခါနီးမှာ နိမိတ်ဆိုး အာရုံဆိုးတွေ မဝင်အောင် ကာကွယ်နည်းကိုတွေ့ရသည်။ ညစဉ်အိပ်ရာဝင်တိုင်း ငါခဏသေကြည့်လိုက်ဦးမယ်ဟု နှုတ်မှ ရွတ်ဆို၍ မရဏနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်းဖို့၊ အာနာပါန ရှုဖို့ နည်းတွေသိပြီး အားတက်သွားရပြန်သည်။

ထိုသောအခါ လူဖြစ်နေရတာကိုတောင် အကြောက်ကြီးကြောက်သွား၏။ နောင်ဘဝတွေ အကြိမ်ကြိမ်ရပြီး အထပ်ထပ် သေရဦးမှာကို မလိုလားတော့၊ ဒီတစ်ဘဝနှင့်ပဲ ပြီးပြတ်ချင်စိတ်က ပြင်းပြလာ၏။ အမေ ပြန်နေကောင်းလာလျှင်တော့ ဘာသာရေးကို ဖိဖိစီးစီးလိုက်နာ ကျင့်ကြံကာ အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

မင်းဝေအောင် သူ့အမေနှင့်အတူ ဆေးရုံပေါ်တွင် မရဏတရားနှင့် နပန်းလုံးနေခိုက် ယမုံမှာလည်း ဒုက္ခပင်လယ်ဝေလျက် ရှိသည်။ သူ့ဒုက္ခက တခြားတော့မဟုတ် မိဘများ ရာဇသံပေးထားသည့် တောသူဒွေးကိုလည်း မယူချင်၊ သီလရှင်ဝတ်ဖို့ကလည်း မဖြစ်နိုင်သေး၍ မင်းဝေအောင်ကို



www.burmeseclassic.com

www.burmeseclassic.com



မျှော်မိခါမှ လုံးဝပေါ်မလာတော့သည့် ဒုက္ခပင်ဖြစ်သည်။

ဖုန်းနံပါတ်လည်းမသိ အိမ်လိပ်စာလည်းမသိ၊ ဒေါ်နှင်းဆီနှင့်ကလည်း ရိပ်သာတွင်သာ ဆုံဖူးပြီး အိမ်လိပ်စာကို မေးမထားမိသည့်အတွက် အခက်ကြုံနေ၏။

အကျိုးအကြောင်းအတော်အတန် သိထားနေပြီဖြစ်သည့် အေးသီခိုင်နှင့် တိုင်ပင်ကြည့်တော့လည်း ဖုန်းနံပါတ်မသိ၊ လိပ်စာမသိသည့် လူတစ်ယောက်ကို ရန်ကုန်မှာ လိုက်ရှာဖို့ဆိုတာ ရဲတပ်ဖွဲ့တောင် စွမ်းဆောင်နိုင်မှာမဟုတ်ကြောင်း သုံးသပ်ပြ၍ စိတ်ဓာတ်က သုညမှတ်အောက်သို့ ရောက်သွားတော့၏။

နောက်ဆုံးတော့ သီလရှင်ဝတ်ဖို့ ကြွေးကြော်ထားသည့် ယမုံတစ်ယောက် လာပါတော့ အခါခါမော့ မာလာဖော့ မျှော်ပေ့ါလေးနာရီ သီချင်းကိုဆိုကာ မင်းဝေအောင်ကို တမ်းတနေရလေတော့သည်။









# အခန်း(၁၆)

ဆေးရုံရောက်၍ နှစ်ပါတ်မြောက်နေ့မှာ အမေသတိရလာသည်။ မင်းဝေအောင် ဝမ်းသာမဆုံးဖြစ်သွား၏။ အစာစားချင်သည် ပြော၍ပိုက်ဖြုတ်ပြီး လူကြီးအာဟာရမှုန့် (အင်(န်)ရှူးဝါး) ဖျော်တိုက်သည်။ ဆန်ပြုတ်တိုက်သည်။ သိပ်အများကြီးမစားနိုင်သော်လည်း အတော်တော့ဝင်သွား၏။

အမေက လေသံယဲ့ယဲ့နှင့်. . .

"သားရယ်. . သားရဲ့မင်္ဂလာဆောင်ကို အမေမီမယ်မထင်တော့ဘူးကွယ်. ."

"ဟာ. . မေမေကလည်း ဘာ့စကားတွေ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ အမေ အခုပဲ အစာပြန်စားနိုင်နေပြီလေ. . နောက် တစ်ပါတ်လောက်ဆို လုံးဝကောင်းသွားမှာ. ."

အမေ နှုတ်ခမ်းတွန့်ရုံပြုံး၏။

"အမေ ခံစားနေရတာကို အမေပဲ သိပါတယ် သား ရယ်. . အမေ မနေရတော့ပါဘူး"

"မဟုတ်တာ အမေရယ် ဘာမှ အားငယ်စရာမလို ဘူး. . ဒီမှာ ဆေးကောင်း ဝါးကောင်းတွေရော သမားတော် တွေရော အများကြီးပဲဟာ. ."

အမေ မောလာသဖြင့် အတိုက်အခံ မပြောတော့ဘဲ မင်းဝေအောင် လက်ကိုသာ အားကိုးတကြီး ဆုပ်ကိုင်ထားရှာ သည်။ ခဏနေတော့ ပေးထားသည့် ဆေးအရှိန်နှင့် ပြန်မှိန်း သွားသည်။ ညနေစောင်းတွင် ပြန်နိုးလာ၍ ဆန့်ပြုတ်တိုက် ၏။ ထို့နောက် သိပ်မကောင်းချင်တော့၊ အမောဖေါက်လာ၍ အောက်ဆီဂျင်ပြန်တပ်ရသည်။ ထိုတစ်ညလုံး ဝေဒနာကို အမေ အပြင်အထန်းခံစားရသည်။ အော်ဟစ်ညည်းညူပြီး ကယောင်ကတန်းတွေ ပြောသည်။

"မခံနိုင်တော့ဘူး. . ဆေးထိုးပြီး သတ်လိုက်ကြပါ တော့. . ဆရာဝန်ကြီးရေ. . ကျွန်မ သေပါရစေ. ."

ထိုစကားကြောင့် မင်းဝေအောင် မျက်ရည်ဖြိုင်ဖြိုင် ကျရသည်။ ဒီအချိန်မှာ "အမေ၊ အမေ ပြုခဲ့သမျှ ကုသိုလ် ကောင်းမှုတွေကို နှလုံးသွင်းနေနော်" ဟု သူမပြောရက်တော့ ရောဂါ၏ နှိပ်စက်မှုကို အလူးအလဲခံစားရင်း လင်းအားကြီး ငါးနာရီဆံယ်မိနစ်တွင် အမေဆုံးပါးသွားတော့၏။





တစ်ချိန်လုံး အနားကပ်၍ အားရပါးရ ပြုစုလိုက်ရသ ဖြင့် မင်းဝေအောင် မငိုမိတော့ အလိုလိုစီးကျလာသည့် မျက် ရည်များနှင့်ပင် အမေ့ပါးကို နောက်ဆုံးအကြိမ် နမ်းလိုက် တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

ဆေးရုံမှတာဆင့် ကြွင်းကျန်ရစ်သော အမေ့ရုပ်အလောင်းကို ရေဝေးအအေးတိုက်သို့ ပို့ဆောင်ပြီးနောက်. . မင်းဝေအောင်အိမ်သို့ ပြန်လာခဲ့သည်။ ဖုန်းဆက်အကြောင်းကြားထားသဖြင့် တိုးကြီး ထိုက်အောင်နှင့် ဆိုင်မှအလုပ်သမားသုံးယောက် အိမ်သို့ရောက်လာကြ၏။

လူတစ်ယောက်၏ နောက်ဆုံးခရီးအတွက် လိုအပ်သည့် နာရေးဖိတ်စာ၊ သတင်းစာနာရေးကြော်ငြာ၊ ယပ်တောင်၊ ရေဘူး၊ အအေးဘူး၊ အိမ်သို့သတင်းမေးလာသူများအားဧည့်ခံရန် ဆေးလိပ်၊ စီးကရက်၊ ကွာစေ့လှော်၊ ကွမ်း၊





ကော်ဖီမစ် စသည်တို့ကို လူခွဲတာဝန်ပေး လုပ်ဆောင်ခိုင်းရသည်။ မမွေဒါနလက်ဆောင်အဖြစ် အရှင်ဆန္ဒာမိက၏ မသေခင်ဘာလုပ်ကြမလဲ မမွေစာအုပ်ငယ်ငါးရာ မှာလိုက်သည်။

သတင်းမေး လာကြသူများကို မင်းဝေအောင် ဒိုင်ခံဖြေကြားဧည့်ခံနေရ၏။ နေ့ခင်းဘက်တွင် အပြင်ထွက် လုပ်ငန်းဆောင်ရွက်သူတွေ အလှျိုလှျိုပြန်ရောက်လာကြသည်။ တိုးကြီးနှင့်လည်း ခုမှပဲ အေးအေးဆေးဆေး စကားပြောဖြစ်တော့၏။

“ဒေါ်လေး ညင်ညင်သာသာပဲ ထွက်သွားတာလား မင်းဝေအောင်. .”

“ဟင့်အင်း အလူးအလဲပဲ. . တော်တော်ခံစားသွားရတယ်ကွာ. . အဲဒါကြောင့် ငါ စိတ်မကောင်းဖြစ်နေတာ. .”

“အင်း. . ဘာပဲဖြစ်ဖြစ် ရည်စူးဒါနကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးဖို့ပဲ အရေးကြီးတာပါ. .”

“မင်းဝေအောင် မုန့်ဟင်းခါးကို ဘယ်ကမှာမလဲ”

“နီးနီးနားနား တင်တင်အေးကပဲမှာကွာ အချိန်(၅၀) လောက်ပေါ့”

“ယမုံတို့မိသားစုကိုရော အကြောင်းကြားပြီးပြီလား”

“ဟင့်အင်း ညနေလောက်မှ ငါသွားပြောလိုက်မယ်၊ အေးကွာ. . အမေ့နောက်ဆုံးအချိန်တွေမှာ ပြုစုရတော့မှပဲ လူဖြစ်ရတဲ့ဒုက္ခတွေကို ငါသိတော့တာကွ၊ ကိုယ့်လက်ပူမှ မှန်းသိဆိုတဲ့ စကားသိပ်မှန်တာပဲ. .”

“အင်း. . ကိုယ်တွေ့. . ကိုး. .”



www.burmeseclassic.com

www.burmeseclassic.com



"ဇာတိကအစ မရဏအထိ အားလုံး ဒုက္ခတွေချည်းပါပဲကွာ. . ပဋိသန္ဓေနေရတော့လည်း ဝမ်းကြာတိုက်မှာ ကျဉ်းကျဉ်းကြုတ်ကြုတ်ငုပ်တုပ် (၉)လကျော် ဒုက္ခခံရ၊ သေတော့လည်း အော်ဟစ်လူးလိမ့်လို့ ဘယ်ဟာမှ မကောင်းပါဘူးကွာ. ."

"မင်းပြောတာလဲ ဟုတ်ပါတယ်. . လူတွေက မေ့ပြီး သေမှာမဟုတ်သလို နေနေကြတာ"

"ယမုံ သံသရာကိုဘာလို့ ဒီလောက်ကြောက်ရသလဲ ဆိုတာ ကိုယ်ချင်းစာတတ်သွားပြီ ထိုက်အောင်. ."

"အရှုံးထဲက အမြတ်ပဲ ဆိုရမလား. . မင်းနဲ့ ယမုံ လိုင်းတူသွားတာ မင်းအတွက် အခွင့်အရေးပဲ သိလား. ."

တိုးကြီး စကားကြားသည့်အခါ မင်းဝေအောင် မရယ်ချင့်ရယ်ချင် ရယ်ပြီး ခေါင်းတရမ်းရမ်းလုပ်သည်။

"သံယောဇဉ် ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာ သူ့လိုပဲ ငါသိသွားပြီ၊ ဒါကြောင့် မကြိုးစားချင်တော့ပါဘူးကွာ လွတ်မြောက်ဖို့အာရုံထားနေတဲ့ သူကို မတားချင်တော့ဘူး"

"ဟေ" "ဟင်"

မင်းဝေအောင်ပြောတာ ကြားလိုက်ရသည့် ထိုက်အောင်နှင့် တိုးကြီးမှာ စိုင်းစိုင်းခမ်းလှိုင် ဘုန်းကြီးအပြီးဝတ်တော့မည်ဟူသည့်သတင်း၊ ကြားလိုက်ရသလို မယုံသကာဖြစ်သွားကြ၏။

အချိန်အခါက နှာရေးကာမို့သာ ထိုက်အောင်တို့





ငြိမ်နေကြသည်။ သို့မဟုတ်ပါက ပိုးစိုးပက်စက်ပြုန်တွယ်ကြမည်မှာ အသေအချာပင်ဖြစ်၏။ အမှန်အတိုင်းပြောဖြစ်ခဲ့သည့် မင်းဝေအောင်မှာ တိုးကြီးတို့ရင်ထဲက ဆန္ဒအမှန်ကိုတော့ ထိုးထွင်းသိမြင်နိုင်ခြင်းမရှိခဲ့။

ညနေစောင်းလောက်တွင် ယမုံတို့အိမ်သို့ မင်းဝေအောင် ထွက်လာခဲ့၏။ ယမုံအိမ်မှာရှိနေသည်မို့ အိမ်ရှေ့ကားရပ်လာတာ လှမ်းမြင်ကတည်းက ရင်သိမ့်တုန်ကာ ပျော်သွားရှာသည်။ မသိစိတ်ထဲမှာလည်း တော်သေးတာပေါ့ ကိုမင်းဝေအောင်ရယ် ဘယ်လိုလိုက်ရှာရမှန်းမသိလို့ စိတ်ဆင်းရဲနေတာ ခုတော့ ထီးအသစ် ဝယ်ပြီးခါစမှာ မိုးရွာတာကြုံရသလို အခန့်သင့်လိုက်တာ ဟုတွေးနေမိ၏။

"မေမေရေ ကိုမင်းဝေအောင် လာတယ်. ."

အသံစာစာနှင့် အော်ပြောရင်း ဆယ့်ခြောက်နှစ်သမီးတစ်ယောက်လို့ပင် ဆက်ကော့လတ်ကော့ပြေးကာ အိမ်ပေါက်ဝမှ ဆီးကြိုလိုက်၏။ မင်းဝေအောင်မှာ မျက်တွင်းဟောက်ပက်နှင့် ညှိုးချုံးပိန်ကျသွားတာတွေ့ရသည်။ ဟယ် သူလည်း ငါ့စိတ်နဲ့ မအိပ်နိုင် မစားနိုင်ဖြစ်ပြီး ပိန်သွားရှာတယ် သဲနားစရာကောင်းလိုက်တာ. . ခုနေသူသာ အဖြေတောင်းရင် သနားလို့ ခေါင်းညိတ်မိမလား မသိဘူးဟု တွေးမိတွေးရာတွေးရင်း ရှက်စိတ်တွေ လှိုက်တက်လာရ၏။

"လာ. . ကိုမင်းဝေအောင်. . အိမ်ထဲဝင်ပါဦး. ."

"ဟုတ်ကဲ့. ."

အန်တီကြိုင်ကလည်း နှုတ်ဆက်စကားဆိုကာ နေ



www.burmeseclassic.com

www.burmeseclassic.com



ရာပေးသည်။

"မောင်မင်းဝေအောင် ပျောက်ချက်သားကောင်း လိုက်တာကွယ် အန်တီတို့ သတိတွေရနေတာ. ."

"ကျွန်တော်လည်း သတိရပါတယ် မအားလို့၊ ခု လည်း နာရေးကိစ္စလာဖိတ်တာ အမေ မနက်ကပဲ ဆုံးသွား တယ် အန်တီ"

"ဟင်!" "ရှင်!"

ဒေါ်ကြိုင်ကြိုင်၏ 'ဟင်'မှာ ဓမ္မမိတ်ဆွေတစ်ယောက် ကွယ်လွန်သွားသည့် သတင်းအား ဆိုင်းမပါ ဗုံမဆင့်ကြား လိုက်ရ၍ အံ့ဩထိတ်လန့်စွာဖြင့် မယုံနိုင်ခြင်းကို ကိုယ်စား ပြုသည့် အာမေဋိတ်အသံဖြစ်သည်။ ယမုံ၏ 'ရှင်'ကတော့ မှန်းချက်နှင့်နှမ်းထွက် လွဲသွား၍ ထွက်ပေါ်လာသော အသံ သာဖြစ်၏။

မင်းဝေအောင် ဝိတ်ကျသွားတာ သူ့အပေါ်ချစ်စိတ် နှင့် ခံစားနေရလို့ ထင်ခဲ့တာ သွက်သွက်ခါ မှားသွားကြောင်း သိလိုက်ရ၍ ဖြစ်သည်။ သို့သော် တစ်လကျော် တစ်ခန်းထဲ အတူနေခဲ့ရသည့် အန်တီနှင့် ဓမ္မမိတ်ဆွေ အဆင့်ထက်ပို သော ခင်မင်ရင်းနှီးမှု ရှိခဲ့တာလည်း အသေအချာဖြစ်၍ စိတ် မကောင်းဖြစ်တာလည်း ပါသင့်သလောက်ပါပါသည်။

"ဖြစ်မှဖြစ်ရလေကွယ်. . ဘယ်လိုဖြစ်သွားတာလဲ မောင်မင်းဝေအောင်ရယ်. ."

"ဆီးချို သွေးတိုးနဲ့ နှလုံးလေ. . ရောဂါကလည်းစုံ အသက်ကလည်းရနေပြီမဟုတ်လား ဖြစ်ကတည်းက SSC





တင်ခဲ့တာ ဆုံးတဲ့အထိပဲ ဆိုပါတော့ (၁၆)ရက်ပဲကြာတယ်"

"ဒါကြောင့် အအိပ်ပျက် အစားပျက်နဲ့ ကိုမင်းဝေ အောင် ပိန်ချုံးသွားတာကိုး"

"ဟုတ်တယ် ယမုံ စပယ်ရှယ်နာ့(စ်)အပြင် ကျွန် တော်ပါ အမြဲရှိနေတာ. ."

"ဘာပဲဖြစ်ဖြစ် ငါ့တူ သားသမီးတာဝန်ကျေပါတယ် ကွယ်"

"ဒါနဲ့ အန်တီ့ကို ဘယ်နေ့သင်္ဂြိုဟ်မှာလဲ ကိုမင်းဝေ အောင်"

"သန်ဘက်ခါ နေ့လည်တစ်နာရီပေါ့ ဒီမှာ နာရေးဖိတ် စာ"

"ဟုတ်ကဲ့. ."

နာရေးဖိတ်စာဖတ်ရင်း ခဏလောက်တိတ်ဆိတ် သွားသည်။ ယမုံဖတ်ပြီး အမေ့အားလက်ဆင့်ကမ်းလိုက်သည်။

"ကိုမင်းဝေအောင် တအားပင်ပန်းနေမှာပဲနော်. ."

"ပင်ပန်းပေမယ့် ပြုစုခွင့်ရလိုက်တော့ တစ်သက်လုံး နောင်တရစရာအကြောင်းမရှိဘူးပေါ့ ယမုံ. ."

"ဟုတ်ပါတယ်လေ. . အင်း သန်ဘက်ခါကျ ကျွန်မ တို့ စောစောလာခဲ့မယ်လေ. ."

"ဟုတ်ကဲ့ ရပါတယ် ယမုံ. . ကဲ ကျွန်တော် ပြန်ပါဦး မယ်၊ အိမ်မှာ လူခွဲလုံးဝမရှိဘူးလေ. . သူငယ်ချင်းတွေနဲ့ ထား ခဲ့ရတာ"

"ဪ ဟုတ်တာပေါ့ ဟုတ်တာပေါ့. . အေးကွယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်..ပြန် မောင်မင်းဝေအောင် ပြန်တော့..မနှင်းဆီအတွက် တကယ်စိတ်မကောင်းပါဘူးကွယ်.."

"ဟုတ်ကဲ့..သွားပြီနော်.."

ယမုံက မင်းဝေအောင်အား ကားနားထိလိုက်ပို့သည်။ ကားထဲ ဝင်နီးမှာ ကြင်နာစွာနှင့် လှမ်းကြည့်ရင်း...

"ကိုမင်းဝေအောင် အားတင်းထားနော်.."

"ဟုတ်ကဲ့..ယမုံပြောခဲ့ဘူးတဲ့ တရားတွေနဲ့ပဲ ဖြေသာအောင်ကြိုးစားနေတာပါ။ အရာရာကို ထိ သိ သတိနဲ့ပဲ ကျော်ဖြတ်နေတာပေါ့.."

"ရှင်..အဲ..ဟုတ်..ဟုတ်ကဲ့ ကောင်းပါတယ် ကိုမင်းဝေအောင်.."

"သွားမယ်နော်"

"ဟုတ်.."

မင်းဝေအောင် ကားပေါ်တက်မောင်းထွက်သွားတော့ အပျိုကြီး မယမုံတစ်ယောက် မောဟိုက်နွမ်းလျစွာနှင့် လှမ်းငေးရင်း ကျန်ခဲ့ရှာ၏။

"သူ..သူ ဘာတွေပြောသွားတာလဲ မသိဘူး၊ အင်းလေ သားအမိနှစ်ယောက်ထဲရှိတာ အမေဆုံးသွားတော့ အားငယ်နေရှာတာပဲဖြစ်မှာ..သနားလိုက်တာ ကိုမင်းဝေအောင်ရယ်.."







# အခန်း(၁၈)

ကမ္ဘာကြီး အမူးသမားလို ချာလပါတ်လည်နေ၍ နေ့နှင့်ည တရစပ်ဖြစ်ပေါ်ကာ အချိန်တွေကုန်ဆုံးသွားပုံက မယုံနိုင်စရာကောင်းအောင် မြန်ဆန်လွန်းနေသည်။ ဒီနေ့ဆိုလျှင် အမေ သူ့နားမှထွက်သွားတာ ခုနှစ်ရက်ပြည့်မြောက်ခဲ့ပြီဖြစ်၏။

မနက်ငါးနာရီမှာ သံဃာတော် ဆယ်ပါးကြွလာသည်။ တစ်ပါးလျှင် သင်္ကန်းဒွိစုံတစ်စုံ၊ ဝတ္ထုငွေ တစ်သောင်းထုပ်နှင့် ဓမ္မစရိယစာဖြေသံဃာတော်များအတွက် ကျမ်းစာအုပ်ငါးစုံအပြင် ဆွမ်းစားဆောင်ပြုပြင်မွမ်းမံရန် ငွေပဒေသာ



www.burmeseclassic.com

www.burmeseclassic.com



ပင် သုံးသိန်းကျပ်လှူဒါန်းကာ ရည်စူးဒါန အစုစုအတွက် အမေ့အား အမျှပေးဝေကာ ရေစက်ချခဲ့သည်။ ထိုရေစက်ချပွဲမှာ မငိုဘဲ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ သူမှာ မင်းဝေအောင်သာ ဖြစ်၏။

ရှစ်နာရီလောက်မှာ ယမုံရောက်လာသည်။ မင်းဝေအောင် နွေးနွေးထွေးထွေးကြိုဆိုနေရာပေးကာ မုန့်ဟင်းခါးနှင့် ဧည့်ခံသည်။ ထိုက်အောင်တို့က မင်းဝေအောင် အရေးပေးဧည့်ခံပုံကို ထောက်ရှုပြီး ယမုံဆိုတာ မပြောဘဲသိကြ၏။ ဟင်းရည်လိုက်တော့မလိုလို မုန့်ဖတ်ပဲ ထည့်ပေးတော့မလိုလို ဟန်ပြင်ရင်း စားပွဲနား ရစ်ဝဲနေကြသည်။

"မေမေလည်း အသုဘပို့ ပြန်လာကတည်းက နေမကောင်း ဖြစ်သွားတယ်လေ. . ပြီးတော့ မုန့်ဟင်းခါးနဲ့လည်း မတည့်ဘူး သွေးတိုးရှိလို့. ."

"သြော် ဟုတ်ကဲ့. . ရပါတယ်၊ ယမုံ ခုလို အချိန်ပေးပြီး လာတာကိုပဲ ကျေးဇူးတင်ရမှာပါ. ."

ယမုံ အေးအေးဆေးဆေးစားလို့ရအောင် စကားပြောတာ ရပ်ထားလိုက်၏။ ယမုံ့အတွေးထဲမှာတော့ အားပေးနှစ်သိမ့်စကားဆိုရင်း သံယောဇဉ်အစွန်းထွက်စကားလေးတွေပါ ထည့်ပြောမည်ဟု ရည်ရွယ်ကြံစည်နေသည်။ မမြင်ဘူးသည့်တောသားကို လင်လုပ်ရတာ ထက်စာလျှင် ခပ်ချောချော မင်းဝေအောင်နှင့် တွဲကြည့်တာကမှ အဆင်ပြေဦးမည်ဟုလည်း ချိန်ထိုးတွက်ဆနေသည်။

မင်းဝေအောင်ကလည်း ယမုံအား ကျေးဇူးစကားတွေ အများကြီးပြောဖို့ရှိနေလေသည်။ ယမုံ လိုက်ပွဲနည်းနည်း ထပ်ယူတော့ အသင့်ခြောင်းနေပုံရသည့် ထိုက်အောင် ချက်ချင်းပင် ဟင်းရည်ပူပူဆမ်းပေးသည်။ အဝစားနော် ညီမဟုလည်း လောကွတ်ချော်သေး၏။ စားသောက်ပြီးသွားတော့ အအေးနှင့် အချိုပွဲတို့ဖြင့် ဆက်လက်တည်ခင်းသည်။

"မနက်ဖြန်ကစပြီး ကိုမင်းဝေအောင် တစ်ယောက်ထဲ ဖြစ်နေတော့မှာနော်. ."

"ဟုတ်တယ် ယမုံ ပြဿနာတော့ မရှိပါဘူး. . မွေးတုန်းကလည်း တစ်ယောက်ထဲပဲ ဖေါ်လည်းမပါ ကိုယ်ထီးသာရှင့်. . ဆိုတဲ့ သံပေါက်လိုပဲပေါ့၊ ဒါကြောင့် ဇာတိနဲ့ မရဏာကြားက မှတ်တိုင်တွေကိုလည်း တစ်ယောက်ထဲ ဖြတ်သန်းရမှာပဲလေ. ."

"ရှင်. . ဟုတ်. ."

"ပြီးတော့လည်း ယမုံကိုလည်း ကျေးဇူးအထူးတင်ပါတယ်၊ သင်ဆရာအဖြစ်ကို သတ်မှတ်ထားတာပါ. ."

"ရှင်. . ဘာ. . ဘာဖြစ်လို့လဲရှင့်. ."

"ယမုံက သံယောဇဉ်ရဲ့ လောင်ကျွမ်းတတ်မှုနဲ့ ကိလေသာရဲ့ ဆိုးကျိုးဆိုးပြစ်တွေကို မီးကင်ပြီး အယားဖျောက်တဲ့စကားနဲ့ တင်စားပြီး သင်ပေးခဲ့တာလေ. . အစတော့ ကျွန်တော်လုံးဝ လက်မခံချင်ခဲ့ဘူး. . ဒါပေမဲ့ ကျွန်တော် အချစ်ရဆုံး ကျေးဇူးရှင်မေမေ ကွယ်လွန်သွားတော့မှ သံယောဇဉ်ရဲ့ အပြစ်ကို ကောင်းကောင်းသိလိုက်ရတာလေ အခု ကျွန်တော်နားလည်သွားပြီ ယမုံ"





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဟုတ်ကဲ့. ."

"အမေ့ နောက်ဆုံးအချိန်နဲ့ ပတ်သက်ပြီး သေခြင်းတရားကို ကျွန်တော်ကြောက်သွားပြီး သံသရာလည်မှာ မကြုံချင်တော့ဘူးဗျာ. . ဒါကြောင့် ယမုံပြောခဲ့သလို ထိ သိ သတိ အမှတ်တရားနဲ့ နောင်ဘဝမရဘို့ တရားအားထုတ်မယ်လို့ ဆုံးဖြတ်လိုက်ပြီး သိလား. ."

"ကောင်း. . ကောင်းပါတယ်ရှင်. ."

မင်းဝေအောင် တရားရကြောင်း ဝန်ခံသည့်စကားက ယမုံ့အား ရင်ဝဆောင့်ကန်သကဲ့သို့ဖြစ်နေသည်။ ကိုယ်ကသူ့ကို ရေလာမြောင်းပေးစကားတွေနှင့် စည်းရုံးရေးဆင်းဖို့ လာခဲ့တာဖြစ်သော်လည်း သူက ကိုယ့်ကို တရားစကားတွေ ဆီးပြောနေသည်။ စကားကျွံအောင် ဘာမှမပြောမိသေးသော်လည်း ရှက်စိတ်ကြောင့် ယမုံမျက်နှာ နီရဲလာသည်။

"တကယ်ကျေးဇူးတင်တာပါ ယမုံ. . ကျွန်တော်တို့ နှစ်ယောက် ဓမ္မမိတ်ဆွေအဖြစ် လက်တွဲပြီး တရားရှာကြမယ်နော်. ."

"ရှင်. . ဟုတ်. . ဟုတ်ကဲ့. ."

ပြောစကားတွေကို မယုံသဖြင့် မျက်နှာကို အကဲခတ်ကြည့်တော့လည်း မင်းဝေအောင် ရုပ်သွင်ကကြည်လင်သန့်ရှင်းပြီး ပကတိတည်ငြိမ်နေ၏။

"ဘုရား. . ဘုရား. . သူ တကယ်တရားရသွားပြီပေါ့. . သူပြောခဲ့တဲ့ ချစ်စကားတွေ သူတာဝန်မယူတော့ဘူးပေါ့. . တို့နှစ်ယောက်ရဲ့ဇာတ်လမ်း ဒီမှာတင် တစ်ခန်းရပ်





သွားပြီပေါ့. . ဒုက္ခပါပဲ ရှက်စရာကောင်းလိုက်တာ. ."

မင်းဝေအောင်က အပြောမဟုတ် အလုပ်နှင့်ပါ သက်သေပြခဲ့သည်။ ဓမ္မဘေရီ(တောင်စွန်း)၊ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရာဘိဝံသတို့၏ တရားစာအုပ်များ လက်ဆောင်ပေး၏။

ယမုံ ရှက်လွန်းအားငယ်လွန်းသဖြင့် ကြာကြာမနေတော့ဘဲ နှုတ်ဆက်ကာ မျက်စိပျက်မျက်နှာပျက်နှင့် ကသုတ်ကရက် ပြန်သွားရှာတော့သည်။ မင်းဝေအောင် ထုတ်လွှင့်သွားသည့် သံယောဇဉ်ဖြတ် အစီအစဉ်သစ်ကို အရုပ်ရောအသံပါ ကြားသိလိုက်သည့် တိုးကြီးနှင့် ထိုက်အောင် အူယားဖားယား အနားကပ်လာပြီး. .

"မင်းဝေအောင် မင်း. . မင်း တကယ်ကြီး အပြတ်ဖြတ်လိုက်တာလား. ."

"အေးလေ. ."

"ဟာ. . အံ့ရောကွာ တယမုံထဲ ယမုံနေတဲ့ကောင် သံယောဇဉ်ကင်းကင်းနဲ့ ခပ်တင်းတင်းစကားတွေ) ပြောသွားတာ မျက်မြင်ဆိုပေမယ့် မယုံချင်ဘူးကွာ. ."

"ဟော့ကောင် ငါတို့ခုမှ မြင်ဖူးတာ တကယ့်ရှယ်ကြီးနော်၊ မင်းဟာတ်ထိမယ်ဆိုလည်း ထိလောက်စရာကြီးကွ ရေဆေးငါးကြီး မိကာနီးမှ ပြန်လွှတ်လိုက်ရတယ်လို့ကွာ"

မချင့်မရဲ စကားများနှင့် နှမြောတသ ဂါထာရွတ်နေကြသည့် ထိုက်အောင်နှင့် တိုးကြီးအား မင်းဝေအောင်က



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စွာ ကြည့်လိုက်ရင်း. . .

"အဲဒီ ကိလေသာစိတ်တွေကြောင့် မင်းတို့ ဒုက္ခရောက်နေကြတာ. . လောကမှာ ယောကျ်ားလည်း မရှိဘူး မိန်းမလည်း မရှိဘူး၊ မိုးဟေကိုလည်း မရှိဘူး၊ ယမုံလည်း မရှိဘူး. . ငါဆိုတာလည်း မရှိဘူး. . တကယ်ရှိတာ ရုပ်နဲ့ နာမ်ကွ . ."

"ဟား မင်းဝေအောင်ရာ လိုက်မမီတော့ဘူးကွာ မင်း တကယ် အကျွတ်တရားရသွားတာလား. . ရူးနေတာလား"

"ငါမရူးဘူး တိုးကြီး အမှန်ကိုသိသွားတာ၊ သေမင်းနဲ့ တိုက်ပွဲဝင်ရတာ ဘယ်လောက်ခက်ခဲကြမ်းတမ်းသလဲဆိုတာ အမေ့အဖြစ်ကိုကြည့်ပြီး ငါသိသွားပြီ၊ ဒါကြောင့်. . ငါမိုက်တော့တာ. ."

ပါးစပ်ဟောင်းလောင်းဖွင့်နေကြသည့် ထိုက်အောင်နှင့် တိုးကြီး အချင်းချင်းကြည့်ရင်း ခေါင်းတရမ်းရမ်းဖြစ်နေလေတော့၏။









# အခန်း(၁၉)

စားပွဲပေါ်မှ ကန်စွန်းပလိန်းနှင့် ကြက်ဥမွှေကြော်ပန်းကန်ကိုကြည့်ကာ တိုးကြီးတို့ မျက်နှာတွေ မရွှင်မပျဖြစ်နေကြ၏။ ချိုင်းနှိစ်စတိုင် အသားဟင်းလျာတစ်မျိုးမျိုး မပါလျှင် ထမင်းမစားတတ်သည့် မင်းဝေအောင်အကျင့်ကို သိထား၍ ဘအံ့တသြ ဖြစ်နေကြခြင်းဖြစ်သည်။ ထိုက်အောင်က မအောင့်နိုင်တော့ဟန်နှင့်. . .

"ဘယ်လိုဖြစ်တာလဲ မင်းဝေအောင် မင်း အူဆေးနေ့ လားလား"

"ဘာဖြစ်လို့လဲ ထိုက်အောင်. ."



www.burmeseclassic.com

www.burmeseclassic.com



"ဘီလူးသေလို့ ဝင်စားသလို အသားပါမှ ထမင်းဝတယ်ထင်တဲ့ကောင်က ဘာဖြစ်လို့ ကန်စွန်းပလိန်းနဲ့မွှေ့ကြော် ဖြစ်နေရတာလဲ. ."

"ဪ. . ဒါလား. . အရင်တုန်းက ငါဘာမှ မသိခဲ့ဘူးလေ. . အစားကောင်းအသောက်ကောင်း ခုံမင်တယ်ဆိုတာ. . ရသတဏှာမှာ ကပ်ငြိတွယ်တာနေတာ အဲလိုတွယ်တာတာ လိုချင်တပ်မက်တာ လောဘပဲ. . ဝမ်းမြောက်ဝမ်းသာစွာ အယူမှားနဲ့ယှဉ်ပြီး တိုက်တွန်းမှုမလို အလိုအလျောက် ထက်သန်စွာ ဖြစ်ပေါ်လာတဲ့ လောဘစိတ်ကို သောမနဿသဟဂုတ်ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်လို့ခေါ်တယ်. ."

"တင်ပါ့ ဘုရား. ."

တိုးကြီးက အငေါ်တူးပြီး သံယောင်လိုက်၏။

ရုပ်ကလည်း မဲ့ရွဲ့လျက်. . .

"အကောင်းပြောတာ တိုးကြီး ဒီခန္ဓာကြီး ဆက်ရှင်သန်ဖို့ အာဟာရဖြည့်ပေးရတာလေ ဘာနဲ့ပဲဖြည့်ဖြည့်ပေါ့. . ကိုယ့်အသက်ရှင်ဖို့ သူများအသက်ကို စားရသောက်ရတာ ဘယ်ကောင်းမလဲကွာ၊ အသားမစားရဘူးပြောတာ မဟုတ်ဘူး. . တပ်မက်စိတ်နဲ့ ဘာမှမစားရဘူးလို့ ဆိုလိုတာ. ."

"အင်း. . မင်းဝေအောင် မင်းဝေအောင် ပြောင်းလဲသွားတာပဲနော်. ."

"မထင်ဘူးကွာ မင်းပြောင်းလဲတာက အရေးမကြီးဘူး. . ငါတို့ ကပ်တီးမူးလဲနှစ်ယောက် ဒုက္ခရောက်တာပေါ့





ကွ. ."

"လောဘမတက်နဲ့ ရှိတာလေးနဲ့ ဝအောင်စား. . ငါ အရသာခံ စားနေတာမဟုတ်ဘူး အသက်ဆက်ဖို့ အာဟာရဖြည့်နေတာလို့ အမြဲနှလုံးသွင်း၊ အိုကေ သွားလိမ့်မယ်"

ထိုက်အောင်က ဟိုက်ရှာလပတ်ရည်ဟု အော်သည်။ ဒီကောင်တွေကြည့်ရတာ အရိုးမရှိသော လျှာ၏ တောင့်တမှုကို အလိုလိုက်ချင်စိတ်နှင့် စိတ်ဒုက္ခဖြစ်နေကြမှန်း တအားသိသာနေ၏။ ထို့ကြောင့် မင်းဝေအောင်က ကန်စွန်းပလိန်းနှင့် မြိန်မြိန်ယှက်ယှက် စားပြလိုက်သည်။ ဒါတောင် သူတို့လိုက်မစားကြ. . .

"မင်းဝေအောင် ဒါဆိုတို့တွေ အခါအားလျော်စွာ ဘီယာဆိုင် ထိုင်ဖို့ရော. ."

"အသိခေါက်ခက် အဝင်နက်လိုက်ကြတာကွာ. . ငါးပါးပဉ္စသီ လုံခြုံအောင်လည်း ထိန်းသိမ်းပါစို့ အတည်ဆိုတဲ့ သီချင်းကို မကြားဘူးကြဘူးလား ငါးပါးသီလထဲမှာ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဆိုတာ အရက်မသောက်နဲ့လို့ တားမြစ်ထားတာလေ. . ငါ လုံးဝဖြတ်လိုက်ပြီ. ."

"ငတ်ပြီ ဆရာ. ."

"မင်း ပြောင်းလဲသွားတော့ တို့အတွက်တော့ ငတ်ခေါက်တွေချည်းပါပဲလား မင်းဝေအောင်ရာ. ."

"အဲဒီလို မတွေးဘဲ သေတတ်အောင် ကျင့်တယ်လို့ပဲ သဘောထားလိုက် အားလုံးအဆင်ပြေသွားလိမ့်မယ်. ."

မင်းဝေအောင်၏ စကားများက တိုးကြီးတို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းနေပြီး နားဝင်မချိုသောစကားများ ဖြစ်နေသည်။

"သေတာများကွာ ကျင့်စရာလိုလို့လား ကားရှေ့ပြေးဝင်မလား ရထားရှေ့ပြေးဝင်မလား တိုက်ပေါ်ကခုန်ချမလား လွယ်လွယ်လေးရယ်. . တကူးတက ကျင့်စရာမလိုဘူး. ."

"အဲဒါခက်တာပေါ့ အဖန်ငါးရာငါးကမ္ဘာ ခံရအောင် ဘာလို့လုပ်မှာလဲကွာ. . လူတိုင်း သက်တမ်းစေ့ နေချင်ကြတာပဲ. . အေး. . သက်တမ်းစေ့နေပြီး သေငယ်ဇောနဲ့မျောတဲ့အချိန်မှာ သေတတ်ဖို့ ကျင့်ခိုင်းတာ. . ရှင်းလား. ."

"ရှင်းတယ် ဒါပေမဲ့ မကျင့်ဘူး၊ ဒီနိုင်ငံမှာသေနိုင်တဲ့နည်းတွေ အများကြီးပဲ. . အမြန်လမ်းပေါ် ခရီးသွားရင်းနဲ့ သေမလား၊ လမ်းလျှောက်နေတုန်း ဓာတ်ကြိုးပြတ်ကျပြီး သေမလား၊ ရခိုင်သွားရင်း သင်္ဘောပျက်ပြီးသေမလား၊ လူကုန်ကူးခံရလို့ သူများနိုင်ငံမှာ အတင်းအဓမ္မအဖြစ် ခိုင်းခံရရင်းသေမလား ဒါမှမဟုတ် ဟန်းဆက်လေးတစ်ခု လုချင်တဲ့သူရဲ့ ဓားချက်နဲ့ပဲသေမလား. . အဆင်ပြေတဲ့ သေနည်းရွေးရုံပဲ တကူးတက မကျင့်ဘူးဟေ့ သိပြီလား. ."

"သိပါပြီကွာ. . ဘုရားရှင်လက်ထက်မှာတောင် ခြွေချွတ်လို့ရမယ့်လူနဲ့ ချွတ်လို့မရမယ့်လူဆိုပြီး ရှိခဲ့သေးတာပဲ မင်းတို့က ဘယ်သူချွတ်ချွတ် ကျွတ်မယ့်သူတွေမဟုတ်မှန်း သိပါပြီကွာ. ."

နောက်ဆုံးပိတ် အိတ်နဲ့လွယ်ဆိုသလို ပိဿာလေးနှင့် ဘေးပစ်ပြီး ပြောလိုက်သည့် မင်းဝေအောင်စကားကြောင့် တိုးကြီးတို့ တင်းသွားကာ ချိုင့်တွေသိမ်းပြီးထွက်သွားကြလေ





တော့၏။

"အင်း. . မိုက်တွင်းနက်နက်တူးပြီး အပါယ်ရောက်အောင် မိုက်နေမယ့်ကောင်တွေပဲ အေးလေ သဗ္ဗသတ္တာ ကမ္မသကာပဲပေါ့"

နောက်ဆုံးကျန်သည့် ကန်စွန်းပလိန်းတစ်ဇွန်းကို 'ထိ သိ သတိ' အမှတ်တရားနှင့် ခပ်ယူကာ ပါးစပ်ထဲထည့်၍ အမှတ်တရားနှင့်ဝါးရင်း မင်းဝေအောင်တစ်ယောက် အာနာပါနနှင့် မွေ့လျော်နေတော့သည်လေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

သံပတ်ပေးထားသော စက်ရုပ်ကဲ့သို့ ယမုံလှုပ်ရှားနေ၏။ စိတ်နှင့်ကိုယ် မကပ်ဘဲ လုပ်စရာရှိတာကို အလေ့အကျင့်ရနေသည့် ပုံစံနှင့် လုပ်နေခြင်းဖြစ်သည်။ ဆန်ဆေးပြီး ပေါင်းအိုးနှင့် ထမင်းတည်သည်။ ခုတ်ထစ်ပြီး ရေခဲသေတ္တာထဲထည့်ထားသည့် ကြက်သားကို ထုတ်၍ ရေစင်စင်ဆေး၏။ သူ့အကြည့်တွေက ကြက်သားထဲမှာတော့ မရှိ။

ဖြစ်ခဲ့သမျှတို့ကို စေ့စေ့တွေးတော့ မင်းဝေအောင်နှင့်သူက စိမ်ပြေးတမ်းကစားသူတွေလို ဖြစ်နေတာ သတိပြုမိသည်။ မင်းဝေအောင် အတင်းလိုက်ကပ်စဉ်က သူရှောင်ပြေ





ခဲ့သလို၊ သူလိုက်သည့် အလှည့်မှာလည်း မင်းဝေအောင်က အပြေးသမားဖြစ် နေပြန်သည်။ အကြာကြီးပျောက်သွားပြီး ပြန်ပေါ်လာတော့ အဆင်ပြေပြီဟု တွေးကာ ဝမ်းသာအားရဖြစ်မိသည်။

သို့သော် မင်းဝေအောင်ရောက်လာသည်က သူ့အမေဆုံးသွားတာကို လာရောက်အကြောင်းကြားခြင်း ဖြစ်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် အဆက်အသွယ်ပြန်ရပြီမို့ ရက်လည်နေ့မှာ မိန်းမမာယာသုံးကာ အားပေးနှစ်သိမ့်ရင်း ဇာတ်လမ်းပြန်စမည်ဟု ကြံစည်ခဲ့၏။

တကယ်တန်းတွေ့ကြတော့. . မင်းဝေအောင်က အမေဆုံးသည့်ကိစ္စနှင့်ပတ်သက်ပြီး သေခြင်းတရားကို ကြောက်ရွံ့သွားကာ တရားရှာတော့မည်ဟု ထုတ်ပြောလာ၏။ ယမုံမာယာသုံးပြီး စည်းရုံးဖို့ မဝံ့မရဲဖြစ်ပြီး တပ်ခေါက်ပြန်လာရခြင်းနှင့်အတူ ဇာတ်လမ်းပြတ်သွားခဲ့ပြီ။ သုံးလအတွင်း အကြောင်းမထူးလျှင် တပေါင်းတန်ခူး ရွေးမနေတော့ဘဲ တောသူဌေးနှင့်ပေးစားဖို့ ဟန်ပြင်နေသည့် အမေ့ကြောင့်လည်း ယမုံ အကြပ်ရိုက်ပြီး ဂဏာမငြိမ်ဖြစ်နေရ၏။

ကြက်သားကို အကြိမ်ကြိမ်ရေးဆေးပြီးသည့်အခါ ဆားဆနွင်းတို့နှင့်နယ်၍ ခဏနှပ်ထားလိုက်သည်။ ထမင်းပေါင်းအိုးထဲမှ ရေတွေဆူပြီး တပွက်ပွက်မြည်နေသလို သူ့ဦးနှောက်တွေလည်း ဆူပွက်နေပြီထင်၏။

"ဟဲ့. . ကြက်သားဇလုံးကြီး ရှေ့ချပြီး ငေးနေလိုက်တာများအေ. . မိယမုံ ညည်းဘာဖြစ်နေတာလဲ. . "



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . ဘာ. . ဘာမှ မဖြစ်ပါဘူး မေမေ၊ ထမင်းအိုး ခလုတ်တက်အောင် စောင့်နေတာပါ။ ဟင်းအိုး ပြုတ်တည်ဖို့ မီးမနိုင်ဘူးလေ. ."

ယမုံအလျှောက်ကောင်း၍ ဆူပူကြိမ်းမောင်းခြင်းဘေးမှ ကင်းဝေးသွားသည်။ အမေသွေးတိုးပြီး နေမကောင်းဖြစ်နေတာ ဒီနေ့မှ ထလာနိုင်ခြင်းဖြစ်၏။

"ဒီနေ့ အလုပ်နားရက်လား. ."

"ဟုတ် မေမေ. ."

"အင်း . . ဒါနဲ့ ဟိုတစ်နေ့က ရက်လည်သွားတော့ မောင်မင်းဝေအောင်နဲ့ ဘာတွေပြောဖြစ်သေးလဲ. ."

"အဲ. . သူ သိပ်ပြီး စိတ်ထိခိုက်နေတယ် မေမေ. . အသံမထွက်ဘဲ ကြိတ်ပြီး ငိုနေရှာတာ. . သမီးလည်း အားပေးစကားပဲ ပြောခဲ့ရတာပေါ့. ."

"အေးလေ. . သူတို့မှာ ဒီသားအမိနှစ်ယောက်ထဲ ရှိရှာတာကိုး ဒီလောက်တော့ ခံစားရမှာပေါ့. . သူ မေတ္တာငတ်သွားပြီ၊ ဒီအချိန်မှာ နွေးထွေးတဲ့မေတ္တာနဲ့ ဖေးမမယ့်သူ လိုနေပြီ. . အဲဒါ သမီးအတွက် အခွင့်အရေးပဲ. ."

"အို မေမေကလဲ. ."

"မေမေကလဲ မနေနဲ့. . . အခွင့်အရေးဆိုတာ ယူတတ်မှရတာအေ. . မယူတတ်ရင်တော့ တောသူငွေးနဲ့ ညားမှာပဲ. ."

အမေက ငြိမ်းခြောက်သလိုလို တိုက်တွန်းသလိုလို ပြောပြီး မီးဖိုချောင်မှ ပြန်ထွက်သွား၏။ ယမုံ နှုတ်ခမ်းစူပြီး





ကျန်ခဲ့တော့သည်။

"အမေတို့လည်း သိပ်ခက်တာပဲ သူ့သမက်လောင်းကဖြင့် ဘုန်းကြီးဝတ်တော့မယ့်ဟာကို"

တစ်ယောက်ထဲ မကျေမချမ်းပြောဆိုရင်း ဟင်းတွေတန်းစီ ချက်ပြုတ်နေလိုက်၏။ ဒီနေ့ အေးသီခိုင် အလည်လာမည်ပြောထား၍ နေခင်းနေ့လည်းစားရသောက်ရအောင် လက်ဘက်ကို ဆီစိမ်ပြီး နှပ်ထားလိုက်သည်။ အားလုံး ချက်ပြုတ်ပြီးချိန်မှာ ခဏနားပြီး ရေမိုးချိုး၍ သပ်သပ်ရပ်ရပ် ပြင်ဆင်သည်။

အဖေက ကျောင်းမှာပဲ အနေများသည်မို့ အမေ့အတွက် ထမင်းဟင်းခူးပြီး နှစ်ယောက်အတူ စားလိုက်ကြ၏။ တစ်နေ့တစ်နေ့ ချက်ရပြုတ်ရ၊ စားရသောက်ရ၊ ဆေးရကြောရ သိမ်းရဆည်းရ၊ လျှော်ရဖွပ်ရနှင့် မအားမလပ်လုပ်ကိုင်နေရတာ လူဖြစ်ရသည့် ဒုက္ခများပင် မဟုတ်လား၊ ဒီကြားထဲ အိမ်ထောင်သားမွေးပါ လုပ်ရဦးမည်ဆိုလျှင် သေဖို့သာ ရှိတော့မည်။

လက်ကျန်မယ်သီလရှင်စိတ်နှင့် ယမုံ အတွေးထဲမှာ ညည်းညူမိ၏။ အမေက စားရင်းသောက်ရင်းနှင့်ပင်. . .

"ယမုံ သမီး အခု (၂၇)နှစ်နော် ခုနေ အိမ်ထောင်ပြုတယ်ထား (၂၉)နှစ်မှသားဦးကလေးရမှာ ကလေးကို (၂၀)လောက်ထိ ပြုစုပျိုးထောင်ရမှာဆိုတော့ (၄၉)နှစ် ဖြစ်သွားရော နောက်မွေးမယ့်ကလေးအထိပါဆိုရင် (၅၅)နှစ်လောက်ထိ ရှန်းရဦးမှာ အဲဒါလည်း ထည့်ထွက်ကြဦး ကိုယ့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



အချိန်မကျန်ဘဲနေမယ်. . ”

လူမှုဒုက္ခကြောက်သည့်လူကို ကလေးမွေးစီမံကိန်းချပြနေသည့် အမေ့ကြောင့် ယမုံအော်ဟစ်ငိုချင်လာမိသည်။

“ကိုယ်နေထိုင် မကောင်းတော့လည်း ကိုယ့်လင်သားနဲ့ ကိုယ့်သားသမီးကပဲ ကိုယ့်ကိုပြုစုကြမှာလေ. . အမေတို့အသေဖြောင့်အောင် နေစမ်းပါ သမီးရယ်. . . ”

အကြောင်းအမျိုးမျိုးပြကာ အိမ်ထောင်ပြုဖို့ တိုက်တွန်းနေသည့် အမေ့အား ကိုမင်းဝေအောင် စိတ်ပြောင်းပြီး ဘုန်းကြီးဝတ်တော့မှာဟု ပြောလိုက်ရလျှင် ဘယ်လိုနေမည်မသိ၊ ယမုံမှာတော့ တောသားကို လင်လုပ်ရမည့်အရေးတွေးပြီး ရင်လေးလျက်ရှိနေတော့၏။

အမေက ပြောချင်ရာပြောရသဖြင့် စိတ်ပေါ့သွားပုံရပြီး ဆေးသောက်၍ အနားယူဖို့ အိပ်ခန်းထဲဝင်သွားခဲ့ပြီ။ ပန်းကန်တွေဆေး၊ သန့်ရှင်းအောင် သိမ်းဆည်းပြီး အိမ်ရှေ့ထွက်၍ သတင်းစာ ဂျာနယ် ဖတ်ကာ ယမုံ အနားယူသည်။

ပွဲကြမ်းသည့် သတင်းတွေက ပလူပျံနေ၏။

စိတ်ရှုပ်လို့ ကမ်းနားသွားထိုင်ပါတယ် ဒိုက်ပုံပေါ်သပွတ်အူ အထွေးလိုက်မျောပါလာတာနဲ့ ကြုံရသလို ပိုပြီးခေါင်းနောက်လာသဖြင့် သတင်းစာတွေ ပြန်ချထားလိုက်၏။ ထိုအချိန်တွင် အေးသီခိုင်ရောက်လာ၍ ရင်ဖွင့်နေချင်သောယမုံ အတော်ပင် ဝမ်းသာအားရဖြစ်သွား၏။

“လာ. . အေးသီခိုင် နင်ကလည်း နောက်ကျလိုက်တာဟယ်”





“ဟဲ့. . ရုံးပိတ်ရက်မှာ တစ်ပါတ်စာ အဝတ်တွေလျှော်ရသေးတယ်လေ၊ မီးပူတိုက်ရ ချက်ရပြုတ်ရနဲ့ ဒီအချိန်ရောက်တာ ကံကောင်း. . ”

“အေးပါဟယ်. . ထမင်းရော စားပြီးပြီလား. . ”

“ပြီးပြီ. . ယမုံ. . ဒေါ်လေးရော. . ”

“ထမင်းစား ဆေးသောက်ပြီး အိပ်နေလေရဲ့. . ကဲလာ. . ထမင်း စားခန်းသွားပြီး လက်ဘက်သုပ်စားရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့. . . ”

ထမင်းစားခန်းမှာ လက်ဘက်သုပ်စားရင်း ရေနွေးကြမ်းသောက်ရင်း စကားပြောဖြစ်ကြသည်။

“သူ့အမေ ရက်လည်တဲ့နေ့က နင်သွားဖြစ်လား. . ”

“အေး. . ”

အေးဟုဆိုကာ ကြုံတွေ့ဖြစ်ခဲ့သမျှကို delay ပြန်ပြသလို ပြောပြလိုက်၏။ အေးသီခိုင်က ဇာတ်ပို့သရုပ်ဆောင်မျိုးမျိုးခိုင် အိုက်တင်နှင့် မျက်လုံးပြူးလိုက် ပါးစပ်ပြဲလိုက်မဲ့လိုက်ရွဲ့လိုက်နှင့် စိတ်ဝင်တစား နားထောင်သည်။ ပြီးတော့မှ ပိုးစိုးပက်စက် မှတ်ချက်တွေ ပယ်ပယ်နယ်နယ် ပေးတော့၏။

“နင်တို့နှစ်ယောက် ရည်းစားထားဖို့ ကြိုးစားကြတဲ့ကိစ္စကလည်း ထိုင်းသရဲကား ကြည့်ရသလို အသည်းတအေးအေး ရင်တထိတ်ထိတ်နဲ့ပါလား ယမုံရယ်. . ”

“အေးဟယ် ဒါကြောင့် ငါ စိတ်ညစ်နေတာပေါ့. ”

“ဟိုဘက်က အသေအလဲလိုက်တုန်းက တရားအား



www.burmeseclassic.com

www.burmeseclassic.com



ထုတ်မှာဆိုပြီး နင်ကဇွတ်ငြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ကလိုက်တော့ သူကတရားရပြီး ဘုန်းကြီးဝတ်ဖို့ ဟန်ပြင်နေပြီ. . ကြံဖူးပေါင်ဟယ်. . ”

“ပြောတော့ သီခိုင်ရေ”

“ဒါနဲ့နေစမ်းပါဦး. . . နင် လင်ယူမယ်ဆိုတာရော တကယ်လား. . ”

“အလုပ်ကထွက်ရင် လျော်ကြေးပေးရမှာလေ သီခိုင်ရဲ့၊ ဒါကြောင့်. . မယ်သီလရှင် ဝတ်ဖို့ကလည်း မဖြစ်နိုင်. . တောသားကိုလည်း မယူချင်ဆိုတော့. . သင့်တော်တဲ့ ကိုမင်းဝေအောင်ကိုပဲ လင်လုပ်ရတော့မှာပေါ့. .၊ အဲဒါ လောလောဆယ် ဆုံးဖြတ်ချက်ပဲ ဒါပေမဲ့ သူကပြေးပြီ. . ”

အေးသီခိုင်ပါ အပူကူးသွားဟန်နှင့် ငိုင်တွေတွေဖြစ်သွားသည်။ ပြဿနာ၏ ရင်းမြစ်ထိ တစ်ဆုံးနှိုက်ပြီး စဉ်းစားတွေးတောရင်း. . လက်ဘက်သုပ်ကို မနားတမ်းစားသည်။ ငရုပ်သီးစိမ်းကိုက်မိ၍ တရှူးရှူးဖြစ်သွားတော့ အအေးခံထားသော ရေနွေးကိုမော့သည်။

စိတ်ကျေနပ်လောက်အောင် စားသောက်ပြီးမှ. . .

“နင့်မှာ ရွေးချယ်စရာ ရှိနေတယ်လေ. .၊ ဒီလိုတွက်လို့ အဖြေမထွက်ရင် နောက်တစ်မျိုးပြောင်းတွက်ကြည့်ရမှာပေါ့”

“ဟုတ်ပြီလေ. . ဘယ်လို ပြောင်းတွက်ရမှာလဲ. . ”

“ကိုမင်းဝေအောင်ကို ခဏခေါက်ထားပြီး တောသူဌေးကို အစားထိုးထည့်တွက်ကြည့်လေ အဖြေထွက်ရင်





ထွက်မှာပေါ့. . ”

“ဘုရားရေ ညည်း ကျုပ်ကို တော်တော်မျက်မုန်းကျိုးနေလား သီခိုင်’

ယမုံ့အပြောကြောင့် သီခိုင် တခွီးခွီး ထရယ်၏။

“မဟုတ်ဘူးလေ. . နင် အဲဒီတောသူဌေးကို တွေ့ဖူးပြီလား ဓာတ်ပုံဖြစ်ဖြစ်ပေါ့”

“ဟင့်အင်း. . ”

“တစ်နည်းနည်းနဲ့ မြင်ဖူးတွေ့ဖူးအောင်လုပ်ကြည့်ရကောင်းမယ်. .၊ ဒါမှယှဉ်ကြည့်လို့ရမှာ. . တော်ကြာ ရုပ်ရှင်ထဲကလို ပြေတီဦးတို့ တောသားလုပ်သလို ဖြစ်နေမလားလို့ပေါ့”

“ကြံကြီးစီရာဟယ်. . ဖြစ်စရာလား”

“အံမယ် ခုခေတ် လယ်သမားတွေကို အထင်မသေးနဲ့နော် လယ်ထွန်စက်နဲ့ ရိတ်သိမ်းချွေလှေ့စက်နဲ့ ရွှေတွဲလဲငွေတွဲလဲ. . ”

“အဲဒါဆို နင်ယူပါလား. . ”

“အဟီး. . ကန်တော့ပါသေးရဲ့၊ သူတို့ဘယ်လောက်ပဲချမ်းသာချမ်းသာ ဝတ်လိုက်စားလိုက်ရင် ဘယ်လိုမှ စတိုင်မကျဘူးဟ. . သိပ်သိသာတာ. . ဖိုးချစ် လူလိုဝတ်ထားတဲ့အတိုင်းပဲ. . ”

“ဖိုးချစ် လူလိုဝတ်တော့ ဘာဖြစ်လဲ. . ”

“ကြည့်မကောင်းဘူးပေါ့ ကိုယ့်မျက်စိထဲမှာ ဇာတ်မင်းသား အဝတ်အစားနဲ့ပဲ အသားကျနေတာလေ၊ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းနဲ့ တောင်ရှည်နဲ့ဆို သိပ်ချစ်စရာကောင်းပေမယ့် ရှပ်အင်္ကျီလည်းဝတ်ရော ပုံမလာတော့ဘူး အင်္ကျီဝတ်ထားတာနဲ့ မတူဘဲ သူ့ကိုယ်ပေါ်အင်္ကျီ တင်ထားသလိုပဲ. ."

"ပြောလည်းပြောတတ်တယ် သီခိုင်ရယ်. ."

ဆွေးနွေးပွဲက မူလအကြောင်းအရာမှ သွေဖယ်ပြီး ဘေးရောက်သွား၍ ယမုံက တူထုပြီး သတိပေးတတ်သည့် လွှတ်တော်ဥက္ကဋ္ဌကြီးစတိုင်နှင့် ပေါက်ကရတွေ မပြောဖို့ ညွှန်ကြားရ၏။

"ကဲ. . တော်ပါဟယ်. . လင်ယူမယ့်ကိစ္စပြောတာ ဖိုးချစ်ထိ ရောက်သွားပြီ၊ အတွေးအခေါ် ဘေးမချော်နဲ့ ရွှေကောက်ပွဲကိစ္စပြီးမှ အစိုးရဖွဲ့ဖို့စဉ်းစား အဆင့်မကျော်နဲ့"

"အေးပါ. . အေးပါ နှင့်ရဲ့ မင်းဝေအောင်အကြောင်းပဲ အပြီးအပြတ်ဆွေးနွေးမှာပါ. ."

"နင်ကလည်းဟယ် လင်ယူဖို့ကိစ္စဆွေးနွေးပါတယ်ဆိုမှ လွှတ်တော်အမတ်စတိုင်နဲ့"

"အမတ်ဖြစ်ရင် ဆယ်သိန်းတောင်ရမှာဟဲ့. . မိုက်တယ်. ."

"လုပ်မနေနဲ့ နင့် အိမ်ကလူတွေတောင် နင့်ကို မဲပေးမှာ မဟုတ်ဘူး. ."

အေးသီခိုင် တခစ်ခစ်ရယ်ကာ လက်ဘက်သုပ်ဘက် လှည့်သွားပြန်သည်။ အဖြေတစ်ခုခုထွက်လာဖို့ မမျှော်လင့်သော်လည်း ခုလို ရင်ဖွင့်ခွင့်ရတာကိုပဲ ကျေနပ်နေသဖြင့် ယမုံ အပြစ်တင်စကား ဆက်မပြောဖြစ်တော့။





"အင်း. . . နင့်အဖြစ်က လင်ယူမယ်ဆုံးဖြတ်ကာမှ ကိုယ့်ကို အသေအလဲကြိုက်တဲ့သူက တရားရသွားတာဆိုတော့. . ငါလည်း ဘာအကြံပေးရမှန်းကို မသိတော့ဘူး"

"ဟုတ်ပါတယ်လေ. . မမြင်ဘူးတဲ့လူ ဒါမှမဟုတ် မချစ်မနှစ်သက်တဲ့လူနဲ့ ပေါင်းဖေါ်ရမယ့် ဒုက္ခကို မခံစားချင်လို့ ပရိုပိုစ်လုပ်ထားတဲ့သူကို အဖြေပေးမလားလို့ စဉ်းစားနေတာ ခုတော့ မြင်းကမလှုပ် ခုံကလှုပ်ရမယ့်ကိန်း ဆိုက်နေပြီ"

"အေး. . ဟုတ်ပြီ. . ငါ စဉ်းစားလို့ရပြီ၊ ထွက်ပြေးသွားတဲ့ယုန်နောက် ပိုက်ကလိုက်ရမှာပေ့ါ၊ ယုန်ကမတိုး ပိုက်ကတိုးတဲ့နည်းလေ. . မိန်းကလေးက စရမယ့် ကိုရီးယားစတိုင်လေ. ."

"အင်း . . ဘယ်လိုလုပ်ရမှာလဲ"

"သူ အခု တရားဘက်ကို စိတ်ယိုင်သွားပြီလို့ နင်ပြောတယ်လေ. ."

"အင်း"

"ဒီတော့ တရားဆွေးနွေးမယ်လို့ ခေါင်းစဉ်တပ်ပြီး တစ်ခါလောက်တွေ့ကြည့်လိုက်. . အဲလိုတွေ့တဲ့အခါမှာလဲ နင့်အလှကို သူသတိမပြုမိဘဲ မနေနိုင်အောင် ပြင်ဆင်သွားဖို့လဲ မမေ့နဲ့နော်. ."

"ဟယ် နင်ကလည်း ရှက်စရာကြီး. ."

"ဟင်. . ရှက်တယ်ဟုတ်လား၊ ဒီမယ် မိယမုံ. . လင်လည်းလိုချင်သေး ကလေးမွေးရမှာလဲကြောက်သေး ဆိုသလိုတော့ မလုပ်နဲ့၊ လင်လိုချင်ရင် နည်းနည်းတော့ ရှက်ရမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မယ်သီလရှင် စတိုင်နဲ့တော့ ဖြစ်မလား. . ”

သီခိုင်ပြောတာလည်း ဟုတ်နေသည်မို့ ယမုံ ရှက်ပြုံး လေးပြုံးရင်းနှင့်ပင် ခေါင်းညိတ်မိ၏။

“တရားရှာတဲ့လူကို တရားပြသလိုလိုနဲ့ ကိုယ့်ဘက် ပြန်ပါလာအောင်စည်းရုံး. . နင့်တို့ ပြဿနာကို ဖြေရှင်းဖို့က ဒီနည်းပဲရှိတော့တာလေ. . ဓမ္မာရုံမှာ ဝေယျာဝစ္စလုပ်ရင်း ညားကြတဲ့ စုံတွဲတွေလိုပေါ့. . ”

“အဟင်းဟင်းဟင်း. . ဘုရားလည်းဖူး လိပ်ဥလည်း တူး ဆိုပါတော့. . ”

“ဒါပေါ့ လူကြီးလည်းလုပ် ဇီးသီးဗန်းလည်းနှိုက် တစ်ချက်ခုတ် အပိုင်းပိုင်းပြတ်ပဲ”

“သီခိုင်ရယ် နင့်စကားတွေက လက်ထိပ်စော်နံလိုက်တာ”

သီခိုင်အလည်ရောက်လာတာ ယမုံ့အတွက် အပျင်းလည်းပြေသလို အားလည်းတက်ရသည်။ ညနေ သုံးနာရီ လောက်မှာ စကားကို မနည်းဖြတ်ပြီး ပြန်သွား၏။ မင်းဝေ အောင်နှင့်တွေ့ဖို့ အင်တာပိုလ်ကို အကူအညီတောင်းစရာ လိုတော့၊ အိမ်လည်းသိပြီ၊ ဗစ်ဇင်းတင်းကတ် ရထားသဖြင့် အလုပ်ရုံတည်နေရာနှင့် ဖုန်းနံပါတ်လည်းသိပြီ။ တွေ့ဆုံစရာ အကြောင်းပြချက်ကောင်းကောင်းတစ်ခုပဲ လိုတော့၏။







# အခန်း(၂၁)

တိုးကြီးက သူ့ချိုင့်ကိုဖွင့်ပြီး ငါးပုတင်းမ ပြင်ဆင်ထည့် ပေးလိုက်သည့် ပုဇွန်စုတ်ဖွားကြော်နှင့် ကင်မွန်းရွက်ချဉ်ရည် ဟင်းကို ရှေ့တိုးပေးသည်။ ထိုက်အောင်ချိုင့်ထဲမှာ ပန်းဂေါ်ဖီ နှင့် ဘဲဥရောကြော်ထားတာ ပါလာသည်။ မင်းဝေအောင်က ပသျှူးထမင်းကြော် တစ်ပွဲဝယ်ထား၏။

တိုးကြီး ချိုင့်ကိုကြည့်ပြီး မင်းဝေအောင်စိတ်ဝင်စား သွားကာ နှိုက်မြည်းကြည့်သည်။ သူ့ပါးစပ်ထဲ တော်တော် အစပ်တည့်သွား၏။

“ဟား. . မိုက်တယ်ကွ မင်းမိန်းမ ဟင်းချက်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားပဲ"

"ကြိုက်ရင်စားလေ . . မင်းရဲ့ထမင်းကြော်နဲ့ ငါ့ချိုင့်လဲမယ်"

"တကယ်လား အိုကေ . . ရော့ . ."

မင်းဝေအောင်က ဖော့ဘူးကို လှမ်းပေးရင်း ချိုင့်(၃)ဆင့်စလုံးကို ဆွဲယူသည်။ ချဉ်ရည်ဟင်းရွှဲရွှဲဆမ်းပြီး ငရုပ်သီးစပ်စပ် ပုစွန်ကြော်နှင့် အားရပါးရစား၏။ မျိုမကျသော တိုးကြီးက ထိုက်အောင်အား ပသျှူးထမင်းကြော်တစ်ဝက် ခွဲဝေပြီး ထမင်းဖြူနှင့် ရောစားကြသည်။ မင်းဝေအောင်က ချဉ်ချဉ်စပ်စပ်လေးတွေစားပြီး မျက်ရည်ကျကာ နှပ်ထွက်နေ၏။ သူ့အဖြစ်ကိုကြည့်ပြီး ထိုက်အောင် စကားစသည်။

"အဲဒါပဲ ရတာမလို လိုတာမရ လူ့ဘဝဆိုတာ . ."

"အရင်းမရှိ အမြတ်မရှိကွာ . . အဲလေ . . အရင်းမရှိ အဖျားမရှိကွာ ဘာကိုဆိုလိုချင်တာလဲ"

"မင်းဝေအောင်မှာ မိန်းမမရှိတဲ့အတွက် ထွေလီကာလီလေးတွေ ချက်ကျွေးတာ မစားရရှာဘူး . . ဟိုကောင်တိုးကြီးကျတော့လည်း ဒါမျိုးတွေနေ့တိုင်းစားနေရလို့ မိန်းမထည့်ပေးလိုက်တာကို ပသျှူးနဲ့ လဲစားတယ် . ."

"အေး . . ဟုတ်တယ်နော . . ."

"အမေ မရှိတော့ကတည်းက အိမ်ထမင်းအိမ်ဟင်း မစားရတာကြာပြီလေကွာ၊ တရုတ်စတိုင်အစားအသောက်တွေ ဘယ်လောက်ကြိုက်ကြိုက် နေ့တိုင်းကျတော့လည်း မစားချင်တော့ဘူး"





"သိပ်မှန်တာပေါ့ မင်းဝေအောင်ရာ၊ ဒါကြောင့် အိမ်က ငါးပုတင်းမကို ရာထူးတိုးပေးဖို့ စဉ်းစားနေတာပေါ့ . .၊ မယားချုပ်မှူးကြီး ခန့်လိုက်မယ် . ."

"မယားအသစ်တွေ ထပ်ခန့်ထားဦးမယ်ဆိုတဲ့ သဘောပေါ့ ဟုတ်လား၊ အဲဒါ နှာထတာလေကွာ . . အိမ်ဟင်း အိမ်ထမင်းနဲ့ ဘာမှမဆိုင်ဘူး . .'

"ဆိုင်တာပေါ့ကွာ ဟိုဟာလည်း နေ့တိုင်းစားနေရတော့ ငြီးငွေ့ . . ."

တိုးကြီး စကားဆုံးအောင် မပြောလိုက်ရ . . မင်းဝေအောင်နှင့် ထိုက်အောင်က ဝိုင်းသမလိုက်ကြ၏။ လူပျိုနှစ်ယောက်ထဲက ထိုက်အောင်က လေးလေးနက်နက်တွေးပြီး

"မိန်းမတွေ ကိုယ်ဝန်ဆောင်နေချိန်မှာ သူတို့ ယောကျ်ားတွေ ခြေရှုပ်ကြတယ်ဆိုတာ တကယ်ပါလားနော် . ."

"အေး . . အဲဒီကိစ္စအပေါ် ကိုယ်ချင်းစာနိုင်တဲ့ အမြင်မျိုး မင်းတို့မိန်းမရမှသိမှာ"

"ပေါက်ကရစကားတွေပြောတာ တော်ကြတော့ မင်းဝေအောင်ရဲ့ စားရေးသောက်ရေး နေထိုင်ရေးမှာ မိန်းမတစ်ယောက် မရှိမဖြစ် လိုအပ်နေပြီ၊ အဲဒါ မင်းဘယ်လိုလုပ်မလဲ"

"ဆားနဲ့ပဲ စားပါရစေကွာ . . ထမင်းဆိုင်နဲ့ အဝတ်လျှော်စက်ရှိရင် မိန်းမယူဖို့ မလိုပါဘူးကွာ . ."

"ဒါဆို တိုးကြီးရဲ့ မဟေသီ ငါးပုတင်းမ ထည့်ပေးတဲ့ဟင်းတွေ ဘာဖြစ်လို့ အငမ်းမရ ယူစားရတာလဲ . ."

မင်းဝေအောင် ဘာမှပြန်မပြော . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်. . မင်းဝေအောင်၊ မင်း သံသရာလည်မှာ ကြောက်ပြီး တရားရှာမယ်ဆိုတာ ဘယ်အဆင့်ထိလဲ. . ဘုန်းကြီးဝတ်မှာလား၊ ဒါဆို မင်းရဲ့ပိုင်ဆိုင်မှု ဒီလုပ်ငန်းနဲ့ လက်ရှိအိမ်ကို ဘယ်လိုလုပ်မှာလဲ. . ငါတို့ကို လွှဲပေးခဲ့မှာလား. ."

"ဟာ. . မင်းတို့တော်တော်လောဘကြီးပါလား၊ မင်းတို့ကို ဘာလို့လွှဲပေးရမှာလဲ. .၊ ပြီးတော့ ငါလည်း ဘုန်းကြီးဝတ်မယ်လို့ မဆုံးဖြတ်ရသေးဘူး. ."

"ဟားဟားဟားဟား အဲဒါပဲ. . အဲဒါပဲကွ၊ သိချင်လို့ စမ်းကြည့်လိုက်တာ အတွင်းစိတ်က ဘူးပေါ်သလို ချက်ချင်း ပေါ်လာတာပဲ၊ မင်းမှာ တပ်မက်တွယ်တာ စွဲလန်းမှုတွေရှိသေးတယ်. . ဘာကိုမှ မစွန့်နိုင်သေးဘဲ တရားရှာဖို့ စိတ်မကူးနဲ့၊ လုပ်ချင်ရင် အပြတ်လုပ် ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ကတော့ အချိန်ကုန်တာပဲ အဖတ်တင်မယ်. ."

ထိုက်အောင်စကားက မင်းဝေအောင်၏ အရေခွံ ဆွဲလှန်လိုက်သလို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်းရှိလှသဖြင့် မင်းဝေအောင် ရှက်သွား၏။ ကိုယ့်စိတ်ကိုယ် သေချာဆန်းစစ်ကြည့်သည့်အခါတွင်လည်း လုပ်ငန်းကိုထားခဲ့ပြီး ရိပ်သာဝင်ရန် သို့မဟုတ် သာသနာ့ဘောင်သို့ဝင်ရန် အဆင်သင့်မဖြစ်သေးတာကို သိလိုက်ရ၏။

ငါးပါးသီလမြဲလျှင်ပင် အပယ်တံခါးပိတ်ပြီ၊ လူလိုနေရင်း သီလစောင့်လည်းပြီးတာပါပဲဟု လျှော့ပေါ့တွေးမိပြန်သည်။ ချက်ချင်းဆိုသလိုပင် အမေ့နောက်ဆုံး အချိန်များကို





ပြန်မြင်ယောင်ကာ အသေခက်စွာ သံသရာလည်မှာကြောက်လာပြန်သည်။

"အေးကွာ. . မင်းတို့ခုလိုထောက်ပြ သတိပေးတာ ကျေးဇူးတင်ပါတယ်. . တရားမေ့ကို ဘယ်အတိုင်းအတာအထိ လိုက်စားမလဲဆိုတာ. . ငါ့ကိုယ်ငါ သေချာပြန်မေးကြည့်လိုက်ဦးမယ်. .၊ အိုယောင်ဝါးဘဝနဲ့ အချိန်ကုန်သွားတာမျိုး ငါလည်းမဖြစ်ချင်ဘူး ဘာပဲလုပ်လုပ် အတ္တနဲ့ပရ မျှတအောင် လုပ်သွားမယ်လို့တော့ ငါ ကတိပေးတယ်ကွာ. ."

မင်းဝေအောင်၏ ဆုံးဖြတ်ချက်အတွက် သူငယ်ချင်းနှစ်ယောက် ကျေနပ်သွားပြီး ထမင်းဝိုင်းကို လက်စသတ်၍ လုပ်ငန်းခွင်သို့ ပြန်ဝင်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

ဖယ်ရီပေါ်တွင် အမျိုးသမီးအများစု ပါရှိသဖြင့် mini bus ပေါ် 'ဆက်ရက်'ကျသကဲ့သို့ ဆူညံပွက်လောရိုက်နေသည်။ စကားဝိုင်း၏ အဓိကဇာတ်ကောင်က သဲသီရိ ပင်ဖြစ်သည်။ သူက မကြာခင်ကာလမှာ အင်ဂျင်နီယာတစ်ယောက်နှင့် အိမ်ထောင်ပြုတော့မည်ဖြစ်သည်။ ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးလာချိန်မှာ လက်ဖျားငွေသီးသော အင်ဂျင်နီယာတစ်ယောက်နှင့် လက်ထပ်မည့်သူမို့ လူကတက်ကြွသလို အသံကလည်း စာနေ၏။

"ကိုကိုနဲ့ အိမ်ထောင်ပရိဘောဂတွေ ဝယ်ဖို့ ရှော





ပင်(န်) ထွက်ရဦးမှာသိလား"

"ဟဲ့ . . သဲသီရိ . . ဒါဆို ကုတင်လည်း ဝယ်မှာပေါ့"

"မေးမှ မေးရက်တယ်ဟယ် အဲဒါက အရေးအကြီးဆုံး မဟုတ်လား . ."

အရွဲ့တိုက်မေးသူကို ကာယကံရှင်ကိုယ်တိုင်က မျက်နှာပြောင်ပြောင် ဖြေကြားလိုက်သဖြင့် ယမုံပင် ရယ်မိသည်။

"အဲဒါ ဘယ်ပရိဘောဂ ဆိုင်သွားရင်ကောင်းမလဲဆိုတာ စဉ်းစားရခက်နေတာ"

ထိုစကားက ယမုံ့ဦးနှောက်ကို အလုပ်များသွားစေသည်။ မင်းဝေအောင်နှင့် ထပ်မံတွေ့ဆုံနိုင်ဖို့ အကြောင်းပြချက်ကောင်းကောင်း လိုချင်နေတာ သဲသီရိ အခက်အခဲနှင့်တော့ တွက်တိပင် ဖြစ်နေ၏။

"သဲသီရိ ကိုယ့်မှာ သိပ်ရင်းနှီးတဲ့ ပရိဘောဂဆိုင်ပိုင်ရှင်တစ်ယောက်ရှိတယ် . . ကိုယ်တိုင်ထုတ်လုပ်ပြီး ဆိုင်ဖွင့်ရောင်းတာ လိုက်ပို့ပေးလို့ရတယ် . . ကြိုက်မှဝယ်ရုံပဲ အားနာစရာမလိုဘူး . ."

"ယမုံ တကယ်ပြောတာလား . ."

"တကယ်ပေါ့ အောင်ကမ္ဘာ ပရိဘောဂဆိုင် . ."

"အိုကေ . . SUNDAY မှာ ချိန်းလိုက်လေ သွားကြည့်ကြမယ် ယမုံပါလိုက်ခဲ့ရမှာနော် . ."

"အေးပါ . . လိုက်ပို့ပေးမှာပေါ့ . ."

"ဟော . . ဟော အပျိုကြီးမ ယမုံ ကျွတ်တန်းဝင်ဖို့ အများအကျိုးဆောင်နေပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောပြော အပျိုကြီးဆိုတာကို ခလုတ်တိုက်တတ်သည့် လုပ်ဖော်ကိုင်ဘက်တစ်ယောက်၏ ကြားဖေါက်ဟာသကြောင့် တစ်ကားလုံး ရယ်သံတွေ သောသောညံသွားသည်။ ယမုံလည်း မရည်ရွယ်ဘဲ ပြောမိလိုက်သည့် စကားအတွက် ကိုယ်ဘာသာ အံ့ဩမိ၏။ သူ မင်းဝေအောင်နှင့်တွေ့ဖို့ကိစ္စ အားတက်သရောရှိနေပါလားဟု သိလိုက်ရ၍လည်း ရှက်သလိုလို ဖြစ်မိရသည်။

ခုလိုအများအကျိုးဆောင်တာ ကိုယ့်အကျိုးအောင်ချင်လို့ဟု မွပ်စွဲခံရတော့ ပို၍ပင် ရှက်မိသေး၏။ သို့သော်မဖြစ်မနေ တွေ့ဆုံရမည့် ကိစ္စတစ်ခုပြီးသွားသည့်အတွက်ရင်မှာ ကျေနပ်နေမိတာတော့ အမှန်ပင်ဖြစ်သည်။







# အခန်း(၂၃)

ရန်ကုန်မြို့ပြဝန်းကျင်မှာ ငှက်တွေ အတော်ရှားပါးသွား၏။ အများဆုံးမြင်တွေ့နေရတာက ခို၊ စာကလေးနှင့်ကျီးကန်းတို့သာ ဖြစ်၏။ $H_5N_1$ ကြက်ငှက်တုပ်ကွေးကြောင့်ငှက်မျိုးတုန်းသွားတာပဲလားမသိ၊ ကောင်းကင်၌ ပျံသန်းနေကြသောငှက်များ တုပ်ကွေး မိနေကြသည်လားမသိ၊ ချိန့်နွေးကွေးနေတာ သတိပြုမိသည်။ လမ်းမပိတ် ကားမပိတ်သဟာပြင် ကောင်းကင်မှာ ဘာကြောင့်များ စိတ်ထင်တိုင်းမကျဲကြတာလဲ၊ ကောင်းကင်မှာ အစာရှာထွက်သည့် ငှက်တွေ လမ်းသလားနေသလို မြေပြင်ပေါ်မှာလည်း လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ပုရွက်အုံ အသိုက်ပြောင်းသလို ဥဒဟို သွားလာနေကြ၏။

ကားပိတ်၍ ရပ်နေခိုက် ပျံသန်းသွားသော ခိုတစ်အုပ်ကိုမြင်မိရာမှ တွေးမိသည့် အတွေးတွေက ဗရောက်ဗရက်။

သူ ညကတစ်ညလုံး နဖူးပေါ် လက်တင်၊ လက်ပေါ် နဖူးတင်ကာ အပြန်ပြန်အလှန်လှန် စဉ်းစားခဲ့သည်။ လက်ရှိ အောင်မြင်နေသော ဘဝကို စွန့်လွှတ်ပြီး သာသနာ့ဘောင်သို့ မဝင်နိုင်ကြောင်းတော့ သေချာခဲ့ပြီ။ အတ္တ ပရ မျှစွာ၊ သီလလုံစွာ နေထိုင်ရင်း အသေတတ်အောင်ကျင့်လည်း ရတာပါပဲဟု တစ်ထစ်လျှော့ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ထိုအခါ တစ်ယောက်ထဲနေမလား အဖော်ရှာမလားဆိုသည့် ပြဿနာတ ရှေ့တန်းရောက်လာပြန်သည်။

သူချစ်မိသည့် ယမုံကလည်း သာမန်ပုထုဇဉ်မဟုတ်၊ အတိတေ အတိတ်ကာလက ဒါနအား သီလအားကောင်းခဲ့သူ၊ နိဗ္ဗာန်လမ်းနှင့် နီးစပ်နေသူ တစ်ယောက်ဖြစ်နေသည်။ အတိအလင်း ချစ်ရေးဆိုဘူးခဲ့သော်လည်း တရားပြ၍ ပြတ်ပြတ်သားသား ငြင်းခဲ့ဘူး၏။

မိန်းမသားတစ်ယောက်က တရားရှာဖို့ စိတ်အားထက်သန်နေချိန်မှာ ဘုရားဆုပန်ယောကျ်ားသားဘဝ ရရှိနေသည့် သူ့အနေနှင့် ပိုပြီးကြိုးစားဖို့ မကောင်းဘူးလားဟုလည်း ကိုယ့်ဘာသာ ပြန်မေးကြည့်မိ၏။ ပြီးတော့ ကရွတ်ကင်းလျှောက်သလို သံသရာလည်ပြီး ဘဝတွေ အလီလီရကာ အဖန်ဖန်အထပ်ထပ် ပြန်သေရမည့် အရေးကိုလည်း တွေး





ကြောက်နေ၏။

သို့ဖြစ်၍ သီလမြဲသော လူတော်လူကောင်းတစ်ယောက်အဖြစ် နေထိုင်သွားကာ ပါရမီရင့်သန်လာသည့် အချိန်ကျမှ ပိုင်ဆိုင်သမျှကို အများအတွက် လှူဒါန်းပြီး အနှောင်အဖွဲ့ကင်းစွာ တရားရှာတော့မည်ဟုသာ စိတ်ပိုင်းဖြတ်မိ၏။

အလုပ်ရုံရောက်တော့ ထိုက်အောင်ကိုသာ တွေ့ရသည်။ တိုးကြီးက သူ့မိန်းမ ဗိုက်အပ်ဖို့ ဆေးရုံလိုက်သွားရ၍ နည်းနည်းနောက်ကျမည်ဟု သတင်းစကားပါးလိုက်၏။ ထိုကိစ္စ ဘာမှပြဿနာ မရှိသဖြင့် မင်းဝေအောင် ကိုယ့်အလုပ်ကိုယ်လုပ်နေလိုက်သည်။ အလုပ်ထဲအာရုံရောက်ပြီး တစ်နာရီလောက်အကြာမှာ ဖုန်းဝင်လာ၏။ နံပါတ်က စိမ်းနေသဖြင့် ကပ်စတန်မာဆီကပဲဖြစ်မည်ဟု ယူဆပြီး ကိုင်လိုက်၏။

"ဟဲလို အောင်ကမ္ဘာပရိဘောဂဆိုင်ကပါ. ."

"ကိုမင်းဝေအောင်လား ကျွန်မ ယမုံပါ. ."

"ဟင်. . ယမုံ. . ဟာ. . ဆောရီးနော် အသံကိုပါ မှတ်မိနေရမှာကို. . ကဲပြော. . ဘာကိစ္စလဲ ဘာအကူအညီပေးရမလဲ. ."

"ဟိုလေ. . ကျွန်မသူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်မှာမို့ အိမ်ထောင်ပရိဘောဂတွေ လာကြည့်မလို့ အခုထွက်လာပြီ နောက်ဆယ်မိနစ်လောက်ဆို ရောက်မယ်. ."

"ဪ. . ဟုတ်လား. . လာခဲ့ပါ ကျွန်တော်ရှိပါတယ်. . ယမုံ့ သူငယ်ချင်းဆိုတော့ ဒစ်စကောင့်ပေးရမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေပါ့မယ် ယမုံ. ."

"ဟုတ်ကဲ့. . ဒါပဲနော်. ."

ဖုန်းချသွားတော့ သူ ရင်ခုန်မနေတာ အံ့ဩစွာ သတိပြုမိသည်။ သူ့မှာ မိန်းမယူဖို့ ဆန္ဒတွေ အကင်းသေသွားပြီထင်၏။ ယမုံလာမည်ဆိုတာကို ထူးထူးကဲကဲ ဝမ်းသာရင်ခုန်မနေတော့၍ ကိုယ့်စရိုက်ကိုယ် ယုံကြည်မှု ရှိလာသည်။

ယမုံနှင့် အတူ ကပ်စတန်မာတွေ ပါလာမည်မို့ အရောင်းပြခန်းဘက် ထွက်လာခဲ့ကာ အလုပ်စားပွဲထိုင်ပြီး စာရင်းစစ်နေလိုက်၏။ နောက် (၁၅)မိနစ်ခန့်အကြာတွင် ယမုံတို့ရောက်လာသည်။ မင်္ဂလာမောင်နှံဖြစ်သည့် ကိုနိုင်ဦးနှင့် သဲသီရိကို ယမုံက မိတ်ဆက်ပေး၏။

"ဟုတ်ကဲ့ ဝမ်းသာပါတယ်ဗျာ. . ရွှေလက်ထပ်ပြီး ဘဝကို အတူလျှောက်လှမ်းခွင့်ရကြတဲ့အတွက်လည်း ဂုဏ်ယူပါတယ်. ."

"ဟုတ်ကဲ့. ."

"ကိုနိုင်ဦး ဘာကြည့်ချင်လဲ ဆက်တီလား မှန်တင်ခုံလား ဘီရိုလား. ."

"အကုန်လုံးပဲ ဆိုပါတော့. ."

"ဟုတ်ကဲ့ ရပါတယ်. . အဲ. . ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ဟုတ်ကဲ့ ပြောပါ. ."

"ကျွန်တော့်ဆိုင်က ပရိဘောဂတွေကို သေတစ်ပန်သက်တဆုံးပေါင်းသင်းမယ့် စုံတွဲတွေကိုသာ ရောင်းချပေး





တယ် ဆိုတာပါပဲ. ."

"ဗျာ. . . အဟားဟားဟား ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ အဲဒီအပြောကြောင့် ကျွန်တော်မဝယ်မဖြစ် ဝယ်ရတော့မှာပေါ့ ဟုတ်လား၊ အဟားဟား. . ကဲ. . သဲရေ အသက်ထက်ဆုံး အတူတူအိပ်ရမဲ့ကုတင် အရင်ကြည့်လိုက်ရအောင်. ."

"ကိုကို့ သဘော. ."

မင်းဝေအောင်၏ အပြောအဆိုကြောင့် မင်္ဂလာမောင်နှံ သဘောခွေ့သွားကာ ပစ္စည်းတွေ အစုံလိုက်ကြည့်ကြတော့သည်။

"ကိုမင်းဝေအောင်က အပြောကောင်းသားပဲ. ."

"အရောင်းအဝယ်သမားလေ. . ယမုံရဲ့"

ကိုနိုင်ဦးတို့ စိတ်ကြိုက်ကြည့်ပြီးပစ္စည်းများကို နံပါတ်မှတ်၍ ဈေးနှုန်းကြည့်ပေးသည်။ အားလုံးပေါင်း သိန်းလေးဆယ်ကျ၏။ ကက်တလောက်တွင် ပုံနှင့်ဈေးနှုန်း တွဲထားသော်လည်း ယမုံ့မျက်နှာနှင့် မင်္ဂလာလက်ဖွဲ့အဖြစ် သုံးသိန်းလျှော့ပေးလိုက်သည်။ ကိုနိုင်ဦးတို့စုံတွဲ ကျေနပ်သွားသလို ယမုံလည်း မျက်နှာရသွားသည်။ (၁၀)သိန်းကျော်ဖိုး ဝယ်ယူလျှင် အိမ်အရောက်ပို့ပေးသည့် အစီအစဉ်ရှိကြောင်းပါ သိရတော့ ပိုပြီးသဘောကျသွား၏။

ငွေရှင်းပြီး ပြန်ဖို့ပြင်ကြသောအခါ ယမုံက ဝင်စရာရှိသေး၍ သူနေခဲ့မည်ဟု ပြောသည်။ ထို့အတွက် အံ့ဩသလိုတော့ ဖြစ်မိ၏။ ကိုနိုင်ဦးတို့ ထွက်သွားတော့ ချာတိတ်တစ်ယောက်အား ရေခဲမုန့်နှင့် အအေးမှာခိုင်းပြီး ဧည့်ခံရင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ပြော. . ယမုံ ဘာကူညီရမလဲ ဓမ္မမိတ်ဆွေတွေပဲဟာ ပြောသာပြော အားမနာနဲ့"

စကားအစချီပုံမှာကတည်းက ဓမ္မမိတ်ဆွေတွေဆိုတော့ ယမုံ အားလျော့သွားသည်။ သို့သော် နောက်တစ်ခါဆုံဖို့က မလွယ်လှသဖြင့် အရဲကိုးပြီး ပြောလိုက်၏။

"အမေနဲ့အဖေက ကျွန်မကို အိမ်ထောင်ပြုစေချင်နေကြတယ် ကိုမင်းဝေအောင်ရယ်"

"ဗျာ. ."

ထိုဗျာတွင် အံ့သြမှု အနည်းငယ်သာပါပြီး နှမြောခြင်း မနာလိုဖြစ်ခြင်းတို့ လုံးဝမပါကြောင်း မျက်နှာကို အသေအချာကြည့်၍ ပြောနေသည့် ယမုံသိလိုက်သည်။ စမိပြီမို့ မထူးတော့ပါဘူးဟု ဆုံးဖြတ်၍ စကားဆက်၏။

"ကျွန်မ အကြောင်းလည်း ကိုမင်းဝေအောင် သိတဲ့ အတိုင်းပဲလေ. ."

"ဟာ အန်ကယ်နဲ့ အန်တီကြိုင်တို့ကလည်း ဘာတွေ လုပ်နေကြတာလဲမသိဘူး သူတော်ကောင်းတရား လိုက်စား မယ့်သူကို လမ်းမှားရောက်အောင် တွန်းပို့ရတယ်လို့၊ ဘာ မပူနဲ့ ယမုံ ကျွန်တော်အိမ်ကိုလာခဲ့မယ်၊ ဒီကိစ္စဆက်မလုပ် ယမုံဆန္ဒအတိုင်း လိုက်လျောလိုက်ဖို့ ကျွန်တော် ရအောင် ပြောပေးမယ်. ."

"ရှင်"

ခုတ်ရာတခြားရှရာတလွဲဆိုသလို ဖြစ်ကုန်၍ မျှော် လင့်ချက်နှင့်လာခဲ့သည့် ယမုံမှာ ကိုယ့်ကိုယ်ကို သတ်သေချ





စိတ်ပေါက်သွားသည်။ စကားကိုဆုံးအောင်နားမထောင်ဘဲ အရင်တုန်းက ခံယူချက်နှင့်ဆက်နေမည့် ယမုံဟုယူဆကာ မယ်သီလရှင်ဝတ်ခွင့်ရအောင် ကူပြောပေးမည်ဟု ကတိပေးနေ၏။ ထို့အတွက် အဲလိုမဟုတ်ဘူး အမေတို့က တောသူဌေးတစ်ယောက်နဲ့ ပေးစားကြမှာ အဲဒီလူကို မယူချင်လို့ဟု ဘယ်လိုလုပ် ဆက်ပြောဝံ့တော့မှာလဲ။

ဒါမှမဟုတ် ကျွန်မယောကျ်ားယူမှဖြစ်တော့မှ ချစ်တယ်လို့ ပြောထားတာလဲ ရှင်တစ်ယောက်ပဲရှိတယ်လေ. . အဲဒါ ကျွန်မကို ဘယ်လိုကူညီမှာလဲဟု မေးလိုက်ရမှာလား၊ ယမုံ ရှက်စိတ်နှင့် ကြေကွဲနှုတ်ဆိတ်နေ၏။ မင်းဝေအောင် ဘာမှမရိပ်မိ. .

"ယမုံ. . ဘာမှစိုးရိမ်မနေပါနဲ့ဗျာ၊ လာမယ့် စနေနေ့ ကျွန်တော်ဆက်ဆက်လာခဲ့မယ်. . အန်တီကြိုင့်ကို သေချာ ရှင်းပြ စည်းရုံးပေးမယ် စိတ်ချ. ."

"ဟုတ်. . ဟုတ်ကဲ့. ."

"ဒါနဲ့ ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသရဲ့ တရားစာအုပ် ဖတ်ပြီးပြီလား"

"ရှင်. . အဲ. . မဖတ်. . မဖတ်ရသေးဘူးရှင့်. ."

"သေချာဖတ်ဖြစ်အောင် ဖတ်ကြည့်လိုက် ယမုံ. . ဘာကယ့်အနှစ်တွေချည်းပဲ"

"ဟုတ်ကဲ့. . ဒါဆို ကျွန်မ ပြန်တော့မယ်. ."

"ပြန်မယ်. . ကျွန်တော် ကားငှားပေးလိုက်မယ်လေ လိုက်ပို့ချင်တာဗျာ. . အလုပ်မသိမ်းသေးလို့. ."



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ရှင်. ."

ယမုံ့အတွက် ကားငှားပြီး ကားခပါ တစ်ခါထဲပေး၍ တံခါးပါ ပိတ်ပေးလိုက်သေး၏။ လက်ပြနှုတ်ဆက်ပြီး ကားထွက်သွားမှ မင်းဝေအောင်ပြန်ဝင်လာ၏။ ဆိုင်ထဲရောက်တော့ သူ့ကိုခါးထောက်ပြီး ဘုကြည့်ကြည့်နေကြသည့် ထိုက်အောင်နှင့် တိုးကြီးကိုတွေ့ရ၏။

"တိုးကြီး မင်း ဘယ်တုန်းကရောက်နေတာလဲ"

"ကြာပြီ ယမုံနဲ့ မင်း စကားပြောနေ ကတည်းက. ."

"ဟုတ်လား. ."

"ဟုတ်တယ်. . မင်းတော်တော် အလိုက်ကမ်းဆိုး မသိတဲ့ကောင်ပဲ၊ ပြီးတော့ နုံတာလား အတာလား လူကဲမခတ် တတ်တာလား သောက်သုံးမကျတာလား တစ်ခုခုတော့ တစ်ခုခုပဲ"

"ဟာ ဘလိုင်းကြီးပါလား မင်း ဘာဖြစ်လာတာလဲ"

မှိုချိုးမှုစ်ချိုးနှင့် စော်ကားမော်ကား ပြောလာသည့် တိုးကြီးအား ခပ်ဆတ်ဆတ်ပြန်မေးရင်း ဝင်ထိုင်လိုက်သည်။

"မင်း ယမုံ့မျက်နှာကို မင်း သေချာကြည့်ကော ကြည့်မိရဲ့လား"

"ဟင့်အင်း အားနာလို့. ."

"သေလိုက်ကွာ ပေါင်ကြားကို တူနဲ့ထုပြီး သေလိုက်"

"ဟာ. . ဟော့ကောင်တွေ မင်းတို့ လွန်နေပြီနော်. . ဘာကြောင့်ဆိုတာ မပြောသေးဘဲနဲ့ ဘာဖြစ်လို့ ဒီလောက်တောင် စွတ်ကောနေရတာလဲ"





"အေး. . ဘာကြောင့် ကောရသလဲဆိုတော့ ယမုံစကားကို ဆုံးအောင်နားမထောင်လို့၊ သူဘာပြောချင်မှန်း မသိဘဲ ထင်ရာမြင်ရာတွေ စွတ်ပြောနေလို့. ."

"ဟုတ်တယ် မင်းဝေအောင်. . မင်းက အိမ်လိုက်ပြီး မိဘတွေကို ဖွတ်အိမ်ထောင်ချမပေးဖို့ ပြောပေးမယ်ဆိုတော့ သူ မျက်နှာပျက်သွားတာ အသိသာကြီး. ."

"သူပြောတာ အစပဲရှိသေးတယ် ဆုံးကိုမဆုံးသေးဘူး မင်းစွတ်ရွတ်ပြောနေတာတွေ နားထောင်ပြီးတော့ သူ စိတ်ပျက်လက်ပျက်ဖြစ်သွားတာ သေချာတယ်ကွာ"

"ဟုတ်လို့လားကွာ. ."

ထိုက်အောင်တို့ ဝိုင်းပြောတာကြားရသည်တွင် မင်းဝေအောင် နောင်တရချင်ချင်ဖြစ်ပြီး လေသံပျော့သွား၏။

"မင်း သူ့မျက်နှာကို ကြည့်မှမကြည့်တာ သူ့စိတ်ထဲ ဘာရှိတယ်ဆိုတာ ဘယ်လိုလုပ်သိမှာလဲ သူ့မှာပြောစရာတွေ အများကြီးကျန်သေးတာကို မင်း ပြောခွင့်မပေးခဲ့ဘူး. . မင်းဟာ တကယ်အူကြောင်ကျား. ."

မချင့်မရဲနှင့် ဝိုင်းပြောကြသည့် သူငယ်ချင်းတွေ၏ စကားကြောင့် မင်းဝေအောင်လည်း သူ့ကိုယ်သူ အပြစ်တင်မိ၏။

"ဒီနေ့ သူ့ကိုသာ စကားပြောခွင့်ပေးခဲ့ရင် မင်းတို့နှစ်ယောက်ကြားက အခြေအနေ တစ်မျိုးပြောင်းသွားမှာကွ. ."

"ခိုးချင်တာလဲ ပြာလို့ လက်နှေးတာလဲချာလို့ဆိုတာ မင်းကိုရည်ညွှန်းတာ. ."



www.burmeseclassic.com

www.burmeseclassic.com



စွပ်စွဲပြစ်တင်မှုတွေက ပြင်းထန်လှ၏။ မင်းဝေအောင် ကာလယန္တရားစက်အကူအညီနှင့် လွန်ခဲ့သည့် နာရီဝက် အချိန်ကာလကို ပြန်သွားကာ ယမုံပြောတာ ဆုံးအောင်နား ထောင်ခွင့် ရချင်လာသည်။ နောင်တဆိုသည်မှာ မြန်မာ့ ဆက်သွယ်ရေးမှ ကြေးနန်းပို့သလို တော်တော်ကြီး နောက် ကျမှ ရောက်လာစမြဲသာ ဖြစ်သည်။

"ငါ. . ငါ ဘာလုပ်ရင်ကောင်းမလဲ. ."

"သူနဲ့တွေ့ဖို့ကြိုးစား အိမ်ကိုမသွားနဲ့၊ ပြောတာသ ဘော ပေါက်တယ်နော် သူ့မိဘတွေကို မတွေ့ခင် သူနဲ့အရင် တွေ့လိုက်၊ အဲဒါမှ 'သူဘာဖြစ်နေသလဲဆိုတာ သိရမှာ. ."

"အိုကေ. . ဟာ. . မအိုကေဘူး. . သူက မယ်သီလ ရှင် ဝတ်မှာလေ အဲဒါသူ့ရဲ့နောက်ဆုံး ဆန္ဒပဲဟာ သူ ငါ့ကို စိတ်မဝင်စားသလို ငါလည်း သူ့ကိုမေ့ဖို့ကြိုးစားနေတာ တော် တော်ဟုတ်နေပြီ၊ ဒီအတိုင်းပဲ ကောင်းပါတယ်ကွာ. ."

မင်းဝေအောင်၏ အပိတ်စကားကြောင့်. . ထိုက် အောင်နှင့်တိုးကြီးတို့ ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။ သူတို့အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက် ပြီးနောက်. .

"ငါတို့ကိုက မှားတာ. ."

ထိုသို့ ပြိုင်တူပြောပြီး အလုပ်ရုံဘက်သို့ ထွက်သွား ကြတော့၏။ မင်းဝေအောင်လည်း အူကြောင်ကြောင်နှင့် ကျန်ရစ်သည်။ သူ ဘာမှားလို့ သူတို့တွေ ဒီလိုအပေါက် ချိုး သွားတာလဲဆိုတာ စဉ်းစားမရဖြစ်သွား၏။ စဉ်းစားမရသည့်





အတူတူ အလုပ်လုပ်နေတာကောင်းမည်ဟု တွေးပြီး ကိုနိုင်ဦး တို့ ဝယ်သွားသည့် ပရိဘောဂများကို ထုပ်ပိုး၍ ကုန်တင်ကား ပေါ်တင်ရန် ကြိုးကြပ်ညွှန်ကြားနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

ယမုံ အိပ်ခန်းထဲမှာ တစ်ယောက်ထဲ ကြိတ်ငိုနေ၏။ ဖြစ်သမျှအကြောင်း အကောင်းပဲဟု နှလုံးသွင်းသော်လည်း ဖြေမဆည်နိုင်ဖြစ်နေသည်။ မင်းဝေအောင်ထံ ပြန်ချဉ်းကပ်ဖို့ ကြိုးစားတိုင်း မအောင်မမြင်ဖြစ်ရသည့်အတွက်လည်း ကိုယ့်ဘာသာ မကျေမနပ်ဖြစ်မိသည်။ မဖြစ်မနေ ယောကျ်ားယူရမည်ဆိုလျှင်လည်း မင်းဝေအောင်ကိုပဲ ရွေးတော့မည်ဆိုသည့် ဆုံးဖြတ်ချက်အား ပြန်ပြင်ရတော့မည်ထင်၏။

အခုပဲ အချိန်သုံးလမှာ တစ်လနီးပါးကုန်သွားခဲ့ပြီ အမေပေးသည့် သုံးလတာရာဇသံကာလအတွင်း အဆင်





မပြေခဲ့လျှင် တောသားကို လင်လုပ်ရတော့မည်။ ထို့အတွက် ယမုံ မခံမရပ်နိုင် ဖြစ်နေရသည်။

ခုတော့ လုပ်စရာက နှစ်ခုပဲရှိတော့သည့်။ မိဘများ သဘောထားပြောင်းသွားအောင် စည်းရုံးနိုင်လျှင်စည်းရုံး သို့မဟုတ်လျှင်တော့ မင်းဝေအောင်ကို သူကစ၍ ခိုးပြေးဖို့ပဲ ရှိတော့သည်။ အဝေးကို ထွက်ပြေးပြီး သီလရှင်ဝတ်ဖို့ဆိုတာကလည်း အလုပ်မှာ လျော်ကြေးမပေးနိုင်တာက အဓိကစိန်ခေါ်မှုဖြစ်နေ၏။ သာသနာ့ဘောင် ဝင်ဖို့ဆိုတာကလည်း အုပ်ထိန်းသူ၏ သဘောတူညီချက် လိုသေးသည်။

ဘယ်ဘက်ကလှည့်စဉ်းစားစဉ်းစား အဖြေမရ၊ ဖြေရှင်းလို့ မရသည့်အတူတူ ရှုးချင်ယောင်ဆောင်ပြီး ရွာသာကြီးသွားကာ အနားယူလိုက်တာပဲ ကောင်းမည်ဟု တွေးနေမိတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

မင်းဝေအောင်လည်း အလုပ်သိမ်း၍အိမ်ပြန်ရောက်သည့်အခါတိုင်း နှစ်ထပ်တိုက်ကြီးတစ်လုံးအတွင်း သူတစ်ယောက်ထဲ နေရသည့်အဖြစ်ကို အကြီးအကျယ်စိတ်ကုန်နေပြီဖြစ်သည်။

အလုပ်မှ ပြန်လာသည်နှင့် ဆိုင်တစ်ဆိုင်မှာ ထမင်းဝင်စားပြီးမှ အိမ်ထဲဝင်သည်။ တီဗွီကြည့်ရင်ကြည့် မကြည့်ရင် အင်တာနက်ကလီ၊ လုပ်စရာက ဒါပဲရှိ၏။ ဘောလုံးပွဲရှိသောညများကတော့ အဆင်ပြေသည်။ တစ်ယောက်ထဲ ကော်ဖီသောက်လိုက် ရယ်ဒီမိတ် စားစရာတွေစားလိုက်၊ မကျေနပ်





လျှင် အော်ဆဲလိုက် ဗျစ်တောက်ဗျစ်တောက် ပြောလိုက်နှင့် တစ်ဦးတည်း စကားပြောခွင့်ရသည်။

ကျန်သည့် ရက်တွေမှာ တစ်ယောက်ထဲစကားပြောမိလျှင်တော့ စိတ်ရောဂါအထူးကုနှင့် ပြသဖို့လိုအပ်သည့်အခြေကို ဆိုက်သွားလိမ့်မည်။ ဒီနေ့ည အိမ်ပြန်အရောက် မှောင်မည်းနေသည့် အိမ်ထဲဝင်ပြီး မီးခလုတ်အား ဖွင့်လိုက်စဉ် အရိပ်ဖြူတစ်ခု လှေကားပေါ် ပြေးတက်သွားတာမြင်မိ၏။

မင်းဝေအောင် ခေါင်းနပန်းကြီးသွားကာ မီးခလုတ်အားလုံးကိုဖွင့်၊ ဘေ့စ်ဘောရိုက်တံနှင့် ဓာတ်မီးကို တစ်ဖက်စီကိုင်၍ အိမ်ပေါ်သို့ ပြေးတက်ခဲ့၏။ သူခိုးလား ဖေါက်ထွင်းဝိဇ္ဇာလားအတွေးနှင့် သတိကြီးစွာထားခဲ့ တက်လာခဲ့ခြင်း ဖြစ်သည်။ လှေကားတလျှောက် ဘာအန္တရာယ်မှ မတွေ့ရဘဲ အပေါ်ထပ်သို့ ရောက်လာသည်။ အိမ်ပေါ်မှ မီးများကိုဖွင့်ပြီး တစ်ခန်းဝင်တစ်ခန်းထွက် လိုက်လံစစ်ဆေးကြည့်၏။

မသင်္ကာစရာဘာကိုမှ မတွေ့၊ တံခါးပေါက်များ ပြတင်းပေါက်များပွင့်နေခြင်းရှိမရှိကိုလည်း အသေအချာလိုက်ကြည့်ရသည်။ မသင်္ကာစရာဘာတစ်ခုမှ မတွေ့သည့်အတွက် စိတ်ထင်တာ ဖြစ်မှာပါဟုသာ ယူဆပြီးပြန်ဆင်းလာခဲ့၏။ အောက်ထပ်မှ တံခါးတွေ အသေအချာပိတ်ပြီး ရေချိုးခန်းဝင်ခဲ့၏။

ရေချိုးပြီး စိတ်လန်းဆန်းသွားသော်လည်း ဘာမှလုပ်စရာမရှိ၍ SKY NET မှ အားကစားလိုင်းများကိုသာ ဖွင့်ကြည့်နေလိုက်သည်။ နပန်းပွဲ လက်ဝှေ့ပွဲ ဘောလုံးပွဲ အစုံ



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်လိုင်းပြီးတစ်လိုင်း ပြောင်းကြည့်ပြီး ဆယ်နာရီထိုးတွင် အိပ်ရာဝင်ခဲ့၏။

အိပ်ရာဝင်သည်နှင့် ခဏသေလိုက်ဦးမည်ဟု ရေရွတ်ပြီး မရဏာနုဿတိကို ဆင်ခြင်သည်။ ငါသည် မုချသေရမည် အချိန်ပိုင်းသာ လိုတော့သည်။ ပြော်တစ်ရက်ကုန်သွားပြီဆိုတော့ သေဖို့တစ်ရက်ပိုနီးလာပြီပေါ့။ သေချင်းတရားဆိုတာ အချိန်မရွေးကျ ရောက်လာနိုင်တယ်၊ ဘယ်အချိန်သေမယ် ဘယ်နေရာမှာသေမယ် ဘာရောဂါနဲ့သေမယ်၊ သေပြီးတဲ့နောက် အလောင်းကိုဘယ်မှာ သင်္ဂြိုလ်ခံရမယ်၊ သေပြီး ဘယ်ဂတိကိုလားရမယ်ဆိုတာ ဘယ်သူမှမသိနိုင်ဘူး၊ သေချာသိနိုင်တာကတော့ မုချမသွေ ဆက်ဆက်သေရမယ် ဆိုတာပါပဲ. .

ထိုသို့ အဖန်ဖန် နှလုံးသွင်းရင်းနှင့် မင်းဝေအောင် အသေလေးနှင့်သေသွား. . အဲလေ. . အိပ်ပျော်သွားသည်။ မှန်ကန်စွာ စိတ်ကိုထိန်းနိုင်ခဲ့သဖြင့် ဝေဝါးပျံ့လွင့်ခြင်းမရှိ၊ သို့သော် မသိစိတ် 3D ရုံအတွင်းမှာ အိပ်မက်ဇာတ်ကားသစ်ပြသနေခြင်းကိုတော့ သူ မထိန်းချုပ်နိုင်ခဲ့၊ ဇာတ်ကားအစတွင် ကချင်ပြည်နယ်အစွန်အဖျား ဒေသမှာသာ ရှားရှားပါးပါး မြင်တွေ့ရလေ့ရှိသည့် ဆီနှင်းဖုံးလွှမ်းသော တောင်တန်းများကို တွေ့ရသည်။

တဖွဲဖွဲနှင့် မိုးရွာသလိုကျနေသည့် ဆီးနှင်းဖတ်များကိုပါ မြင်တွေ့ရသဖြင့် မင်းဝေအောင်စိတ်ထဲ အေးချမ်းသွားကာ ဝမ်းသာပျော်ရွှင်နေမိ၏။ ထိုဆီးနှင်းလွင်ပြင်ကြီးကို





မျက်စိတစ်ဆုံးထိ မျှော်ကြည့်နေခိုက် အဝေးတစ်နေရာမှာ မည်းမည်းသဏ္ဌာန်တစ်ခု လှုပ်ရှားနေတာကို သတိပြုမိသည်။

လူလား သတ္တဝါလား မကွဲပြားသည့် ထိုသဏ္ဌာန်က တရွေ့ရွေ့ရွေ့တိုးလာသည်မို့ သက်ရှိတစ်ခုခုဖြစ်မှန်းတော့ ရိပ်စားမိ၏။ ကြည့်နေရင်းမှ ထိုသဏ္ဌာန်က တဖြည်းဖြည်းနီးကပ်လာသည်။ နောက်ဆုံးမှာတော့ လူတစ်ယောက်ဖြစ်နေတာကို မင်းဝေအောင် သိသွား၏။ ထိုအခိုက်မှာ Camera နှင့် Zoom ဆွဲပြီး Close up ပြလိုက်သလို ထိုလူ၏ မျက်နှာကို ထင်ရှားပြတ်သားစွာ မြင်လိုက်ရသည်။ မင်းဝေအောင် လွန်စွာထိတ်လန့်တုန်လှုပ်သွားရ၏။

"သား. . . သားရယ် အမေချမ်းလိုက်တာ. . ဝတ်စရာ အဝတ်အစားလေး ပို့ပေးပါလားကွယ်. ."

"ဟင်. . အမေ. . . အမေ. ."

မင်းဝေအောင် အလန့်တကြားအော်ခေါ်လိုက်မိပြီး ထိုအသံကြောင့်ပင် လန့်နိုးခဲ့သည်။ သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေ၏။ အမေဆုံးပြီးနောက် အိပ်မက်ပေးတာတွေ အရိပ်အယောင်ပြတာတွေ ဘာကိုမှ မကြုံခဲ့ရသဖြင့် ဒီညအိပ်မက်အတွက် မင်းဝေအောင် ကြောက်လန့်မိတာ အမှန်ပင်ဖြစ်သည်။

တစ်လပြည့်လုနီးအချိန်ကျမှ အိပ်မက်ပေးတာ ဘာဖြစ်လို့လဲ၊ သူ ချမ်းလွန်း၍ အဝတ်အစားပေးပါဟုလည်း တောင်းဆိုခဲ့သည်။ ဧကန္တ အမေ မကျွတ်မလွတ်ဖြစ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



များလား၊ ထိုအတွေးဝင်လာတော့ မင်းဝေအောင်မကြောက်တော့ဘဲ စိုးရိမ်စိတ်ဝင်လာသည်။ ချက်ချင်းပင် ဘုရားခန်းသို့တက်၍ ယုံကြည်သဒ္ဓါပေါက်စွာနှင့် ဘုရားရှိခိုးလိုက်၏။ ထို့နောက် ပြုခဲ့သမျှ ကုသိုလ်အပေါင်းကို အမေ့အားရည်စူး၍ သာဓုခေါ်နိုင်ရန် အမျှပေးဝေသည်။

ထိုသို့ပြုလုပ်ပြီးမှပဲ မင်းဝေအောင် ကြောက်ရွံ့မှုကင်းပြီး တည်ငြိမ်သွားတော့သည်။ မည်သို့ပင်ဖြစ်စေ တစ်လပြည့် အထိမ်းအမှတ်အနေနှင့် ကုသိုလ်ကောင်းမှု ပြုပေးရန် ဆုံးဖြတ်လိုက်၏။

အမေသေငယ်ဇောနှင့် မြောနေချိန်က တရားလည်း မမှတ်နိုင်၊ သရဏဂုံလည်း မတည်နိုင်၊ တရားလည်း မနာနိုင်လောက်အောင် ဝေဒနာသည်းခဲ့တာ ပြန်အမှတ်ရသည်။ ထို့အတွက်များ အမေ ပြိတ္တာဘုံတစ်ခုခုရောက်နေ၍ အိပ်မက်ပေးပြီး ကုသိုလ်ပြုခိုင်းတာဖြစ်မည်ဟု ဆင်ခြင်မိတော့ မင်းဝေအောင် မျက်ရည်ကျရ၏။

"တော်သေးတာပေါ့ အမေရယ်. . အမေ သာဓုခေါ်နိုင်တဲ့ဘုံမှာ ရောက်နေတယ်လို့ သားယုံကြည်ပါတယ်၊ အဲဒီအတွက် အမေ ကျွတ်လွတ်ပြီး ကောင်းရာသုဂတိ လားနိုင်အောင် သားကုသိုလ်ပြုပြီး အမျှဝေပေးပါ့မယ် အမေ. ."

မင်းဝေအောင် ပြန်အိပ်၍ မရတော့၊ တစ်ယောက်ထဲ နေရတာလည်း စိတ်ကချောက်ချားနေသည်မို့ တီဗွီဖွင့်ကြည့်လိုက်သည်။

(၁း၁၅)က စပြနေသော ဘောလုံးပွဲတစ်ပွဲ တွေ့၍





အဆင်ပြေသွား၏။ ထိုပွဲကိုကြည့်ရင်း ပွဲပြီးကာနီး သုံးနာရီလောက်မှာ ထိုင်ခုံပေါ်မှတင် မင်းဝေအောင် အိပ်ပျော်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

တိုးကြီးနှင့် ထိုက်အောင်တို့ မင်းဝေအောင်အား စာနာစွာ ကြည့်နေကြ၏။

"အဲဒီတော့ မင်း ဘာလုပ်ချင်လဲ"

"အိမ်မှာပဲ သံဃာတော်တွေပင့်ပြီး အကောင်းဆုံး လှူမယ်ကွာ. ."

"အေး. . ငါတို့ ဘာလုပ်ပေးရမလဲ. ."

"ငါ့မှာ ကိုယ်ပွားဆိုလို့ မင်းတို့ပဲရှိတာလေ. . အစစ အရာရာ ကူညီရမှာပေါ့"

"ရပါတယ်ကွာ ဒါနဲ့ မင်း အဖော်ရအောင် ငါလာ





အိပ်ပေးရမလား. ."

မင်းဝေအောင် ပြောပြ၍ ညကအဖြစ်ကို သိထားသည့် ထိုက်အောင်က ဂရုတစိုက်မေးသည်။

"ငါလည်း လာအိပ်ချင်ပါတယ်ကွာ. . . မိန်းမက တိုင်းပုံးကြီး ဖြစ်နေလို့. ."

"ရပါတယ်ကွာ. . ထိုက်အောင် လာအိပ်မယ်ဆို ရပါပြီ. ."

စကားပြတ်ပြီး ခဏတာဖြုတ်တော့ ငြိမ်သက်သွား၏။ ရင်ထဲမှာတော့ အတွေးကိုယ်စီနှင့်သာဖြစ်၏။ ခဏကြာမှ. .

"အဲဒါပဲ၊ ဘယ်လောက်ကြောက်စရာကောင်းသလဲ ဆိုတာ. ."

အပျိုးမပါဘဲ ပြောလိုက်သော စကားကြောင့် နားမလည်ကြသည့် တိုးကြီးတို့ ဆက်လာမည့်အကြောင်းအရာကို မျှော်နေကြ၏။

"ဒီလောက် ကျင့်ကြံအားထုတ် ဓမ္မအလုပ်ကို အပတ်တကုတ်လုပ်ခဲ့တဲ့ အမေတောင် သေခါနီးမှာ နှလုံးသွင်း ဆင်ခြင်တာလွဲလို့. . . ကောင်းရာဘုံဘဝ မရောက်နိုင်ဘူးလေ"

"အင်း. . ဟုတ်ပကွာ. ."

"ဒေါသ လောဘ မောဟနဲ့သာ သေခဲ့ရင် သေချာပေါက် ငရဲကျမှာ. ."

"ကြောက်စရာကြီးကွာ. ."

"ဒါကြောင့်. . ငါ တရားရှာဖို့ အားပါသွားတာ. ."

မင်းဝေအောင် စကားကို သဘောမတူဟန်နှင့် ထိုက်



www.burmeseclassic.com

www.burmeseclassic.com



အောင့်က ပြင်းချက်ထုတ်သည်။

"ဘယ်လောက်တရားကျင့်ကျင့် နောက်ဆုံးအချိန်မှာ နည်းနည်းလေးလွဲတာနဲ့ ငရဲကျမယ်ဆိုတော့ အပါယ်လားမယ့် အတူတူ ဘာကိစ္စ အပင်ပန်းခံနေဦးမှာလဲ"

"အင်း. . ဒါလည်း ဟုတ်တာပဲ. ."

မင်းဝေအောင်ပြုံးသည်။ မသိနားမလည်ရှာကြသည့် စာသင်သား ကိုရင်လေးများအား စာချဆရာတော်က ကြည့်ပြီး ခွင့်လွှတ်သည့်အပြုံးမျိုးနှင့် ပြုံးခြင်းဖြစ်၏။

"အပါယ်ကျတာချင်းတူပေမယ့်. . . forgot လား tourist လားဆိုတာတော့ ကွာသေးတယ်လေ. . တရားလည်းမသိ. . မကျင့်လည်း မကျင့်တဲ့သူတွေကတော့ အဝီစိမှာ forgot ပဲလေ. . အမေ့လို ကျင့်ကြံခဲ့တဲ့သူကျတော့ အလည်အပတ်သဘောပဲပေါ့၊ ဟော. . အခုတောင် အိပ်မက်နဲ့ Message လှမ်းပို့တယ်လေ. . အဝတ်အစားပေးပါတဲ့၊ ဒါကိုတို့က တိုက်ရိုက်ပို့ပေးလို့မရတော့ သံဃာတွေကို သက်န်းလှူရတယ်. . အဲဒါကို အမေရပြီး သာဓုခေါ်လိုက်တာနဲ့ တင်ဆင့်မြင့်တဲ့ ဘုံဘဝကို ချက်ချင်းတက်လှမ်းသွားမှာ. . ပေါက်လား. ."

"ဂျမ့်ပရိုမိုးရှင်းပေါ့ ဟုတ်လား. ."

"အေး. . အဲဒီသဘောပဲ၊ ဒါန သီလ ဘာဝနာခေါ်တဲ့ အထုပ်ပါသွားတဲ့သူဟာ အပါယ်လေးဘုံကျလည်း ခဏပဲ. . အဲသလောက်အစွမ်းထက်တာ. . ."

မင်းဝေအောင်၏ ပို့ချချက်ကို ဘဝင်ကျသွားပုံရသည့်





ထိုက်အောင် ပါးစပ်ပိတ်သွား၏။

"နေ့ခင်းကျရင် သင်္ကန်းဒွိစုံ (၁၀)စုံ၊ ပခုံးတင် (၁၀)ခု၊ နေကထိုင် (၁၀)ခုအပြင်၊ သင်္ကန်းလပ် သင်္ကန်း(၅)စုံ ဝယ်မယ် ကွာ. . ဆောင်းတွင်းမှာ ရုံဖို့. . ."

"ဒွိစုံ (၁၀)စုံမှာ ပရိက္ခရာ ရှစ်ပါး အစုံထည့်လိုက်မယ်နော် မင်းဝေအောင်"

"အေး. . အေး. . ကောင်းတယ်. ."

အရေးပေါ် အစည်းအဝေးပြီးစီးသွားတော့ ကိုယ့်အလုပ် ကိုယ်ပြန်လုပ်ကြသည်။ မင်းဝေအောင် မိခင်အတွက် ပြုမည့် အလှူဒါနအား မလှူခင်ကတည်းက ကြို၍ ပီတိဖြစ်နေလေတော့၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

သဲသီရိက ယမုံ့အား ကျေးဇူးစကားဆိုသည်။

"ပရိဘောဂပစ္စည်းတွေ အကုန်ရောက်လာပြီ ယမုံ သိလား၊ ကျေးဇူးတင်တယ် အစစအရာရာ အဆင်ပြေတဲ့အ ပြင် ဈေးလည်းသက်သာလို့လေ. ."

"ရပါတယ်. . သူငယ်ချင်းတွေပဲဟာ ကူညီရမှာပေါ့"

"ဒါနဲ့. . အဲဒီပုဂ္ဂိုလ်မဆိုးဘူးနော်. . လူပျိုပဲလား ခင် တာကြာပြီလား. ."

သဲသီရိ၏ အလစ်အငိုက်မေးခွန်းကို အမှတ်တမဲ့ပင် ဖြေလိုက်မိသည်။

"လူပျိုပေါ့. . သိပ်ခင်ကြတာ. ."





"ဟဲဟဲဟဲ. . အပျိုကြီးရဲ့ ရင်ခုန်သံကို E.C.G မရိုက် ဘဲ အမိဖမ်းနိုင်ပြီဟေ့၊ သူကလျှိုထားတာ အံ့ရမ်းခင်ကြတာတဲ့"

"မယမုံရယ် အစ်မက နိဗ္ဗာန်သွားမှာဆို အဲဒီလူကြီး ကို ကျွန်မအတွက် စွန့်ကြခဲ့ပါလား. ."

"ငါ မပြောဘူးလား အကျိုးလိုလို့ ညောင်ရေလောင်း တာပါလို့. . အများအကျိုးဆောင် ကိုယ့်ကျိုးအောင်ချင်လို့ ဟားဟားဟား. ."

သဲသီရိ အစဖေါ်လိုက်သဖြင့် လျှို့ဝှက်ချက်ပေါ်သွား သော ယမုံအား ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။ ယမုံ ခေါင်းမဖေါ်နိုင်တော့၊ အကြောင်းစုံသိထားသည့် အေးသီခိုင် တစ်ယောက်သာ ယမုံအတွက် အားတုံ့အားနာဖြစ်နေရှာ သည်။

"ပြောစမ်းပါဦး သဲသီရိရယ် အဲဒီလူကြီးအကြောင်း"

"တကယ့်ဘောစိဟ. . ရုပ်ကလည်း ဘရက်ပစ်နဲ့ နေတိုး စပ်ကျထားသလိုပဲ၊ အရပ်မြင့်မြင့် အသားလတ်လတ် နဲ့ တကယ့် လူကြီးလူကောင်းစတိုင်နဲ့. ."

"ဟယ်. . ကံကောင်းလိုက်တာ အစ်မရယ် ဘယ်မှာ ဘယ်လိုဆုံခဲ့ကြတာလဲဟင်"

"ရိပ်သာမှာ"

သူ့ကို ဂရုတစိုက်နှင့် ဝိုင်းအုံပြီး အင်တာဗျူးလုပ်တာ မျိုး တစ်ခါမှမကြုံဖူးသည့် ယမုံ အိုတိုအမ်းတမ်းနှင့် ဖြေမိဖြေ ရာ ဖြေရှာသည်။ ရိပ်သာမှာဟု ဖြေမိ၍ အားလုံးဝိုင်းဟားကြ ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



“နဖူးစာ ရွာမလည်ဘဲ ရိပ်သာလည်တဲ့ သဘောပေါ့”

“သူကရော ရိပ်သာ လာဝင်တာလား. .”

“မဟုတ်ဘူး သူ့အမေကိုလာကြိုတာ၊ အစ်မနဲ့ တစ်ခန်းထဲနေတာလေ. . အဲဒါနဲ့လမ်းကြုံလို့ အစ်မကိုပါ အိမ်ပြန်လိုက်ပို့ပေးတာ”

“ဟယ်ကောင်းလိုက်တာ ယောက္ခမလောင်းနဲ့ကလည်း ရင်းနှီးပြီးသားပေါ့. . သူကရော သဘောတူရဲ့လား”

“ဆုံးသွားတာ တစ်လပြည့်တော့မယ်. .”

“ဟယ်. . ကောင်းမှကောင်းပဲ၊ ရန်ဖြစ်စရာယောက္ခမလည်း မရှိတော့ဘူးဆိုတော့ သူ့ကိုတစ်ယောက်ထဲ ပိုင်ဆိုင်ရတော့မှာပေါ့. . .”

ဘာကြောင့်ရယ်မသိ မင်းဝေအောင် အကြောင်း ထိုသို့ပြောနေရတာကို ယမုံကျေနပ်နေမိသည်။ စုံစုံလင်လင် စပ်စုတာတွေကို စေ့စေ့ငုငုဖြေကြားပြီးမှပဲ စူးစမ်းအင်တာဗျူး ပြီးဆုံးသွား၏။

လူစုကွဲသွားတော့ ယမုံ မော၍ကျန်ခဲ့သည်။ အများထင်နေသလို သူနှင့် မင်းဝေအောင် အဆင်ပြေနေလျှင် ဘယ်လောက်များ ကောင်းလိမ့်မလဲဟု တွေးမိရင်း ယမုံ့ရင်တွေ ဖိုးသိုးဖတ်သပ်နှင့် ဗိုးဗိုးဇတ်ဇတ် တုန်နေ ခုန်နေလေတော့၏။







# အခန်း(၂၈)

နံနက်ငါးနာရီကတည်းက သံဃာဆယ်ပါးက ကွယ်လွန်သူ အမေ့အားရည်စူး၍ တရားချီးမြှင့်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်းတို့ လုပ်ဆောင်ပေးကြသည်။ ရေစက်ချပြီးနောက် မင်းဝေအောင်တို့ သူငယ်ချင်းတစ်စု လှိုက်လှိုက်လှဲလှဲပင် မိခင်ကြီး သိကြားနိုင်စေရန် အမျှဝေကာ သာဓုခေါ်လိုက်ကြ၏။

ထို့နောက် သံဃာတော်များအား သင်္ကန်းပရိက္ခရာ အစုံအလင်နှင့် ငွေပဒေသာပင် ဝတ္ထုငွေ ငါးသိန်းဆက်ကပ်လှူဒါန်းသည်။ အရှက်ဆွမ်းအဖြစ် ကြက်ဆီထမင်း ကပ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ပေတပုဝတ္ထုတွေကို ဥဒါဟရုဏ်ဆောင်ကာ အမျှဝေ သာဓုခေါ်၍ ကောင်းရာဘုံတက်လှမ်းနိုင်ကြသည့် သာဓကများကို ထုတ်နုတ်ဟောကြားပေးသေး၏။ မင်းဝေအောင်လည်း သဘောကျနှစ်ခြိုက်ပြီး မိခင်ကြီးအတွက် စိတ်အေးသွားသည်။

ဆရာတော်က ကွယ်လွန်ပြီးသော ဘိုးဘွားမိဘဆွေမျိုးများအား ရည်စူး၍ အခါအားလျော်စွာ ပေတဒါန ပြုလုပ်ပေးဖို့ နည်းလမ်းပြကာ ပြန်ကြွသွား၏။ သံဃာများ ပြန်ကြွသွားပြီးနောက် ဖိတ်ကြားထားသော အိမ်နီးချင်းများအား ဧည့်ခံကျွေးမွေးသည်။

ဧည့်သည်တွေ ပြန်သွားတော့ မင်းဝေအောင်နှင့် သူငယ်ချင်းများ စုပြီး ကြက်ဆီထမင်းစားကြသည်။

"သားသမီးဆိုတာ မိဘတွေ မျှော်လင့်တာ တစ်ခုပဲရှိတယ်ဆိုတာ ငါကောင်းကောင်းသိသွားပြီကွာ. ."

ထိုက်အောင် လူစကားပြော၍ အားလုံးနားစွင့်မိကြ၏။

"သေလွန်ပြီးတဲ့နောက် ကုသိုလ်ပြု အမျှဝေပေးဖို့ပဲ မျှော်လင့်ကြတယ်ဆိုတာလေ"

"ဟုတ်တယ် ထိုက်အောင် မတော်တဆ အပါယ်လေးဘုံမှာ သာဓုခေါ်နိုင်တဲ့ဘုံကို ရောက်နေလို့ရှိရင် အဲဒီအလှူဒါနက ကွယ်လွန်သူတွေအတွက် အထောက်အပံ့ဖြစ်တယ်လေ. . အဲဒါကြောင့် မျှော်လင့်ကြတာ. ."

"အေးကွာ တို့တွေ အလားတူနိုးက သေသော်သူ





ကြာရင်မေ့ ဆိုတဲ့စကားကိုပဲ လိုက်နာနေကြတာကိုး. . ရက်လည်တစ်ခါ၊ တစ်လပြည့်တစ်ခါနဲ့ တစ်နှစ်တစ်ခါ အမှတ်တရလုပ်ကြတာ အလွန်ဆုံးပဲ၊ ရှေ့လျှောက် မမေ့မလျော့ကုသိုလ်ပြုဖို့အတွက် အမြဲနှလုံးသွင်းထားရမယ်. ."

"အဲဒါ အကောင်းဆုံးပဲ တိုးကြီး. ."

ကြက်ဆီထမင်းကို အမုန်းဆွဲပြီး သံဝေဂရနေကြသည့် တိုးကြီးနှင့် ထိုက်အောင် ဆလတ်ရွက်ပါချန်မထားဘဲ စားလို့ရတာ အကုန်စားကြသည်။ ပြီးတော့ အအေးဘူးများဖွင့်သောက်ကြ၏။ ကျေနပ်သွားမှ အားပါးတရ လေတက်လိုက်ရင်း. . .

"ဒီနေ့ ယမ့်ကို ဘာလို့မဖိတ်တာလဲ မင်းဝေအောင်"

ထိုမေးခွန်းကို မင်းဝေအောင် ရုတ်တရက်မဖြေနိုင်၊ စဉ်းစားဖို့အချိန်ရအောင် အအေးတစ်ခွက် ငုံ့သောက်လိုက်သည်။ စဉ်းစားလို့ရမှ. . .

"ဒီနေ့ ရုံးပိတ်ရက်မှ မဟုတ်တာ. .၊ ကြားရက်ကြီးလေ"

"မင်းဖိတ်ရင် သူလာဖြစ်အောင် လာမှာ. . အဲဒါ သေချာတယ်. ."

"မင်း တကယ်ပဲ တစ်ယောက်ထဲနေသွားတော့မှာလား၊ ညဘက်နဲ့ အလုပ်ရုံပိတ်ရက်တွေမှာ အကျယ်ချုပ်ကျသလို ဖြစ်နေမှာလေ. . ."

"ထောင်ထဲမှာ တိုက်ပိတ်ခံရတဲ့လူတွေ စကားမပြောဘဲ နေရတာကြာလာရင် ရူးသွားကြတယ်ဆိုတာ ကြားဖူးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့. .”

“အေးပါကွာ. . . ဘုန်းကြီးဝတ်ရင်ဝတ် မဝတ်ရင် မိန်းမယူ၊ အဲဒီနှစ်ခုထဲက ကြိုက်ရာရွေး. . ဒါပဲပြောကြမှာ မဟုတ်လား”

သူတို့ပြောမည့်စကားကို မင်းဝေအောင်က ပိတ်ပြောလိုက်သဖြင့် တိုးကြီးတို့ ရယ်ကြသည်။ ထိုက်အောင်က ငေ့ခနဲ တစ်ချက်လေတက်လိုက်ရင်း. . .

“ငါသာ မင်းနေရာမှာဆို ယမုံကိုယ်ဝန်ဆောင်နေရပြီ. .”

“ဟေ့ကောင်. . မင်းကွာ. . ပြောလိုက်မှဖြင့် ချက်အောက်ခြောက်လက်မကို အမြဲဗဟိုပြုနေတာပဲ. .”

“သန်ရာ သန်ရာပေါ့ကွာ. .”

အပြောင်အပျက်စကားတွေပြောပြီး သိမ်းစရာရှိတာ သိမ်းကြသည်။ ငှားထားတာတွေ ပြန်ပို့ ပန်းကန်ခွက်ယောက်တွေ ပြန်သိမ်းနှင့် အတော်အလုပ်များသွား၏။ ယနေ့ အလှူ အထမြောက်ခဲ့သဖြင့် မင်းဝေအောင် သူ့အမေအတွက် စိတ်ချလက်ချဖြစ်သွား တော့သည်လေ။







# အခန်း(၂၉)

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးလာခဲ့သည်။ ယမုံနှင့် အဆက်အသွယ် ထပ်မလုပ်ဖြစ်သေး။ ကိုယ့်ဘဝနှင့်ကိုယ် သွားကြတာပဲ ကောင်းမည်ဟု တွေးထားသည်။ မင်းဝေအောင်ထံ ထိုက်အောင် ညစဉ်လာအိပ်၍ အဖော်ရနေ၏။ တစ်လပြည့် အလှူပြီးကတည်းက မင်းဝေအောင်အား သူ့အမေ အိပ်မက်မပေးတော့။ ကောင်းရာမွန်ရာ ဘုံတစ်ခုခုသို့ တက်လှမ်းသွားပြီဟု ထင်ရ၏။

ထိုက်အောင်က အချက်အပြုတ်လည်းရသဖြင့်မင်းဝေအောင်အတွက် အလွန်အဆင်ပြေနေသည်။ ဘောလုံးပွဲရှိ



www.burmeseclassic.com

www.burmeseclassic.com



သည့်ညတိုင်း ညလည်စာအဖြစ် တစ်ခုမဟုတ်တစ်ခု လုပ်စားကြသည်။ ထို့အတွက် အသား၊ အသီးအရွက်နှင့် ရယ်ဒီမိတ်စားစရာများ အမြဲဝယ်ဖြည့်ထားရသည်။ အခုလည်း နေ့ခင်းဘက် အိပ်ချင်ပြေ လမ်းလျှောက်ထွက်ရင်း အလုပ်ရုံအနီးမှ စူပါမားကက်တစ်ခုသို့ မင်းဝေအောင် ဝင်လာခဲ့သည်။

ညဘက်ချက်ပြုတ်စားသောက်ဖို့ လိုအပ်တာတွေ ရွေးချယ်ဝယ်ယူသည်။ အသားစိမ်းနှင့် အသီးအရွက်များဝယ်ပြီးနောက် ရယ်ဒီမိတ်စားစရာများ ထားရာသို့ ဆက်လျှောက်လာခဲ့သည်၊ ခေါက်ဆွဲခြောက်နှင့် ကော်ဖီမစ်များ ဝယ်ယူရန် ရွေးချယ်နေစဉ်. . .

"ဟင်. . . မောင်မင်းဝေအောင်"

"ဟာ. . အန်တီကြိုင်. . ဈေးဝယ်လာတာလား"

"အေးကွယ်. . မြို့ထဲမရောက်တာကြာတာနဲ့ ကြုံတုန်းဝင်ကြည့်တာ. ."

"အတော်ပဲ အန်တီကြိုင် ဂျေဒိုးနပ်မှာ တစ်ခုခုစားရင်း စကားပြောကြရအောင်နော်"

"ကောင်းသားပဲကွယ်. . အန်တီလည်း ငါ့တူကို တွေ့ချင်နေတာ. ."

"ဟုတ်ကဲ့ ဒါဆို သွားရအောင် အန်တီ. ."

မားကက်အတွင်းရှိ ဂျေဒိုးနပ်ဆိုင်သို့ အန်တီကြိုင်နှင့်အတူ ဝင်ခဲ့၏။ မုန့်မျိုးစုံလေးခုနှင့် ကော်ဖီအေးနှစ်ခွက်ဝယ်ယူပြီး အန်တီကြိုင်အား ဧည့်ခံသည်။

"မတွေ့တာကြာပြီနော်. ."





'ဟုတ်ကဲ့. . အလုပ်ကလည်းများ အမေ့အတွက် ကုသိုလ်ကောင်းမှုတွေလုပ်ရတာနဲ့ဆိုတော့ မအားလို့ပါခင်ဗျာ"

"ကြော် ဟုတ်တာပေါ့. . ဒါနဲ့ မနှင်းဆီဆုံးတာ. ."

"တစ်လနဲ့ ငါးရက်ရှိပြီ အန်တီကြိုင်. ."

"အင်း. . သွားနှင့်တဲ့သူက သွားနှင့်ပြီဆိုတော့ အန်တီတို့လည်း မကြာခင် နောက်ကလိုက်ရတော့မှာပေါ့. . အင်း. . အင်း. . အင်း. . လူတိုင်းကြုံရမယ့် ကိစ္စပဲလေ. . ."

"ဟုတ်ပါတယ် အန်တီကြိုင်"

"ဒါနဲ့ အခုမောင်မင်းဝေအောင် ဘယ်သူနဲ့ နေတာလဲ. ."

"သူငယ်ချင်း တစ်ယောက်တော့ ညဘက်လာအိပ်ပါတယ်"

"ဟယ်. . ဒါဆို စားရေးသောက်ရေးက. ."

"ဆိုင်ကိုပဲ အစိကွ အားကိုးရတာပေါ့ အန်တီရယ်"

"ဟင် ဖြစ်မှဖြစ်ရလေကွယ်၊ အေးလေ တစ်ယောက်ထဲသမားဆိုတော့. ."

စကားပြတ်သွားပြီး အန်တီကြိုင် မုန့်စားပြီး ကော်ဖီသောက်သည်။ ပြောစရာ အကြောင်းအရာ စဉ်းစားနေဟန်နှင့် မျက်မှောင် အနည်းငယ်ကျုံ့နေ၏။

"သမီးနဲ့တွေ့ဖြစ်သေးလား မောင်မင်းဝေအောင်. ."

"အဲ . . မတွေ့ဖြစ်ပါဘူး အန်တီကြိုင်. . ."

"အေး အဲဒီ သမီးတစ်ယောက်အတွက်နဲ့ အန်တီ



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်မအေးနိုင်ဖြစ်နေရတာလေ. . .”

“ဗျာ. . ယမုံ ဘာဖြစ်လို့လဲ အန်တီ. .”

“ဘာဖြစ်ရမလဲကွယ် လူဆိုတာ တဖြည်းဖြည်း အသက်ကြီးသွားဖို့ပဲ ရှိတာလေ ခုတောင်အပျိုကြီးလို့ အခေါ်ခံနေရပြီ၊ အရွယ်ရှိတုန်းလေး အိမ်ထောင်ပြုပါဆိုတာ ဘယ်လိုမှ ပြောလို့မရလို့ စိတ်ညစ်နေတာ. .”

“ဩော်. . ဒီကိစ္စလား၊ ဒါများ စိတ်ညစ်စရာလား အန်တီရယ်. . ယမုံက ကောင်းရာမွန်ရာလုပ်တာပဲ အန်တီရယ်. . ကျွန်တော်တောင် သူ့ချွတ်လို့ အကျွတ်တရား ရနေတာ. .”

‘ဟေ . . သူ. . သူ ဘာတွေများ ငါ့တူကို ပြောလို့လဲ”

“သံယောဇဉ်ဆိုတာ ဘယ်လောက်ပူလောင်သလဲ၊ သံသရာလည်တာ ဘယ်လောက်ကြောက်စရာကောင်းသလဲဆိုတာတွေ၊ လူ့ဘဝဆိုတာ မွေးစကနေသေတဲ့အထိ အားလုံး ဒုက္ခချည်းပဲဆိုတာတွေပေါ့. . အန်တီရဲ့. .”

“ဟောတော်. . . သူက ငါ့တူကိုပါ တရားပြသေးတယ်”

“ဟုတ်ကဲ့. .”

“အမလေး. . ကောင်းကြရောပေါ့တော်၊ ငါ့မှာဖြင့် မျှော်လင့်လိုက်ရတာ. . . ဒင်းတော့လား တွေ့ကြသေးတာပေါ့”

“အန်တီ ဘာများဖြစ်လို့လဲ ယမုံ မဟုတ်တာတစ်ခုခု လုပ်ခဲ့လို့လား. .”





“ဟုတ်တာတွေပဲ လုပ်နေလို့ပါကွယ် ဟုတ်တာတွေပဲ လုပ်နေလို့. .”

“ဗျာ. .”

အန်တီကြိုင် မျက်နှာမှာဒေါသ အရိပ်အယောင်တွေ တွေ့နေရ၏။ စိတ်ရှုပ်နေသည့်အမူအရာကိုလည်း တွေ့နေရ၏။ ကြည့်နေရင်းနှင့်ပင် အန်တီကြိုင်မျက်နှာမှာ တစ်ခုခုကို စိတ်ပိုင်းဖြတ်လိုက်ဟန် ပေါ်လာသည်။

“မောင်မင်းဝေအောင် အန်တီပြောတာကို သေချာနားထောင်ပါကွယ်. .”

“ဟုတ်ကဲ့ ပြောပါ အန်တီ. .”

“အန်တီတို့မှာ သမီးတစ်ယောက်ပဲရှိတာပါကွယ်. . အန်တီတို့အသက်ကြီးပါပြီ သေခြင်းတရားက အချိန်မရွေး ရောက်လာနိုင်တာလေ. . ဒါကြောင့် အန်တီတို့ မျက်စိမှိတ်ခင်မှာ သူနေရာကျ သွားတာကို မြင်ချင်တယ်. . ဒါမှ စိတ်ချလက်ချ ဘဝကူးနိုင်မှာ”

“ဟုတ်ကဲ့. .”

‘အန်တီတို့ကတော့ သူ့ကို မဖြစ်မနေ အိမ်ထောင်ချပေးမှာ”

“အန်တီရယ် ယမုံက တရားမမှု အားထုတ်ဖို့ပဲ စိတ်သန်နေတာလေ. .”

“အို မောင်မင်းဝေအောင်ရယ် သမီးက တစ်ဘဝထဲနဲ့ ကိစ္စပြတ်လောက်အောင် ပါရမီ မပါဘူး ဆိုတာ အန်တီ အသိပါ. . သူ့ ဘဝဆုံးတဲ့အထိ နေသွားဖို့ အဖော်လိုတာ



www.burmeseclassic.com

www.burmeseclassic.com



အသေအချာပဲ. . ”

“ဒါပေမဲ့. . ”

“အန်တီဆုံးအောင် ပြောပါရစေနော်. . ၊ မောင်မင်းဝေအောင် သမီးကို မေတ္တာရှိတယ်လို့ ပြောခဲ့တယ်ဆို. . ”

“ဗျာ. . အဲ. . ဟုတ်. . ဟုတ်ကဲ့ ပြောခဲ့မိပါတယ်”

“အေး. . ဒါဆိုပြီးနေပြီ၊ မောင်မင်းဝေအောင်နဲ့သာဆို အန်တီသဘောတူတယ်. . စိတ်ချတယ်. . အန်တီတို့ အသေဖြောင့်မယ်လို့လဲ ယုံကြည်တယ်. . ”

“ဗျာ!”

“အဲဒီတော့ မောင်မင်းဝေအောင် မြတ်နိုးတဲ့ သမီးလေးဘဝကို မင်းပဲစောင့်ရှောက်ပေးပါကွယ်. . အန်တီခွင့်ပြုပါတယ်”

“အဲ. . ကျွန်. . ကျွန်တော်. . ”

“ဘာလဲ သမီးကို မင်း မချစ်တော့ဘူးလား. . ”

“အဲလို မဟုတ်ပါဘူး အန်တီ. . ”

“ဒါဆို ပြီးပြီလေကွယ်. ကိုယ်ချစ်တဲ့သူကို ကိုယ်ပိုင်ဆိုင်ခွင့် ရအောင်လုပ်တော့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ယမ့်ဆီကအချစ်ကို ရအောင်ယူ ဟုတ်ပြီလား”

“ကျွန်တော်. . ကျွန်တော်. . ”

“ကဲပါ မောင်မင်းဝေအောင်ရယ်. . ဒီနေ့ အန်တီနဲ့ မင်းဆုံခဲ့တာ သမီးကို အန်တီလုံးဝ ပြောပြမှာ မဟုတ်ဘူး. . မင်းအစွမ်း အစနဲ့သာ မင်းကြိုးစားတော့. . ”

“ဟုတ်. . ဟုတ်ကဲ့. . ”





“အေးကွယ်. . ဒီနေ့ ငါ့တူနဲ့ တွေ့လိုက်ရတာ အန်တီ သိပ်ဝမ်းသာတာပဲ. . ရင်ထဲလည်း ပေါ့သွားတယ်. . သမီးအတွက်လည်း စိတ်ချသွားပြီ သိလား. . ”

“ဟုတ်ကဲ့ ခင်ဗျ. . ”

ဂျေဒိုးနပ်မှ ထွက်ခဲ့ပြီး ဝယ်ထားသမျှတွေကို ကောင်တာမှာ ငွေရှင်းကာ မားကတ်ထဲမှ ထွက်လာခဲ့ကြ၏။ အန်တီ့အတွက် ကားငှားပြီး ကားခပါရှင်းပေးလိုက်သည်။ ထွက်ခွာစ ကားပေါ်မှ အန်တီလှမ်းပြောသွားသေး၏။

“မောင်မင်းဝေအောင် သိပ်အချိန်မဆွဲနဲ့နော်. . ”

“ဟုတ်. . ဟုတ်ကဲ့. . ”

မင်းဝေအောင် ပလက်ဖောင်းပေါ်မှာ ဆက်ရပ်ရင်း ကြောင်တောင်တောင်ဖြစ်ကျန်ခဲ့သည်။ လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ ဟုလည်းတွေးမိ၏။ ခပ်ရိုးရိုးပြောရလျှင် ယောက္ခမလောင်းကိုယ်တိုင်က ငါ့သမီးကိုရအောင်ကြံပါဟု မီးစိမ်းပြသွားခြင်းဖြစ်သည်။ ထို့အတွက်လည်း သူဝေခွဲမရဖြစ်နေ၏။

လက်ရှိအချိန်တွင်. . မင်းဝေအောင်စိတ်ထဲ အိမ်ထောင်သည်ဘဝမှာ ကြုံရမည့် လူမှုဒုက္ခတွေကို ကြောက်သည်။ သံယောဇဉ်တွေ တိုးပွားလာမှာကိုလည်း ကြောက်မိသလို. . . သေခါနီး အယူလွဲပြီး အပါယ်လားမှာကိုလည်း ကြောက်နေသည်။

တစ်ဖက်မှာလည်း သူမြတ်နိုးမိသည့် ယမ့်အလှကို မြန်မြင်ယောင်မိပြီး တပ်မက်စိတ်နှင့် ပိုင်ဆိုင်လိုမှုတွေ ပြည်



www.burmeseclassic.com

www.burmeseclassic.com



လည်နိုးထလာနေသည်။ တရားသဘောနှင့် ပြောရလျှင် တစ်ခုက ကုသိုလ်စိတ်ဖြစ်ပြီး အခြားတစ်ခုက အကုသိုလ်စိတ်ဖြစ်နေသည်။

သူ့ကိုယ်တွင်းမှာ စိတ်နှစ်ခု ပဋိပက္ခ အသွင်ဆောင် ဝိရောဓိတွေဖြစ်နေခဲ့ပြီ၊ ထိုကိစ္စကို သူဘယ်လို ဆုံးဖြတ်ရမှန်း မသိတော့၊ ထိ-သိ-သတိ နှင့် အနည်ထိုင်ခဲ့သော ဘဝရေပြင်မှာ ဂယက်ဆင်လာပြန်ပြီဖြစ်သည်။ ကုသိုလ်နှင့် အကုသိုလ် လွန်ဆွဲပွဲမှာ ဘယ်ဘက်က အနိုင်ရမှာလဲ၊ လွန်ဆွဲမှုကြောင့် ရွာသွန်းလာမည့် မိုးကရော. . သိင်္ဂါရမိုးလား၊ ဥပက္ခာမိုးလား မဝေခွဲတတ်တော့. .







# အခန်း(၃၀)

ရုံးအဆင်း ဖယ်ရီကားပေါ်တွင် ယမုံနှင့် အေးသီခိုင်တို့ ဘေးချင်းယှဉ်ထိုင်ခွင့်ကြုံသည်။ ကားပေါ်မှ ဆက်ရက်မများ အစည်းအဝေးတွင် ယမုံတို့ မပါဝင်ဖြစ်၊ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်ကုတ်ကာ စည်းဝိုင်းအပြင်ဘက်ရောက်နေ၏။ ယမုံလည်း ကားပေါ်မှမြင်ရသည့် မြင်ကွင်းကိုငေးရင်း အတွေးတွေ ပျံ့လွင့်နေသည်။ သီခိုင်က လက်တို့လိုက်ရင်း. .

"နောက်ဆုံး စက်ရုပ်သတင်းက ဘာထူးသေးလဲ ယမုံ"

"မထူးပါဘူးကွာ. . သူလည်း ငါ့တရားတွေနာရတာ ရယ်. . သူ့အမေရဲ့ နောက်ဆုံးအချိန်တွေမှာ ဝေဒနာခံစားရ



www.burmeseclassic.com

www.burmeseclassic.com



တာတွေရယ်ပေါင်းပြီး ငါ့လိုပဲ သံသရာကြောက်သွားပြီလေ အမေက အိမ်ထောင်ချပေးဖို့ စကားစနေတယ်လို့ ပြောမိတော့ သူဘာပြန်ပြောလဲသိလား"

"အင်း.. ဆိုစမ်းပါဦး"

"သူတော်ကောင်းတရားလိုက်စားမယ်သူကို လမ်းမှားရောက် အောင်တွန်းပို့နေကြတဲ့ ငါ့အမေနဲ့တွေ့ပြီး အဲလိုမလုပ်ဖို့ ငါ့တရား ရှာတာကို ခွင့်ပြုပေးဖို့ သူရအောင်ပြောပေးမယ်တဲ့.."

"သေလိုက်ပါတော့ဟယ်.."

"အဲဒါကြောင့် သူနဲ့ထပ်တွေ့ဖို့ကိုစ ငါဆက်မကြိုးစားချင်တော့ဘူး သီခိုင်.."

"အေးပေါ့.. ဘယ်လိုလုပ်တွေ့ရဲတော့မှာလဲ၊ တွေ့လည်း ပြောစရာစကားမှ မရှိတော့တာ"

ယမုံ့ မျက်နှာက ရှာတော့မည့်မိုးတိမ်ထုလို အုံ့မှိုင်းညို့ဆိုင်း နေ၏။ ယမုံနှင့် မင်းဝေအောင်တို့ကြားမှ အလွဲများပြန်တည့်သွားအောင် အေးသီခိုင်လည်း မကူညီနိုင်ဖြစ်နေသည်။ ထိုအခက်အခဲကြောင့် စိတ်ကျဉ်းကျပ်နေစဉ်မှာပင်..

"ငါ ဘာလုပ်သင့်သလဲဟယ်.. ပြောပါဦး.."

သူ အကြောက်ဆုံးမေးခွန်း ယမုံ့ထံမှ ထွက်လာသဖြင့် ခေါင်းခြောက်နေသည် သီခိုင် သေချင်စိတ်ပေါက်သွား၏။ သို့သော် ယမုံ ကျေနပ်အောင် တစ်ခုခုပြောဖို့လိုနေသဖြင့် စိတ်ထဲရှိတာတွေ လွှတ်ပြောချလိုက်သည်။

"အဲ... လောလောဆယ်မှာ သူကလည်း အိမ်





ထောင်ရေး စိတ်မဝင်စားတော့ဘူး.. အဲဒါအပြင် နင်ကလည်း တရားရှာဖို့ပဲ အားသာနေတာလေ.. ဒီတော့ အရာရာကို စွန့်လွှတ်ပြီး.. သီလရှင် သာဝတ်လိုက်တော့.."

"သာသနာ့ဘောင်ဝတ်တာလဲ မိဘခွင့်ပြုချက် လိုတယ် ကြွေးမြီကင်းရှင်းရမယ်လေ သီခိုင်"

"နင့်မှာ ဘာအကြွေးရှိလို့လဲ"

"စာချုပ်မစေ့ဘဲ အလုပ်ထွက်ရင် ပေးရမယ့် လျော်ကြေးလေ.."

"အင်း.. ဒါဆိုလည်း လစာမဲ့ ခွင့်ယူပြီး ရိပ်သာဝင်နေလိုက် နှစ်လ သုံးလလောက်"

သီခိုင်စွတ်ရွတ်ပေးသည့်အကြံက သင့်တော်သောထွက်ပေါက်တစ်ခု ဖြစ်နေ၏။ ထို့အတွက် ယမုံ့မျက်နှာ ပြုံးယောင်သမ်းသွားသည်။

"ကျေးဇူးတင်လိုက်တာဟယ်.. နင်ပေးတဲ့အကြံ မဆိုးဘူး.. အဲလိုပဲလုပ်တော့မယ်"

ယမုံပြောတာကြားရသည့် သီခိုင်တစ်ယောက် တအံ့တသြ ဖြစ်သွားပြီး မယုံနိုင်သလို လှည့်ကြည့်မိ၏။ ယမုံမျက်နှာပေါ်မှာ တည်ကြည်မှုကိုတွေ့ရသဖြင့် သူတကယ်ပြောနေတာပါလားဟုလည်း သြချမိသည်။ ဘာမှ ဆက်မပြောချင်တော့၍ အတွေးထဲမှာသာ မှတ်ချက်ချလိုက်သည်။

"ယမုံ တကယ်ရူးသွားပြီပဲ"





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၁)

အန်တီကြိုင်ပြောခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး မင်းဝေအောင်ဘယ်သူ့ကိုမှ အသိမပေးဘဲ တစ်ယောက်ထဲကြိတ်၍ အဖြေရှာသည်။ တစ်ညလုံး ဦးနှောက်တူးမတတ် စဉ်းစားတာတောင် အဖြေမပေါ်၊ သူဘာလုပ်ချင်မှန်း သူ့ဘာသာသဝေခွဲမရဖြစ်နေ၏။ နောက်ဆုံးတော့ အလုပ်ထဲနေ့ခင်း ထမင်းစားမှပဲ သုံးယောက်အားနှင့် စဉ်းစားမည်ဟု ဆုံးဖြတ်ခဲ့ရသည်။

ထိုက်အောင်နှင့်အတူ အလုပ်သို့ထွက်ခဲ့သော်လည်း လမ်းမှာ စကားတစ်လုံးမှ မဟခဲ့၊ သိုသိပ်ပိရိစွာ တစ်နေ့လုံး နေလာခဲ့ပြီး ထမင်းစားချိန်ကြမှ အသေခံ ပုံးခွဲသမားလို တစ်





ကိုယ်လုံးမှာ ချည်နှောင်ထားသည့် ချိန်ကိုက်ဗုံးများအား ဖွင့်ထုတ်ပြသလိုက်၏။

"မနေ့က စူပါမားကက်မှာ. . ယမုံ့အမေ အန်တီကြိုင်နဲ့တွေ့တယ်. ."

"ဟုတ်လား. . သီလရှင်ရဲ့မယ်တော်က ဘာပြောလဲ မင်းကိုပါ ရဟန်းခံပေးမယ်တဲ့လား. .၊ ကောင်းပါတယ်ကွာ အပြီးသာဝတ်လိုက် အလုပ်ရုံနဲ့ အရောင်းဆိုင်ကို တို့နှစ်ယောက်ခွဲယူလိုက်မယ်"

မင်းဝေအောင် မျက်နှာက မှိုချိုးမှျစ်ချိုးထွက်ရင်း မှိုကျင်းသာမက ရွှေတွင်းပါရသူလို အပြုံးတွေဝေဆာနေ၏။

"မင်းတို့ ငါ့အပေါ် တော်တော်မေတ္တာထားကြတာပဲနော်. . ဒါပေမဲ့ မင်းတို့ပြောသလိုတော့ ငါမလုပ်နိုင်သေးဘူး ဘာလို့လဲဆိုတော့ အန်တီကြိုင်က ငါ့တူနဲ့သာဆို သမီးကို စိတ်ချတယ်လို့ ပြောသွားလို့ပဲ. ."

"ဘာ"

"မင်းရူးသွားတာလား. . အဲဒီ အန်တီကြီးရူးနေတာလား"

မယုံနိုင်စရာ စကားကြောင့် ထိုက်အောင်တို့ ဝိုင်းလှောင်ကြသည်။

"တကယ်ပြောနေတာ ထိုက်အောင်၊ သီလရှင်ဝတ်မယ့်ကိစ္စတော့ လုံးဝခွင့်မပြုနိုင်ဘူးတဲ့. . ငါနဲ့သာဆို စိတ်ချတယ်. . သူ့ သမီးဘဝကို တာဝန်ယူပေးပါလို့ ပြောခဲ့တာ"

"ဟုတ်ရဲ့လားကွာ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဟုတ်ပါတယ်ဆို. . ဘယ်နည်းပဲသုံးသုံး သူ့သမီးအချစ်ကို ရအောင်ယူပါတဲ့"

ထိုက်အောင်တို့ဆီမှာ မယုံသင်္ကာ အမူအရာတွေ မတွေ့ရတော့၊ အံ့ဩလေးနက်တည်ကြည်သော အသွင် ဆောင်ကာ စိတ်ဝင်တစား ဖြစ်နေကြသည်။

"အဲဒီတော့ မင်း ဘာပြန်ပြောလိုက်လဲ"

"ဟုတ်ကဲ့ စဉ်းစားပါ့မယ်လို့"

ထိုအဖြေကြောင့် ထိုက်အောင်နှင့် တိုးကြီးတို့ ပေါက်ကွဲသွားကြသည်။

"ဟာကွာ မင်းဘယ်လို ပြောလိုက်တာလဲ. ."

"အေးလေ ဟုတ်ကဲ့ဆိုပြီး အိမ်ကို တစ်ခါထဲလိုက်သွားရမှာ သူ့အဖေကိုခဏထား၊ သုံးပွင့်ဆိုင်ဖြေရှင်းလိုက်ရင် တစ်ခါထဲ ပွဲသိမ်းပဲဟာ. ."

"ငါမှာ အဖြေက အဆင်သင့်မရှိဘူးလေကွာ၊ တစ်ညလုံး စဉ်းစားခဲ့တာတောင် ဘာလုပ်ရမှန်း မသိသေးဘူး. ."

"ဒီကိစ္စ ဘာမှ စဉ်းစားနေစရာမလိုဘူး မင်းဝေအောင် မင်းကလည်းကြိုက်တယ်. . သူ့အမေကလည်းခွင့်ပြုတယ်. . ကြိုက်တဲ့နည်းလမ်းသုံး သီလရှင် မဝတ်ရင်ပြီးရော လို့လည်းပြောတယ်. . ကဲ. . ဘာလိုသေးလဲ. ."

"ဟုတ်တယ်လေ. . တစ်ခါတည်း ခိုးပြေးရုံပဲဟာ. ."

ဝိုင်းဝန်းတိုက်တွန်းပြောကြသော်လည်း မင်းဝေအောင်က ခေါင်းတခါခါ ဖြစ်နေသည်။

"အိမ်ထောင်ပြုရတယ် မိသားစုတစ်ခုကို တာဝန်ယူ





ရတယ်ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူးကွ. . သားတွေ သမီးတွေတိုးပွားလာဦးမှာ အဲဒီလို သံယောဇဉ်အတွက် တိုးမယ့် ကိစ္စတွေ ငါ မလုပ်ချင်ဘူး. ."

"သေလိုက် မလုပ်ချင်ရင် သေလိုက်. ."

"ဟုတ်တယ်. . မင်းဝေအောင် မင်း တစ်ယောက်ထဲ နေသွားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး. . ငါလည်း ညလာအိပ်တာ အလွန်ဆုံး တစ်လနှစ်လပဲ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့ဆိုတာ အမှီတော့လိုတယ်ကွ. ."

သူငယ်ချင်းတွေက ရလာသည့်အခွင့်အရေးကို လက်မလွှတ်ရန် အမျိုးမျိုး တိုက်တွန်းကြသည်။ ခက်နေတာက ကာယကံရှင် မင်းဝေအောင်သာဖြစ်၏။ သူကိုယ်တိုင်က မပြတ်သားသဖြင့် အဖြေက နီးလျက်နှင့်ဝေးနေသည်။

"ဒီမယ် မင်းဝေအောင် မင်းရဲ့ နဖူးရေဒူးရေကိုကြည့်ရတာ ဘုန်းကြီးဖြစ်မယ့်ပုံလည်း မပေါက်ပါဘူး. . ကျွတ်တန်းဝင်မယ့် လက္ခဏာလည်းမရှိတော့. . ဒီအချိန်မှာ ခေါင်းမာမနေသင့်တော့ဘူးကွ. ."

"မင်းရဲ့ ကုသိုလ်စိတ်ကို ဖျက်ဆီးတာမဟုတ်ပေမယ့် မင်း အကြောင်းကြောင်းလုပ်နေတာတွေကိုတော့ တားရလိမ့်မယ်. . မင်းဝေအောင် ဒီလုပ်ငန်းကြီး ဆက်ရှင်သန်နေဖို့၊ အောင်မြင်တဲ့ ဘဝတစ်ခုကို ဆက်ထိန်းထားဖို့၊ မင်းဘဝ အဓိပ္ပာယ်ပြည့်ဝသွားဖို့အတွက် လိုအပ်နေတာက. . ဂျိုကာနဲ့ ဘုတ်တဲ့ ယမုံပဲ၊ ယမုံလာရင် ဒေါင်းပြီ. . အဲလေ ဂျိုကာလာရင် ဒေါင်းပြီ. ."



www.burmeseclassic.com

www.burmeseclassic.com



"လူ့ဘဝဆိုတာ ရခဲတယ်ကွ. . ပြီးတော့ သာသနာနဲ့လည်း ကြုံနေတာ. ."

"အေးလေ. . ဒါပေမဲ့ မင်းဘာကိုမှ မစွန့်လွှတ်နိုင်ဘူးလေ၊ ဒီတော့ဘာလုပ်မှာလဲ ဘာသာရေးမှာ မင်းမအောင်မြင်နိုင်ဘူး"

အလွန်အမင်း အရေးကြီးသည့်ကိစ္စ တစ်ရပ်ကို ဆွေးနွေးနေရသည်ဖြစ်၍ သူတို့အားလုံး ထမင်းစားဖို့ပင် မေ့နေကြ၏။ မင်းဝေအောင်ဝယ်ထားသော အစိမ်းကြော်က အငွေ့ပင်သေနေပြီ။

"ဒီမယ် မင်းရဲ့ ယမုံက လှတယ်၊ တောင့်တယ်၊ ဝွတ်တယ်၊ အောက်ပါအရည်အချင်းတွေနဲ့ ပြည့်စုံတယ်၊ အသားဆိုလည်း နုဖတ်ချောမွတ်ဝင်းပနေတာ၊ ကိုယ်လုံးကိုယ်ပေါက်ကလည်း မယ်ရွေးပွဲတောင် ဝင်လို့ရတယ်နော်. ."

"ဟော့ကောင်. . ဟော့ကောင် မင်း ယမုံ့အလှကို အလွတ်ကျက်ထားတာလား ထိုက်အောင်၊ မပြစ်မှားကောင်းဘူးလေကွာ. ."

"ဟော. . ဟော. . ပေါ်ပြီ အဲဒါ မနာလိုစိတ် သဝန်တိုစိတ်၊ သဝန်တိုတယ်ဆိုတာ တပ်မက်မှု ရှိနေတဲ့သဘော၊ မင်း ယမုံ့ကိုမေ့မထားနိုင်သေးပါဘူးကွာ. ."

ပြောရင်းဆိုရင်းနှင့် သဝန်တိုစိတ်ပေါ်သွား၍ မင်းဝေအောင် အငိုက်မိသွား၏။

"ချစ်မိတယ် စွဲလန်းတပ်မက်မိတယ်ဆိုတာ ငါဝန်ခံပါတယ်၊ ဒါပေမဲ့. . . အဲဒီတပ်မက်စိတ်ထက် အပါယ်လားမှာ





ကြောက်တဲ့စိတ်က ပိုနေတယ်ကွ. ."

"ငါ ပြောပြီးပြီလေ အတ္တနဲ့ပရ မျှအောင်စီးပွားရှာ. .၊ ငါးပါးသီလ လုံအောင်ထိန်း၊ ဒါဆို. . လူပီသပြီ အပါယ်တံခါးပိတ်ပြီ. ."

"အဲဒီတော့ ငါ ဘာလုပ်သင့်သလဲ. ."

"ဟာကွာ. . ငါးကြော်ပန်းကန်က မင်းရှေ့မှာလေ၊ ဘာလဲ ကြောင်မိုက်လုပ်ဦးမလို့လား မင်းဝေအောင်. ."

"မိသားစု သုံးယောက်လုံးနဲ့တွေ့နိုင်တဲ့ အချိန်ရွေးပြီး အိမ်ကိုလိုက်သွားပေါ့၊ ယမုံရော အန်တီကြိုင်ပါ သိက္ခာမကျအောင် လာပြီးနားဖေါက်တဲ့ အပြောမျိုးနဲ့ဝင်လုံး၊ အန်တီကြိုင်မင်းဘက်က ကူပြောပေးလိမ့်မယ်. . လွယ်လွယ်လေး. ."

လွန်ဆွဲနေသောစိတ်တွေ တစ်ဖက်ဖက်ကို အလေးသာချင်နေပြီ၊ အနိုင်အရှုံးပေါ်ကာ အဖြေထွက်လာတော့မည်။ မင်းဝေအောင် အတွေးတွေ ပြတ်သားစပြုလာ၏။

"အေးကွာ ငါတစ်ခေါက်လောက်တော့ သွားကြည့်လိုက်မယ်. ."

"ဗရာဗို. . ဝမ့်(စ်)မိုး. ."

နှစ်ကောင်သား လက်ခုပ်လက်ဝါးတီးကာ အားပေးကြပြီးနောက် မင်းဝေအောင်၏။ အစိမ်းကြော်ပန်းကန်အား အလုအယက် နှိုက်ကြလေတော့၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၂)

ဒီနေ့ တနင်္ဂနွေနေ့၊ မင်းဝေအောင် အသက်(၃၀)နှစ်သုံးလနှင့် လေးရက်ပြည့်သောနေ့လည်းဖြစ်၏။ လူ့ပြည်မှာနေလာခဲ့တာ ရက်ပေါင်း တစ်သောင်းကျော်ပြီဟု ဆိုလျှင်လည်းမမှား၊ နေထွက်သည့်အကြိမ်ပေါင်း တစ်သောင်းကျော်ကို ကြုံခဲ့ဖူးပြီဖြစ်သလို မျက်နှာသစ်ခဲ့တာလည်း အကြိမ်ပေါင်း တစ်သောင်းကျော်ခဲ့ပြီဖြစ်သည်။

ဒီလိုနေ့မျိုးတွင် ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက် ကိုယ့်မိန်းမကိုယ်တောင်းရမည့် ခရီးစဉ်ကို ကိုယ်ကားကိုယ်မောင်း၍ ထွက်လာခဲ့၏။ ညက တစ်ညလုံး စိတ်





တိုက်ပွဲဆင်နွှဲခဲ့ရသည်။ ကုသိုလ်တပ်နှင့် အကုသိုလ်တပ်တို့ အသေအကျေတိုက်ခိုက်ကြရာ ကုသိုလ်တပ်တွေ မရှုမလှကျဆုံးပြီး အရေးနိမ့်သွား၏။

အကုသိုလ်တပ်မဟာ၏ ကျောထောက်နောက်ခံနှင့် သိင်္ဂါရဲ့ အစိုးရသစ်တက်လာပြီး နှလုံးသားရပ်ဝန်းအား မာရှယ်လော ထုတ်လိုက်သည်။ ထိုအခါ အကုသိုလ်တပ်မှူးနှင့် ခင်မင်ရင်းနှီးသည့် မင်းဝေအောင်က လုပ်ပိုင်ခွင့်အသုံးပြုပြီး ယမုံ့အား သိမ်းပိုက်ရန် ဆုံးဖြတ်လိုက်တော့၏။

ထိုသို့ဆုံးဖြတ်ပြီးသည်နှင့် အတွေးထဲတဝဲလည်လည်ရောက်ရှိလာသည့် ယမုံ့အား ထိ-သိ-သတိနှင့် ပယ်သတ်ခြင်း မောင်းထုတ်ခြင်း လုံးဝမလုပ်တော့ဘဲ ကြည်ဖြူစွာလက်ခံထားလိုက်သည်။

ထိုသောအခါ. . မင်းဝေအောင်နေရထိုင်ရတာ ပေါ့ပါးသွက်လက်လာသည်။ အမူအရာကလည်း လန်းဆန်းဖြတ်လတ်လာ၏။ လူငယ်တစ်ယောက်၏ လက်ဆတ်မှုမျိုးနှင့် ချုပ်တီးမှုမရှိဘဲ လွတ်လပ်စွာ တွေးခေါ်နေထိုင်ရတာ အတိုင်းမသိ အရသာရှိနေသည်။

ထိုပေါ့ပါးသွက်လက် စိတ်အားထက်သန်မှုများ အငွေ့မပျံခင် ယမုံတို့အိမ်သို့ ထွက်လာခဲ့ခြင်းဖြစ်၏။ ယမုံတို့အန်တီကြိုင်တို့နှင့်တွေ့လျှင် ပြောရမည့် စကားတွေကို လမ်းတလျှောက်လုံး တွေးတောစဉ်းစားလာခဲ့သည်။

အတွေးထဲမှာတော့ လွန်စွာပင် အဆင်ချောနေ၏။ သူက ယမုံ့ကို မြတ်နိုးနေ၍ လက်ထပ်ခွင့်ပေးပါဟု တောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုသောအခါ အန်တီကြိုင်က မသိချင်ယောင်ဆောင်ကာ အံ့ဩဟန်နှင့် ဝမ်းမြောက်ဝမ်းသာခွင့်ပြုသည်။ ယမုံကလည်း ရှက်ပြုံးလေးနှင့် သဘောကျဟန်ပြုကာ ခေါင်းလေးငုံ့နေလေ၏။

ထိုစိတ်ကူးယဉ်ဇာတ်လမ်းကို မြင်ယောင်ရင်း မထိန်းချုပ်နိုင်စွာ ပြုံးလိုက်မိ၍ ကားမောင်းလာသော မင်းဝေအောင်၏ မျက်နှာမှာ ပြောင်ချော်ချော် စပ်ဖြီးဖြီးဖြစ်နေသည်။ ထိုမျက်ခွက်ကြီးနှင့်ပင် ယမုံတို့အိမ်ရောက်လာ၏။

အိမ်ရှေ့ကားရပ်သည်နှင့် တစ်ယောက်ယောက်ထွက်လာလိမ့်မည်ဟု ထင်ထားသော်လည်း လူရိပ်လူယောင်မတွေ့ရ၊ တစ်အိမ်လုံးလည်း တိတ်ဆိတ်နေသည်။ အိမ်တံခါးလည်းပိတ်ထား ၏။ မင်းဝေအောင် တံခါးခေါက်ပြီး အော်ခေါ်လိုက်သည်။ ခဏနေမှ ခြေသံတရှပ်ရှပ်နှင့် တံခါးဖွင့်သံကြားရ၏။ တံခါးလာဖွင့်ပေးသူက အန်တီကြိုင်ဖြစ်နေ၏။

"သြော်. . မောင်မင်းဝေအောင်ကိုး. . လာလေ အိမ်ထဲဝင်ပါဦး. ."

"ဟုတ်ကဲ့. ."

အန်တီကြိုင့် မျက်နှာက နေထိပန်းလို နွမ်းနေ၏၊ စိတ်မကောင်းစရာဘာတွေများ ဖြစ်ခဲ့လို့လဲဆိုတာ မော်ရမ်းမှန်းဆရင်း မင်းဝေအောင် ရင်ခုန်လာသည်။ ဧည့်ခန်းတွင် ဝင်ထိုင်မိကြတော့လည်း နှုတ်ဆိတ်နေ၏။ တိတ်ဆိတ်လွန်း၍ မနေတတ်မထိုင်တတ်ဖြစ်လာပြီး တွေ့လိုသူကို ဝေ့ဝဲကြည့်ကာ ရှာမိသည်။ အရိပ်အယောင်သော်မှ မတွေ့ရ၊





စိတ်ထဲ မသင်္ကာဖြစ်လာ၍. .

"အန်တီကြိုင်. . ယမုံကောဟင်. ."

မေးမိကာမှ အန်တီကြိုင် မျက်ဝန်းမှာ မျက်ရည်စတွေ တွဲခိုလာ၏။ မင်းဝေအောင် ပိုပြီး ရင်တုန်သွားသည်။

"အန်. . အန်တီ. . ယမုံ. . ဘာ. . ဘာဖြစ်လို့လဲ"

အန်တီကြိုင်က သတင်းစာတစ်စောင်ကြားမှ စာခေါက်လေးတစ်ခုကို ထုတ်ယူလိုက်ပြီး. .

"ဒီစာကိုသာ ဖတ်ကြည့်ပါတော့ မောင်မင်းဝေအောင်ရယ်. ."

"ဗျာ. . သူ. . စာ. . စာထားခဲ့တယ်ဆိုတော့ လင်နောက်လိုက်သွားတာလားဗျာ. ."

မင်းဝေအောင် စိုးရိမ်ကြီးစွာမေးလိုက်မိသည်။

"ဖတ်သာကြည့်လိုက်ပါတော့ကွယ်. ."

အခြားတစ်ပါးသူရင်ခွင်သို့ ခိုဝင်သွား၍ ဆုံးရှုံးရတော့မည်အလား အတွေးနှင့် မင်းဝေအောင် တုန်လှုပ်စွာဖြင့် စာကို ဖြန့်ဖတ်လိုက်၏။

*ဖေဖေနဲ့ မေမေ*

*သမီး ရှိသေစွာ စာရေးအသိပေးခဲ့ပါတယ်၊ မေမေစီစဉ် မယ်ဆိုတဲ့ကိစ္စကို သမီးလက်မခံနိုင်ပါဘူး. . မချစ်မနှစ်သက်သောသူနှင့် ပေါင်းဖော်ရခြင်းသည်လည်း. . ဒုက္ခလို့ဘုရားဟောရှိခဲ့ပါတယ်မေမေ. . ၊ အဲဒီဒုက္ခနဲ့ ထာဝရားရှာချင်တဲ့ သမီးရဲ့ဆန္ဒပေါင်းပြီး အလုပ်က လစာမဲ့ခွင့်ယူလို့ ယောဂီထွက်သွားပါပြီ. . ၊ သုံးလလောက် ကိုယ့်စိတ်ကိုယ်မေးပြီး စိတ်*



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းဖြတ်နိုင်ခဲ့ရင်. . သီလရှင် ဝတ်ခွင့်ပြုပါလို့. . .

မိဘစကားနားမထောင်တဲ့သမီး ။

"ဟာ. . ဟာ. . သွား. . သွားပါပြီ အန်တီကြိုင်ရာ၊ ဒါ. . ဒါ. . လင်နောက်လိုက်တာထက် ဆိုးတယ်ဗျ. . ."

"အေးကွယ် အန်တီလည်း သူ့ကို နားမလည်နိုင်တော့ပါဘူး"

"ဒီကိစ္စ အန်ကယ်ရောသိသလား သွားပြန်မခေါ်ဘူးလား"

"သိတယ်လေ. . သိပေမယ့် မကောင်းတာ လုပ်သွားတာမှ မဟုတ်ဘဲကွယ်. ."

"အင်း ခက်တော့တာပါပဲဗျာ ဒီနေ့ ကျွန်တော် သူ့ကို ပွင့်ပွင့်လင်းလင်းပြော်ပြီး. . အန်တီတို့ဆီမှာ လက်ထပ်ခွင့်တောင်းမလို့ လာခဲ့တာပါ. ."

"နောက်ကျသွားပြီ မောင်မင်းဝေအောင်ရယ်. ."

မင်းဝေအောင် ခေါင်းငိုက်စိုက်ကျသွားသည်။ ယမ့်အချစ်ကို ရဖို့ကြိုးစားတိုင်း ဘာကြောင့်များ အလွဲပေါ်အလွဲဆင့် နေရသလဲဆိုတာ သူစဉ်းစား၍ မရတော့၊ အချစ်ရေးမှာ ကံခေလွန်းသည့် သူ့ကြမ္မာကိုသာ အပြစ်တင်ရတော့မည်ထင်၏။ ယမ့်အိမ်မှ ပြန်ထွက်လာသော သူ့ခြေလှမ်းများက ဖုတ်ဝင်နေသော အလောင်းကောင် တစ်ကောင်ကဲ့သို့. . .







# အခန်း(၃၃)

ကန်တော်ကြီး မျှော်စင်ကျွန်းဝန်းကျင်သည် သူ့မရောက်ဖြစ်ခဲ့သည့်ကာအတွင်း မမှတ်မိနိုင်လောက်အောင်ပင် ပုံစံပြောင်းသွားခဲ့ပြီဖြစ်သည်။ ခေတ်မီသော ကလေးကစားကွင်း၊ သပ်ရပ်သော စားသောက်ဆိုင်တန်းများ၊ MINI ZOO တို့နှင့် အပန်းဖြေသူတွေ ပေါများလို့နေသည်။

နေ့စဉ်လုပ်ငန်းခွင်ဝင်ပြီး ရည်စားလည်းမရှိသည့် သူလိုလူတစ်ယောက် ကန်တော်ကြီးလိုနေရာမျိုးကို မရောက်ဖြစ်တာ အဆန်းတော့မဟုတ်၊ ပြီးတော့ သူများတွေလို မိသားစုမရှိတာကလည်း ဒီနေရာကို မရောက်ဖြစ်ရသည့်



www.burmeseclassic.com

www.burmeseclassic.com



အဓိကအကြောင်းတစ်ရပ် ဖြစ်လိမ့်မည်။ ခုပဲကြည့်၊ ရှုလေမြင်လေရာတိုင်းတွင် ဗွီယံဗွီယံ စုံတွဲများနှင့် မိသားစု အစုအဖွဲ့များကိုသာ တွေ့နေရ၏။

သူလိုတစ်ယောက်ထဲသမားက ရှားမှရှားဖြစ်နေသည်။ ထိုထူးခြားမှုကို သတိပြုမိ၍ ငိုချင်ရက်လက်တို့ဖြစ်နေသည့် မင်းဝေအောင် ပိုပြီကြေကွဲသွားသည်။

မိန်းမတောင်းခရီးစဉ် မအောင်မမြင်ဖြစ်ခဲ့ရပြီးနောက် အိမ်လည်းမပြန်ချင်သဖြင့် ပန်းခြံထဲ စိတ်ပြေလက်ပျောက် ဝင်လာမိတာ မှားပြီထင်၏။ သင့်ရာ အပင်ရိပ်အောက်မှ ခုံတန်းတွင်ထိုင်ရင်း မြင်မြင်သမျှလူတွေကို လိုက်ကြည့်မိသည့် မင်းဝေအောင်မှာ အထီးကျန်ဝေဒနာကိုသာ အဖော်လုပ်နေရတော့၏။ ကိုယ့်ကလေးတစ်သိုက်နှင့်ကိုယ် ပျော်ပွဲစားထွက်လာသော မိသားတစ်စု အော်ဟစ်ဆူညံ ပျော်ရွှင်နေမှုကိုကြည့်ရင်း မနာလိုစိတ်တွေ အားကျစိတ်တွေ ဖြစ်နေမိသည်။

ဒီလိုပျော်ရွှင်စရာကောင်းသည့် မိသားစုဘဝမျိုး သူရနိုင်ပါ့ဦးမလားတွေးမိပြီး ပို၍အားငယ်လာ၏။ သူနှင့် မတိမ်းမယိမ်း ကလေးအဖေတစ်ယောက် (၅)နှစ်အရွယ်ခန့် သူ့သားနှင့်အတူ ဘောလုံးကစားရင်း ပျော်ရွှင်နေပုံကို အငှားဝင်ခံစားကြည့်သည်။ သမီးငယ်ကို ရေခဲမုန့်ဝယ်ကျွေးနေသော အမျိုးသမီးတစ်ယောက်ကိုလည်း ယမုံဟု အမြင်မှားမိသည်။

သူများတွေ ပျော်နေတာကိုကြည့်ပြီး မနာလိုဖြစ်နေတာ အကုသိုလ်ပဲဖြစ်သည်။ ဒီမှာကြာကြာနေလျှင် စိတ်ဆင်း






ရဲပြီး အကုသိုလ်ဖြစ်တာပဲ အဖတ်တင်မည်မို့ မင်းဝေအောင် အမြန်ပြန်ထွက်လာခဲ့ရ၏။

ပန်းခြံထဲမှာ ပွင့်ထွက်နေခဲ့သမျှ အားလုံး လမ်းပေါ်ရောက်တော့ ပိတ်မိသွားပြန်သည်။ ရှေ့တိုးမရ နောက်ဆုတ်မရ ပိတ်မိနေသော ယာဉ်များထဲ သူ့ကားလည်း အပါအဝင်ဖြစ်၏။ လမ်းပေါ်မှာလမ်းပျောက်နေသည့် ကားများနှင့် သူ့ဘဝက ထပ်တူညီမျှနေသည်။ သေခြင်းတရားကို ကောင်းစွာရင်မဆိုင်နိုင်ခဲ့သည့် မိခင်အား အကြောင်းပြု၍ လောကီကိုကြောက်ရွံ့ပြီး တရားရှာဖို့ ဆုံးဖြတ်ခဲ့တာလည်း သူပဲဖြစ်၏။

အန်တီကြိုင့်စကားကို ယုံစားပြီး မြှောက်ပေးသူများ၏ပယောဂကြောင့် ယမုံကို လက်ထပ်ကာ လူလိုနေရန် ဆုံးဖြတ်ချက် ပြင်ခဲ့သည်မှာလည်း သူပဲဖြစ်သည်။ ခုတော့. . နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်မည့် စွယ်တော်က တစ်ခြမ်းပဲဖြစ်ခဲ့ရပြီ။

ပိတ်နေသည့်ကားကြောကမှ တရွေ့ရွေ့တိုးဝှေ့ရင်း လမ်းကြောင်းရှာပြီး အိမ်ပြန်ရောက်ဖို့ မျှော်လင့်နိုင်သေးသည်။ သူ့ဘဝက ရေစုံမျှောပါခဲ့သော်လည်း တင်စရာငြိစရာ ကမ်းကို ယခုတိုင် မမြင်ရ. . ။

လမ်းပေါ်မှာ ရှေ့ကားဖင်ကိုကြည့်ရင်း ခန္တီပါရမီဖြည့်ခဲ့တာ အချိန်တန်တော့ အိမ်ပြန်ရောက်ခဲ့ပြီ။ မနောကတော့ ရွက်လွှင့်နေဆဲ. .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၄)

ထိ-သိ-သတိ နယ်မြေတွင် လူသစ်မဟုတ်သည့် ယမုံတစ်ယောက် အာနာပါနကမ္မဌာန်းကို စီးဖြန်းနေသည်။ ဒီတစ်ခေါက် ရိပ်သာရောက်လာတာ အရင်ခေါက်တွေတုန်းကလို စိတ်ငြိမ်းချမ်းမှုမရသဖြင့် ယမုံ အားမလိုအားမရဖြစ်နေလေ၏။ နှာသီးဝကို အာရုံပြုရတာလည်း အဆင်မပြေ၊ ဝင်လေလည်းမသိ ထွက်လေလည်းမမိ ဖြစ်နေသည်။

သို့နှင့် အသိကို ဝမ်းဗိုက်ဆီသို့ ပို့လွှတ်၍ ပိန်လေသိ ဖေါင်းလေသိလုပ်ကြည့်၏။ ဒါလည်း တိုင်မင်မကိုက်၊ တင်ခုခုကို မိအောင်မှတ်ရင်း ချွေးသာပျံလာသည်၊ ထိထိမိမိ





မှတ်မရ၊ ဖမ်းမရ ဖြစ်နေ၍ စိတ်မာတ်ကျလာသည်။

ယောဂီတစ်ရာဆန့်သည့် ခန်းမကြီးထဲမှာ ယမုံရှိနေတာ မှန်၏။ ကျုံ့ကျုံ့ရုံ့ရုံ့ထိုင်၍ မျက်လွှာချပြီး အသိကပ်ကာ သတိနှင့် မှတ်နေတာလည်း သေချာသည်။ သို့သော် အာရုံကမငြိ၊ အသိကပ် တာလွဲနေ၏။

ဘာကြောင့်ဒီလိုဖြစ်နေရတာလဲ၊ သူ့စိတ်တွေ ဘယ်ကိုပျံ့လွင့်နေတာလဲ၊ လွဲမှားရသည့်အကြောင်းရင်းကို ရှာကြည်သည်။ ထိုအခါ နယ်လွန်စိတ်၏ အနားသတ်မျဉ်းအနီးတွင် မင်းဝေအောင်ကို ဘွားခနဲတွေ့လိုက်ရ၏။

တွေ့လိုက်သည်မှ အသေးစိတ်မြင်ရသည်အထိပင်ဖြစ်သည်။ နက်မှောင်သောမျက်ခုံး၊ ကြည်လင်တောက်ပနေသည့် မျက်ဝန်း၊ ဖြောင့်စင်းသောနှာတံ၊ ပိရိသေသပ်သော နှုတ်ခမ်း၊ လေးထောင့်မကျတကျ မေးရိုးတို့နှင့် ယောကျ်ားချောတစ်ယောက်ကို မြင်တွေ့နေရသည်။

အို. . ကိုမင်းဝေအောင်ရယ်. .

ထိ-သိ-သတိ. . မငြိရသည့် အဓိကတရားခံကို ယမုံလက်ရ ဖမ်းမိခဲ့ပြီဖြစ်သည်။ ထိုအခါ နှမ်းလျလျဖြစ်သွားရ၏။ သူ့အာရုံတွေ ပျံ့လွင့်နေရတာ မင်းဝေအောင်ကြောင့်မှန်း သိရတော့ ယမုံ့ရင်ထဲ တလှပ်လှပ်ဖြစ်သွားသည်။ သူ့အတွင်းစိတ်ထဲမှာ တရားမမှုအပြင် မင်းဝေအောင်ပါရှိနေမှန်း သိရ၍ ယမုံ အထိတ်တလန့်ဖြစ်ရသည်။ ဒါ အဖျက်ဝင်လာအောင် ဖြစ်၏။

တကယ်တော့ မင်းဝေအောင်ဆိုတာမရှိ၊ ငါ သူတစ်



www.burmeseclassic.com

www.burmeseclassic.com



ပါး၊ ယောက်ျားမိန်းမ ဘယ်သူမှမရှိ၊ တကယ်ရှိတာက ရုပ်နှင့်နာမ်၊ ဒါကို မလွတ်အောင် မှတ်ကြည့်သည်။ အသိကပ်ပြီး သတိနှင့်မှတ်သည် ဆိုကာမှ ချစ်စကားပြောခဲ့စဉ်ကာလကို မှတ်မှတ်ရရပြန်မြင်ယောင်လာ၏။ ထိုစဉ်က သူ့မျက်ဝန်းကို ဖြတ်ခနဲခိုးကြည့်ကာ ရင်ခုန်ခဲ့မိတာကိုပါ ယမုံသတိရလာသည်။ သူ့ရှေ့လာရပ်ပြီး အခုပဲ ထပ်ပြောနေသလိုမျိုး အသံကိုပါ ပြန်ကြားမိသလိုရှိ၏။

ခက်တော့ခက်ပြီ၊ ဘုရင့်နောင်ဖေါင်ဖျက်သလို မိဘစကားကိုပယ်ရှား၊ အလုပ်မှနားပြီး ဓမ္မနယ်မြေကို ဝင်ရောက်ခိုလှုံကာမှ သံယောဇဉ်အဖျက်သမားက ရက်သားယောဂီကို အာရုံထွေပြားအောင် ခြံခိုတိုက်ခိုက်တာ ခံနေရသည်။

ဒီအတိုင်းဆို သူ့ရည်မှန်းချက်တွေ ထမြောက်အောင် မြင်နိုင်ပါ့မလား ဟုလည်း စိုးရိမ်တကြီးတွေးမိ၏။ ခေါင်းကို ခါပြီး မင်းဝေအောင်အား မောင်းထုတ်ပစ်လိုက်သည်။ ပြီးတော့ ကျဉ်လာသည့် ညာခြေထောက်ကိုအာရုံပို့၍ ကျဉ်တယ်. . ကျဉ်တယ်. . ကျဉ်တယ်ဟု မှတ်နေသည်။

အား. . ကျဉ်လိုက်တာ ကိုမင်းဝေအောင်ရယ်. .

ကျဉ်တာကိုမှတ်ရင်းနှင့်ပင် အမှတ်မထင် တမ်းတမိလိုက်၍ ယမုံအကြီးအကျယ် စိတ်ဓာတ်ကျသွား၏။ တပ်မက်တာ နှစ်သက်တာ တွယ်တာတာတွေအားလုံး လောဘဖြစ်သည်။ အကုသိုလ်က အပါယ်သွားဗီဇာဆိုလျှင် လောဘက လေယာဉ်လက်မှတ်ဖြစ်၏။ အားလုံးအရောက်ပို့ကြမည်မှာ သေချာသည်။ စက်ဘပူနှင့် ကိုရီးယားတော့မဟုတ်၊ ငရဲ





ကြီးရှစ်ထပ်သို့ ကမ္ဘာတစ်သိန်း ညအိပ်ခရီးစဉ်သာ ဖြစ်သည်။

ဒါတွေကို ယမုံမသိ၍မဟုတ်၊ သိသိကြီးနှင့်ပင် သာယာနေမိခြင်းဖြစ်၏။ ထိန်းမနိုင်သိမ်းမရ အတွေးတွေ ပျံ့လွင့်ရင်း အချိန်ပြည့်ခေါင်းလောင်းသံ ကြားလိုက်ရသည်။

ထိတ်ခနဲ လန့်သွားခြင်းနှင့်အတူ လွတ်လပ်ရေးရသလို ပျော်သွားပြီး ချတ်ချင်းထရပ်မိသည်။ ကျင့်ဖေါ်ကျင့်ဘက် ဓမ္မခရီးသည်တွေအားလုံး ထိ-သိ-သတိနှင့် သိမှတ်ဆင်ခြင်ရင်း ဖြည်းဖြည်းညင်သာ လှုပ်ရှားနေတာတွေ့မှ အသိမဲ့ လှုပ်ရှားမိသည့် ကိုယ့်အဖြစ်ကိုယ် သတိပြုမိ၏။

ရှက်စိတ်နှင့် သတိကပ်ဆင်ခြင်ပြီး နေကထိုင်အခန်းကို ခေါက်သိမ်းကာ ကြွတယ် လှမ်းတယ် ထိတယ် အသိ ကြွယ်ကြွယ်မှတ်ရင်း အခန်းသို့ပြန်ခဲ့ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၅)

ပျိုမြစ်နုနယ် တင့်တယ်အဆင်း လှပခြင်းများနှင့် တက်ကြွပျော်ရွှင်နေကြသည့် မင်္ဂလာစုံတွဲလောင်းလျာ ကောင်လေးနှင့် ကောင်မလေးအား ဖန်နစ်ချာများ လိုက်ပြပေးရင်း မင်းဝေအောင် တိတ်တခိုး အားကျနေလေ၏။

"မောင် မှန်တင်ခုံ ဝယ်ပေးရမယ်နော်. . အဲဒါမရှိရင် ချစ်လေး အလှမပြင်တတ်ဘူး"

"အင်းပါ. . ချစ်လေးအမြဲလှနေဖို့အတွက် ဒီလောက်တော့ ရင်းရမှာပေါ့. ."

အတိုင်အဖေါက်ညီနေကြသည့် ငယ်ငယ်ရွယ်ရွယ်





စုံတွဲကိုကြည့်ရင်း မင်းဝေအောင် သတိရမိတာက ယမုံပင်ဖြစ်သည်။ ဒီဖန်နစ်ချာများနှင့် ယမုံကတော့ ပြဒါးတစ်လမ်း သံတစ်လမ်းပင် ဖြစ်၏။ ဒီအခန်းကျယ်ကြီးထဲက ပရိဘောဂများနှင့် တရားသမားယမုံ လားလားမှ သက်ဆိုင်ခြင်းမရှိ။

ထို့အတူ မင်းဝေအောင်သည်လည်း ယမုံနှင့် သက်ဆိုင်ခြင်း အလျဉ်းမရှိတော့၊ မင်းဝေအောင်က လောကီအရှုပ် အထွေးတွေကြားထဲ တိုးဝင်လျှောက်လှမ်းနေဆဲဖြစ်သော်လည်း ယမုံက ဘဝင်္ဂလမ်းကို တက်လှမ်းဖို့ ကြိုးစားနေပြီဖြစ်သည်။ ရထားသံလမ်းလို ဘယ်သောအခါမှ ဆုံဆည်းခွင့်ရှိတော့မည်မဟုတ်။ လားရာချင်း မတူသလို ဆုံမှတ်လည်း မရှိတော့၍ မေ့ပစ်နိုင်ဖို့သာ ကြိုးစားရတော့မည်ဖြစ်သည်။

အသစ်စက်စက် မင်္ဂလာစုံတွဲအား ပရိဘောဂများ ရောင်းချပေးအပြီးတွင် မင်းဝေအောင် ခြေကုန်လက်ပန်းကျသလို ထိုင်ချလိုက်၏။ သူ့နားသို့ တိုးကြီးနှင့် ထိုက်အောင် ရောက်လာသည်။

"ဘယ်လိုလဲ မင်းဝေအောင် မနေ့က ခရီးစဉ် အဆင်ပြေသလား ယမုံဘာပြောသေးလဲ"

"လက်ထပ်ဖို့ ရက်သတ်ပြီးပြီပေါ့."

အရွဲ့တိုက်မေးတာလား လူကဲခတ်ညံ့တာလားတော့မသိ၊ ဒီလောက်အရုပ်ကြိုးပြတ်ဖြစ်နေသူကို လက်ထပ်ဖို့ ရက်သတ်ပြီးပြီလား မေးတာကတော့ တဆိတ်လွန်လှ သည်ထင်၏။ မပြောဘဲနေဖို့ မဖြစ်နိုင်မှန်းသိ၍ မနေ့က ဘယ်လိုကျဆုံးခဲ့ရသလဲဆိုတာ ပြန်ပြောပြရသည်။ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လုံး စိတ်ပျက်လက်ပျက်ဖြစ်သွားကြ၏။

"အဲဒါ မင်းညံ့လို့ ကိုယ့်ဆန္ဒအစစ်အမှန်ဘာလဲဆိုတာ ကိုယ့်ဘာသာမသိလို့"

"ယမုံ ဒီကိုလာသွားတုန်းက သူ့ကို စကားပြောခွင့်မပေးခဲ့လို့ ဒီအခြေဆိုက်ခဲ့ရတာ. . ၊ ဖြစ်ခဲ့သမျှ အားလုံး မင်းမှာပဲ တာဝန်ရှိတယ်. ."

အပြစ်တင်စကားတွေ ပယ်ပယ်နယ်နယ်ပြောကြသည်။ မင်းဝေအောင် ပြန်လှန်အတွန့်မတက်ဝံ့ဘဲ ငြိမ်ခံနေရ၏။

"ရွှေမရှား ငွေမရှား အခြေအနေနဲ့ ဘဝမှာ အောင်မြင်မှုရနေတဲ့ မင်းအတွက် မိန်းမရဖို့အရေးက ဒီလောက်ပဲ ခက်နေလားကွာ. ."

"အဲဒါတွေ ထားလိုက်ပါတော့ ငါဘာဆက်လုပ်ရမလဲဆိုတာ ဝိုင်းပြီးအကြံပေးကြပါဦး"

"ဒီအခြေဆိုက်မှ မင်းက ဘာလုပ်ချင်သေးလို့လဲ. . ဖွတ်မရ ဓားမဆုံးနဲ့ အားလုံးပြီးသွားပြီပဲဟာ. ."

"ဟုတ်တယ် ယောဂီကို လက်ထပ်ခွင့်တောင်းတာ ပိုအမှုကြီးတယ်ကွ. ."

"အဲဒီတော့ မင်းရှုံးကြောင်ကြောင်ဆုံးဖြတ်ခဲ့တဲ့အတိုင်း ဘုန်းကြီးသာဝတ်လိုက်တော့ အဲဒါမှ ဝမ်းဆက်ဖြစ်သွားမှာ. ."

အကြံဉာဏ်ပေးဖို့ ဘယ်သူမှ မစဉ်းစားဘဲ အပြစ်တင် စကားသာလှိုင်လှိုင်ပြောနေကြ၏။ မရှုနိုင်မကယ်နိုင်





ဖြစ်နေသည့် မင်းဝေအောင်၏ အခြေအနေကို သတိပြုမိမှ အားနာသွားဟန်နှင့် အပြောရပ်သွားသည်။

"နောက်ဆုံးအနေနဲ့ သူ့ သီလရှင် မဝတ်ခင် တစ်ခေါက်လောက်တော့ သွားတွေ့သင့်တယ် မင်းဝေအောင်"

"အေး အဲဒါမဆိုးဘူး စကားပြောကြည့်ပြီး သူ့ဆန္ဒကို တီးခေါက်ကြည့်ပြီး ဘာလုပ်ရင်ကောင်းမလဲဆိုတာ ဆက်စဉ်းစား ပေါ့. ."

ထိုဆုံးဖြတ်ချက်က မင်းဝေအောင်၏ အနာဂါတ်ဖြစ်၏။ လမ်းပြမြေပုံထဲမှ နောက်ဆုံး အဆင့်ဆိုလျှင်လည်း မမှား။ သူတို့ပြောသလို တစ်ခေါက်လောက်သွားတွေ့ရင်း သွေးတိုးစမ်းကြည့်ရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၆)

ဓမ္မနိုင်ငံတော်၏ နယ်နိမိတ်အတွင်း အေးဆေးတည်ငြိမ် တိတ်ဆိတ်နေပုံက ပိတ်ထားသော စာကြည့်တိုက်တစ်ခုပမာအလား၊ ထိုအဝန်းအဝိုင်းအတွင်း ဆန္ဒပြမှုတွေမရှိ၊ အမိကရုန်းနှိမ်နင်းရေးအဖွဲ့တွေ မရှိသလို ဘူဒိုဇာတွေလည်း မရှိ။

မင်းဝေအောင်ရောက်လာချိန်မှာ ယောဂီတွေ စင်္ကြံလျှောက်ချိန်ဖြစ်နေ၍ စကားပြောဖို့ အခွင့်မသာဖြစ်နေသည်။ မင်းဝေအောင်လည်း ဆန္ဒကိုချိုးနှိမ်ရင်း အသာငေးကြည့်နေရ၏။

ယောဂီထဲတွင် တစ်ယောက်အပါအဝင်ဖြစ်နေသော ယမုံလည်း အများနည်းတူ အမှတ်တရားနှင့် လမ်းလျှောက်





နေသည်။ ယောဂီ ယမုံ၏ လှုပ်ရှားမှုက ရုပ်ရှင်စလိုးမိုးရှင်းပြကွက်လို ဖြစ်နေ၏။

ကြွ-လှမ်း-ထိ. . တစ်ဆင့်ပြီးတစ်ဆင့် လှုပ်ရှားမှုကိုသတိကပ်၍ လျှောက်လှမ်းနေသည်။ အဖြူ ရင်ဖုံးလက်ရှည် ယောဂီတဘက်နှင့် ယောဂီထဘီကို ဝတ်ဆင်ထား၍ ဖက်ရှင်ဒီဇိုင်းကြောင့် ပူလောင်သောအလှကို မတွေ့ရ. .။

ငြိမ်းချမ်းခြင်း စင်ကြယ်ခြင်း အသွင်ကိုသာဆောင်နေသည်။ အကဲခတ်ရသလောက်တော့ ယောဂီဘဝမှာ ယမုံအသားကျ ပျော်ဝင်နေပုံရသည်။ ထို့အတွက် မင်းဝေအောင်စိတ်မာတ်က အဝီစိရောက်အောင် ထိုးကျသွား၏။ မတူညီသည့် ဘဝနှစ်ခုကိုညှိဖို့ မကြိုးစားချင်တော့. . .

သူဘဝနှင့်သူ ငြိမ်းချမ်းနေပြီဖြစ်သည့် ယမုံအား တဝငေးကာ အိမ်ပြန်ဖို့သာ တာစူလိုက်ရတော့သည်။ နှစ်ထပ်တိုက်ကြီး တစ်လုံးထဲမှာ သူတစ်ယောက်ထဲ ဆက်နေသွားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ကြောင်း သိလာပြီးနောက်ယမုံ့အား 'လက်ထပ်မည်ဟုဆုံးဖြတ်ခဲ့၏။

အန်တီကြိုင်၏ ထောက်ခံမဲနှင့် ယမုံ့အားလက်ထပ်ခွင့် တောင်းဖို့ပြင်ဆင်ချိန်မှာ ယမုံက ဆိတ်ငြိမ်ကမ္ဘာထဲသို့ဝင်ရောက်ခိုလှုံသွားသည်။ သူဘာမှ ဆက်လုပ်၍ မရတော့။ တစ်ယောက်ထဲမနေလိုသည့် ရည်ရွယ်ချက်နှင့်တော့ တွေ့ရာမိန်းမ ကောက်ယူလို့မဖြစ်၊ ယမုံသည် သူ့အတွက် အလွန်ကြီးမားသော လွတ်သွားသည့် ငါးတစ်ကောင်သာဖြစ်နေပြီ။

မင်းဝေအောင် ဘဝကို ချွတ်ခြုံကျ စိတ်ဓာတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ရိုး ကျိုးပုံစံသုံးပြီး ဖြတ်သန်းခဲ့ရသည်။ အပြောင်းအလဲ တစုံတရာမရှိ၊ အချစ်တစ်ပွဲ ရှုံးနိမ့်ရုံနှင့်ပင် ဘဝကိုလက်မြှောက်အရှုံးပေးလိုစိတ် မရှိသော်လည်း အစားထိုးစရာ အချစ်သစ်မရှိသည့်ဘဝက ဝေါင်စင်းစင်းဖြစ်နေလေ၏။

မနက်အိပ်ယာထမှာ လုပ်ငန်းခွင်သို့သွား မှောင်စပျိုးမှာ လူမရှိသည့် အိမ်ကြီးဆီပြန်၊ ပျော်စရာမရှိ ရင်ခုန်စရာမရှိ စိတ်လှုပ်ရှားစရာမရှိသည့် နေမှုပုံစံက ပျင်းစရာ ကောင်းလွန်းနေ၏။

ထိုအချိန်မှာ unknown number တစ်ခုနှင့် ဖုန်းဝင်လာ၏။ မင်းဝေအောင် စကားပြောဖေါ် ရပြီဆိုသည့်အတွေးနှင့် ကောက်ကိုင်လိုက်၏။

"ဟလို . . အမိန့်ရှိပါ . ."

"မောင်မင်းဝေအောင်လား၊ အန်ကယ် ယမ့် အဖေပါ"

"ဩော် . . ဟုတ်ကဲ့ပါအန်ကယ် ဘာကိစ္စများလဲခင်ဗျ"

"အင်း . . . ကိစ္စက အရေးကြီးတယ် ပြောစရာတွေလည်းများတယ် . . အားနာပေမယ့် အန်ကယ်နဲ့တွေ့ဖို့ အချိန်နည်းနည်းလောက် မပေးနိုင်ဘူးလား"

"ပေးနိုင်ပါတယ် အန်ကယ် . ."

"ကျေးဇူးပါပဲကွယ် . . ဒါဆို . . အခု အိမ်ကိုခဏလာခဲ့ပါလား မောင်မင်းဝေအောင်"

"ဟုတ်ကဲ့ ကျွန်တော်လာခဲ့ပါ့မယ် . . နောက်နာရီဝက်လောက်ဆို ရောက်မှာပါ . ."

"ကောင်းပါပြီ အန်ကယ်စောင့်နေမယ် . . ဒါပဲနော်"





"ဟုတ်ကဲ့ . ."

ဖုန်းချလိုက်ပြီး ဘာကိစ္စများလဲဟု တွေးကြည့်၏။ သို့သော် အဖြေကမထွက်။ သင့်တင့်သော အဝတ်အစားလဲပြီး မင်းဝေအောင် ကားနှင့်ထွက်လာခဲ့သည်။ ရောက်မှပဲ ကိစ္စကိုသိရမည်မို့ လမ်းချောင်လျှင် ချောင်သလို ကားကိုဂရုတစိုက် မောင်းလာခဲ့၏။ အန်ကယ်ကိုယ်တိုင် ဆက်သည်မို့ ထူးခြားဖြစ်စဉ်တစ်ခုတော့ ဖြစ်မည်ဆိုတာသေချာနေသည်။

သိချင်စိတ်ကိုပွေ့ပိုက်ပြီး နာရီဝက်လောက် မောင်းလာခဲ့မှပဲ ယမုံတို့အိမ်သို့ ရောက်တော့၏။ အန်တီကြိုင်ရော အန်ကယ်ပါ အသင့်စောင့်ကြိုနေကြသည်။

"မောင်မင်းဝေအောင် ရောက်လာတာမြန်သားပဲ"

"ဟုတ်ကဲ့ . . ကား သိပ်မပိတ်လို့ပါ"

"အင်း . . . အဆက်အဆံမရှိဘဲ ရုတ်တရက် ဖုန်းဆက်ခေါ်တော့ ဘာကိစ္စများလဲဆိုပြီး သိချင်နေတယ်မို့လား"

"ဟုတ်ပါတယ် အန်ကယ် . ."

အန်တီကြိုင်က အသင့်ပြင်ထားဟန်တူသော ကော်ဖီအေးနှင့် မုန့်များချပေးသည်။

"စားရင်း သောက်ရင်း စကားပြောကြပေါ့ . ."

"ဟုတ်ကဲ့ အန်တီ . ."

"တခြားတော့ မဟုတ်ပါဘူး မောင်မင်းဝေအောင်ရေ . . ယမုံကိစ္စပါပဲ"

"ဟုတ်ကဲ့ . ."

ယမုံကိစ္စဆို၍ မင်းဝေအောင် ရင်ခုန်သွားရပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကော်ဖီအေးသောက်ရင်း ဆက်လာမည့်စကားကို စောင့်ရ၏။

"မင်းတို့တွေရဲ့ ဆက်ဆံရေး အနေအထားကို သူပြောမှ အန်ကယ်သိခဲ့ရတာ"

အန်ကယ်က သူ့ဇနီးကို မေးငေါ့ညွှန်ပြရင်း ပြောသည်။

"ငါ့တူက ဦးသမီးကို မြတ်နိုးလို့ ချစ်ရေးဆိုခဲ့တယ်ဆို"

အဖေ့ရှေ့မှာဆိုတော့ မျက်နှာပူကာ နည်းနည်းအနေရအထိုင်ရခက်သည်။ သို့သော်. . . မဖြေလို့ရသည့်ကိစ္စ မဟုတ်သည့်အတွက်. . .

"မှန်ပါတယ် အန်ကယ်. ."

"အေးကွာ ငါ့တူနဲ့သာဆို သမီးကို စိတ်မချစရာ ဘာအကြောင်းမှ မရှိတော့ဘူးပေါ့၊ ရှေ့သွားနောက်လိုက်လည်း ညီတယ်လို့ အန်ကယ်ယူဆတယ်. ."

"ဟုတ်ကဲ့. ."

အန်ကယ်ကြီး မောသွားဟန်နှင့် သူ့ကော်ဖီအေးခွက်ယူမော့လိုက်ပြန်သည်။ အန်တီကြိုင်က ခုထိ ဘာမှဝင်မပြောသေး၊ ကော်ဖီသောက်ပြီးမှ. .

"အခုထိရော. . သမီးအပေါ် မြတ်နိုးနေဆဲပဲလား ငါ့တူ"

"အဲ. . ကျွန်တော်ကသာ စခဲ့ရတာပါ ယမုံဘက်က ဘာတုန့်ပြန်မှုမှ မရှိခဲ့ပါဘူး. . ပြီးတော့လည်း သူက အခု. ."

မင်းဝေအောင် စကားမဆုံးခင်မှာပင် အန်ကယ်က





လက်ကာပြသဖြင့် ဆက်ပြောခွင့် မသာတော့. .

"အဲဒါလိုရင်းပဲ. . အဲဒါ သိရရင်တော်ပြီ၊ ငါ့တူက သမီးရှင်တွေ လက်မလွှတ်ချင်တဲ့ လူမျိုးဆိုတော့ အန်ကယ်တို့လည်း မင်းကို သမက်တော်ချင်ပါတယ်. ."

"ဟုတ်ကဲ့. ."

"မင်းနဲ့သာဆို. . . အန်ကယ်တို့ သဘောတူတဲ့အကြောင်း သူသိမသွားဘူးဆို"

"ဟုတ်ပါတယ် အန်ကယ်"

"အန်ကယ်တို့ ဒီကိစ္စပြောဖို့ သူ့ဆီဖုန်းဆက်ပါသေးတယ်. . အဲလိုဆက်ကြည့်တော့မှ ဖုန်းကိုပါထားခဲ့မှန်းသိရတော့တာ. . လေ"

"ဩော်. ."

"ဒါနဲ့ . . သူ့အမေ ရိပ်သာကိုလိုက်သွားတော့လည်း လုံးဝထွက်မတွေ့ဘူး. ."

"တကယ် စိတ်ပိုင်းဖြတ်ပြီးသွားပြီနဲ့တူပါရဲ့. ."

မင်းဝေအောင် ဝင်ထောက်သည့် စကားကို အန်ကယ်ကြီး လက်ခံချင်ပုံမရ ခေါင်းရမ်းပြီး ကန့်ကွက်သည်။

"အဲလိုလည်း မဟုတ်သေးဘူး သူအဲဒီလိုနေနေတာကို အန်ကယ်တို့မကြည့်ရက်ဘူးကွာ. .၊ သမီးကညာ အခါမလင့် ဆိုသလို. . သင့်တော်တဲ့လူနဲ့ နေရာချထားပေးနိုင်မှ မိဘတာဝန် ကျေမှာလို့ အန်ကယ်ခံယူထားတယ်. ."

"ဟုတ်ကဲ့. ."

"အဲဒီအတွက်. . . မောင်မင်းဝေအောင် သူ့ဆီတစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်လောက်သွားပေးပါလား. . . အန်ကယ်အကူအညီ တောင်းတာပါ. ."

"ဗျာ. ."

"မင်းနဲ့တွေ့ပြီး မင်းပြောတာ သူနားထောင်ရရင် သဘောထားပြောင်းသွားမယ်လို့ အန်ကယ်ယုံတယ်. ."

"အဲ. . အဲဒါက. ."

"မင်းပဲ သမီးကို မြှတ်နိုးတယ်ဆို. ."

"ဟုတ်ပါတယ်. . အန်ကယ်. ."

"အန်ကယ်ပြောတာ မင်းအတွက် သိပ်ခက်ခဲနေလား. . ကြယ်ကိုဆွတ်ခိုင်းတာမဟုတ်သလို မြင့်မိုရ်တောင်ကို ခုန်ကျော်ခိုင်းတာလဲ မဟုတ်ပါဘူး. ."

အန်ကယ် မင်းဝေအောင်၏ မခံချင်စိတ်ကို နှိုးဆွသလိုမျိုး ရိတိတိ စကားပြောနေသေး၏။ သို့သော် အခြေအနေက ထင်သလောက်မလွယ်မှန်း မင်းဝေအောင် သိနေ၍ ကတိပေးရခက်နေသည်။

"အန်ကယ်ပြောတဲ့အတိုင်း တစ်ခါလောက်ကြိုးစားမကြည့်ချင်ဘူးလား မောင်မင်းဝေအောင်. ."

မင်းဝေအောင် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။

"ကြိုးစားကြည့်ပါကွယ် သူ့စိတ်တွေ ထွေပြားနေလို့သာ ဒီလိုလုပ်သွားတာပါ. . အဲဒီလောက် သူ စိတ်မပြတ်ပါဘူး. ."

အန်တီကြိုင်ကပါ ဝင်ရောက်တိုက်တွန်းပြောဆိုလာ၍ မင်းဝေအောင် ဖြင်းရခက်သွားသည်။





"အင်း. . အဲ. . ကျွန်တော် တစ်ခေါက်လောက်တော့ သွားကြည့်လိုက်ပါ့မယ် အန်တီကြိုင်. ."

"အမလေး. . ကျေးဇူးတင်လိုက်တာ မောင်မင်းဝေအောင်ရယ်. ."

"ဒါပေါ့ကွ ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ဖို့ဆိုရင် ဘာပဲလုပ်ရလုပ်ရ လုပ်ပစ်ရမှာပေါ့ တွေဝေမနေနဲ့ တွန့်ဆုတ်မနေနဲ့. . လိုက်သွားပြီး နားဝင်အောင်ပြော၊ ပြီးတာနဲ့ တစ်ခါထဲဆွဲသာခေါ်လာခဲ့ကွာ. ."

အန်ကယ်ကြီးက ရိပ်သာမှ ယောဂီတစ်ယောက် ပြန်ခေါ်လာဖို့ကို ငှက်ပျောသီးအခွံနွှာစားသလိုမျိုး ပြောနေ၏။

"အန်တီက ယမ့်ကို သီလရှင် ဝတ်နဲ့တော့ မမြင်ချင်ဘူးကွယ်. ."

"သီလရှင်ဖြစ်သွားရင်လည်း အနည်းဆုံး ပထမငယ်အများဆုံး ဓမ္မာစရိယလောက်တော့အောင်မှ ထွန်းပေါက်မှာ၊ အန်ကယ့်သမီး အဲသလောက် ဉာဏ်မကောင်းဘူး. . ဘွဲ့ရတာတောင် ရိုးရိုးဝိဇ္ဇာဘွဲ့ရယ်ကွ. ."

"ဟုတ်ကဲ့. ."

"ပြောမရရင် . . အလုပ်ကထွက်လို့ပေးရမယ့် လျော်ကြေးငွေ အန်တီတို့ မတတ်နိုင်ဘူးလို့သာပြောလိုက်ကွယ်"

"ဩော်. . သူ့အလုပ်က လျော်ကြေးပေးရဦးမှာလား"

"ဒီလိုကွ ငါ့တူရ နှစ်လသုံးလလောက်ဝင်လုပ်လိုက် လခပိုပေးတဲ့ဘက်ကိုပြောင်းပြေးလိုက်နဲ့ ဝန်ထမ်းမတည်ငြိမ်လို့ အလုပ်ဝင်ကတည်းက သုံးနှစ်စာချုပ်ချုပ်ထားတာ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ဝင်လုပ်တာ ဆယ်လပဲရှိသေးတယ်. ."

"ဆယ်လတွက် ရထားတာ ဆယ့်ငါးသိန်း၊ သုံးဆလျော်ရမယ်ဆိုရင် စဉ်းစားသာကြည့်တော့ မောင်မင်းဝေအောင်ရေ. ."

"ဟုတ်တာပေါ့. . တနင်တပိုးကြီး ပြန်ပေးရမှာ. ."

"အဲဒါကြောင့် ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ၊ မြွေမသေတုတ်မကျိုး၊ ပိုနေမြဲ ကျားနေမြဲပဲ ရှိနေစေဖို့ ငါ့တူပဲ စွမ်းဆောင်နိုင်မှာ. ."

"ဟုတ်ကဲ့ပါ အန်ကယ်. . ကျွန်တော် ကြိုးစားကြည့်မှာပါ"

"ကောင်းပါပြီကွယ်. . မင်းကိုယုံကြည်ပြီး သမီးပြန်လာမယ့်နေ့ကို အိမ်ကပဲ စောင့်နေတော့မယ်ကွာ. ."

"ဟုတ်ကဲ့ စိတ်ချပါ. . ဒါဆို ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ခင်ဗျာ. ."

"ကောင်းပါပြီကွာ. . ကောင်းပါပြီ"

အန်ကယ်တို့ကို နှုတ်ဆက်ပြီး ပြန်ထွက်လာတော့ မင်းဝေအောင် သူ့ကိုယ်သူ မယုံကြည်နိုင်ဖြစ်နေသည်။ ယမ့်ကို ရိပ်သာမှ ပြန်ခေါ်နိုင်ပါ့မလားဟုလည်း မယုံမရဲဖြစ်နေ၏။

ဘယ်လိုပြန်ခေါ်ရမှာလဲ ဆိုတာလည်း စဉ်းစားမရ၊ ဒီကိစ္စ တိုးကြီးတို့နှင့် တိုင်ပင်ကြည့်မည်ဟုသာ စိတ်ထဲတေးထားလိုက်၏။







# အခန်း(၃၇)

စတီးကုတင်တစ်လုံးကို ဂဟေဆော်နေသည့် တိုးကြီးထံ ထိုက်အောင်ချိုင့်ဆွဲပြီးရောက်လာ၏။

"ဟော့ကောင်. . ထမင်းမစားသေးဘူးလား. ."

"စားမှာပေါ့ဟ ဆာနေတာကြာလှပြီ လက်စဖြတ်နေတာ"

တိုးကြီး နောက်ဆုံးလက်ကျန် ဂဟေတစ်ချက်ကို တို့လိုက်ပြီး ကိရိယာတန်ဆာပလာများကိုချကာ အညောင်းဆန့်လိုက်၏။

"ဟို အူကြောင်ကြောင်ကိုယ်တော်ရော. ."



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်နေကျချာတိတ် စားသောက်ဆိုင်ဘက် လွှတ်လိုက်တာတော့မြင်တာပဲ ပြန်ရောက်လောက်ရောပေါ့. .'

တိုးကြီး သူ့ချိုင့်လှမ်းဆွဲပြီး မင်းဝေအောင် အခန်းဘက် ထွက်လာခဲ့ကြ၏။ မင်းဝေအောင် စားပွဲပေါ်တွင် ဖော့ဘူးသုံးဘူး ရှိနေတာတွေ့၍ တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်မိကြသည်။ မင်းဝေအောင် ကာရံထားသော မှန်ချပ်များမှတဆင့် အပြင်သို့ ငေးနေသဖြင့် သူတို့ဝင်လာတာကို မသိ။

"မင်းဝေအောင်"

"ဟမ်"

လှမ်းခေါ်လိုက်သံကြောင့် မင်းဝေအောင် လန့်သွားပြီး လှည့်ကြည့်၏။

"အောင်မာ ဘာတွေ ဒီလောက်တောင်တွေးနေလို့ အလန့်ထန်းလျက်ဖြစ်သွားရတာလဲ"

"အေးလေ. . မားပြဝင်လာတာ ကျနေတာပဲ. ."

"အေးကွာ. . တွေးစရာတွေများနေလို့. ."

ထိုက်အောင်က မင်းဝေအောင်ကြည့်ခဲ့သည့် နေရာကို လှမ်းကြည့်ရင်း. .

"ဩော် . . မင်းက ပလက်ဖောင်းပေါ်က ဗယာကြော်ကုလားမကို ရှိုးနေတာကိုး မင်း သူ့ကိုကြံမလို့လား. ."

"ဟေ့ကောင်တွေ ငါညစ်နေတာနော်. . ထောင်တန်တဲ့စကားကို အချုပ်ထဲမှာ မပြောနဲ့. ."

"ဘာတွေ ညစ်နေပြန်ပြီလဲကွာ၊ သိပ်မစားနဲ့ ခေါင်းဖြူ





ကြီးဖြစ်သွားမယ်"

ခုံများတွင် ဝင်ထိုင်လိုက်ကြရင်း ဖော့ဘူးများကို ဖွင့်ကြည့်ကြ၏။

"ဟား . . ရှယ်တွေပါလား မင်းဝေအောင် ဘာစိတ်ကူးပေါက်လို့လဲ. ."

"ငါလူလိုနေမယ် လူလိုစားတော့မယ် အဲဒါကြောင့် စုံအောင် ဝယ်ထားတာ"

"အဲဒီကိစ္စကိုတော့ လုံးဝကြိုဆိုတယ်ကွာ. ."

တိုးကြီးက ပြောပြောဆိုဆိုပင် သူ့ချိုင့်ကိုဖွင့်လိုက်၏။ အကြော်စုံလေးခု ပါလာတာတွေ့ရသည်။

"မဗိုက် ဘာမှမလုပ်နိုင်တော့ဘူးလေ ကြံရာဝယ်ထည့်လာတာ. ."

"ဟိုကောင်ရော ဘာပါလဲ. ."

"ဗုံလုံသီးနဲ့ ပုစွန်အရည်သောက်. . ပြီးတော့ ငရုပ်သီးထောင်း. ."

ထိုဟင်းကို မင်းဝေအောင် စိတ်ဝင်စားသွား၏။

"အဲဒီဟင်း ငါစားမယ်. . ထိုက်အောင်. ."

"ရပါတယ်ကွာ. . စားပါ. ."

"ငါဝယ်ထားတာ ပြည်ကြီးငါးအစပ်သုပ်၊ အခေါက်ကင်နဲ့ ကိုက်လံပလိန်းနော်"

"အေးပါ တွေ့ပါတယ်ကွ. ."

"နေစမ်းပါဦး မင်းဝေအောင် မင်း အိမ်ထမင်း အိမ်ဟင်း သိပ်ကြိုက်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ် နောက်ဆို မိန်းမကိုချက်ခိုင်းပြီး ချိုင့်အပြည့်ထည့်လာမှာ . ."

ထိုက်အောင်နှင့်တိုးကြီး ပါးစပ်အဟောင်းသားပွင့်လျက် အချင်းချင်း ကြည့်မိကြ၏။

"မိန်းမယူတော့မယ် . . ဘယ်သူ့ကို ယူမှာလဲ . ."

"ယမုံ . ."

"ဘာ . . ယမုံ ဟုတ်လား၊ ယမုံ ရိပ်သာက ပြန်လာပြီလား၊ မင်းနဲ့ အိုကေသွားပြီပေါ့ . ."

"ဟင့်အင်း . ."

"ဟာကွာ မင်းဝေအောင်ရာ စကားကောင်းကောင်းပြောစမ်းပါ . ."

မင်းဝေအောင်က ဗိုလုံးသီးနှင့် ပုစွန်ဟင်းကို ထမင်းပေါ်လောင်းထည့်ပြီး အားရပါးရ စားနေ၏။

"ကောင်းတယ်ကွာ အိမ်ချက်လေး . . ဒီလိုဟင်းမျိုးငါအမြဲစားချင်တာ . ."

"ဟုတ်ပါပြီ အဲဒီ အိမ်ဟင်းအိမ်ထမင်းကို ဘယ်သူချက်မှာလဲ . ."

"ယမုံပါဆိုနေမှကွာ . . မနေ့က ယောက္ခမအထီးကြီးကိုယ်တိုင် ဖုန်းလှမ်းပြီး အိမ်ကိုလာခဲ့ဖို့ခေါ်တယ် . . ."

"ဟေ . . ဟုတ်လား . ."

"အေး . . ငါရောက်သွားတော့ သူ့သမီးကို ချစ်စကားပြောဖူးလားတဲ့ . . ငါကလည်း ဟုတ်ကဲ့ပေါ့၊ အခုရောတဲ့ . . အခုလည်း ချစ်နေပါသေးတယ်လို့ဖြေတော့၊ သူတို့လင်မ





ယားနှစ်ယောက်လုံး ငါနဲ့ဆိုရင် သဘောတူတယ်ပေါ့ကွာ . ."

တိုးကြီးတို့နှစ်ယောက်လုံး အံ့သြပြီးမျက်လုံးတွေပြူးထွက်လာကြ၏။

"အဘိုးကြီးကပါ ထပ်ပြောတာဆိုတော့ အခြေအနေကောင်းတာပေါ့ကွ . ."

"အင်း . . ယမုံ့ကို ရိပ်သာကနေ ရအောင်ပြန်ခေါ်ခဲ့တဲ့ . . အိမ်ပြန်လာတာနဲ့ လက်ထပ်ပေးမယ်တဲ့ . ."

တိုးကြီးနှင့် ထိုက်အောင်တို့ မျက်နှာများပေါ်မှာ စိတ်အားထက်သန်ခြင်းများ ပျောက်ဆုံးသွား၏။

"အဟုတ်မှတ်လို့ နားထောင်နေတာ . . ယမုံ့ကို ရိပ်သာက ပြန်ခေါ်မယ့်အစား (၂၀၀၈)ဖွဲ့စည်းပုံကိုပဲ ပြင်လိုက်ချင်တယ် . . အဲဒါမှလွယ်ဦးမယ် . ."

"တစ်ပြည်လုံး ငြိမ်းချမ်းရေးရချင်သာ ရသွားမယ် ယမုံ ပြန်လာဖို့က လမ်းမမြင်ဘူး . ."

"မင်းတို့ကလဲကွာ . ."

စိတ်ဝင်စားမှုလျော့ကျသွားသည့် ထိုက်အောင်တို့တရုတ် ဟင်းလျာများကို ဆွဲယူကာ ထမင်းစားခြင်းကိုသာ အာရုံစိုက်လိုက်ကြတော့၏။ မင်းဝေအောင် ပါးစပ်အရသာခံပြောနေတာကို ဂရုမစိုက်တော့ဘဲ တကယ်အရသာရှိသည့် တရုတ်ဟင်းလျာများကိုသာ လျှာအရသာခံစားနေကြသည်။ ဒါကိုကြည့်ပြီး . . .

"ဟာ ဟော့ကောင်တွေ ယမုံ့ကို ဘယ်လိုပြန်ခေါ်လို့ရမလဲဆိုတာ ပြောဦးလေ . ."



www.burmeseclassic.com

www.burmeseclassic.com



'ရိပ်သာကနေ ပြန်ခေါ်ဖို့နည်းဟုတ်လား. . အင်း. . . ဒီလိုလုပ်ကွာ. . မင်း ကစားစရာ သေနတ်တစ်လက် ဝယ်ပြီး ရိပ်သာကို ဝင်စီး၊ ပြီးရင် ယမုံကို သေနတ်နဲ့ချိန်ပြီး ခေါ်လာခဲ့ အဲလိုပဲလုပ်လို့ရမယ်. . "

"ဟာ. . ကွာ. . "

"အေးလေကွာ တိုးကြီးကလည်း ဘာတွေလျှောက်ပြောနေတာလဲ. . အဲလိုလုပ်လို့ ဖြစ်မလား၊ အကောင်းဆုံးနည်း ငါပြောပြမယ်. . မင်းအရင်ဆုံး ဘုန်းကြီးဝတ်လိုက်. . "

"ဘာဆိုင်လို့လဲ. . "

"ဆိုင်တာကို ငါပြောပြမယ်၊ ဘုန်းကြီးဘဝနဲ့ ရိပ်သာကို ဝင်ပြီးရင် ဂန္ဓာရီခရီးလှည့်ဖို့ တမည့်လိုတယ်ဆိုပြီး ယမုံကိုရွေး၊ ပြီးရင် ကိုးသချိုင်းအဓိဋ္ဌာန်ဝင်မယ် အကြောင်းပြရင်း ခိုးပြေး. . "

"အဟားဟားဟား. . အဲဒါကောင်းတယ် မင်းဝေအောင်"

"မင်းတို့ကွာ စကားကောင်းတော့ မပြောကြဘူး"

"ဟာ. . . ပြောစရာလားကွ. . မင်းစဉ်းစားကြည့်၊ မဖြစ်မနေ မင်းသွားခဲ့ပြီဆိုပါတော့. . ယမုံနဲ့တွေ့တဲ့အခါ အဲဒီယောဂီဝတ်စုံနဲ့ မိန်းမကို ယမုံ့ရဲ့မိဘတွေက ကိုယ်နဲ့ဆိုစိတ်ချတယ်တဲ့. . အဲဒါ လက်ထပ်ရအောင် ကိုယ်နဲ့လိုက်ခဲ့ပါလို့ ပြောရဲလား"

တိုးကြီးစကားကို မင်းဝေအောင် မချေပနိုင်။

"မစဉ်စားနဲ့ မင်းဝေအောင် လောကုတ္တရာနယ်မြေ





မှာ လောကီကိစ္စဆောင်ရွက်လို့ အောင်မြင်စရာ အကြောင်းမရှိဘူး"

"ဟာကွာ. . စိတ်ဓာတ်ကျစရာတွေပဲ ပြောမနေနဲ့ကွာ"

"ပြောစရာက ဒါပဲရှိတာကိုးကွ. . . "

ထိုက်အောင်တို့ ထမင်းဆက်စားနေကြသော်လည်း မင်းဝေအောင် မစားနိုင်တော့ သူငယ်ချင်းတွေ ပြောတာမှန်နေသဖြင့် အကြီးအကျယ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေလေ၏။ ရိပ်သာသို့ သွားဖို့မသွားဖို့ကိုပင် ဝေခွဲမရဖြစ်လာသည်။ ယမုံ့မိဘများ၏ သဘောတူခွင့်ပြုမှုက ငြိမ်သက်နေသည့် နှလုံးသားရေပြင်ကို ဂယက်ထစေခဲ့တာတော့ အမှန်ပဲဖြစ်၏။

ဘယ်လောက်ပဲ မျှော်လင့်ချက်နဲ့နေသည်ဖြစ်စေ ကြိုးစားကြည့်ချင်စိတ်တော့ မင်းဝေအောင် ရင်ထဲမှာရှိနေသည်။ ကြိုးစားမကြည့်ဘဲ လက်လျှော့ခြင်းထက် ကြိုးစားကြည့်ပြီး ရှုံးနိမ့်ရသည်က ပို၍အဓိပ္ပာယ်ရှိသည်ဟု သူထင်သည်။

ယမုံ့အားချစ်ခဲ့မိခြင်းအတွက် ခုထိ သူနောင်တမရမိသေး။ မိန်းမယူမည်ဆိုလျှင် သူ့ဇနီးက ယမုံပဲဖြစ်ရမည်ဆိုသည့် ဆုံးဖြတ်ချက်က စွဲမြဲစွာ ရှိနေသေးသည်။

"ဟူး. . ရင်မောရပါလား ယမုံရယ်. . . "





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၈)

နေ့ခင်းဆယ့်တစ်နာရီထိုးလုလုတွင် အချစ်ကင်းမဲ့ဇုန်သို့မဟုတ် ရိပ်သာသို့ မင်းဝေအောင် ရောက်လာ၏။ ရိပ်သာတွင်း တိတ်ဆိတ်နေမှုက လူသူလေးပါးလုံးဝ မရှိဟုပင် ထင်ရလောက်သည်။ အသေအချာ စူးစမ်းကြည့်တော့ ယောဂီများ နေ့ဆွမ်းသုံးဆောင်နေကြပြီဖြစ်ကြောင်း သိရ၏။

ဒါအချိန်ကောင်းပဲဖြစ်သည်။ ဆွမ်းစားပြီးလျှင်တော့ ယောဂီတွေ တစ်နာရီလောက် လွတ်လပ်ခွင့်ရကြသည်။ ထိုအချိန်အပိုင်းအခြားအတွင်း ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်မည်ဟုလည်း စိတ်ပိုင်းဖြတ်ထား၏။





ယောဂီစားသော ထမင်းတစ်နပ်၏ ကြာမြင့်ချိန်ကို စောင့်ဆိုင်းရတာ ဆယ့်ခြောက်သချ်နှင့် ကမ္ဘာတစ်သိန်းလောက်ရှိမည်ဟု မင်းဝေအောင်ထင်နေသည်။ နာရီလက်တံက ပက်ကျိစီးပြီး ခရီးသွားနေသည်လားမသိ၊ ကြာလွန်းလှ၏။ ခေတ်စကားနှင့်ပြောရလျှင် အလုပ်သမားဝန်ကြီးဌာန၏ အနိမ့်ဆုံးတစ်နေ့လုပ်ခ သတ်မှတ်ရေး ဆွေးနွေးပွဲလို ဖြစ်နေသည်။

မည်သို့ဆိုစေ အချိန်နှင့်ဒီရေက လူကို မစောင့်သော်လည်း လူစောင့်နေသည့်အချိန်ကတော့ တဖြည်းဖြည်းနှင့် ရောက်လာခဲ့၏။ ယောဂီတွေ ဆွမ်းစားဆောင်မှ ဆင်းလာနေကြပြီ။ ငါးဆယ်ကျော် ခြောက်ဆယ်ကျော်တွေကြားထဲမှာ နှစ်ဆယ်ကျော်ကို ရှာရတာ လွယ်ပါသည်။ ပိုချစ် နုနယ်အလှကြွယ်နေသည့် ယောဂီ ယမုံကို သူလှမ်းမြင်ရသည်။ ယမုံက ထိ-သိ-သံတိနှင့် ဆင်းလာသည်မို့ ရှေ့တစ်လံထက် ပို၍ မကြည့်မှာ သေချာသည်။ ယမုံ သူ့ကိုမမြင်လျှင် မြင်နိုင်အောင် လူလုံးပြရမှာက သူ့အလုပ်ဖြစ်၏။

မင်းဝေအောင် လှေကားအဆင်းမှ စောင့်နေလိုက်သည်။ အဖြူနှင့် အညိုရောင်တွေကြားမှာ အရောင်ကွဲနှင့် မင်းဝေအောင်ကို အားလုံးသတိပြုမိကြ၏။ ယမုံလည်း သတိပြုမိသဖြင့် တအံ့တသြ ဖြစ်သွားသည်။

"ဟင် . . ."

"ယမုံ . . ကျွန်တော် ပြောစရာရှိလို့ လာခဲ့တာ"

"မပြောပါနဲ့တော့ ကိုမင်းဝေအောင် ကျွန်မအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို ထားပစ်ခဲ့ပါပြီ. . ”

“မဟုတ်သေးပါဘူး. . ဘဝအတွက် သိပ်အရေးကြီးတဲ့ စကားမို့ပါ. . ”

“သေတတ်ဖို့ထက် ပိုအရေးကြီးတာ ဘာများရှိသေးလို့လဲရှင်. . . ”

ယောဂီမကို စည်းရုံးရေးဆင်းရတာ ထင်သလောက် မလွယ်မှန်းကိုယ်တွေ့ ကြုံရ၍ မင်းဝေအောင် ဘာဆက်ပြောရမှန်းမသိ ဖြစ်နေစဉ် အသက်(၄၀)ကျော်အရွယ် ယောဂီတစ်ယောက် ရောက်လာပြီး. .

“ညီမလေး ယမုံရေ ဆရာတော် ခေါ်ခိုင်းလိုက်လို့”

“သြော်. . ဟုတ်ကဲ့ အစ်မ၊ ကဲ. . ကိုမင်းဝေအောင် အမေတို့ကို နေကောင်းတယ်လို့ပဲ ပြောလိုက်ပါနော်. . ”

နှုတ်ဆက်စကားနှင့် နှင်သည့်စကားရော၍ ပြောပြီး ယမုံ လာခေါ်သည့် ယောဂီနှင့်အတူ လိုက်သွားသည်။ မင်းဝေအောင်မှာ ကမ္ဘာမြေပေါ်အခုမှ ခြေချဖူးသည့် လူတစ်ယောက်လို အလွန်အမင်း အားငယ်သွားတော့၏။

အကုသိုလ်ကြီးလွန်းသူတစ်ယောက် ဓမ္မနယ်မြေအလယ်မှာ ယောင်လည်လည်ဖြစ်ကျန်ခဲ့သည်။

အသည်းမာတာလား၊ စိမ်းကားတာလား၊ တရားရှင်ဖြစ်နေတာလား မသိရသည့် ယမုံကတော့ သူ့နယ်မြေမှာ တရားဖော်များနှင့် တစ်သွေးထဲတစ်သားထဲ ဖြစ်နေပြီထင်၏။

ဒီရိပ်သာမှ အရှုံးနှင့် လှည့်ပြန်ရတာ ဘယ်နှကြိမ်ရှိမှန်း မသိတော့။ ဒီတစ်ခါလည်း ခေါင်းငိုက်စိုက်ချထွက်လာခဲ့





ရ၏။ ကလေးဆန်စွာ တိုင်ပြောချင်တာလားတော့မသိ၊ အန်ကယ်ထံ ဖုန်းဆက်၍ အကျိုးအကြောင်းပြောပြလိုက်သည်။

“အန်ကယ်. . ကျွန်တော် မင်းဝေအောင်ပါ”

“သြော်. . အေး သမီးဆီရောက်ပြီးပြီလား မောင်မင်းဝေအောင်. . ”

“ဟုတ်ကဲ့. . အခု ရိပ်သာက ဆက်နေတာပါ. . ”

“ဘာထူးလဲ. . ”

‘ယမုံက စကားကို အစမခံဘူး အန်ကယ်၊ အားလုံးကို ထားခဲ့ပြီမို့ ဘာမှမပြောပါနဲ့တော့တဲ့. . ”

“ဇွတ် ဆက်ပြောမှပေါ့. . ”

‘ကျွန်တော် ကြိုးစားပါတယ် အန်ကယ်. . အဲဒီအချိန်မှာ ဆရာတော်ခေါ်ခိုင်းတယ်လို့ လာပြောလို့ သူလိုက်သွားတော့ ဆက်ပြောလို့ မရတော့ဘူးအန်ကယ်”

“အင်း. . သမီးက တော်တော်ခေါင်းမာတာကွ. . အဲဒါ ငယ်ငယ်ထဲက သူ့အကျင့်ပဲ. . တစ်ခါထဲနဲ့တော့ ရမှာမဟုတ်ဘူး”

“လွယ်မယ် မထင်ဘူး အန်ကယ်. . ”

“ယောက်ျားပဲကွာ. . ငုပ်မိသဲတိုင်ပေါ့ ဟုတ်ပါပြီလေ အားတော့မလျှော့လိုက်ပါနဲ့ဦး၊ အေး. . အေး အကြောင်းထူးတဲ့အခါကျတော့လည်း လှမ်းပြောပါဦးနော်. . ဟုတ်လား”

“ဟုတ်ကဲ့ပါ. . အန်ကယ်. . ”

ဖုန်းပိတ်ပြီးတော့ ပိုပြီးစိတ်လေသွား၏။ ယမုံတင် ခေါင်းမာတာမဟုတ်၊ သူ့အဖေကလည်း ခေါင်းမာတာပါပဲဟု



www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်မိသည်။

မင်းဝေအောင်၏ အပြန်ခရီးက မရေရာမသေချာမှုတွေကြားထဲ တိုးဝင်ဖို့သာ ရှိတော့၏။







# အခန်း(၃၉)

အချစ်ရေးနှင့် အိမ်ထောင်ရေးကမ္ဘာမှာ အဆင်မပြေသော်လည်း လုပ်ငန်းက တိုးတက်သထက်တိုးတက် အောင်မြင်နေ၏။ ဝါဝင်ခါနီးပြီမို့ မင်္ဂလာဆောင်တွေ တန်းစီနေသဖြင့် အရောင်းအဝယ်ကောင်းနေသည်။ ရောင်းကောင်းတော့ ထုတ်လုပ်ရေးပိုင်းမှာလည်း မအားရအောင် အလုပ်တွေများနေကြ၏။

ဒီကြားထဲ တိုးကြီး၏ငါးပူးတင်မက အကောင်ပေါက်နေသဖြင့် တိုးကြီးကို အွန်ဂျူတီပေးထားရ၏။ သားဦးတမိန်းကလေး၊ ဒီတစ်ခါမွေးတာ ယောကျ်ားလေးဆိုတော့. .



www.burmeseclassic.com

www.burmeseclassic.com



တိုးကြီးဘဝက၊ ကျားတစ်, မတစ် နှင့် တစ်ဂိုးစီသရေကျကာ ပြီးပြည့်စုံသွားပြီဖြစ်သည်။ ကန်တော့ပွဲတစ်ပွဲစာရမည့်အပြင် မင်္ဂလာဆောင်ပေးဖို့ တစ်ယောက်စာတာဝန်ကိုလည်း ထမ်းဆောင်ရတော့မည်ဖြစ်သည်။

တိုးကြီးနေရာမှာ နေ့စားအလုပ်သမားတစ်ယောက် ခေါ်ယူအားဖြည့်၍ လုပ်ငန်းလည်ပတ်အောင် လုပ်ထားရသည်။ ထုတ်လုပ်မှုပိုင်းက အလျဉ်မမီ၍မဖြစ်၊ ငကန်းမအားလျှင် ငစွေကိုငှားပြီး ဆက်လက်ချီတက်ရမည်ဖြစ်သည်။

ညနေအလုပ်သိမ်းပြီးနောက် တိုးကြီးထံ ဖုန်းဆက်၍ လာခဲ့မည်ဟု လှမ်းချိတ်လိုက်သည်။ ထိုက်အောင်နှင့်အတူ မြောက်ဥက္ကလာပဆေးရုံသို့ ထွက်လာခဲ့ကြ၏။ ညနေခြောက်နာရီ ထိုးလုနီးမှ ဆေးရုံသို့ရောက်သည်။

မစည်ကားအပ်သော နေရာထဲက တစ်ခုဖြစ်သည့် ဆေးရုံမှ ဝက်ဝက်ကွဲစည်ကားနေ၏။ စည်းကားတာချင်းအတူတူ ရိပ်သာက တိတ်ဆိတ်ပြီး ဆေးရုံက ပွက်လောရိုက်ဆူညံနေသည်။ ပြီးတော့ အများစုက အပူသည်တွေဖြစ်၏။

ရက်ပိုင်းအတွင်း အလုပ်ခွင်မှလွဲ၍ ရောက်ခဲ့သည့် နေရာနှစ်ခုဖြစ်သည့် ဆေးရုံနှင့် ရိပ်သာကို နှိုင်းယှဉ်ကြည့်မိသည်။ မင်းဝေအောင် တရားတွေရနေ၏။ သားဖွားမီးယပ်ဆောင်ကို မေးမြန်းစုံစမ်း၍ တက်လာခဲ့ကြသည်။

ဆေးနံ့ အရက်ပျံ့နံ့ ကလေးနံ့၊ ချွေးနံ့စုံသည့် လူအသစ်လေးများ မွေးဖွားရာနယ်မြေသည် တစ်ပါတ်ရစ်ချစ်သူ့နယ်မြေပင်ဖြစ်လာလိမ့်မည်။





မောင့်အချစ်မြားစူးပြီး အာဝေနိကဒုက္ခကို အသက်နှင့်ရင်း၍ ရင်ဆိုင်ခဲ့ကြသော မိခင်လက်သစ်နှင့် မိခင်လက်ဟောင်းများ ကိုယ့်ကလေးကိုယ် နို့ချိုတိုက်ကျွေးနေကြကာ မကြည့်ချင်သော်လည်း မြင်နေရသည်။

တိုးကြီးနှင့် ငါးပူတင်းမတဖြစ်လဲ မဒမ်းတိုးကြီးတို့ကို မူးနောက်နေအောင်ရှာပြီးမှတွေ့သည်။ တိုးကြီးက နို့စို့နေသော သူ့ကလေးသူငုံ့ကြည့်ရင်း အပြုံးပန်းတွေဝေဖြာနေ၏။ ယောကျ်ားလေးလိုချင်ကြသော မိဘများထဲမှာ သူလည်းအပါအဝင် ဖြစ်ပုံရသည်။

"ဟေ့ကောင် အမလေး ရုပ်ကလည်း ပြုံးတာတောင် မာရေကျောရေနဲ့ သားရှင်ဆိုပြီး မာန်တက်နေတာပေါ့ ဟုတ်လား"

"ဟာ. . မင်းတို့တောင် ရောက်လာပြီ အောက်ဆင်းပြီး စောင့်မလို့ဘဲ သားကိုကြည့်ရတာ မဝသေးလို့. ."

"အပိုတွေကွာ. . နောက်(၁၆)နှစ်လောက်ဆို သားအဖနှစ်ယောက်အတူ အရက်ဆိုင်ထိုင်ရတော့မယ့်ဟာကို"

"အေး မင်းတို့မှာ အဲဒီလို အရက်သောက်ဖော်မရှိဘူးမို့လား"

"မယားပါ သားနှစ်ယောက်ရှိတဲ့ မုဆိုးမ ကောက်ယူပြီး မင်းကိုကျော်တက်ပြမယ်"

ပေါက်ကရ စကားတွေပြောပြီး ဝမ်းသာမှုကို တင်းလှည့်စီ ဖေါ်ပြကြသည်။ မဒမ်တိုးကြီးက. .

"ဘောစ်လည်း. . မိန်းမယူဖို့ ရိပ်သာကို ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



သွားနေတယ်ဆို. ."

"ဟာ. . . တိုးကြီးကတော်ရယ် ဘယ်လိုပြောလိုက်တာလဲ. . သူများတွေကြားပြီး အထင်လွဲ ကုန်ပါဦးမယ်. ."

"ဒါဆိုလည်း မြန်မြန်အကောင်အထည်ဖော်လေ. . ဘောစိရဲ့"

"အေးပါဟာ. . လက်ဘက်ကောင်းစားချင်လို့ နည်းနည်းကြာနေတာ၊ ဒါနဲ့. . မင်းတို့ အဆင်ပြေကြရဲ့လား ဘာလိုသေးလဲ"

"လိုတာတွေတော့ အများကြီးပေါ့ကွာ. . ဒါပေမဲ့ အဆင်ပြေပါတယ်. ."

"ကဲပါကွာ. . ဘာမှပူမနေနဲ့၊ မင်း သားတစ်ယောက်ထပ်ရတာကို ဂုဏ်ပြုတဲ့အနေနဲ့. . ရော့. . ငွေတစ်သိန်း"

အစကတည်းက ရည်ရွယ်ယူလာသည့် ငွေတစ်သိန်းကို ထုတ်ပေးလိုက်တော့ တိုးကြီးမောင်နှံတို့ မျက်နှာတွေဝင်းပသွား၏။ နီတာရဲလေးကို မထိတထိတို့ကြည့်ရင်း နှုတ်ဆက်စကားဆိုကာ. . ရှုပ်ထွေးဆူညံနေသော ဆေးရုံထဲမှ ထွက်လာခဲ့၏။ အခွင့်အရေးရခိုက် လိုက်ပို့ဦးမည်ပြောကာ တိုးကြီးသူ့မိန်းမနားမှ ထွက်ပြေးလိုက်ပါလာသည်။ ထိုက်အောင်က ကြားဖူးနားဝစကားနှင့် တိုးကြီးအား သမ၏။

"မင်း မိန်းမ ရိုးရိုးမွေးလာ ခွဲမွေးလား. ."

"ရိုးရိုးမွေးတာပေါ့ဟ. . ခွဲရင် လေးငါးသိန်းမကကုန်မှာ"

"ဒါဆို ချုပ်ရိုးချုပ်သားကော ကောင်းရဲ့လား၊ သား





ဖွားဆရာမကို လာဘ်ထိုးပြီး အပိုတစ်ချက် နှစ်ချက်လောက်ချုပ်ခိုင်းရဲ့လား. ."

"ဟော့ကောင်. . ဟော့ကောင် နိုင်ငံရေးတွေ မပြောနဲ့ ထိုက်အောင်၊ ကိုယ်ဝန်ဆောင်ချိန်အပြင် နောက်ထပ်(၄၅) ရက် ရှောင်ရမှာမို့ တင်းနေတာနော်. . အားလုံးမင်းအပေါ် ပုံကျသွားမယ်. ."

တိုးကြီး၏ ပစ္စည်းမဲ့ဒေါသစကားကြောင့် စိတ်ညစ်သူတွေများနေသည့် ဆေးရုံထဲမှာ သူတို့အားရပါးရ ရယ်မိကြ၏။ ဆေးရုံရှေ့ လက်ဘက်ရည်ဆိုင်မှာ ခဏထိုင်ရင်း စကားပြောဖြစ်သည်။

"တိုးကြီး လွန်ရော ကျွံရော နှစ်ပါတ်လောက်ပဲနားနော်"

"ဟာ. . မင်းကလည်း အစိုးရဝန်ထမ်းတွေဆို မိန်းမမီးဖွားရင် ယောကျ်ားပါ သုံးလခွင့်ပေးဖို့ လွှတ်တော်မှာ ဆွေးနွေးနေကြတဲ့ဥစ္စာ. ."

"ဟော့ကောင်. . အဲဒါက ဝန်ထမ်း၊ သူတို့မှာ ဂျာနယ်ဖတ် ဂိမ်းဆော့တာလောက်ပဲ လုပ်စရာရှိတာလေ. ."

"တစ်လလောက်တော့ လုပ်ကွာ. ."

"မဖြစ်ဘူး တိုးကြီး အော်ဒါတွေပုံနေတာ. . မင်္ဂလာဆောင်ရာသီဆိုတော့ စတီးကုတင်ဝယ်လိုအားက အရှိန်တက်နေတာ. ."

"အေးပါကွာ. . ငါယောက္ခမကြီးကို လှမ်းခေါ်လိုက်ပါ့မယ်၊ တောကလာရမှာ သူလာတဲ့အထိတော့ ခွင့်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . အဲလောက်တော့ ရပါတယ်. ."

လက်ဘက်ရည်သောက် ဆေးလိပ်ဖွာရင်း ပါးစပ်မအားသဖြင့် စကားသံခဏတိတ်သွား၏။ စီးကရက် တစ်ဝက်ကျိုးမှ. .

"မင်း . . ယမုံနဲ့ သွားတွေ့သေးလား. ."

"အေး. ."

"အခြေအနေ"

"မကောင်းပါဘူး. . ဘာမှတောင် မပြောခဲ့ရဘူး၊ သူကလူငယ်ဆိုတော့ ရိပ်သာမှာ ဆရာကြီးဖြစ်နေတာ၊ ဆရာတော်ကို ကူနေရတယ်ကွ. . မအားဘူး၊ ပြီးတော့ အားလုံးကိုထားခဲ့ပြီမို့ ဘာမှမပြောပါနဲ့တော့တဲ့. ."

"ဒါဆို ငတ်ပြီပေါ့. ."

"အေး. . ဆိုပါတော့. ."

ဘောစိ အချစ်ရေး အဆင်မပြေတာသိရ၍ သူငယ်ချင်းတွေ စိတ်မကောင်းဖြစ်ကြသည်။

"ယမုံ တော်တော်မိုက်တယ်ကွ၊ သူလုပ်တယ်ဆိုတာလည်း သူ့ဘာသာသိမှာပါ. . ဒါနဲ့များ အလှအပကို အသုံးချဖို့ ဘာလို့အာရုံမကျတာလဲ မသိဘူး. ."

ထိုက်အောင်၏ မှတ်ချက်ကို တိုးကြီးထောက်ခံသည်။

"အဲဒါ ဝဋ်ကြွေးပါလာလို့ ဆပ်နေရတာပဲ ဖြစ်မှာ. ."

"ဒီအချိုးအတိုင်းဆိုရင် ယမုံ့ကို မင်းလက်လွှတ်လိုက်ရတော့မှာပေါ့ ဟုတ်လား"





"သုံးလမပြည့်ခင် သီလရှင်မဝတ်ခင် အထိတော့ ကြိုးစားကြည့်မယ်စိတ်ကူးတာပဲ တိုးကြီး. ."

"အေးပေါ့. . ရရင်အမြတ်ပဲဟာ. ."

"ကောင်းတယ်. . အားပေးတယ်. . ဆက်လုပ်"

အစည်းအဝေးတက်သူ နှစ်ယောက်ထဲရှိတာ နှစ်မဲရ၍ ထိုအဆိုကို ရာနှုန်းပြည့်ထောက်ခံသည်ဟု သတ်မှတ်ပြီး အတည်ပြုလိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄၀)

တိမ်စိုင်တိမ်လိပ်တွေကြားထဲ မျောလွင့်ပျံသန်းနေရတာကို မင်းဝေအောင် သဘောကျနေသည်။ အောက်ကိုငုံ့ကြည့်တော့ ကမ္ဘာမြေကို ရောင်စုံဘောလုံးကြီးအသွင် မြင်နေရသည်။ သူ့ဘာကြောင့် ကောင်းကင်မှာ ပျံနေနိုင်တာလဲဆိုတာ မစဉ်းစားဖြစ်၊ အခွင့်အရေးရခိုက် ပျံသန်းနိုင်သည့် သတ္တဝါတစ်ကောင် အယောင်ဆောင်ကာ လေဟုန်စီးရသည့် အရသာကို နှစ်သက်ခံစားနေ၏။

မီးပွိုင့်မရှိ ကားမပိတ် လမ်းမကျပ်သည့် ကောင်းကင်ဟိုင်းဝေးတွင်-မင်းဝေအောင် ယာဉ်ထိန်းရဲကြောက်စရာမလို





ဘဲ လွတ်လပ်စွာပျံသန်းနေသည်။ ထိုအခိုက် တိမ်တောင်ထုအတွင်း ဝင်းလက်ပြိုးပြက်နေသည့် ဗိမာန်တစ်ခုကို တွေ့လိုက်ရသည့်အတွက် မင်းဝေအောင် ကမန်းကတန်း ဘရိတ်အုပ်လိုက်ရသည်။

GOLDEN CITY အထပ်မြင့်အဆောက်အဦး စီမံကိန်းက မြို့ထိအောင် ထိုးတက်လာတာများလားအတွေးနှင့် သေချာလေ့လာ စူးစမ်းမိသည်။ ထိုအခါမှ စီမံကိန်းအဆောက်အဦးမဟုတ်ဘဲ နတ်ဘုံနတ်နန်းတစ်ဆောင်ဖြစ်နေမှန်းသိရသည်။

မင်းဝေအောင် အရှင်လတ်လတ် နတ်ပြည်ရောက်လာသဖြင့် ဘဝင်မြင့် မာန်တက်ပြီး ပီတိတွေဖြာဝေလျက်ရှိ၏။ ရောက်တုန်းရောက်ခိုက် နတ်ပြည်နှင့် ဆီဒိုးနား ဘယ်ဟာက သာသလဲသိရအောင် ဝင်ရောက်လေ့လာကြည့်၏။

နတ်ဘုံနတ်နန်းတမျှ ဆိုစကား၏ အဓိပ္ပာယ်ကို မျက်မြင်ဒိဋ္ဌ တွေ့လိုက်ရသည်။ ဘယ်လိုမှ မယှဉ်ကောင်းသလိုဖိတ်ဖိတ်တောက်ပခန်းနားနေတာမြင်တော့ ကိုယ့်ကိုယ်ကိုနတ်သားဟုပင် အထင်ရောက်သွား၏။ မျက်မြင်တွေ့ရသည့်အခါ လူ့ပြည်က ဆီဒိုးနားမှာ. . ကျူးကျော်က အိမ်သာစုတ်အဆင့်လောက်သာရှိကြောင်း မင်းဝေအောင် သိသွား၏။

လူ့နှစ်ရပ်မကသော ရွှေတံခါးကြီးရှေ့ရပ်ပြီး တံခါးခေါက်ဖို့ ဟန်ပြင်စဉ် အလိုအလျောက်ပွင့်သွား၍ မင်းဝေအောင် လန့်သွား၏။

အထဲသို့လှမ်းကြည့်ရာများလှစွာသော နတ်သမီးရံ



www.burmeseclassic.com

www.burmeseclassic.com



ရွှေတော်များအလယ်တွင် ရတနာသလွန်ထက် နတ်သား တစ်ပါးစံစားနေတာ တွေ့ရပြီး အထင်ကြီးအားကျမိသည်။

"အသင်လူသား ရှေ့တိုး ခစားလော့. . ."

ထိုနတ်သားက လွန်စွာသာယာသောအသံဖြင့် ဖိတ်ခေါ်လိုက်၍ မင်းဝေအောင် မရဲတရဲရှေ့တိုးခဲ့၏။ သလွန်ရှေ့ အရောက်တွင်. .

"ကျွန်ုပ်ဟာ လူ့ဘဝရစဉ်ကာလက သင့်မိခင်ပင်ဖြစ် တယ်"

"ဗျာ. . နတ်မင်းကြီးက ကျွန်တော်ရဲ့ အမေ ဟုတ် လား"

"ဟုတ်ပေတယ် အသင်လူသား. . ."

နတ်သားက လက်ကိုဝှေ့ရမ်းလိုက်သည်တွင် ဖန် သားမဲ့ လက်မတစ်ထောင်အရွယ် ကွက်လပ်ငယ်တွင် တာ ဝတိံသာ အသံလွှင့်ရုံမှထုတ်လွှင့်သည့် 4HD နတ်ချန်နယ် အစီအစဉ်ကို ကြည့်ရှုရသည်။ ပေါ်လာသည်က ဇာတ်လမ်း တွဲမဟုတ်. . မိခင်ဒေါ်နှင်းဆီဆေးရုံတက်စဉ်က ပြုစုစောင့် ရှောက်နေသော အမေနှင့် သူ့ပုံရိပ်ဖြစ်နေတာ အံ့သြဖွယ်ရာ တွေ့ရသည်။

ထို့နောက် မှတ်တမ်းတင်ရိုက်ထားသော ဗွီဒီယိုအခွေ ကြည့်ရသလို မိခင်ကြီး၏ ဈာပနခရီး၊ မင်းဝေအောင် ပြုပေးခဲ့ သည့် ရည်စူးဒါနကုသိုလ်များ၏ မှတ်တမ်းကို တွေ့ရ၏။

"သားတစ်ယောက်ရဲ့ တာဝန်ကျေပွန်မှုကြောင့် သာဓုခေါ်ခွင့်ရပြီး ပြိတ္တာဘဝက ကျွတ်လွတ်လို့ အခုလို နတ်





စည်းစိမ်ခံစားရတာဖြစ်တယ်. ."

"အမေ. . အမေရယ်. . သား. . သား ဝမ်းသာ လိုက်တာ"

"ဝမ်းသာတယ်ဆိုရင် ရည်စူးဒါနကို တတ်အားသ ရွေ့ ပြုပေးပါ. . အသင်လူသား"

"ကောင်းလှပါပြီ ခင်ဗျာ. ."

ထိုသို့ပြောဆိုအပြီးမှာပင် မင်းဝေအောင် ရပ်နေ သောနေရာက အံဖုံးတံခါးလို ပွင့်ထွက်သွားကာ အောက်သို့ ကျွမ်းထိုးမှောက်ခုံ ပြုတ်ကျသွားတော့၏။ ဘုန်းခနဲ အင့်ခနဲ အသံမြည်အောင် ပြုတ်ကျသည့်ဒဏ်ကြောင့် နာကျင်စွာလန့် နိုးလာတော့မှ အိပ်မက်မက်ပြီး ကုတင်ပေါ်မှ ပြုတ်ကျမှန်း သိသွား၏။

နတ်ပြည်အလည်တစ်ခေါက် အိပ်မက်ကို ပြန်စဉ်းစား ကြည့်တော့ အမေ မြင့်သထက်မြင့်သည့်ဘုံတွင် နတ်သား ဘဝနှင့် ခံစားနေပြီဖြစ်ကြောင်း သိရ၍ အတိုင်းမသိ ဝမ်းသာ ပျော်ရွှင်မိသည်။

သူပြုပေးခဲ့သည့် ရည်စူးဒါနတို့နှင့် အမေ အခုလို ကောင်းရာမွန်ရာ ဘုံဘဝရောက်သွား၍လည်း ကျေနပ်အား ရဖြစ်မိသည်။ ဘာလိုလိုနှင့် အချိန်တွေ ကုန်လာခဲ့တာ. . အမေ ဆုံးတာတောင် သုံးလ ပြည့်တော့မည်။

မိခင်နတ်သားမှာလိုက်သည့် ရည်စူးဒါနကို တတ် အားသရွေ့ ပြုပါဆိုသည့် စကားအား ပြန်ကြားယောင်မိရင်း သုံးလပြည့်အထိမ်းအမှတ်ဒါနကို ရိပ်သာမှ သံဃာကျ



www.burmeseclassic.com

www.burmeseclassic.com



ယောဂီကုန်နေ့ဆွမ်း ဆက်ကပ်လှူဒါန်းရန် ဆုံးဖြတ်လိုက်၏။ ယမုံနှင့်လျှင် ဆုံခွင့်ရမည်မို့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဒါန အတွက် မင်းဝေအောင် အားပါနေတော့၏။









## အခန်း(၄၁)

ယမုံနှင့်တွေ့သည်ဖြစ်စေ မတွေ့သည်ဖြစ်စေ၊ လိုရင်းက မိမိလှူလိုသည့်နေ့တွင် အလှူရှင်ဦးနေခြင်းရှိမရှိ ဆရာတော်အား တိုက်ရိုက်မေးမြန်းလျှောက်ထားရန် ဖြစ်၍ ရိပ်သာအကျိုးဆောင် အဖွဲ့မှတစ်ဆင့် ဆရာတော်ကို ဖူးမျှော်ခွင့်တောင်းလိုက်၏။

သံဃာကုန် ယောဂီကုန်လှူမည့်သူဆိုတော့ တာဝန်တွေများလှသည့် ဆရာတော်က သိပ်မကြာခင်မှာ ဖူးတွေ့ခွင့်ရသည်။ ဤရိပ်သာတွင် မကြာခဏ တရားဝင်ဖူးသည့် ကွယ်လွန်သူ ဒေါ်နှင်းဆီ၏ သားဖြစ်ကြောင်း မိတ်ဆက်ပေးတော့



www.burmeseclassic.com

www.burmeseclassic.com



ဆရာရင်း ဒကာရင်းပမာ ဆက်ဆံရေးတွေ ကောင်းသွား၏။ ကျောင်းတွင် သံဃာက အပါးတစ်ရာနှင့် ယောဂီအယောက်နှစ်ရာရှိကြောင်း စာရင်းသိရပြီး လှူမည့်ရက်အား လျှောက်ထားသည်။

ထိုနေ့အတွက် အလှူရှင် မရှိသေးသဖြင့် ဝမ်းသာရသည်။ ဆယ်ရက်လိုနေသေး၍ အလှူရှင်မပေါ်သေးခြင်းဖြစ်မည်။ လာမည့် ငါးရက်အထိ အရက်ဆွမ်းနေ့ဆွမ်းအလှူရှင်တွေ ပြည့်နေပြီ။ ဒီမှာလှူရတာလည်း တာဝန်ပေါ့၏။

ကျောင်းအကျိုးတောင်အဖွဲ့ထံ ကုန်ကျငွေ အပ်လိုက်ရုံနှင့် ကိစ္စပြတ်သည်။ ရိပ်သာတွင် ဒိုင်ခံဆွမ်းချက်သည့် အဖွဲ့ရှိ၏။ ဒန်ပေါက် ထောပတ်ထမင်း ရေခဲမုန့်စသည့် အပြင်စာများကပ်လိုလျှင်တော့ အော်ဒါမှာပြီး အချိန်မီအရောက်ပို့ပေးရမည်ဖြစ်သည်။ အလှူငွေကို ဆရာတော့်အား ဆက်ကပ်နေစဉ်မှာပင် ကျောင်း အကျိုးတော်ဆောင်တစ်ယောက် ရေးကြီးသုတ်ပျာဝင်လာကာ ဆရာတော်အား လျှောက်၏။

"ဆရာတော်ဘုရား. . ယောဂီတစ်ယောက် မူးလဲပြီး သတိလစ်သွားပါတယ်ဘုရား"

"ဟေ့ ဘယ်မှာတုန်း"

"ဓမ္မာရုံမှာပါဘုရား တရားမှတ်ရင်း လဲကျသွားတာတဲ့ ဘုရား"

ဆရာတော်လည်း မင်းဝေအောင်လှူသည့် ဆွမ်းစရိတ်ဝတ္ထုများကို အကျိုးတော်ဆောင်အား လွှဲပေးပြီး သက်နိုးပြင်၍ရုံကာ အရေးတကြီးထွက်သွား၏ မင်းဝေ





အောင်လည်း အကူအညီလိုလျှင် ပေးနိုင်ရန် ဆရာတော်နောက်မှ လိုက်သွားခဲ့သည်။

ဓမ္မာရုံအရောက်တွင် ဝိုင်းအုံနေသော ယောဂီများ ရှိပေးကြသည်။ ကျန်းမာရေးတာဝန်ခံလည်း ဒစ်ဂျစ်တယ် သွေးပေါင်တိုင်း ကိရိယာကို သိမ်းလိုက်ရင်း. . .

"သွေးပေါင်တအားကျနေတယ်ဘုရား၊ သတိ လည်း လစ်နေပါတယ်. ."

ထိုယောဂီအမျိုးသမီးနား ကပ်သွားကြည့်မိတော့. .

"ဟင်. . ယမုံ. . ယမုံ ပါလား. ."

"ဒကာက ယမုံကို သိသလား. ."

"မှန်ပါ့ နှစ်ဖက်မိဘများရင်းနှီးကြသလို တပည့်တော်နဲ့ကလည်း မိတ်ဆွေတွေပါဘုရား. .၊ ပြီးတော့ ကားလည်း ပါလာလို့ လိုအပ်ရင် ဆေးရုံပို့ဖို့ကူညီနိုင်ပါတယ် ဘုရား. ."

"အဆင်သင့်လိုက်လေကွယ်. . ကဲကဲ. . . ဒကာမကြီး လိုက်သွားလိုက်. . ဒီဒကာက ဆေးရုံပို့ပေးလိမ့်မယ်. ."

ဆရာတော်က တာဝန်ပေးသဖြင့်. . မင်းဝေအောင်လည်း အန်တီကြိုင့်ထံ ဖုန်းဆက်အကြောင်းကြားပြီး SSC ဆေးရုံသို့ လိုက်ခဲ့ရန် မှာရသည်။ လိုအပ်တာတွေပြင်ဆင်ပြီးဖြစ်၍ ရိပ်သာမှ ကျန်းမာရေးတာဝန်ခံနှင့်အတူ ဆေးရုံပို့ဖို့စီစဉ်ရ၏။ အားလုံးက အဒေါ်ကြီးတွေ အဘွားကြီးတွေဖြစ်နေသည်မို့ ယမုံအား မင်းဝေအောင်ပင် ပွေ့ချီကာ ကားပေါ်သို့တင်ရ၏။ ဆရာတော်အား ဦးတင်ပြီး ဆေးရုံသို့ အမြန်မောင်းထွက်ခဲ့သည်။ မင်းဝေအောင်လည်း ယမုံအတွက်



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်လှသဖြင့် ကားကို လီဗာတင်ကာ လမ်းတောင်းပြီး စွတ်မောင်းလာခဲ့သည်။

ဆေးရုံအရောက်တွင် အကူဝန်ထမ်းများက တွန်းလှည်း ကုတင်နှင့်သယ်ယူကာ အရေးပေါ်ကုသခန်းသို့ ပို့ပေး၍ အဆင်ပြေသွား၏။ လိုအပ်သော ကုသမှုများဆောင်ရွက်ပေးပြီးသောအခါ သွေးပေါင်ပြန်တက်လာသော်လည်း သတိလစ်နေဆဲဖြစ်၍ ဆေးရုံတင်လိုက်ရ၏။ စပယ်ရှယ်ခန်းတွင် သတိလစ်နေသည့် ယမုံ့အနီး မင်းဝေအောင်နှင့် ရိပ်သာမှ အဒေါ်ကြီးသာ ရှိနေသည်။

ဆရာဝန်နှင့် နာ့(စ်)များကတော့ ဝင်လိုက်ထွက်လိုက်နှင့် စမ်းသပ်ကာ လိုအပ်သည်များတရစပ်လုပ်ပေးကြ၏။ ယမုံ့အား အောက်ဆီဂျင်ပေးထားသလို ဒရစ်လည်း သွင်းထား၏။ ဆရာဝန်က အဟာရပြတ်တယ် သွေးအားနည်းတယ်. . ၊ ဒါကြောင့် မူးလဲသွားတာပါ. . သွင်းထားတဲ့ ဒရစ်တစ်ဝက်ကျိုးလောက်မှာ အခြေအနေ ကောင်းသွားပါလိမ့်မယ်ဟုပြော၏။

မင်းဝေအောင်လည်း ကုတင်ဘေးမှာထိုင်ရင်း ဖြူဖျော့ကာ သတိမရဖြစ်နေသည့် ယမုံ၏ မျက်နှာလှလှလေးကိုသာ တစေ့တစောင်းကြည့်နေမိသည်။ ခမ္မာရုံထဲမှ ပွေ့ချီသယ်ဆောင်လာခဲ့ရ သည့်ဖြစ်စဉ်ကို သတိရပြီးခုမှပဲ ရင်ခုန်နေမိ၏။ ကုတင်ပေါ်လှဲနေသည့် ယမုံ့အား စောင်ပါးလေးတစ်ထည်သာ လွှမ်းထားရာ. . ရှိုက်ကြီးဖိုငယ် အသွယ်သွယ်တို့မှာ သတိမထားသည့်တိုင် တွေ့မြင်နေရ၏။





သို့နှင့် မင်းဝေအောင် သူ့စိတ်သူထိန်းပြီး အကြည့်လွှဲထားရသည်။ ဒရစ်ဆက်ထဲမှ အရည်ကြည်များတစ်စက်ချင်း ကျနေတာကို အဓိပ္ပာယ်မရှိ ငေးကြည့်မိသည်။ ထိုအချိန်တွင် ဖုန်းဝင်လာ၏။

"ဟလို မင်းဝေအောင်ပါ. ."

" × × × × . ."

"ဩော် အန်တီကြိုင် ရောက်နေပြီလား. . ပေါ်တီကိုအောက်မှာစောင့်နေလေ ကျွန်တော်လာခေါ်ပါ့မယ်. ."

" × × × × . ."

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

"ဒေါ်ဒေါ်. . သူ့အမေ ရောက်လာလို့ ကျွန်တော်သွားခေါ် လိုက်ဦးမယ်. ."

ရိပ်သာမှ အဒေါ်ကြီးအား အသိပေးပြီး အခန်းထဲမှ ထွက်လာခဲ့၏။ ယမုံ့ခုလိုဆေးရုံရောက်လာတာ သူ့အတွက် ကံကောင်းခြင်းဟု မင်းဝေအောင် မလုံမလဲတွေးမိသည်။ အန်တီကြိုင်တို့ ဘာပြောဦးမည်မသိ၊ ပြောလာမည့် စကားပေါ်မူတည်ကာ ဆက်လှုပ်ရှားမည်ဟု တွေးလာခဲ့၏။ ဆင်ဝင်အောက်တွင် စိုးရိမ်တကြီးစောင့်နေသည့် အန်တီကြိုင့်ကို အထုပ်အပိုးများနှင့်တွေ့ရသည်။ အထုပ်တွေ ကူသယ်ပေးရင်း ဆေးရုံပေါ် ပြန်တက်လာခဲ့၏။

"သမီး ဘာဖြစ်တာလဲ မောင်မင်းဝေအောင်. ."

"အဲ. . အာဟာရပြတ်ပြီး သွေးပေါင်ထိုးကျသွားတာတဲ့. . သိပ်တော့ မစိုးရိမ်ရဘူးလို့ ပြောပါတယ် အန်တီကြိုင်



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် . . ကောင်းတယ် မိဘစကားနားမထောင်တဲ့ဟာမ . . နေ့စဉ်ရက်ဆက် ဥပုသ်စောင့်နေရတာကို စားတော့လည်း တစ်လုပ်တစ်ဆုပ်ရယ် ဖြစ်တာတောင်နည်းသေး"

အန်တီကြိုင်က ဗျစ်တောက် ဗျစ်တောက်နှင့် ပြောဆိုလာ၏။ တကယ်တန်းကျတော့ ထိုစကားများက ဂရုဏာဒေါသောသာ ဖြစ်သည်။ ကုတင်ပေါ်မှ သတိမရသည့် သမီးကို ကြည့်ရင်း မျက်ရည်တွေ ဖြိုင်ဖြိုင်ကျနေ၏။ အမေရောက်လာပြီဖြစ်၍ ရိပ်သာမှ အဒေါ်ကြီး ပြန်သွားသည်။

"အန်ကယ်ရော ဒီကိစ္စသိသလား အန်တီကြိုင် . ."

"အေး . . သိတယ်ကွဲ့ . . သူလည်းလာနေပါပြီ . ."

"ဟုတ်ကဲ့ . ."

"တော်သေးတာပေါ့ကွယ် ရိပ်သာကို မောင်မင်းဝေအောင် ရောက်နေခိုက်မှာ ဖြစ်သွားလို့ . ."

"ဟုတ်ကဲ့ . . . ကျွန်တော်လည်း ခုလိုကူညီခွင့်ရလို့ ဝမ်းသာနေတာပါ . ."

အန်တီကြိုင်၏ စူးစူးရဲရဲအကြည့်ကိုမြင်တွေ့ရ၍ မင်းဝေအောင် ခေါင်းငုံ့ထားမိ၏။ နောက်ဆယ်မိနစ်လောက်အကြာမှာ အန်ကယ်ပါ ထပ်ရောက်လာသည်။ အခြေအနေကို အသေးစိတ် ထပ်ရှင်းပြရပြန်သည်။ အန်ကယ်က ယမ့် လက်ကောက်ဝတ်ကို စမ်းရင်း ခေါင်းတညိတ်ညိတ် . . .

ထိုစဉ် ဆရာဝန်နှင့် သူနာပြုအဖွဲ့ရောက်လာကာ လိုအပ်သည်များ စမ်းသပ်စစ်ဆေးကုသပေးကြသည်။





"ဒေါက်တာ သမီးအခြေအနေလေး သိခွင့်ရှိလား"

"ဩော် . . ရှိပါတယ် . . ဘာမှထွေထွေထူးထူး ဖြစ်တာမဟုတ်ပါဘူး . . အာဟာရချို့တဲ့တဲ့ပုံစံပါ . ။ ဒါကြောင့် သွေးပေါင်ပါကျသွားတာပေါ့၊ ကောင်းကောင်းစား ကောင်းကောင်းအနားယူလိုက်ရင် ပြန်အားပြည့်လာမှာပါ . ."

"အာဟာရချို့တဲ့ဆို ရိပ်သာဝင်နေတာကြာပြီ ဆရာရဲ့ . ."

"ဩော် . ဟုတ်ကဲ့ ဒါမျိုး ဖြစ်တတ်ပါတယ် . ."

"ဒါနဲ့ ခုထိ ဘာလို့ သတိမရသေးတာလဲ ဆရာ . ."

အန်တီကြိုင်က စိုးရိမ်တကြီးဝင်ပြောရင်း မေးသည်။

"သတိမရတာ မဟုတ်ပါဘူး . ။ အိပ်ဆေးအရှိန်ကြောင့် အိပ်ပျော်နေတာပါ . . ကောင်းကောင်းအိပ်ဖို့ လိုလို့ပါ . ."

"ဩော် . . တော်ပါသေးရဲ့ ဆရာရယ် . ."

မိဘတွေအပြင် မင်းဝေအောင်ပါ . . စိုးရိမ်သောကလွင့်ပျယ်သွားကြ၏။ အန်ကယ်က . . မင်းဝေအောင် ပခုံးကို ဖက်ရင်း . .

"ငါ့တူ ရောက်နေတုန်း အချိန်ကိုက်ဖြစ်သွားတာ ကံကောင်းတာပေါ့"

"ဟုတ်ပါတယ် အန်ကယ် . ."

"ကဲ . . . ကြိုင်ကြိုင်ရေ တို့လည်းနွားတစ်ထောင် ထိန်းရတဲ့ နွားကျောင်းသားဘဝက လွတ်ပြီကွ . . ပြန်ပြီ"

"ရှင် . . ရှင်ဘယ်လိုပြောလိုက်တာလဲ . . သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ရမှာလား . . ”

“ဒီမှာ တို့ရဲ့နွားတစ်ထောင်အားနဲ့ ညီမျှတဲ့ သမီးတစ်ကောင်ကိုထိန်းဖို့ နွားကျောင်းသားအသစ်ရှိနေပြီလေ၊ အဲဒါမှ ကျုပ်တို့ ဆန္ဒပြည့်ဝမှာ၊ မင်းပဲ မောင်မင်းဝေအောင်ကို သမက်တော်ချင်တယ်ဆို . . ”

“သြော်. . အဟင်းဟင်းဟင်း ဒီလိုကိုး၊ ရှင့်အကြံက ကောင်းတော့ကောင်းပါရဲ့ . . ဒါပေမဲ့’

“ဒါပေမဲ့ မနေနဲ့ အမေကြီး သမီးအိပ်ရာက နိုးလာရင် သူနဲ့ထားခဲ့လို့ ရမှာမဟုတ်တော့ဘူး . . ဆရာဝန်ကလည်း ဘာမှမဖြစ်ပါဘူးလို့ ပြောသွားတဲ့ဟာကို . . ”

သူ့ရှေ့မှာ ပွင့်ပွင့်လင်းလင်းပြောနေသည့် စကားများကြောင့် မင်းဝေအောင်မျက်နှာပူကာ မနေတတ်မထိုင်တတ်ဖြစ်နေလေ၏။

“ရှင်ကသာ စွတ်ရွတ်ပြောနေတာ မောင်မင်းဝေအောင့်သဘောကိုလည်း မေးပါဦး”

“ကဲ. . ဘယ်လိုလဲငါ့တူ. . ဘယ်လိုမှ ခေါ်ထုတ်လို့မရတဲ့ အန်ကယ့်သမီးတော့ ရိပ်သာအပြင်ဘက် အလိုလိုရောက်လာပြီ မင်းဘာဆက်လုပ်မလဲ. . နေကောင်းသွားတဲ့အခါ အိမ်ကိုပြန်ခေါ်လာမလား ရိပ်သာပြန်ပို့မှာလား. . ”

မိဘများသဘောတူကြည်ဖြူစွာဖြင့် ဇွတ်တိုက်တွန်းနေတာကို ငြင်းလိုက်လျှင် သူ့လောက်မိုက်သည့် သတ္တဝါရှိတော့မှာမဟုတ်. .

“ရိပ်သာ လည်းပြန်မပို့ဘူး. . အန်ကယ့်ဆီလည်းပြန်





မအပ်ဘူး၊ တစ်ခါတည်း ကျွန်တော်ခေါ်သွားမှာ. . ”

“ဟားဟားဟား. . ကဲ. . ကြားတယ်နော်. . မင်းသမက်လောင်းပြောတာ. . အဲ. . တစ်ခုတော့ မေတ္တာရပ်ခံပါရစေကွာ အိမ်ကိုတော့ ပြန်ပို့ပါဦး၊ ပြီးမှ. . ဆွေမျိုးနီးစပ်လူကြီးတွေနဲ့ လာတောင်းပေ့ါ. . ၊ ပရိုစီဂျာ အတိုင်းတော့သွားပါကွာ ချက်ချင်းလက်ထပ်ပေးမှာပါကွ. . ဝါပဲ ဝင်တော့မယ့်ဟာ. . ”

“ဟုတ်ကဲ့ပါအန်ကယ်. . ကျွန်တော် အဲလိုပဲ လုပ်ပါ့မယ်”

“ကောင်းတယ်ဟေ့ အန်ကယ်တို့လည်း ခုမှပဲစိတ်အေးရတော့တာ. . ကဲ. . ရှင်မရေ ကျုပ်တို့ပြန်စို့. . ”

“ကဲ. . မောင်မင်းဝေအောင် အန်တီ စိတ်ချမယ်နော်”

“စိတ်ချပါ အန်တီ ခုချိန်ကစပြီး ကျွန်တော် ယမုံကို သက်ဆုံးတိုင် တာဝန်ယူသွားမှာပါ. . ”

အန်ကယ်ကြီးနှင့် အန်တီကြိုင်တို့ ပြုံးရွှင်စိတ်အေးစွာနှင့် နှုတ်ဆက်ထွက်သွားကြ၏။ တံခါးပိတ်သွားသည်နှင့် မင်းဝေအောင် လက်သီးလက်မောင်းတန်းကာ ဝမ်းသာအားရကြွေးကြော်လိုက်တော့သည်။

“အဟား. . မိန်းမရပြီကွာ. . အဟားဟားဟား ”

အားရဝမ်းသာ အော်ဟစ်လိုက်ပြီးမှ ယမုံနိုးသွားမလားတွေး၍ စိုးရိမ်သွား၏။ ကုတင်ပေါ်မှ ယမုံ့အားသူငေးကြည့်ရင်း တရွေ့ရွေ့တိုးကပ်လာခဲ့သည်။ အခုတော့ သူနှင့်ရ



www.burmeseclassic.com

www.burmeseclassic.com



သည့် ယမုံနှင့် အခန်းထဲမှာ နှစ်ယောက်ထဲ၊ ထိုအနေအထားကို မိဘနှစ်ပါလုံးက ကြည်ဖြူစွာခွင့်ပြုသွားကြသဖြင့် မင်းဝေအောင့်စိတ်ထဲ မရိုးမရွတွေ ဖြစ်လာသည်။

ဦးစွာယမုံလက်ကောက်ဝတ်ကို တို့ထိဖိနှိပ်၍ စမ်းကြည့်သည်။ နာရီနှင့်တိုက်ပြီး သွေးခုန်နှုန်းကို မှတ်သည်။ သို့သော်, . စိတ်လှုပ်ရှားလွန်းသဖြင့် ဂဏန်းတွေကောင်းကောင်း မရေတွက်နိုင်၍ လက်လျှော့ပြီး ချိတုံချတုံ အတွေးများနှင့်ပင် လက်ကလေးကို ဆုပ်ကိုင်မိပြန်သည်။

နွေးထွေးနူးညံ့အိစက်နေသည့် အထိအတွေ့မှတဆင့် ခွန်အားတွေ စီးဆင်းလာသလို ခံစားရ၏။ ဒရစ်ပိုက်တန်းလန်းနှင့် လက်ကိုကိုင်ထားမိ၍ အင်ဒါရိုက်ဒရစ်သွင်းနေတာလားတွေးမိပြီး စပ်ဖြဲဖြဲဖြစ်သွားသည်။

ချစ်ရသူ၏လက်ကို ဆုပ်ကိုင်ရင်း မျက်နှာနုနုလေးဆီအကြည့်ရောက်သွားပြန်သည်။ ထိုမျက်နှာလေးကို စတင်မြင်သည့် နေ့ကတည်းက စွဲလန်းခဲ့ရခြင်းဖြစ်၏။ ခုလို မိဘတွေကလည်း ကြည်ဖြူသည့်အပြင် မရှောင်သာသည့် ဆေးရုံစပယ်ရှယ်ခန်းထဲမှာ ညားကြရမည့် အခြေအနေဆိုက်လာတော့ သူ့စိတ်သူ ထိန်းမရဖြစ်လာ၏။

မင်းဝေအောင် ထိုင်ရာမှထပြီး ကိုယ်ကိုကိုင်းပြီး ယမုံ့မျက်နှာ အားငုံ့ကြည့်မိသည်။ မြတ်နိုးစွဲလန်းတပ်မက်စိတ်က အနိုင် ယူသွားသဖြင့် စိတ်ကိုလွှတ်ပေးပြီး ပါးပြင်တစ်ဖက်အားနမ်းရှိုက်လိုက်သည်။ သနပ်ခါးနံ့သင်းသင်းက သူ့ရင်ကိုပြောင်းဆန်သွားစေ၏။





အချိန်မီကိုယ့်ကိုယ်ကို ဆုံးမရင်း ပြန်ထိုင်လိုက်ရသည်။ ရင်ထဲမှာတော့ ဘာသာကြီးလေးခု၏ ဘုရားပွဲများတန်းစီလှည့်နေသလို ဒိန်းတပ်တပ်ဖြစ်နေလေ၏။ ချစ်သူလူနာစောင့်လုပ်နေသည့် မင်းဝေအောင် ပျင်းရိငိုက်မွေးလာသဖြင့် ဆိုဖာပေါ် ခဏလှဲမိသည်။ စိတ်ချမ်းသာ၍လား ပင်ပန်းနေ၍လား မပြောတတ် ချက်ချင်းအိပ်ပျော်သွား၏။

မင်းဝေအောင် ချက်ချင်းပင် ရိပ်သာသို့ရောက်သွားပြန်သည်။ ဒီနေ့မနက်စောစောကလိုပင် ယမုံ့ကို သူသွားစောင့်နေခြင်း ဖြစ်သည်။ ယောဂီတွေ ဓမ္မာရုံထဲမှ ထွက်လာတော့ သူပြေးသွားပြီး ယမုံ့ကိုရှာသည်။

တွေ့သည်နှင့် ယောဂီယမုံ့လက်ကိုဆွဲပြေးသည်။ ရှန်းရင်းကန်ရင်း ယမုံတရွတ်တိုက်ပါလာသလို. . . အခြားယောဂီများလည်း တအံ့တသြဝိုင်းကြည့်နေကြ၏။

"ယမုံ . . ယမုံ့ကို ကိုယ်ချစ်တယ် . . ချက်ချင်းလက်ထပ်ကြမယ် . . အခုလိုက်ခဲ့ပါ"

"ရှင် . . ရှင် ဘယ်လိုဖြစ်နေတာလဲ . . ဒါရိပ်သာရှင့်၊ ရှင့်လုပ်ရပ်က သိပ်မိုက်ရိုင်းလွန်းနေပြီ . ."

"ဘာဖြစ်ဖြစ် ဂရုမစိုက်ဘူး၊ အေးအေးဆေးဆေး လိုက်မလာရင် တစ်ခါထဲကားတင်ပြေးရလိမ့်မယ် . ."

"အို မလိုက်ဘူး . . မလိုက်ဘူး"

"ဟိတ် . . သာသနာ့နယ်မြေမှာ ဆွဲလား ရမ်းလားနဲ့ ဘာဖြစ်နေတာလဲ မင်းဘာကောင်လဲ . ."

ဘယ်သူကဘယ်လို သတင်းပို့လိုက်သည်မသိ . .



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် တောင်ဝှေးကိုင်ကာ ရောက်လာလေပြီ။

"သူတတပည့်တော်ရဲ့ ချစ်သူပါဘုရား. . . စိတ်ကောက်ပြီး ရိပ်သာဝင်သွားလို့ လိုက်ခေါ်တာပါ ဘုရား. ."

"မဟုတ်ဘူးဘုရာ့. ."

"ဟယ်. . ဟုတ်ဟုတ် မဟုတ်ဟုတ် ကျောင်းထဲလာပြီး စော်ကားတဲ့ကောင်. . သေပေတော့. ."

ဆရာတော ဒေါ်ခီးပြီး လက်သုံးတော် တောင်ဝှေးနှင့် မင်းဝေအောင်အား သမတော့သည်။

"ဖုန်း"

"အား"

မင်းဝေအောင်က ယမုံ့အား အကာအကွယ်ယူကာ ရှောင်တိမ်းသည်။ ဆရာတော်က မှီရာလှမ်းရိုက်၏။ နောက်ဆုံး ကိုရင်တွေ ပါထွက်လာကြ၍ အခြေအနေမကောင်းမှန်းသိပြီး မင်းဝေအောင် ထွက်ပြေးရတော့သည်။ ကျောင်းပြင်ရောက်မှ. . .

"ဟာ. . ကား. . ကား ကျန်ခဲ့ပြီ ဒုက္ခပဲ"

ကားတစ်စီးလုံး ကျန်ခဲ့၍ မင်းဝေအောင် ဆက်မပြေးဖြစ်တော့၊ အရိုက်ခံပြီး ကားဝင်ယူမလား၊ ဒီအတိုင်းလမ်းလျှောက် ပြန်မလား တွေးနေမိသည်။ ကားအတွက်ပူပင်သောကရောက်ပြီး မင်းဝေအောင် လန့်နိုးသွား၏။ သူလည်း အူကြောင်ကြောင်ဖြစ်နေသည်။ သူ ဘယ်နေရာ ရောက်လို့ရောက်နေမှန်း စဉ်းစား၍မရ၊ ထကြည့်တော့မှ ယမုံ့ကိုတွေ့ပြီး အားလုံးသတိရသွား၏။





ယမုံအိပ်ရာက မနိုးသေး၊ စောစောက အိပ်မက်ကို သတိရပြီး မင်းဝေအောင်ရယ်ချင်လာသည်။ အပြင်မှာ ယမုံနှင့်သူ နှစ်ယောက်ထဲရှိနေသည်အထိ တိုးတက်မှုတွေ ဖြစ်နေသော်လည်း အိပ်မက်ထဲမှာ ယမုံက ရိပ်သာမှာပဲ ရှိသေး၏။ ယမုံ့ကို စည်းရုံးလို့ မရသည့်အဖြစ်က သူ့အား လှမ်းမိုးနေဆဲပင်။

မင်းဝေအောင် ကုတင်နားမှ ခုံတွင်ပြန်ထိုင်ကာ ယမုံ့အား ဂရုတစိုက်ကြည့်နေလိုက်၏။ ထိုအခါ သူ့စိတ်ထဲ မရိုးမရွ ဖြစ်လာပြန်သည်။ သို့နှင့် ယမုံလက်လေးကို ဆုပ်ကိုင်လိုက်သည်။

"ဟင်"

ယမုံ အိပ်ရာမှ နိုးလာပြီး မရင်းနှီးသော နေရာဒေသကိုတွေ့၍ လန့်အော်သည်။

"ယမုံ. . ယမုံ"

မင်းဝေအောင်ခေါ်သံကြောင့် သူ့ကိုမြင်သွားသည့် ယမုံ ပိုလန့်သွားကာ သူ့လက်ကိုဆွဲယူရင်း လှဲနေရာမှ ထလိုက်၏။

"အား. . . ကျွတ်ကျွတ်ကျွတ် ဘယ်လိုဖြစ်တာလဲ မူးလိုက်တာ"

မင်းဝေအောင် စိုးရိမ်တကြီး ဖေးမတွဲထူးလိုက်တော့ ယမုံ ရှုန်းနေသေး၏။ သို့သော် တော်တော်မူးနေ၍လားမသိ ငြိမ်သွားသည်။ ဝန်းကျင်ကို အကဲခတ်ရင်း သူဘယ်နေရာက် နေသလဲဆိုတာ သိသွားဟန်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘယ်လိုလုပ် ဆေးရုံရောက်နေတာလဲ..."

"ကျွန်တော် အမေဆုံးတာ သုံးလပြည့်အလှူကို ရိပ်သာမှာလုပ်ဖို့ရောက်နေခဲ့တာ၊ အဲဒီမှာ ယောဂီတစ်ယောက် မူးလဲပြီး သတိလစ်နေတယ်လို့ သတင်းရောက်လာတယ်လေ၊ ဆရာတော်နဲ့ အတူလိုက်ကြည့်ပြီး ယမုံဖြစ်နေတာနဲ့ ဆေးရုံပို့ပေးခဲ့တာ.."

"အခု ဘယ်နှစ်နာရီလဲ.."

"ညနေ ခြောက်နာရီပါ ယမုံ.."

"ဟင်..ဒါဆို အကြာ..အကြာကြီး.."

"ဟုတ်တယ် မနက်ကိုးနာရီခွဲမှာ ဆေးရုံရောက်တာ ယမုံ သတိမရဘူး ပြီးတော့လည်း အိပ်ဆေးထိုးထားလို့ အခုမှနိုးတာ.."

အခန်းထဲမှာ နှစ်ယောက်ထဲဆိုသည့် အသိနှင့် ယမုံ ရှက်ကြောက်ကြီးဖြစ်နေသည်။

"အိမ်ကို ဘာလို့အကြောင်းမကြားတာလဲ ကိုမင်းဝေအောင်"

"အကြောင်းကြားပါတယ်..အန်ကယ်နဲ့ အန်တီတောင် ရောက်လာသေးတယ်.."

"အခုရှိလား.."

"ပြန်သွားကြပြီ.."

"ဟင်..ဘာဖြစ်လို့လဲ.."

ကျွန်တော့်ကို အပြီးအပိုင်လွှဲအပ်သွားကြပြီဟုဆိုလျှင် ယမုံ ရှက်ရမ်းရမ်းတော့မည်မို့...





"အဲဒါတော့ မသိဘူး..ကျွန်တော့်ကိုစောင့်ရှောက်လိုက်ပါဆိုပြီး အပ်သွားကြတာ အကျိုးအကြောင်းသိချင်ရင် ဖုန်းဆက်မေးကြည့်ပါလား"

မင်းဝေအောင် ဖုန်းထုတ်ပေးတော့ ယမုံသူ့အိမ်ကို လှမ်းဆက်၏။

"ဟလို မေမေလား..ဟင့်အင်း သမီးပါ.."

"× × ×.."

"သမီးလား နေကောင်းပါတယ်၊ ခေါင်းတော့မူးနေတယ် ဒီလောက်ပါပဲ၊ ဒါနဲ့ မေမေတို့ ဘာလို့ ပြန်သွားတာလဲ"

"× × × × ×.."

တစ်ဖက်ကဘာတွေပြောသည်သည်မသိ၊ ယမုံ. သူ့ကိုတစ်ချက်ခိုးကြည့်တာ သတိပြုမိသည်။ ဘာမှပြန်မပြောဘဲ အတော်ကြာကြာနားထောင်ပြီးနောက်..ဟုတ်ကဲ့ ဟုတ်ကဲ့ ဟုပြောကာ ဖုန်းချလိုက်၏။

"ယမုံ ကိုယ် စိတ်ပူလိုက်ရတာ တအားပဲ၊ ခုမှပဲ..ဟင်းချနိုင်တော့တာ..ယမုံ အားအရမ်းနည်းနေတယ်၊ သွေးပေါင်တွေလည်းကျတယ်..ကောင်းကောင်းစားပြီး အနားယူရမယ်တဲ့.."

"ရှင်..ဟုတ်..ဟုတ်"

သူ့အမေ ဘာတွေပြောလိုက်သည်မသိ၊ ယမုံသူ့ကို မကြည့်တော့၊ ခေါင်းကိုတွင်တွင်ငုံ့ထားသည်။ မင်းဝေအောင် ရင်တွင်း စကားတွေထုတ်ပြောဖို့ ဆုံးဖြတ်ပြီး...

"သတိလစ်နေတဲ့ ယမုံ့ကို ပွေ့ချီပြီး ကားပေါ်တင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ်ဝမ်းနည်းပြီး မျက်ရည်တောင် စို့မိတယ်. ."

ယမုံ မျက်လုံးပြူးကြီးများနှင့် တစ်ချက်လှမ်းကြည့်၏။

"ဘုရား . . ဘုရား သူပွေ့ချီလာတာဆိုပါလား . . ငါ့ တစ်ကိုယ်လုံးကို . . . အို . ."

ယောဂီတစ်ပိုင်းယမုံ ရှက်စိတ်ကြောင့် မျက်နှာကြီး နီရဲနေ၏။

"ဘာဖြစ်မှန်းလည်း မသိတော့ တအားစိတ်ပူခဲ့တာ၊ ကိုယ်. . ကိုယ်. . မှန်တာကို ပြောမယ်. . သံသရာလည်ချင် လည်ပါစေတော့. . အပါယ်မကြောက်တဲ့စိတ်နဲ့ ယမုံ့ကို ချစ် သွားမယ်၊ ပြီးတော့. . လက်ထပ်မယ်. . ယမုံ့ဘဝကို စောင့် ရှောက်ဖို့ အခွင့်အရေး ကိုယ့်ကိုပေးပါ ယမုံ. ."

"အို. . ကိုမင်းဝေအောင်ကလဲ"

"ဒီတစ်ခါတော့ လုံးဝအလျှော့မပေးတော့ဘူး ယမုံ၊ အန်ကယ်နဲ့ အန်တီကလည်း ကိုယ်ရှိနေလို့ စိတ်ချပြီး ပြန်သွား တာ ယမုံ့အတွက် လူနာစောင့်က ကိုယ်ပဲ"

"ဟယ်. . အဲလိုကြီးတော့ ဘယ်ဖြစ်မှာလဲ ကိုမင်းဝေ အောင် ပြန်ပါ. ."

"နေမကောင်းဖြစ်နေတဲ့ ယမုံ့ကိုထားခဲ့ပြီး ပြန်ရမယ် ဟုတ်လား. .၊ ကဲ. . ခုမှတော့ မထူးတော့ဘူး အမှန်အတိုင်း ပြောမယ်. .၊ အန်ကယ်တို့က ယမုံ့ကိုစောင့်ရှောက်ဖို့ တာဝန် တွေအကုန်လုံး ကိုယ့်ကိုလွှဲပေးသွားကြတာ ဆေးရုံကဆင်း တာနဲ့ လက်ထပ်ပေးမှာတဲ့. . ကဲ. ."





"အို ဖြစ်မလား. . မဖြစ်ဘူး မဖြစ်ဘူး ကျွန်မ အဲလို မလုပ်နိုင်ဘူး. ."

"ခေါင်းမာမာနဲ့ ဇွတ်ငြင်းမနေပါနဲ့တော့ ယမုံရယ်. . ယမုံခုလိုဖြစ်တာ ကိုယ်နဲ့ဆုံစည်းရအောင်လို့ မြားနတ်မောင် က ခွင်ဆင်ပေးလိုက်တာ. .၊ သတ္တာဘာဂနတ်ရဲ့ အလိုကို မငြင်းပါနဲ့တော့ ယမုံရယ်၊ ကိုယ်ကယမုံ့ကို တအားချစ်နေလို့ ပါ. ."

ယောဂီစိတ်မကုန်သေးသည့် အပျိုကြီးယမုံ ရှက် လွန်းလှသဖြင့် အိပ်ရာပေါ်ပြန်လှဲကာ ခေါင်းအုံးအပိုတစ်လုံး နှင့် မျက်နှာကိုအုပ်ပြီး မင်းဝေအောင် မမြင်အောင်ကာထား လိုက်၏။ မင်းဝေအောင်လည်း ယမုံ့ကို မုန်းဆမိ၍ အနှောင့် အယှက်မပေးဘဲ လွှတ်ထားပေးလိုက်သည်။

ယမုံ့ခေါင်းအုံးအောက်မှာ မျက်နှာအပ်ပြီး ပုန်းနေ သော်လည်း သူစောင်ခြုံလပ်နေတာကို သတိရ၏။ မင်းဝေ အောင် သူတစ်ကိုယ်လုံးကို မကြည့်ဘဲ နေမည်မဟုတ် ထို့အ တွက် ရှက်စိတ်က ပိုသည်းလာသလို၊ လှုပ်လည်း မလှုပ်ရဲ တော့. .

ဒီမှာ သူနဲ့နှစ်ယောက်ထဲ ရှိခဲ့တာ ဘယ်လောက် တောင်ကြာနေပြီလဲ. . သတိလစ်နေတဲ့ အချိန်တွေ အိပ်ပျော် နေတဲ့အချိန်တွေမှာ သူငါ့ကိုဘာလုပ်ခဲ့သေးလဲ. . ချစ်တယ် ချစ်တယ်လို့ တစာစာ အော်နေတဲ့လူက ငြိမ်နေမှာတဲ့လား ငါနိုးလာတော့တောင် ငါ့လက်ကို ကိုင်ထားသေးတာ. . အို ရှက်လိုက်တာနော် သေသာသေလိုက်ချင်တော့တယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟိုရောက်ဒီရောက် အတွေးတွေနှင့် ယမုံ ဆောက်တည်ရာမရဖြစ်နေ၏။ ထိုစဉ် စောင်ကိုဆွဲယူလိုက်မှန်းသိတော့ ပိုလန့်ပြီး ခေါင်းအုံးဖယ်ကာ ကြည့်မိသည်။ မင်းဝေအောင်က စောင်ကို ရင်ဘတ်ထိရောက်အောင် ဆွဲခြုံပေးနေတာတွေ့မှ သက်ပြင်းချမိ၏။

"ယမုံ ဘာစားချင်လဲဟင်. . စာချင်တာပြော ကိုယ်သွားဝယ်ပေးမယ်. ."

"ကျွန်မ ဥပုသ်စောင့်ထားတယ်လေ. ."

"မဟုတ်တာတွေ ပြောမနေနဲ့. . ယမုံ. . ဥပုသ်စောင့်လွန်းလို့ အာဟာရချို့တဲ့ပြီး အားပြတ်မူးလဲတာတောင်. . မမှတ်သေးဘူးလား၊ ဒါ ရိပ်သာမဟုတ်ဘူး. . ဆေးရုံ. ."

ယမုံ ဘာမှပြန်မပြောနိုင်တော့. .

"ဒီမှာ ကြောက်ရမှာက ဆရာတော်လည်းမဟုတ်ဘူး၊ ဆရာဝန်လည်းမဟုတ်ဘူး ကိုယ်ပဲ၊ ကိုယ်စကားကို နားမထောင်ရင် ဘာတွေဖြစ်လာမလဲဆိုတာ ကိုယ်လည်း အာမမခံဘူးနော်၊ ဒီတော့ ဘာစားမလဲဆိုတာပဲပြော. ."

လောလောဆယ် သူတစ်ယောက်ထဲနေချင်၍ မင်းဝေအောင် ထွက်သွားအောင် တစ်ခုခုဝယ်ခိုင်းမည်ဟု အကြံရသွား၏။

"ထမင်းပေါင်းစားမယ်. ."

"ကြက်လား ဝက်လား. ."

"ဝက်. ."

"ကောင်းပြီ ကိုယ်သွားဝယ်မယ်. ."





မင်းဝေအောင် အပြင်ထွက်သွားပြီ၊ ယမုံကုတင်ကိုအားပြုကိုင်ပြီး ဒရစ်ဆက်ချိတ်ထားသည့်တိုင်ကို ဆွဲယူကာ အိမ်သာရှိရာ လျှောက်လာခဲ့သည်။ ခေါင်းက ရီဝေဝေနှင့်မို့ တစ်လှမ်းချင်းလျှောက် ခဲ့ရသည်။ ရေအိမ်ထဲမှာ အပေါ့အပါးကိစ္စကို ရှင်းရ၏။ ပြီးမှ ကုတင်ရှိရာ ပြန်လာခဲ့၏။

လက်ရှိဖြစ်ပျက်နေတာတွေကို တစ်စီဆွဲထုတ်ပြီး ဆင်ခြင်တွေးတောသည်။ အဖေ အမေနှင့် မင်းဝေအောင်က တစ်ဂိုဏ်းထဲသားတွေဖြစ်သွားကာ သူ့ကို မင်းဝေအောင်လက်ထဲ ဝကွက်အပ်သွားခြင်းဖြစ်သည်။

ဒီအနေအထားကို လက်ခံလိုက်လျှင် မိဘတွေနှင့်မင်းဝေအောင်တို့တော့ စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်သွားကြလိမ့်မည်။ သူကရော. . ထိုသို့တွေးမိတော့ ရင်ထဲ လှိုက်ခနဲ ဖြစ်သွား၏။ အမေ့အစီအစဉ်အတိုင်း တောသားကိုလင်မလုပ်ချင်၍ မင်းဝေအောင်နှင့် ပြန်ဆက်သွယ်ဖို့ ကြိုးစားခဲ့တာသူပဲဖြစ်သည်။ မင်းဝေအောင်ကို ချစ်နေသလား ဆန်းစစ်ကြည့်တော့ ရှုက်နေတာပဲ သူသိ၏။

ရိပ်သာက ကိစ္စတွေ၊ အလုပ်မှခွင့်ယူထားတာတွေ အတွေးပေါင်းစုံကြားမှာ မင်းဝေအောင်ကို အဖြေပေးလိုက်တာ ကောင်းမည်ဟုတွေးမိတော့ ချက်ချင်းပင် ခေါင်းရမ်းမိပြန်၏။

'ခက်လိုက်တာနော် ဘယ်လိုဆုံးဖြတ်ရမှန်းမသိတော့ဘူး၊ ခေါင်းညိတ်ညိတ် မညိတ်ညိတ် အဖေတို့က အတင်းပေးစားတော့မှာ၊ လင်ရသွားရုံနဲ့ ကိစ္စပြီးသွားတာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်တွေ ထပ်တိုးလာဦးမှာ. . ဒါဆို တရားရှာလို့ရတော့မှာ မဟုတ်ဘူး”

အဖြေထွက်အောင် မတွေးနိုင်ဘဲ တဝဲဝဲလည်နေစဉ် မင်းဝေအောင်ပြန်ရောက်လာသည်။ လက်ထဲမှာလည်း အထုပ်အပိုးတွေ တပုံကြီး၊ မင်းဝေအောင် ဝယ်လာသည့် ပစ္စည်းတွေချတာကို ကြည့်နေမိသည်။

ပန်းကန်၊ ဇွန်းခက်ရင်း၊ ခါတ်ဘူး၊ မတ်ခွက်၊ ဖန်ခွက် အစရှိသည့် လိုအပ်ပစ္စည်းအကုန်ပါလာတာကို တွေ့ရသည်။ ပန်းကန်တွေဆေးပြီး ထမင်းပေါင်းကိုပြင်ဆင်သည်။ ပြီးတော့ အနားလာပြီး ခွံ့ကျွေးဖို့ဟန်ပြင်၏။

“အို ရပါတယ် ကိုမင်းဝေအောင်ရယ် ကျွန်မဘာသာ စားပါ့မယ်”

“ဖြစ်ပါ့မလား. .”

“ဖြစ်ပါတယ်. .”

“ဒါဆိုပြီးရော၊ ကိုယ် အိုဗာတင်းဖျော်ထားလိုက်မယ် ရေခဲသေတ္တာထဲထည့်ထားမယ် ညဘက်ဆာရင် သောက်ရအောင်လေ. .”

ယမုံ ခေါင်းသာညိတ်ပြလိုက်သည်။ သူ့အပေါ် ဂရုတစိုက် ရှိတာတွေ့ပြီး ရင်ထဲမှာ ကြည်နူးနေတာတော့ အမှန်ပဲဖြစ်၏။ ဝမ်းဟာနေလို့လား အရသာကောင်း၍လား မပြောတတ် ထမင်းပေါင်းတစ်ပွဲကုန်၍ ကိုယ့်ဘာသာ အံ့သြမိသည်။

“ဟာ. . ထမင်းကုန်တယ်၊ ကောင်းလိုက်တာ ယမုံ





ရာ များများစားမှ အားဖြစ်မှာ သိလား”

ဒါပဲပြောပြီး ကြွပ်ကြွပ်အိတ်ဆွဲကာ ရေချိုးခန်းထဲ ဝင်သွားပြန်သည်။ တအောင့်အကြာမှာ ပြန်ထွက်လာတော့၊ ပန်းသစ်တော်တွေ ခွဲစိတ်ပြီး ပန်းကန်ပြားနှင့် ယူလာပြန်၏။

“အချိုတည်းလိုက်ဦး ယမုံ. .”

ယမုံခေါင်းညိတ်သည်။ မင်းဝေအောင် သူ့အတွက် ဝယ်လာသော ခေါက်ဆွဲကြော်ကို ဖော့ဘူးနှင့်ပင် စားနေ၏။ ညဘက် နှစ်ယောက်ထဲ ဘယ်လိုစခန်းသွားမလဲဆိုတာ ကြိုတွေးပြီး ယမုံ ရင်ခုန်နေပြန်သည်။

ညရှစ်နာရီလောက်မှာ ဆရာဝန်တွေ တစ်ခေါက်ရောက်လာပြန်၏။ လိုအပ်တာတွေ စစ်ဆေးကုသပြီး ဆေးတစ်လုံး ထိုးပေးသွားသည်။ အိပ်ဆေးတွေလားမသိ၊ ယမုံလဲ၍ နားနေရင်းမှပင် အိပ်ပျော်သွားတော့သည်။

ဘာဆိုဘာမှ မသိတော့. . .





www.burmeseclassic.com

www.burmeseclassic.com





# နိဂုံး

နံနက်ခင်းနေခြည်က နုဖတ်လတ်ဆတ်နေသည်။ နေထိုးသဖြင့် လန့်နိုးလာသော ယမုံ မျက်စိအဖွင့်မှာ သူ့ကိုဆီးမိုးကြည့်နေသည့် မင်းဝေအောင်ကိုတွေ့၍ လန့်သွားရပြန်သည်။

"မောနင်း ယမုံ. . ထ. . ရေအိမ်ဝင်မယ် မျက်နှာသစ်မယ်"

ယမုံ မငြင်းဆန်တော့၊ ပြုသမျှ လိုက်လျောပေးလိုက်သည်၊ သူ့ကိုတွဲပြီး ရေအိမ်ထဲဝင်ဖို့ ကူညီသည်။ ယမုံရှက်သော်လည်း မတတ်နိုင်တော့၊ ကိစ္စရှိတာတွေ အပြတ်ရှင်းရသည်။ တွဲရက်ရေချိုးခန်းမှ ဘေစင်တွင် မျက်နှာသစ် သွားတိုက်သည်။ အားလုံးပြီးမှ ထွက်လာခဲ့၏။

မင်းဝေအောင် တံခါးဝမှာ အသင့်စောင့်နေတာတွေ့





ရသည်။ ကုတင်ဆီသို့ပြန်တွဲခေါ်လာ၏။ ကုတင်ပေါ်မှာ အကျီထဘီအသစ်တွေ တင်ထားတာတွေ့တော့. . ရှက်သလိုလို ကြည်နူးသလိုလို. .

"ကိုမင်းဝေအောင်ရယ် ဘာလို့ ဒါတွေ လုပ်ရတာလဲ ဘုန်းနိမ့်တော့မှာပဲ. ."

"ချစ်တာကိုး ယမုံ့ရဲ့. .၊ ကဲ ကိုယ်ရေချိုးဦးမယ်. . ယမုံ အဝတ်အစားလဲထားနော်"

ပြောစရာမလိုအောင် အစီအစဉ်တွေက ကွက်တိဖြစ်နေသဖြင့် ယမုံဘာမှ ပြောမနေတော့၊ မင်းဝေအောင် ရေချိုးခန်းဝင် သွားသည်နှင့် အဝတ်အစားအသစ်တစုံ လဲလိုက်သည်။ ခေါင်းအုံး ဘေးမှာ ရွှေပြည်နန်း သနပ်ခါးဘူးကိုပါ တွေ့ရသဖြင့် မင်းဝေအောင်၏ စေ့စပ်သေချာမှုကို လက်ဖျားခါသွား၏။

ဘီးနှင့်မှန်ကလည်း အသင့်ပဲမို့ သနပ်ခါးလက်ဝါးထဲထည့် ဖျော်လူးပြီး ခေါင်းဖြီးအလှပြင်လိုက်သည်။ မင်းဝေအောင်လည်း ရေချိုးခန်းထဲမှာပင် အဝတ်အစားလဲလာပုံရ၏။ သူက နားမနေ၊ အိုဗာတင်းအအေးမတ်ခွက်ကို ထုတ်ယူလာပြီး ပေါင်မုန့်များနှင့် စားဖို့ပြင်ဆင်ပေးသည်။ ယမုံ ကျေနပ်စွာ စားသောက်ရင်း အခန့်မသင့်၍ သီးပြီး ချောင်းတဟွတ်ဟွတ်ဆိုးတော့၏။

မင်းဝေအောင် ပြူးပျာသွားအောင်ပင် စိတ်ပူသွားကာ ရေငှဲ့ပေးသည်။ ထိုမျှနှင့်မရပ်သေး၊ ကျောကိုပါ၍ ပွတ်သပ်ပြီး သက်သာအောင် လုပ်ပေးသည်။ ထိုအချိန်တွင်မှ



www.burmeseclassic.com

www.burmeseclassic.com



အေးသီခိုင်နှင့် သဲသီရိတို့ ဝင်လာကြခြင်းဖြစ်သည်။ ယမုံအား ပြုစုပေးနေသည့် မင်းဝေအောင်ကိုမြင်ပြီး လျှာတစ်လစ် ဖြစ်ကုန်ကြသည်။

"ဟင်. . သီခိုင်"

"ယောဂီမ ဘယ်လိုဖြစ်တာလဲ. . နင့်အမေဖုန်းဆက်လို့ အလုပ်မသွားခင် ဝင်ကြည့်တာ. . ခုတော့. . နင်တို့က ဟန်းနီးမွန်း ထွက်လာသလိုပဲ. ."

"ဟယ်. . သီခိုင် ဘာတွေပြောနေတာလဲ. ."

"ဒီအစ်ကိုက ဟိုပရိဘောဂဆိုင်က မဟုတ်လား၊ ဟို. . ဟို. . ကိုမင်းဝေအောင်"

"ဟုတ်ပါတယ် မသဲသီရိ"

"ထင်တယ် ထင်တယ်. . နောက်ဆုံးတော့ ဒီလိုပဲ အိုကေသွားမှာပါလို့"

အေးသီခိုင် အားရပါးရ စွတ်ပြောနေသဖြင့်၊ ယမုံ အရှက်ကြီးရှက်ပြီး အနားရောက်လာသည့် သီခိုင့်အား ဆွဲဆိတ်လေ၏။

"အဲ. . ဆိတ်တယ်တော့ ဆိတ်မ. . ကဲပြော ယောဂီမ. . ရိပ်သာကနေ ဒီကိုဘယ်လိုလုပ် ရောက်လာတာလဲ. ."

ယမုံက အကြောင်းစုံကို ပြန်ပြောပြသည်။ ဇာတ်ရည်လည်တော့ တီးတိုးပြော၏။

"ဒီအခွင့်အရေးကို လက်လွှတ်မခံနဲ့နော် သိလား ယမုံ"

ယမုံ ထပ်မံဆွဲဆိတ်၏။ သဲသီရိကလည်း စပ်စုကြည့်





သည်။

"ကိုမင်းဝေအောင် ခုမှ ရောက်လာတာလား. ."

"ဗျာ. ."

မင်းဝေအောင် တုန့်ဆိုင်းနေစဉ် ယမုံကြားဝင်ဖြေလိုက်၏။

"ဟုတ်တယ်လေ သီရိရဲ့ မုန့်တွေဝယ်ပြီး ခုမှရောက်လာတာ"

"ဟားဟားဟားဟား"

သီခိုင်က အကြောင်းမဲ့ ထရယ်သည်။

"ယမုံ. . ယမုံ ယောဂီဝတ် ဉပုသ်စောင့်ပြီး လိမ်ပြောရလား နင့်အမေဖုန်းဆက်တုန်းက အကုန်ပြောပြပြီးပြီ၊ ထပ်အစ်ပြီးမေး ကြည့်တာ. . ကိုမင်းဝေအောင်နှင့်ကို ရိပ်သာက ဒီကိုပို့ပြီးကတည်းက ခုထိ မပြန်သေးတာ. . တစ်ညလုံး နင်တို့နှစ်ယောက်ထဲ၊ ဟုတ်တယ်မို့လား. ."

"သီခိုင်. . နင်. . နင်. . သိပ်အကျင့်ပုတ်တာပဲ"

ယမုံ ရှက်ရှက်နှင့် စွတ်ရွတ်ပြောဆိုနေသည်။ မင်းဝေအောင်လည်း ဟိုဟာလုပ်သလိုလို ဒီဟာလုပ်သလိုလိုနှင့် လှည့်ပတ်ရှောင်တိမ်းနေရ၏။ ဆူညံစွာပြောဆိုခြင်းခုန်ကြရင်း သီရိက နာရီကြည့်ကာ. .

"ဟယ်. . ရှစ်နာရီထိုးနေပြီ. ."

"အေး. . အေး. . သွားမှ သွားမှ နောက်ကျရင် အဆဲခံရမှာ"

"ဟဲ့. . သီခိုင် နင်လျှောက်မဖွနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မဖွပါဘူးဟယ်. . ယမုံတစ်ယောက် ရိပ်သာဝင်တာ လင်ရသွားပြီလို့. ."

ယမုံ မခံနိုင်တော့ဘဲ အနားကခေါင်းအုံးနှင့် လှမ်းပေါက်လိုက်တော့၏။ သီခိုင်နှင့် သီရိလည်း မင်းဝေအောင်ကို တော့တာလုပ်ပြီး ကသောကမျောထွက်သွားကြသည်။

"ဒုက္ခပါပဲ. . အထင်လွဲသွားကြပြီ. . ဘယ်လိုလုပ်မလဲ ကိုမင်းဝေအောင်"

"မပြောတတ်တော့ဘူးဗျာ. . ကျွန်တော်လည်း အဲလောက်ထိ မျှော်လင့်မထားဘူး"

"ရှက်စရာကောင်းလိုက်တာ. . တကယ်ပါပဲ"

ထိုစဉ် တံခါးပွင့်လာပြန်၏။ ဒီတစ်ခါဝင်လာကြတာက အဖေနှင့်အမေ ဖြစ်သည်။

"မေမေရယ်. . . သီခိုင်ကို ဘာတွေလျှောက်ပြောထားတာလဲ"

"ဘာဖြစ်လို့လဲ"

"ခုတော့ သမီးနဲ့ကိုမင်းဝေအောင်ကို တစ်မျိုးထင်သွားကြပြီ"

"အေး. . အဲဒီလိုထင်အောင် လို့ကို တမင်ပြောတာဘာဖြစ်လဲ၊ နို့မို့ဆို ညည်းကထပ်ပြီး ထွက်ပြေးရင် ပြေးနေဦးမှာလေ၊ ခုလိုဖွထားတာမှ မရှက်ထတ်ရင် ညည်း မောင်မင်းဝေအောင်ကို လက်မထပ်ဘဲ နေကြည့်လိုက် ပတ်ဝန်းကျင်က ဘာပြောကြမလဲဆိုတာ. . ဟွန်း. ."

အန်တီကြိုင်က ချည်ပြီးတုပ်ပြီးပြောသဖြင့် ကြားထဲက





မင်းဝေအောင်ပင် အားနာလာသည်။ အန်ကယ်ကလည်း တစ်စခန်း ထလာ၏။

"ဟုတ်တယ်သမီး. . သမီးမှာ မောင်မင်းဝေအောင် ပေးတဲ့ အသက်ပဲရှိတော့တာလေ. . ဒါကြောင့် မနေ့ကစပြီး သမီးဘဝကို သူ့လက်ထဲအပ်လိုက်တာ၊ ရှေ့လျှောက် သမီးဘဝကို သူပဲတာဝန်ယူလိမ့်မယ်. ."

"ဟာ. . ဖေဖေကလည်း အဲလိုလုပ်လို့ဖြစ်မလား သမီးက ယောဂီလေ နေကောင်းရင် ပြန်သွားရမှာ. ."

"လာပြန်ပြီလား ဒီစကား၊ ညည်းအကြောင်းကိုသိလို့ ဆရာတော်ဆီ ဖုန်းဆက်လျှောက်ပြီးပြီ. . နေမကောင်းလို့ ရိပ်သာ ပြန်မဝင်တော့ဘူးလို့. . ဆေးရုံကဆင်းတာနဲ့ မင်္ဂလာဆောင်ရမယ် ဒါပဲ. ."

"မေမေ. . အဲလိုမလုပ်ဘူး. ."

"မလုပ်ချင်လဲနေအေ ကျုပ်ကတော့ အရပ်ထဲမှာ သမီးက အောင်ကမ္ဘာပရိဘောဂဆိုင်ပိုင်ရှင်နဲ့ ယူကြတော့မှာလို့ လိုက်ကြွားပြီးပြီ. . ပြောစရာဆိုလို့ မသန်းတို့တစ်အိမ်ပဲ ရှိတော့တယ်. . ညည်း မရှက်ရင်လုပ်ကြည့်. ."

"ကဲပါ. . အန်တီကြိုင်ရယ် ယမုံ အားလည်းမပြည့်သေးဘူးဆိုတော့ နားပါစေ. .၊ ကျွန်တော် နားဝင်အောင် ပြောပေးပါ့မယ်"

"ကဲ. . ရှင်မရေ ဒါသူ့ခင်ပွန်းပြောတဲ့ စကားနော်. . ညည်းက ဆိုင်သာဆိုင်တာ မပိုင်တော့ဘူး၊ လာ. . သွားကြစို့"

"အဲဒါကောင်းတယ်. . ကဲ မောင်မင်းဝေအောင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမယ်နော် ပြောမရလို့ရိုက်ချင်လည်းရိုက် စိတ်မဆိုးဘူး"

"အဟဲ. . အန်တီကလဲ. ."

"သွားပြီ သမီးရေ သွားပြီ. ."

ပြောပြောဆိုဆို ယမုံ မိဘတွေ စတေးရှောင်သလို ထွက်သွားကြတော့သည်။ ယမုံ နှုတ်ခမ်းစူကျန်ခဲ့၏။

"ယမုံ စိတ်ဆိုးနေတာလားဟင်"

"ဆိုးတာပေါ့"

"မဆိုးပါနဲ့ ယမုံရယ်. . တစ်မိသားနဲ့ တစ်မိသား ချစ်ကြတယ်ဆိုတာ မင်္ဂလာရှိတဲ့ ကိစ္စပါ။ ကဲ. . မင်္ဂလာမဆောင်ခင် ကိုယ်ကိုအဖြေပေးဦးလေကွာ. ."

ယမုံ မင်းဝေအောင်အား မျက်စောင်းထိုး၏။ အခြေအနေအရပ်ရပ်က သူနှင့်ညားဖို့ပဲရှိတော့သည်မို့ ယမုံစိတ်လျှော့လိုက်သည်။

"စိတ်ထဲရှိတာ ပြောရမလား. ."

"ပြောကြည့်. ."

"အပေါ့သွားချင်တယ်. ."

"ဟမ်. . ဩော် အင်း . . ရတာပေါ့၊ လာ ကိုယ်လိုက်ပို့ပေးမယ်. ."

မင်းဝေအောင် တယုတယနှင့် ယမုံအားတွဲကာ ရေအိမ်ဆီသို့ ပို့ပေး၏။ တံခါးရှေ့မှာ စတင်း(န်)ဘိုင်စောင့်သည်။ ဘိုထိုင်ရေဆွဲသံကြားပြီးနောက် တံခါးပွင့်လာ၏။ ယမုံ ထွက်လာသည်။ မင်းဝေအောင် လှမ်းတွဲဖို့ ဟန်ပြင်၏။

"ရတယ် ကိုမင်းဝေအောင်"





ရတယ်ဆို၍ လက်တွန့်သွားကာ အသာကြည့်ပြီး ဘေးကယှဉ်၍ လိုက်ခဲ့သည်။ စိတ်ဖိစီးနေ၍လားမသိ၊ ခေါင်းထဲမိုက်ခနဲဖြစ်လာသည်။ ယမုံအားတင်းပြီးရှေ့ဆက်အလှမ်းမှာ ယိုင်လဲသွား၏။ မျက်ခြေမပြတ်ကြည့်နေသည့် မင်းဝေအောင် အချိန်မီလှမ်းဆွဲကာ သိုင်းဖက်ထား၍သာ ကြွေပြားအခင်းပေါ် ပြုတ်မကျသွားခြင်းဖြစ်သည်။

စိုးရိမ်စိတ်နှင့် ဖက်ထားမိသည့် မင်းဝေအောင်မှာ ရင်ခွင်ထဲ ရောက်လာသည့်ယမုံအား စိုက်ကြည့်ရင်း လွှတ်ပေးဖို့ ဒါမှမဟုတ် တွဲခေါ်သွားဖို့မေ့နေလေ၏။ အားပါသော ပွေ့ဖက်မှု နွေးထွေးသည့် အထိအတွေ့ကြောင့်. . အဖိုဆိုယင်ဖို့ ခြင်ဖိုပင် မသမ်းဘူးသေးသော ယောဂီအပျိုကြီး ယမုံလည်း ရင်တဒိန်းဒိန်းခုန်ကာ ပြုစားခံရသလို ဖြစ်နေရှာသည်။

သူနားလည်ခဲ့သော ထိ-သိ-သတိ က ဒီနေရာမှာ အသုံးမဝင်တော့၊ ဖက်ထားသော အထိအတွေ့ကို သိသော်လည်း သတိနှင့် စိတ်ကို မထိန်းချုပ်နိုင်တော့။ မင်းဝေအောင်အား ရင်တဖိုဖိုနှင့် မော့ကြည့်ရင်း ဒိန်းဒိန်းနတ်ပူးကပ်မှုကို ခံစားနေရ၏။

မင်းဝေအောင်လည်း စိတ်ကိုထိန်းချုပ်ဖို့ရာ မစွမ်းသာတော့ဟန်နှင့် ယမုံ့ပါးပြင်ကို အနမ်းမော်ကွန်း ခွေ့သိုတ်လေတော့၏။

ရွှင်လန်းချမ်းမြေ့ကြပါစေ



www.burmeseclassic.com